


မုညခင်စာအုပ်တိုက်
မုညခင်
အမုန်း၏ဆွဲငင်အား

ပုညခင်စာအုပ်တိုက်



က် 4(A) ၊ အခန်း 5 (B) ၊ ပါရမီလမ်း (ကမ္ဘာအေးဘုရားလမ်းထောင့်)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
Ph : 09 50114

➢ ၅၀၀၆၃၁၀၅၀၉

➢ ၅၀၀၆၃၈၀၅၀၉

➢ ၂၀၀၉ ခုနှစ်၊ ဇွန်လ

ပထမအကြိမ်

➢ ၅၀၀ အုပ်

➢ ၁၅၀ ကျပ်

ာတမပ ➢ ဒေါ်သင်းသင်းမာ (ယာယီ - ၈၅၆)

ပုညခင် စာအုပ်တိုက်

တိုက် ၆၁၊ အခန်း (၁၁)၊

ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။

င်းပုံနှိပ် ➢ ဒေါ်ခင်ခင်ဝင်း

ကလျာပုံနှိပ်တိုက် (၀၂၆၇၀)

၄၂၊ ၄၂ လမ်း၊ ရန်ကုန်မြို့။

နှာဖုံးပုံနှိပ် ➢ ဦးမြသိန်း

သိန်းမြင့်ဝင်း ပုံနှိပ်တိုက်

၉၆၊ ၁၁လမ်း၊ ရန်ကုန်။

၈၉၅. ၈၃

အမုန်း၏ဆွဲငင်အား/ပုညခင် ။ - ရန်ကုန် ၊

င်စာအုပ်တိုက်၊ ၂၀၀၉။

၂၈၈ ၊ စာ၊ ၁၈၊ ၁၂ စင်တီ။

(၁) အမုန်း၏ ဆွဲငင်အား

ပုညခင်စာအုပ်တိုက်

# ပုညခင်

# အမုန်း၏ဆွဲငင်အား



## ငွေကြာ * စာပေ

* * *

ကြွေရုပ်သည် မှန်နံရံအပြည့် ကာရံထားသည့် ဧည့်ခန်းကျယ်ကြီးရဲ့အလယ်တွင် တစ်ယောက်တည်း ငြိမ်သက်စွာ ထိုင်နေခဲ့မိသည်မှာ နာရီနဲ့ချီပြီး ကြာခဲ့ပြီထင်၏။ ကြွေရုပ်ရဲ့ မျက်လုံးအကြည့်တို့သည် မှန်နံရံရဲ့ အပြင်ဘက် မြက်ခင်းစိမ်းဆီက လူနှစ်ယောက်ထံတွင် စိုက်တဲ့နေ၏။ ကြွေရုပ်၏ မျက်ဝန်းအစုံသည် အေးစက်နေ၏။ ရွံ့ကြောက်နေ၏။ ခါးသီးလှစွာ၏။ သို့သော် ... ဒီနေရာက ထွက်ပြေးဖို့ ကြွေရုပ်မှာ သတ္တိမရှိချေ ...။

မြက်ခင်းစိမ်းပေါ်မှာ လူတချို့ လှုပ်ရှားသွားလာနေသည်။ စားပွဲတွေ၊ ထိုင်ခုံတွေကို သယ်ရွှေ့နေရာချထားနေကြ၏။ ထိုလူတွေနဲ့ ခပ်ဝေးဝေးက ကြည်လင်သော ရေတို့ စီးဖြာကျနေသည့် ရေတံခွန်အတုလေးနားမှာ ရပ်နေသူဟာ ကြွေရုပ်ရဲ့

တစ်ဘဝလုံးကို စိတ်တိုင်းကျ ချုပ်ကိုင်ပိုင်စိုးခြယ်လှယ်နေသည့် ယောမင်း ...။ သူ့ရှေ့မှာရပ်နေခဲ့သူက လှပကြွရွသော်လည်း ကြေကွဲရိပ်ကို ဆင်မြန်းထားသည့် မိန်းမတစ်ယောက်။ အတိအကျ ပြောရရင် လတ်တလောမှာ ယောမင်းနှင့် တွဲနေသည့် မိန်းမတစ်ယောက် ...။

သူမက ပေါင်လယ်လောက်ထိ ဖားဖားဝေဝေ ရှည်ကျနေသည့် အင်္ကျီပျော့ပျော့ပါးပါးလေးရဲ့အောက်မှာ အင်္ကျီထက် လက်လေးလုံးလောက်သာ ပိုရှည်သည့် ဘောင်းဘီတိုကလေး ဝတ်ထားသည်။ ယောမင်းကတော့ ထုံးစံအတိုင်း တန်ဖိုးကြီး၊ နာမည်ကြီးတံဆိပ် ရှပ်လက်ရှည်နှင့်၊ စတိုင်လ်ပဲန့်နှင့် ...။

ထိုမိန်းမသည် ယောမင်းကို မော့ကြည့်လျက် ရန်တွေ့နေဟန်လည်း ရှိ၏။ ထို့နောက် ချက်ချင်း အသွင်ပြောင်းကာ ခေါင်းငုံ့၍ မျက်ရည်သုတ်ပြန်၏။ ယောမင်းကတော့ ထိမထင်ပုံမျိုးနှင့် ပခုံးတွန့်လိုက်၊ လက်ဝါးဖြန့်လိုက်။ ပြီးတော့ ခေါင်းမော့ရယ်မောကာ ထိုမိန်းကလေးရဲ့ ပခုံးကို တစ်ချက်နှစ်ချက် ပုတ်၍ နှစ်သိမ့်လိုက်လေ၏။

ကြွေရုပ်သည် ထိုမြင်ကွင်းကို မမှိတ်မသုန် ကြည့်မိနေ၏။ ဒီလိုမြင်ကွင်းမျိုးဟာ မဆန်းဘူးဆိုပေမယ့် ကြွေရုပ်နဲ့ စေ့စပ်ပွဲလုပ်ဖို့ ပြင်ဆင်နေသည့် ဒီလိုနေ့မျိုးအထိ ဇာတ်လမ်း





မပြတ်တာကတော့ အံ့ဩစရာကောင်း၏။ အင်း ... အံ့ဩစရာလို့လည်း ပြောလို့မရပါဘူး။ ယောမင်းမှာ ဒီလိုစရိုက်တွေရှိနေတာကို ကြွေရုပ်မသိခဲ့တာမှ မဟုတ်ဘဲ ...။ ကြွေရုပ်ကို စေ့စပ်လိုက်တာနဲ့ ဒီစရိုက်တွေကိုပြင်၊ ဒီဇာတ်လမ်းတွေကို ဖြတ်လိမ့်မယ်လို့ မျှော်လင့်ခဲ့မိတာက ကြွေရုပ်ရဲ့အမှားကြီးပဲ။ ကြွေရုပ်စိတ်ကူးယဉ်လွန်းတာပဲ။

ကြွေရုပ်သည် ယောမင်းကို ကျိတ်၍ နာကြည်းသွား၏။ ခုမှစပြီး နာကြည်းရတာတော့လည်း မဟုတ်။ ဘဝတစ်လျှောက်လုံး သူ့ကို နာကြည်းခဲ့ရတာဖြစ်သည်။ တကယ်တော့ ကြွေရုပ်ဟာ သူ့ညှော်ခန်းထဲမှာ အလှထားသည့် 'ကြွေရုပ်' ကလေးပဲ ဖြစ်သည်။

မယောဂနီရောင် မွေးပွကော်ဇောနှင့် ထိနေသော ကြွေရုပ်ရဲ့ ခြေဖဝါးတစ်စုံသည် တဖြည်းဖြည်း အေးစက်လာနေသည့်တိုင် ကြွေရုပ်က ထိုင်ရာမှမရွေ့ဘဲ မြက်ခင်းပြင်ဆီက မြင်ကွင်းကိုသာ ဆက်ကြည့်နေခဲ့၏။

ဧည့်ခန်းထဲ၌ တိတ်ဆိတ်ခြင်းသာ ကြီးစိုးနေဆဲတွင် ...

"တူ တူ ... တူ တူ ... တူ တူ ..."

ဧည့်ခန်းထောင့်ရှိ တယ်လီဖုန်းမြည်သံကြောင့် ကြွေရုပ်မှာ လန့်ဖျပ်၍ ဆတ်ခနဲ တုန်သွား၏။

ကောင်မလေး တစ်ယောက် ပြေးဝင်လာကာ တယ်လီဖုန်း ကိုင်လိုက်၏။

"ဟဲလို ... ဟုတ်ကဲ့ ... ဟုတ်ပါတယ်၊ ကိုယောမင်းတို့ အိမ်ကပါ၊ သူ့ဖုန်း ပိတ်မပိတ်တော့ ကျွန်မလည်း မသိဘူးရှင်၊ ဩော် ... ဟုတ်ပါတယ်၊ ဒီနေ့ စေ့စပ်ပွဲ လုပ်မှာပါ၊ ဟုတ်ကဲ့ ... မမကြေရုပ်နဲ့ပါ၊ ရှင် ...၊ အဲ့ဒါတွေ ကျွန်မကို လာမပြောပါနဲ့ရှင်၊ ကျွန်မ အစ်ကိုလေးရဲ့ ကိုယ်ရေးကိုယ်တာအတွက် ပြောပိုင်ခွင့်မရှိပါဘူး၊ အစ်ကိုလေး ရည်းစားဆိုလည်း အစ်ကိုလေးကိုပဲ ပြောပေါ့ရှင်"

ကောင်မလေးက ဖုန်းချပြီး ပြန်ထွက်သွား၏။

ဧည့်ခန်းကျယ်ကြီးထဲတွင် အလင်းရောင်နှင့် လေ လုံလောက်စွာ ရရှိသော်လည်း ကြေရုပ်အသက်ရှူကြပ်လာ၏။ အာရုံတွေ ညစ်နောက်လာ၏။

ခဏနေတော့ ကောင်မလေးတစ်ယောက်က ပန်းဖျော့ရောင် ဂါဝန်ရှည်တစ်ထည်ကို အကျီချိပ်ဖြင့် ချိတ်ဆွဲသယ်မလျက် ဧည့်ခန်းထဲသို့ ညင်သာစွာဝင်လာပြီး ကြေရုပ်နံဘေးမှာ ရပ်လိုက်၏။

"မမကြေရုပ် ... မမကို အစ်ကိုလေးက ဒီနေ့ပွဲမှာ ဒီဂါဝန်လေး ဝတ်ဖို့ မှာထားပါတယ်"





ကြေရုပ် လုံးဝလှည့်မကြည့်မိပါ။ မြက်ခင်းဆီက မြင်ကွင်းကိုသာ ဆက်၍ဆက်ကာ ကြည့်နေလိုက်သည်။ ကောင်မလေးကလည်း ကြေရုပ်နံဘေးမှာ ဖွဲနဘဲဖြင့် ဆက်လက်ရပ်တန့်နေ၏။

ခဏကြာတော့ နောက်ထပ် ကောင်မလေး တစ်ယောက် ရောက်လာပြန်ကာ ...

"မမ ... မိတ်ကပ်ဆရာ ရောက်နေပါပြီ၊ ပြင်ဆင်ဖို့ အချိန် ရောက်နေပါပြီ ..."

ကြေရုပ်က မတုံ့ပြန်ပါ။ ထိုကောင်မလေးလည်း ကြေရုပ်နံဘေးမှာ ဆက်လက်ရပ်တန့်နေပါသည်။

ဧည့်ခန်းသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်လျက်။ ကြေရုပ်ကလည်း အပြင်ဘက် မြက်ခင်းဆီ စိုက်ကြည့်လျက် ...။ ကောင်မလေး နှစ်ယောက်ကလည်း ရပ်တန့်လျက် ...။

ထိုခဏ၌ ကြေရုပ်နံဘေးတွင် မြင့်မားသော အရိပ်တစ်ခု ရပ်မိုးလာခဲ့ကာ ...

"သမီး ... ကြေရုပ် ..."

ဦးထွန်း။ ယောမင်းကို ငယ်ငယ်လေးကတည်းက ကိုယ်ရံတော်လို စောင့်ရှောက်လာခဲ့သော ဦးထွန်းကိုတော့ ကြေရုပ် ဥပေက္ခာပြုလို့ မကောင်းပါ။

"သမီး ... ဦးထွန်း ခေါ်နေတယ်လေကွယ်"

ကြေးရုပ် ဦးထွန်းကို ခပ်ဖြည်းဖြည်းမော့ကြည့်ချိန်မှာတော့ ကြေးရုပ်ရဲ့ မျက်လုံးတွေ စိုစွတ်နေခဲ့ပြီ။

"မောင်ယောမင်းကို နားလည်ပေးလိုက်ပါ သမီးရယ်၊ အခန်းထဲသွားပြီး ပြင်ဆင်လိုက်ပါတော့ ..."

ကြေးရုပ်က အပေါ်နှုတ်ခမ်းလေးတစ်ခြမ်း တွန့်ကွေးရုံ မချိတရိလေး ပြုံးလိုက်ပြီး ပါးပေါ်တင်လာသော မျက်ရည်တစ်စက်ကို လက်ညှိုးကွေးကလေးဖြင့် ဆတ်ခနဲ တောက်ထုတ်ပစ်လိုက်ရင်း ...

"မောင်ယောမင်းကို နားလည်ပေးလိုက်ပါဆိုတဲ့ စကားလုံးတွေကို ဦးထွန်း နေ့တိုင်း ရွတ်နေကျ ဂါထာတစ်ပုဒ်လို့တောင် ကြေးရုပ် ထင်လာပြီ၊ အဲ့ဒီဂါထာကို ဦးထွန်း ရွတ်ခဲ့တာ ဘယ်လောက်ကြာခဲ့ပြီလဲ၊ ကြေးရုပ် ငယ်ငယ်တုန်းကတော့ အဲ့ဒီ စကားလုံးတွေရဲ့ အဓိပ္ပာယ်ကို နားမလည်ခဲ့ဘူး၊ ခုတော့ ကြေးရုပ်ကောင်းကောင်းနားလည်တတ်ပြီ၊ လူတစ်ယောက်လုပ်သမျှကို နားလည်ပေးနေတာဟာ အဲဒီလူကို ထင်ရာစိုင်းခွင့် ပေးထားရတာပဲ မဟုတ်လား၊ နားလည်ပေးခံရသူက ပျော်စရာကောင်းသလောက် နားလည်ပေးရသူက အမြဲ အရှုံးနဲ့ပဲ နေနေရတာ မဟုတ်ဘူးလား ..."





"သမီးရယ် ... မောင်ယောမင်း ဘဝက ..."

"သူ့ဘဝက သနားစရာကောင်းတယ်လို့ ပြောဦးမှာ မဟုတ်လား၊ ဒါဆို ကြေးရုပ်ဘဝကိုရော သနားစရာကောင်းတယ်လို့ ဦးထွန်း မမြင်ဘူးလား၊ ဦးထွန်း မှတ်မိဦးမှာပေါ့၊ ကြေးရုပ် ငယ်ငယ်က သူက ကြေးရုပ်ကို လက်ညှိုးထိုးပြပြီး အဲ့ဒီကောင်မလေးကို ကျွန်တော်လိုချင်တယ်၊ ဝယ်ပေးပါလို့ ပြောခဲ့တာလေ ...၊ တကယ်တော့ သူက ကြေးရုပ်ကို အရုပ်ကလေးလိုမျိုး သူနဲ့အတူ အပျင်းပြေ ကစားဖို့၊ သူခိုင်းတာလုပ်ဖို့၊ သူသွားလေရာ ခေါ်ဖို့ ကြေးရုပ်ကို ဝယ်ခဲ့တာ"

"ဒါပေမယ့် ..."

"ကျေးဇူးပြုပြီး ကြေးရုပ်တစ်ယောက်တည်း နေပါရစေ၊ ဦးထွန်း သွားပါတော့ ...၊ မရီနဲ့ အေးမြကိုပါ ခေါ်သွားပါတော့ ..."

ဦးထွန်းက သက်ပြင်းချပြီး ကောင်မလေး နှစ်ယောက်ကို ကြေးရုပ်အနီးမှ ထွက်ခွာဖို့ မျက်ရိပ်ပြလိုက်သည်။ ကြေးရုပ်က မှန်နံရံအပြင်ဘက် မြက်ခင်းဆီသို့ ပြန်လှည့်ကြည့်လိုက်သည်။

အပြင်မှာ သူတို့မရှိကြတော့ ...။ မြက်ခင်းပေါ်မှာ စားပွဲခုံတွေကိုတော့ လှပသပ်ရပ်စွာ နေရာချထားပြီးခဲ့ပြီ။

သူတို့ ဘယ်ရောက်သွားကြပါလိမ့်။ ဟိုမိန်းကလေးကို ယောမင်း လိုက်ပို့ပေးနေတာလား ...။ ဒါမှမဟုတ် ဟိုရေတံခွန်အကွယ် ပန်းချုံလေးနားက ကျောက်ခုံဖြူဖြူလေးမှာ သွားထိုင်နေကြတာလား။

ကြွေရုပ်သည် မလှုပ်မယှက် ထိုင်နေရာက ရုတ်တရက် လှုပ်ရှားလာ၏။ တစ်နေရာတည်းမှာ စိုက်တန့်နေခဲ့သော မျက်လုံးများက ဟိုဟိုဒီဒီ ရွေ့လျားကစားလာ၏။ ထို့နောက် ထိုနေရာမှ ဆတ်ခနဲ ထကာ မှန်နံရံဆီ အပြေးသွားပြီး လက်ဖဝါးနှစ်ဖက်ကို မှန်ရံနံမှာ မြှောက်ကပ်လျက် မျက်နှာကို မှန်နံရံနှင့် ထိအပ်ထားရင်း ယောမင်းကို ရှာဖွေမိနေဆဲ ...

"ကြွေရုပ် ..."

"အမေ ..."

ခေါ်သံကြောင့် ကြွေရုပ်က လန့်ဖျပ်လျက် နောက်သို့ ချာခနဲ လှည့်ကြည့်မိရာ ...

ယောမင်းသည် စောစောက မရှိ ယူလာသော ဂါဝန်ရှည် ချိတ်တွဲထားသည့် အင်္ကျီချိပ်ကို မြှောက်ပြရင်း ...

"ဒီအင်္ကျီဝတ်ဖို့ ဘာဖြစ်လို့ ဒီလောက်ကြန့်ကြာနေရတာလဲ ကြွေရုပ်၊ ဘာအခက်အခဲ ရှိလို့လဲ"

ဟု ခပ်တင်းတင်းမေးပြီး ထိုအင်္ကျီချိပ်ကို ကြွေရုပ်ရဲ့ ရင်ခွင်ဆီ ချိန်ရွယ်၍ ဆတ်ခနဲ မြှောက်ပစ်လိုက်လေသည်။





ကြွေရုပ်သည် ထိုဂါဝန်ကို ကမန်းကတန်း ဆီးဖမ်း၍ ရင်ခွင်မှာ ပိုက်ထွေးထားလိုက်ရရင်း သူ့ကို ခပ်စိန်းစိန်း စိုက်ကြည့်မိသည်။

ယောမင်းကလည်း လက်ပိုက်လျက် ကြွေရုပ်ကို ခပ်တည်တည် စိုက်ကြည့်နေသည်။

သူ့အကြည့်က စူးရှလျက် ကြွေရုပ်ရဲ့ ရင်ဘတ်ထဲသို့ နစ်စိုက်ဝင်သွားတော့မလို ထင်ရသည်။

သူ့မျက်ဝန်းတွေက လုံးဝမနူးညံ့ပါ။ သို့သော် ... စူးရှသော ညို့အားတစ်မျိုးရှိသည်။ ထိုအကြည့်ကို မိန်းကလေးတွေက စွဲကြသည်။ ကြွေရုပ်ကတော့ ထိုမျက်ဝန်းများကို ကြောက်သည်။

ကြွေရုပ်သည် ထိုအကြည့်ကို ကြာရှည်ရင်မဆိုင်ရဲသဖြင့် ဖျတ်ခနဲ မျက်လွှာချပစ်လိုက်ရသည်။

"ပြောလေ ... ကြွေရုပ်၊ ဒီအင်္ကျီဝတ်ဖို့ ဘာတွေ အခက်အခဲ ဖြစ်နေလဲ၊ ဒီအင်္ကျီကို မင်း မကြိုက်ဘူးလား၊ မကြိုက်လည်း ဝတ်ရမှာပဲ၊ မင်းကြိုက်ဖို့ထက် ကိုယ်ကြိုက်ဖို့က ပိုအရေးကြီးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက တစ်ခါပဲ မှန်ကြည့်ပြီး အပြင်ထွက်လာမှာ၊ ကိုယ်က မင်းကို တစ်ချိန်လုံး လှမ်းလှမ်းကြည့်နေမှာ၊ အဲဒီတော့

ကိုယ့်မျက်စိထဲမှာ ကြည့်ကောင်းနေဖို့က အရေးကြီးတယ်၊ ကြေး(ဂျီး)မများနဲ့၊ အဲ့ဒီအင်္ကျီကို သွားဝတ်လိုက်တော့”

သူ ကြွေရုပ်ကို ပြောနေဆဲမှာ သူ့ဖုန်းက မြည်လာပြန်သည်။ သူက ဖုန်းဖွင့်ကိုင်လိုက်ပါသည်။

“ဟဲလို ...၊ ဟိုင်း ... ဝတ်ရည်၊ မှန်တယ်၊ မင်း ထင်တာ မှန်တယ်၊ ကိုယ် ဒီနေ့ စေ့စပ်မှာ ...၊ အသည်းမကွဲနဲ့လေ၊ ချည်နှောင်မှုတွေ မပါကြေးလေ၊ မင်း ကိုယ့်ကို ချည်နှောင်ထားလို့ မရတာကို အစောကြီးကတည်းက သိသင့်တာပေါ့၊ အိုကေ ... ဒါကိုလက်ခံရင်တော့ ပြဿနာ မရှိပါဘူး၊ မနက်ဖြန် ကိုယ်တို့ တွေ့ကြတာပေါ့ ...”

သူ့စကားလုံးတွေကို ကြွေရုပ် ဉာဏ်မမီလှပါ။ ကြွေရုပ်ကို စေ့စပ်မည့်နေ့မှာ မိန်းကလေးများစွာနဲ့ တွေ့လို့ မပြီး၊ ဖုန်းပြောလို့ မပြီး၊ ကြွေရုပ်ကိုရှေ့ထားကာ တခြားမိန်းကလေးတစ်ယောက်နှင့် တွေ့ဖို့ ချိန်းဆိုနေသည့် ယောမင်းစိတ်ကို ကြွေရုပ် နားမလည်နိုင်ပါ။ ဒါဖြင့်ရင် ဘာလို့ ကြွေရုပ်နဲ့ စေ့စပ်သေးလဲ။

သူက ဖုန်းပြောပြီးတာနှင့် ဖုန်းကို ဘောင်းဘီအိတ်ထဲ ထိုးထည့်ရင်းက ကြွေရုပ်ကို မေးတစ်ချက် ဆတ်ပြလိုက်ရင်း ...





“သွားလေ ... သွားလဲလိုက်တော့၊ လှလှလေး ပြင်ခဲ့၊ သြော် ... မိတ်ကပ်ဆရာကို သေချာပြောလိုက်ဦး၊ နှုတ်ခမ်းနီကို အရောင်ဖျော့ဖျော့လေးပဲ ဆိုးပါလို့၊ အရောင်ရင့်ရင့်တွေဆိုးတာ ကိုယ် လုံးဝမကြိုက်ဘူး၊ ဆံပင်ကိုလည်း ရှင်းရှင်းလေးပဲ ပြင်ခိုင်း၊ အတွန့်အလိန် အခွေအခေါက်တွေ လုပ်မလာနဲ့ ...၊ မျက်ခုံးမွေးကို သိပ်ထင်အောင် မဆွဲစေနဲ့၊ အရေးကြီးဆုံးက လက်ဝတ်လက်စား လုံးဝမဝတ်ဖို့ဘဲ၊ မင်းလည်ပင်းက ဒီအတိုင်း ရှင်းရှင်းလေးထားတာ ပိုလှတယ်၊ အိုကေနော် ... သွားပြင်လိုက်တော့၊ နောက်တစ်နာရီ အချိန်ရသေးတယ်၊ ကိုယ်တော့ ကိုယ့်ဧည့်သည်ကို ပြန်လိုက်ပို့ပေးလိုက်ဦးမယ်၊ နာရီဝက်အတွင်း ပြန်လာကြည့်မယ်”

ယောမင်းက အမိန့်ပေးပြီးတာနှင့် ကြွေရုပ်ရှေ့မှ ချာခနဲ လှည့်ထွက်လိုက်သည်။ ဧည့်ခန်းဝနား မရောက်မီမှာ ကြွေရုပ်ရဲ့လက်က လျှပ်တစ်ပြက် လှုပ်ရှားသွားသည်။ ကြွေရုပ်သည် သူပေးခဲ့သော အင်္ကျီကို လုံးထွေးလျက် သူ့ကျောပြင်ဆီ ချိန်ရွယ်ပစ်ပေါက်လိုက်ခြင်းတည်း။

သူ ... ချာခနဲ ပြန်လှည့်ကြည့်လာသည်။ ကြွေရုပ်ကလည်း နှုတ်ခမ်းတွေကို တင်းတင်းစေ့ကာ သူ့ကို ပြန်စိုက်

ကြည့်နေလိုက်သည်။ သူက သူ့ခြေရင်းမှာ ပုံကျနေသည့် အင်္ကျီကို ငုံ့ကြည့်လိုက်ပြီးမှ မထီတရီ တစ်ချက်ရယ်လိုက်ရင်း ...

"ဘာလဲ ... မင်းက ကိုယ့်ကိုစိတ်ကောက်နေတာလား၊ တခြား မိန်းကလေးတွေနဲ့ ကိုယ်တွေ့နေတာ၊ ဖုန်းပြောနေတာကို မကြိုက်ဘူးလား၊ အဲဒီလိုတော့ သဘောထားမသေးနဲ့လေ၊ ဒါ ကိုယ့်လွတ်လပ်ခွင့်ပဲ၊ ကိုယ့် လမ်းတစ်ဝက်မှာ ခဏခဏနားပြီး အမောပြေရုံလေး ရေသောက်ချင် သောက်မယ်၊ ဒါပေမယ့် ကိုယ့်နောက်ဆုံးပန်းတိုင်ကတော့ မင်းပဲ ကြွေရုပ် ...၊ မင်းကို ငါပိုင်တယ်၊ မင်းက ငါ့ပစ္စည်း ဥစ္စာတစ်ခုပဲ"

ဆိုးလိုက်တာ ...။ ရှင်ဟာ ကြွေရုပ်ကို သုံ့ပန်းတစ်ယောက်လို သဘောထားနေသလား။

သူက သူ့ခြေရင်းက ဂါဝန်ကို ငုံ့ကောက်လိုက်ပြီး ကြွေရုပ်ရှေ့သို့ တစ်လှမ်းချင်း တိုးလာသည်။ ကြွေရုပ်သည် မျက်စိကို မှိတ်ချထားလိုက်ရင်း ...

"ရှင့်ကို မုန်းတယ်"

ဟု တုန်ခိုက်စွာ ပြောလိုက်သည်။ သူက ခဏ တိတ်ဆိတ်သွားပြီးမှ ...

"ကိုယ်ကတော့ ချစ်တယ်"





ဟု အေးစက်စွာ ပြောသည်။

"ရှင်နဲ့ မစေ့စပ်နိုင်ဘူး"

"ကိုယ်ကတော့ စေ့စပ်ပွဲကို လုပ်ဖြစ်အောင် လုပ်မယ်"

"ကြွေရုပ် ထွက်သွားရပါစေတော့ ယောမင်း၊ ကြွေရုပ်ကို လွတ်လပ်ခွင့် ပေးပါ"

"ကိုယ် အသက်ရှင်နေသရွေ့ မင်း ဒီအိမ်ကလွဲပြီး ဘယ်ကိုမှာမှ နေခွင့်မရှိဘူး ကြွေရုပ်၊ ဦးထွန်း ... ဦးထွန်းရေ ..."

"ဦးထွန်းရှိတယ် မောင်ယောမင်း ..."

သူ့အော်ခေါ်သံကြောင့် ဦးထွန်းက အမြန်ပြေးအလွှားရောက်လာသည်။

"ကျွန်တော် အပြင်ခဏသွားဦးမယ်၊ ကြွေရုပ်ကို ဦးထွန်း စောင့်ကြည့်ထားပါ၊ ကျွန်တော် ပြန်လာလို့ ကြွေရုပ် ဒီအိမ်မှာ မရှိတော့ဘူးဆိုရင် ဦးထွန်းလည်း အလုပ်ပြုတ်မယ်၊ ဦးထွန်းတို့ မိသားစု နေဖို့ပေးထားတဲ့ တိုက်ခန်းကိုလည်း ပြန်သိမ်းမယ်"

ကြွေရုပ်သာ ဦးထွန်းကို အားနာသွားမိပေမယ့် ဦးထွန်းကတော့ တစ်ချက်မျက်နှာမပျက်ပါ။ ယောမင်း ဘာပြောပြော ဦးထွန်းက အမြဲခွင့်လွှတ်တတ်ပါသည်။

ယောမင်းက လေတစ်ချက်ချွန်လိုက်ပြီး ကားသော့ကွင်းထဲကို လက်ညှိုးထည့်လှည့်ရင်း ကြွေရုပ်ရှေ့မှထွက်ခွာသွားသည်။

ကြွေရုပ်သည် နေရာမှာပင် အရုပ်ကြီးပြတ် ပျော့ခွေ၍ ကျန်ခဲ့ရ၏။

"သမီး ... ထတော့၊ ပြင်ဆင်လိုက်ပါတော့ကွယ်"

ဦးထွန်းက ပျော့ပျောင်းစွာ ပြော၏။ ကြွေရုပ်သက်ပြင်းချလျက် ထိုင်ရာမှထရပ်လိုက်ရ၏။ အခန်းဆီ ဦးတည်နေသော ကြွေရုပ်ရဲ့ ခြေလှမ်းများကား လေးလံလှချေ၏။

● ● ●



* * *

မိတ်ကပ်ဆရာသည် ကြွေရုပ်ရဲ့ ပျော့ပျောင်းသော ဆံနွယ်စများကို ညင်သာစွာ ကိုင်တွယ်ထုံးဖွဲ့လျက် ရှိလေသည်။

ကြွေရုပ်သည် မှန်ရှေ့တွင် မလှုပ်မယှက် ထိုင်နေရရင်း မှန်ထဲက မိန်းကလေးကို စိန်းစိန်းစိုက်ကြည့်လျက်ရှိလေသည်။

မိန်းကလေး၏မျက်ဝန်းထဲမှာ မျက်ရည်တွေ သီဖွဲ့စီလဲ့လျက်ရှိ၏။ မျက်နှာကလေးသည် ညှိုးငယ်ဝမ်းနည်းလျက်ရှိသည့်တိုင် အလှကား မပျက်ချေ။

ကြွေရုပ်သည် ထိုမျက်နှာကလေးကို စိုက်ကြည့်မိရင်းကပင် ထိုမိန်းကလေးမှာ တဖြည်းဖြည်း ငယ်နုသွားသည်ဟု ထင်မိ၏။ ခဏကြာတော့ မှန်ထဲမှာ ကလေးတစ်ယောက်ကိုသာ မြင်မိတော့သည်။

မျက်နှာပေါ်မှာ မျက်ရည်တွေ၊ နှပ်တွေ ပေရွှံနေသော ခုနစ်နှစ်အရွယ် ကလေးမကလေး ...။ ညစ်နွမ်းသော အဝတ်အစားများကို ဆင်မြန်းထားရသော ထိုကလေးမလေးသည် လမ်းအလယ်တွင် ရပ်တန့်၍ နှုတ်ခမ်းကလေးတွေကို အရုပ်ဆိုးအောင် မဲ့ရွဲ့ရင်း ရှိုက်ကြီးတငင် ငိုကြွေးလျှက် ရှိလေသည်။

● ● ●



အပိုင်း (၁)

လွန်ခဲ့သော ၁၂ နှစ်ခန့်က ...

* * *

"ကြွေရုပ် ... ကြွေရုပ်၊ ကြောင်ချီးရုပ်"

"ဟားဟား ... ဟီးဟီး ... ကြောင်ချီးရုပ်ကိုများ ကြွေရုပ်တဲ့၊ နင့်နာမည်က ကြောင်ချီးရုပ် ... ၊ မှတ်ထားကြပေါ့ သူ့နာမည်က ကြောင်ချီးရုပ်တဲ့ ..."

"ကြောင်ချီးရုပ်ရေ၊ ဟော့ ... ကြောင်ချီးရုပ် ခေါ်နေတာ မကြားဘူးလား"

"အီး ... ဝါး ... နင်တို့ မဟုတ်တာ မပြောနဲ့၊ ငါ့နာမည် ကြွေရုပ်၊ ငါ့အမေ ပေးထားတဲ့ နာမည်က ကြွေရုပ်"

"ဒါပေမယ့် နင့်ရုပ်က ကြွေရုပ်လို ဖြူဖြူချောချောလေးမှ မဟုတ်တာ၊ ကြည့်ပါလား ... ညစ်ပတ်ပေလူးနေတာပဲ၊ ကြောင်ချီးရုပ်ဆိုတဲ့ နာမည်ကမှ နင်နဲ့လိုက်တာ ..."

လမ်းထဲက ကောင်လေးတွေက ကြွေရုပ်ရှေ့မှာ

ပိတ်ရပ်ရင်း ကြွေရုပ်ကို မခံချင်အောင် လှောင်ပြောင်သရော်နေကြပါသည်။ ကြွေရုပ်က သူတို့ကို အသံကလေး ပြာအက်လာအောင် ပြန်အော်ပြောနေရင်းက ကြောက်ရွံ့တုန်ခိုက်လာကာ တအီးအီးအော်ငို၊ ငိုရင်းက မျက်နှာကို လက်ဖမိုးနှင့် ဘယ်ပြန်ညာပြန် ပွတ်ဆွဲသုတ်နေလေတော့ရာ ကြွေရုပ်မျက်နှာပေါ်မှာ ဖုန်တွေ ချေးတွေ နှပ်တွေ မျက်ရည်တွေ ညစ်ပတ်ပေပွလျက် တကယ်ပဲ ကြောင်ချီးရုပ်နှင့် တူလာရပါတော့သည်။

ကြွေရုပ်တို့ ရပ်ကွက်ထဲမှာ ကြွေရုပ်က အနိမ့်ခံအစခံ၊ ကြွေရုပ်ကိုဆို ရှယ်တူတွေက နိုင်ချင်ကြသည်။ ခိုင်းချင်ကြသည်။ ကလေးအမေတွေကလည်း ကြွေရုပ်ကိုမြင်တာနှင့် ခိုင်းစရာ လူရပြီရယ်လို့ သဘောထားကာ ...

"ကြွေရုပ်ရေ ... လမ်းထိပ်ကဆိုင်မှာ အာလူး ငါးဆယ်သားလောက် သွားဝယ်ပေးစမ်းကွယ်၊ ရော့ ... ရော့ ဒီမှာ ပိုက်ဆံယူသွား၊ ပိုတဲ့ပိုက်ဆံ ညည်းပဲ ယူလိုက်တော့"

"ကြွေရုပ်ရေ ... ကလေး ခဏကြည့်ပေးထားစမ်းဟယ်၊ ဒီမှာ အလုပ်များနေလို့ ... "

"ဟိုကောင်မလေး ... လာ လာ ... ဒီပစ္စည်းထုပ်ကို လမ်းတစ်လမ်းကျော်က ဦးလူမော်တို့အိမ်ကို သွားပို့ပေးစမ်း၊ ဟိုက တစ်ခုခု ပြန်ပေးလိုက်ရင်လည်း သေချာပြန်ယူလာခဲ့ ... "





စသဖြင့် ... ကြွေရုပ်ကို လက်တို လက်တောင်းခိုင်းလေ့ရှိကြပါသည်။ သူတို့ ဒီလိုခိုင်းတာဟာ ကြွေရုပ်ကို ချည်းပဲ မဟုတ်။ ကြွေရုပ်ရဲ့ မေမေ ဒေါ်ရင်ကြွေကိုလည်း အလျဉ်းသင့်သလို ခိုင်းကြတာပင်။

မေမေက ဒီရပ်ကွက်ရဲ့ ဟိုဘက်ထိပ် စက်မှုဇုန်ထဲက ငါးသေတ္တာထုတ်လုပ်သည့် စက်ရုံမှာ အလုပ်လုပ်ရပါသည်။ မေမေ့လခက ကြွေရုပ်တို့ သားအမိအတွက် စားလောက်ရုံသာပင်။ ကြွေရုပ်ကို ကျောင်းထားချိန်ရောက်တော့ မေမေက အိုဗာတိုင်တွေလည်း ခဏခဏဆင်း၊ စားစရိတ်ကိုလည်း ချွေတာသံထက် ချွေတာကာ ကြွေရုပ်ကို ကျောင်းထားဖို့ ချွေတာစုဆောင်းရပါသည်။ အရင်တုန်းက ဘဲဥတစ်လုံးကို ချဉ်ရေဟင်းလေးချက်ပြီး သားအမိနှစ်ယောက် တစ်ယောက်တစ်ခြမ်း အရည်လေး ရွှဲရွှဲဆမ်းပြီး စားနိုင်ပေမယ့် ခုတော့ မေမေက ဘဲဥတစ်လုံးချက်ပြီးတာနှင့် မျက်နှာကို ရှုံ့တွကာ ...

"သမီးရေ ... မေမေတော့ ခုတလော ဘဲဥစားရတာ အီပြီး မစားချင်ဘူးကွယ်၊ ငါးပိရည်လေးဆမ်းပြီး ခရမ်းကျွတ်သီးလေး ကိုက်စားရတာကို ခံတွင်းတွေ့နေတယ်၊ သမီးပဲ မနက်တစ်ခြမ်း ညတစ်ခြမ်း စားလိုက်ပေတော့ ... "

ဟု ပြောတတ်သည်။ မေမေက နေ့စဉ်ရက်ဆက်

လိုလိုပင် ဆီနဲ့ဆားနဲ့ စားရတာ ခံတွင်းတွေ့တယ်ပြောလိုက်၊ ကန့်စွန်းရွက်ကြော်လေးကို မက်မက်မောမော စားပြလိုက် လုပ်နေတာမို့ ဘာမှ မသိနားမလည်သော ကြွေရုပ်က ...

"မေမေ ဘဲဥမကြိုက်ရင် ကြက်သားစားပါလားဟင်၊ ငါးကြော်ရော မေမေ မကြိုက်ဘူးလားဟင်"

ဟု တတွတ်တွတ် မေးမိတိုင်း မေမေက ကြွေရုပ် အဓိပ္ပာယ်မဖော်တတ်သော အပြုံးမျိုး ပြုံးလိုက်ရင်း ...

"အဲဒီ အသားငါးတွေ စားရတာ ညှီလို့၊ မေမေက သက်သတ်လွတ်တောင် စားချင်နေတာ၊ ငါးပိရည် မဖြတ်နိုင်လို့သာ သက်သတ်လွတ် မစားဖြစ်သေးတာ"

"မေမေ ပုစွန်ထုပ်ကြီးဆီပြန်ကော မစားချင်ဘူးလားဟင်"

"အမလေး ... မစားချင်ပေါင်"

"သမီးကတော့ စားချင်တယ်"

ကြွေရုပ်က ထမင်းဇလုံထဲကို ချဉ်ရည်ဟင်း ရွှဲရွှဲဆမ်း၍ နယ်ဖတ်ရင်း ပလုပ်ပလောင်းစားနေရာက လွတ်ခနဲ ပြောလိုက်မိတော့ မေမေက ကြွေရုပ်ကိုစိုက်ကြည့်ရင်း တိတ်ဆိတ် ညှိုးငယ်သွားခဲ့သည်။

ကြွေရုပ်က နောက်ဆုံး အစားပိတ်စားဖို့ ချန်ထား





သည့် လက်တစ်ဆစ်လောက် ဘဲဥအနှစ်ဖတ်ကလေးကို နောက်ဆုံး ထမင်းလုတ်ထဲ မြုပ်ထည့်၍ ပါးစပ်ထဲထည့်ကာ အရသာခံ တမြုံ့မြုံ့ဝါးနေရင်း လက်သီးဆုပ်ကလေး မြှောက်ပြကာ ...

"သမီးက ဟောဒလောက် ပုစွန်ထုပ်ကြီး စားချင်တာ မေကြီးရဲ့၊ အဲဒီလို ပုစွန်ထုပ်ကြီးကို ကျောင်းကသမီးဘေးမှာ ထိုင်တဲ့ သူငယ်ချင်းရဲ့ ထမင်းချိုင့်ထဲမှာ မြင်ဖူးကတည်းက သမီး စားချင်တာ သွားရည်တောင်ကျတယ်၊ သူ့ထမင်းချိုင့် ဖွင့်ထားရင် အနံ့က မွှေးလာရောပဲ၊ သမီးမှာ အဲဒီအနံ့လေးကို ခိုးခိုးရှူရတာ အမောပဲ၊ ဘယ်တော့များမှ အဲလို ပုစွန်ထုပ်ကြီးမျိုး စားရမလဲ မသိပါဘူး မေကြီးရယ် ..."

ကြွေရုပ်ရဲ့ အပြောကလေးကြောင့် အမေလုပ်သူက မျက်ရည်ဝဲလာသော်လည်း ပြုံးပြရကာ ...

"စားရမှာပေါ့ သမီးလေးရဲ့၊ မေကြီး လခထုတ်တဲ့နေ့ကျရင် ချက်ကျွေးမယ်နော်"

ဟု နှစ်သိမ့်ပေးလိုက်ရပါသည်။

သို့သော် ... လခအခါခါထုတ်သော်လည်း ကြွေရုပ်ကတော့ ပုစွန်ထုပ်ကြီးကို မမြင်ခဲ့ရဖူးပါ။ မေမေ မေ့နေသလားဟု စိတ်ကောက်ချင်သေမယ့် ပိုက်ဆံမလောက်လို့ မေမေ သူများ

ဆီက ချေးရ ငှားရတာကိုမြင်တော့ ကြွေရုပ် မေမေ့ကို သနားမိရပါသည်။

ရုပ်ကွက်ထဲမှာ မေမေဟာ ကြွေးမကင်း။ မေမေ ပိုက်ဆံမချေးဖူးသူဆိုတာ အရှားသား ... ။ အထူးသဖြင့် ကြွေရုပ် ကျောင်းဖွင့်ချိန်ဆို မေမေ မကြာခဏ ပျာယာခတ်ပြီ။ လမ်းထဲက လူတွေကလည်း ကြွေရုပ်တို့ သားအမိကို သနားစာနာကာ ချေးကြ ငှားကြပါသည်။ သို့သော် ထိုကြွေးရှင်များက မေမေ့ကို ခိုင်းဖတ်ပမာ သဘောထားကြကာ ဈေးပြေးဝယ်ခိုင်းတာနှင့် အိမ်မှုကိစ္စလေးတွေ ခေါ်ခိုင်းရတာနှင့် မေမေ့မှာ အားရတယ်လို့ကို မရှိပါ။

ပြီးတော့ သူတို့က မေမေ့ကိုသာမဟုတ်။ ကြွေရုပ်ကိုလည်း အလျဉ်းသင့်သလို လက်တိုလက်တောင်းလေးတွေ ခိုင်းတတ်ကြပါသေးတာပင်။ သူတို့ရဲ့ သားသမီးတွေဟာလည်း ကြွေရုပ်ကိုဆို တန်းတူ ဆော့ဖော် ဆော့ဖက်လို သဘောမထား။ မခံချင်အောင် စ,ဟယ် နောက်ဟယ်၊ အနိုင်ကျင့်ဟယ်။ သူတို့ ဘောလုံးကန်လျှင် ကြွေရုပ်က ဘောလုံးကောက်သမား။ သူတို့ ဗိုက်ဆာရင် ကြွေရုပ်က မုန့်ပြေးဝယ်ပေးရသည့် မာရသွန် အပြေးသမား။

အဲဒီလို ကြွေရုပ်က လူတကာ့ အခိုင်းခံ အနှိမ်ခံ





အစခံဖြစ်နေရပေမယ့် မေမေ့ပါးစပ်က 'ဟဲ့ ... ကလေးတွေငါ့ သမီးကို အနိုင်မကျင့်ကြနဲ့' လို့ ပြောအားမရှိပါ။ သူတို့လေးတွေရဲ့ မိဘတွေထံက လိုရင်လိုသလို ချေးငှားရသေးတာမို့ပင်။

"ကြောင်ချီးရုပ်၊ ကြောင်ချီးရုပ် ..."

လမ်းထဲက ကလေးတွေက ကြွေရုပ်ရဲ့ ပတ်ပတ်လည်မှာ ဝိုင်းရံကာ ကြွေရုပ်ကိုလက်ညှိုးထိုးပြီး သံပြိုင်အော်နေကြဆဲပင်။ ကြွေရုပ်ကလည်း မျက်နှာပေါ်က နှပ်တွေ မျက်ရည်တွေကို လက်ဖြင့် ဘယ်ပြန် ညာပြန် ပွတ်ဆွဲသုတ်ရင်း ရှိုက်ကြီးတငင် ငိုဆဲပင်။

"ဟော့ ... ကြောင်ချီးရုပ်ကနေ ခွေးချီးရုပ်ဖြစ်သွားတာကို မင်းတို့ မြင်ဖူးချင်လား"

ကောင်လေး တစ်ယောက်က အော်မေးလိုက်ရာ ကျန်ကလေးတွေကလည်း ...

"မြင်ဖူးချင်တယ်၊ မြင်ဖူးချင်တယ်"

ဟု သံပြိုင်အော်ပြောလိုက်ပါသည်။

"အေး ... အဲ့ဒါဆို ကြည့်နေကြ ..."

ကလေးတစ်ယောက်က လမ်းဘေးက ရွှံ့မြေတွေကို လက်ဖြင့်ကော်ယူလိုက်ပြီး ထိုရွှံ့ပေလက်ကို မြှောက်ပြကာ ကြွေရုပ်ထံ တစ်လှမ်းချင်း လှမ်းလာရင်း ပါးစပ်ကလည်း ခြောက်လှန့်လာသည်။

"သနပ်ခါးလူးပေးမယ်၊ ကြောင်ချီးရုပ်ကို ချွေးချေးရုပ်ဖြစ်အောင် သနပ်ခါးလူးပေးမယ်"

ကြွေရုပ်သည် ကိုယ့်မျက်နှာကို ရွံ့သုတ်ခံရတော့မှာမို့ ထိတ်လန့်လာကာ ကြွေရုပ်ဘေးမှာ ဝိုင်းနေသည့် ကောင်လေးတွေကို ဆောင့်တွန်းပစ်ခဲ့ပြီး တစ်ဟုန်ထိုး ပြေးထွက်လာပါသည်။ ကောင်လေးတစ်အုပ်ကလည်း ကြွေရုပ်နောက်မှ ပြေးလိုက်လာကြပါသည်။

ကြွေရုပ်ကလည်း ဘယ်ရောက်လို့ ရောက်မှန်းမသိ စွတ်ရွတ်ပြေး၊ နောက်က ကလေးတွေကလည်း တပျော်တပါးကြီး အော်ဟစ်ခြောက်လှန့်ရင်း ပြေးလိုက်လာနေကြပါသည်။

ရပ်ကွက်အလွန် လမ်းမကြီးပေါ်ရောက်တော့ သူတို့တွေ ကြွေရုပ်ကို မီလုမီခင် ဖြစ်လာဆဲ ...

"ကျွီ ... ကျွီး"

"အမလေး ... သေပါပြီ"

ကားတစ်စီးရှေ့ကိုမှ ကြွေရုပ်ကပြေးဖြတ်ဝင်မိပြီးသား ဖြစ်သွားတာမို့ ကားက ဆောင့်ရပ်သွားပြီး ကြွေရုပ်ကတော့ အရှိန်လွန်ကာ ကားရှေ့မှာ မှောက်ရက်ကလေး လဲနေပါသည်။ ကလေးတစ်အုပ်ကလည်း လှပပြောင်လက်သည့် ကားအမည်းကြီးကို ဝိုင်းအုံကြည့်နေကြပါသည်။





လဲနေသော ကြွေရုပ်က တဖြည်းဖြည်း ခေါင်းမော့လာချိန်မှာ ကားတံခါးပွင့်လာတာကို မြင်ရသည်။

ပထမဦးစွာ ဆင်းလာတာက လူကြီးတစ်ယောက်၊ နောက်ခန်းမှ ဆင်းလာသူကတော့ ကြွေရုပ်နဲ့ မတိမ်းမယိမ်း ကောင်လေးတစ်ယောက်ပင် ... ။

ကြွေရုပ်သည် ချော်လဲခိုက်မှာ လန့်ထွက်သွားသည့် စကတ်အကားလေးကို ဒူးခေါင်းလုံအောင် ဆွဲဖုံးလိုက်မိသည်။ သူ့ပုံစံကို ကြွေရုပ်က တွေ့တွေ့ချင်း ရှက်ရှိန်လန့်ကြောက်သွားမိလို့ပင် ... ။

ကြွေရုပ်က လက်ထောက်လဲပြီနေရာက ထိုကောင်လေးရဲ့ ပုံစံကို ခြေထောက်ကနေ ခေါင်းအထိ တဖြည်းဖြည်း မော့ကြည့်မိသည်။

ကြွေရုပ်မမြင်ဖူးသည့် အသွေးအမွေးနှင့် ထိုကောင်လေးဟာ ညစ်ပတ်ပေပွနေသည့် ကြွေရုပ်တို့ ကလေးတွေနှင့်ဆို ကျီးကန်းကြားက ဗျိုင်းကလေးလိုပင်။

သူ့အသားက ဖြူသန့်ကြည်လင်နေသည်။ သူ ဝတ်ထားသည့် ဒူးခေါင်းဖုံးထိရှည်သည့် အဖြူရောင်ဘောင်းဘီ ဖြူဖြူလေး၊ ခြေအိတ်ဖြူကလေးနှင့် တွဲဝတ်ထားသည့် ရှူးဖိနပ် နက်နက် ပြောင်ပြောင်လေး၊ ရှပ်အင်္ကျီလက်တို အပြာရင့်ရင့်

လေး၊ ကော်လံအောက်ခြေကနေ တွဲလောင်းကျနေသည့် အနီနှင့် အပြာကျား ထိပ်ဖျားချွန်အဝတ်စ (နက်ခ်တိုင်) လေး။ အဲ့ဒါတွေ အားလုံးဟာ ကြွေရုပ်တို့လို ရုပ်ကွက်ထဲက ကလေးတွေအတွက်တော့ အထူးအဆန်း အံ့ဘနန်းဖြစ်စရာချည်းသာ။

သူက မျက်လုံးပြူးကြောင်ကြောင်လေးနှင့် မော့ကြည့်နေသော ကြွေရုပ်ကို ငုံ့ကြည့်ရင်း ....

"ဟိတ် ... နင့်ကို တိုက်မိသွားလား"

"ဟင် ... မတိုက်မိ၊ မတိုက်မိပါဘူး"

"ဒါဆို ရှေ့ကဖယ်တော့ ..."

"ဟမ် ..."

"နင့်ကို ကားရှေ့က ဖယ်ခိုင်းနေတာ"

"မောင်ယောမင်း၊ ကလေးမလေးက ချော်လဲပြီး ခြေထောက်နာနေတယ်ထင်တယ်၊ ဒူးခေါင်းလည်း ပွန်းနေတာ တွေ့လိုက်တယ်"

"အဲ့ဒါ သူ့ဘာသာ ပြေးလာလို့ ချော်လဲပြီး ဖြစ်တာ၊ ကျွန်တော်တို့နဲ့ မဆိုင်ဘူး"

"ဒါပေမယ့် သူ ချက်ချင်း ထလို့ဘယ်ရမလဲ၊ ဟော့ ... ကလေး ထလို့ရလား၊ ခြေထောက်နာနေလား"

"အီး ... ၊ နာတော့နာတယ် ရပါတယ်၊ ထပါမယ်"





ကြွေရုပ်က အားယူပြီး ထနေတာကို ဦးလေးကြီးက သနားကြင်နာဟန်ဖြင့် ငုံ့ကြည့်ရင်း လက်ကမ်းပေးသည်။

"ကလေး ... ဖြစ်ရဲ့လား"

"ရ... ရပါတယ်၊ အဟင့် ..."

ကြွေရုပ်က လူကြီးလက်ကို လှမ်းမဆွဲဘဲနေလိုက်သည်။ ကြွေရုပ်စိတ်ထဲမှာတော့ လူတွင်ကျယ် ဂျစ်တစ်တစ် မျက်နှာထားမျိုးဖြင့် ကြည့်နေနိုင်ရက်သော ထိုကောင်လေးကို ကြောက်ရွံ့နေသည်။

သူ့နာမည်က ယောမင်းတဲ့ ... ၊ ဒီလောက်လှတဲ့ နာမည်မျိုး တစ်ခါမှ မကြားဖူးပါ။

"အ..."

"ဟော့ ..."

ကြွေရုပ်သည် ဒူးကွေးကွေးလေး ရပ်လိုက်ပြီးမှ ဒူးစန့်ကာ ကြိုးအထ ဒူးက စစ်ခနဲနာသွားတာမို့ ခွေခနဲ ပြန်လဲအကျမှာ ဆွဲမိဆွဲရာ ထိုကောင်လေးရဲ့ အင်္ကျီအောက်က တွဲလောင်းကျနေသော အဝတ်စ ရှည်လမျောလေးကို လှမ်းဆွဲအားပြုလိုက်ပါတော့သည်။

"အစ် ... အ ... အ ... အစ်၊ ဟော့ ... လွှတ် ... လွှတ်စမ်း"

"ဟား ... ဟား ... ဟား ... ကြောင်ချီးရုပ်နဲ့ ဘိုရူးနဲ့တော့ တွေ့နေပြီဟေ့ ... ဟီး ဟီး"

ယောမင်းကလည်း လည်ပင်းအစ်ကာ မျက်လုံးပြူး လျှာထွက်အောင်ရင်း ကြွေရုပ်လက်ကို အတင်းဆွဲဖြုတ်၊ ရုပ်ကွက်ထဲက ကောင်လေးတွေကလည်း ဟားဟားဟီးဟီး ဝိုင်းရယ်လှောင်ပြောင်လိုက်တော့မှ ကြွေရုပ်က လန့်ဖျပ်လျက် သူ့အဝတ်စကို လွှတ်ပေးလိုက်သည်။ ပြီးတော့ သူ့ကို ဘာမှလည်း မပြောရဲဘဲ မျက်လုံးပြူးကြောင်ကလေးဖြင့် ကြည့်နေမိသည်။

သူက ကြွေရုပ်ကို ဒေါသတကြီး စူးစူးရဲရဲစိုက်ကြည့်နေသည်။ ပြီးတော့ ကြွေရုပ်တစ်ကိုယ်လုံးကို အထင်သေးသလို သိမ်းကြုံးကြည့်လိုက်ရင်း ...

"ညစ်ပတ်လိုက်တာ"

ဟု ပြောပြီးတာနှင့် ဦးလေးကြီးဘက်သို့ လက်ဆန့်ကမ်းထားကာ ...

"ဦးထွန်း ... တစ်ရှူးဘောက်စ် ပေးပါ"

ဦးလေးကြီးက ပျာပျာသလဲပုံစံနှင့် ကားထဲက တစ်ရှူးစ်ဘောက်ကို လှမ်းယူပြီး တစ်ရှူးစတွေ ဆွဲထုတ်ကာ သူ့လက်ထဲထည့်ပေးလိုက်သည်။





သူက စောစောက ကြွေရုပ်လက်ကို ကိုင်ဆွဲဖြုတ်ခဲ့ရသည့် သူ့လက်ဖဝါးတွေကို တစ်ရှူးစတွေနှင့် အထပ်ထပ်ပွတ်သုတ်သည်။ ပြီးတော့ သူ့လည်ပင်းက တွဲလောင်းကျနေသည့် အဝတ်စကိုလည်း သုတ်သည်။ ကြွေရုပ်ကတော့ သူ့ကို အထူးအဆန်းသတ္တဝါလို ငေးမော့ကြည့်နေမိဆဲပင်။

သူက ကြွေရုပ်တို့လို ကလေးဆိုပေမယ့် ကလေးနဲ့မတူဘဲ သူဌေးနဲ့တူနေသည်။ သူနဲ့အတူပါလာသော ဦးလေးကြီးက သူ့အဖေအရွယ်လောက် ရှိပေမယ့် ပျာပျာသလဲ သူခိုင်းတာ လုပ်ပေးရပြီး သူ့ကိုကြောက်သည့်ပုံတောင် ပေါ်နေသည်။

"သွားမယ် ဦးထွန်း၊ နောက်ဆို ဒီရုပ်ကွက်နားက ကား ဖြတ်မမောင်းမိအောင် သတိထားပါ"

သူက ကြွေရုပ်ရှေ့မှ ချာခနဲ လှည့်ထွက်သွားသည်။ ကြွေရုပ်သည် ကြွေရုပ်အနားမှာ ဝိုင်းနေသည့် ကောင်လေးတွေကို ကြောက်ကြောက်ရွံ့ရွံ့ ကြည့်လိုက်ပြီး အားယူထလျက် ယောမင်းဟု ခေါ်သော ကောင်လေးထံ ထော့ကျိုး ထော့ကျိုး လျှောက်သွားရင်း ...

"ဒီ ... ဒီမှာ ... ဟဲ့ ... ငါ့ကို ကူညီသွားဦး၊ ဒီကောင်တွေက နင်သွားတာနဲ့ ငါ့ကို ရွံ့နဲ့ဝိုင်းသုတ်ကြမှာ"

"အဲ့ဒါဘာဖြစ်လဲ၊ ငါနဲ့ ဘာဆိုင်လဲ"

ယောမင်းက ကားထဲဝင်ထိုင်ရင်းက လှမ်းအော် ပြောသည်။

"ငါ ... ငါကြောက်လို့ပါ၊ ချော်လဲထားတော့ ငါ ထွက်လည်း မပြေးနိုင်တော့ဘူးလေ၊ နင့်ပုံစံက သတ္တိရှိတဲ့ ပုံစံမျိုးဆိုတော့ နင်ပြောပေးရင် ရမလားလို့ပေါ့ဟ"

ကြွေရုပ်ကလည်း ပြန်အော်ပြောလိုက်သည်။ ကြွေရုပ်အားက ကောင်လေးတွေက သူ့ကိုလှမ်းကြည့်ရင်း ...

"ဟီး ဟီး ... စကြောက်ကြီး၊ နင့် ဘိုရှုးကြီးက စကြောက် ကြီးပဲ ကြောင်ချီးရုပ်ရဲ့ ... ၊ သူက နင့်လို ညစ်ပတ် တုံးကို အဖတ်လုပ်မလား"

ပေစိတို့ ကောင်လေးတစ်သိုက်ကလည်း ခြေဆောင့်ရယ်နေရင်း ကြွေရုပ်မြင်အောင် သူတို့ရဲ့ ရွှံ့ပေလက်တွေကို ထောင်ပြနေသည်။ လက်ချောင်းတွေကို ကုပ်ကွေးပြနေသည်။ ကြွေရုပ်ကလည်း ယောမင်းကိုပဲ သူရဲကောင်းပမာ မျှော်လင့်တကြီး စိုက်ကြည့်နေမိသည်။

ထိုခဏမှာ ကားတံခါးပွင့်လာကာ ယောမင်းက ကားပေါ်မှဆင်းပြီး ကြွေရုပ်ထံ ပြန်လျှောက်လာတာမို့ ကြွေရုပ် ပျော်သွားသည်။

ယောမင်းသည် နှာခေါင်းကိုပိတ်လျက် ပေစိတို့ အနီးသို့ လျှောက်သွားသည်။





"ဟော့ ... ဘိုရှုး ... မင်း နှာခေါင်းက ဘာလို့ပိတ်ထားတာလဲ"

"မင်းတို့ကိုယ်က ချွေးစော် ချေးစော် နံလို့"

"ဘာ ... အောင်မာ ... ကြီးကျယ်လို့၊ ငါခဲနဲ့ ကောက်ထုလိုက်ရ"

"ဒီအဝတ်စလေးက ဘာလေးလဲဟင်၊ ဟိဟိ ... သွားရည်ကျရင် သုတ်ဖို့လား"

ပေစိတို့ တစ်သိုက်က ခဲကောက်သူကောက်၊ သူ့လည်ပင်းက အဝတ်စလေးကို သွားကိုင်လိုက်ကိုင်၊ မထိတရိ စနေကြသည်။

သူက သူ့အင်္ကျီစ အဝတ်စလေးကို လာဆွဲသည့် လက်ကို ဖတ်ခနဲ ပုတ်ထုတ်လိုက်ပြီး ...

"မင်းတို့ ဒီကောင်မလေးကို ရွှံ့မသုတ်ဘဲ ဒီနားက မြန်မြန်ထွက်သွားဖို့ ငါ ဘယ်လောက်ပေးရမလဲ"

"ဘာ ..."

"ဟမ် ..."

သူက လက်မနဲ့ လက်ညှိုးကို ဝိုင်းပြလိုက်ရင်း ...

"ပိုက်ဆံလေ၊ မင်းတို့ မုန့်စားဖို့ ပိုက်ဆံ ဘယ်လောက်ပေးရမလဲ"

"အောင်မာ ကြီးကျယ်လို့ ... မင်းက သူဌေးကြီးလား၊ မင်းမှာ ပိုက်ဆံ ဘယ်လောက် ရှိလို့လဲ"

"ဦးကွန်း ... ပိုက်ဆံ တစ်ရာအုပ်ပေးပါ"

ယောမင်းက ဦးထွန်းဘက်သို့ လက်ကမ်းလိုက်ပြန်သည်။ ဦးထွန်းက ကားထဲသို့ ငုံ့ကိုင်းကာ ပိုက်ဆံတစ်အုပ် လှမ်းယူပြီး ယောမင်းလက်ထဲသို့ ထည့်ပေးလိုက်သည်။

ယောမင်းက တစ်ရာတန် အသစ်အုပ်ကို ညာလက်ဖြင့် ကိုင်ကာ ဘယ်ဘက် လက်ဖဝါးထဲ တဖတ်ဖတ်ရိုက်နေရင်း ...

"မင်းတို့ ဒီနားက မြန်မြန်ထွက်သွားရင်၊ အင်း ... ပြီးတော့ ဒီကောင်မလေးကို ဒုက္ခမပေးဘူးဆိုရင် ဒီပိုက်ဆံတွေ မင်းတို့ကို ပေးမယ်၊ ဘယ်လိုလဲ ယူမလား"

"ယူမယ်ကွာ ..."

ပေစိတို့အုပ်စုက အားတက်သရော သံပြိုင်အော်လိုက်ကြတာမို့ ယောမင်းက မထိတရီ ပြုံးလိုက်ပြီး ပိုက်ဆံထုပ်ကို ဖြည်ချကာ အဝေးသို့ မြှောက်ကြဲချလိုက်လေသည်။

"ဟေး ... ဟေး ဟေး"

ကလေးတစ်သိုက်သည် ပိုက်ဆံတွေ လွင့်သွားရာဘက်သို့ ပြေးသွားကြပြီး ပိုက်ဆံတွေကို ဒိုင်ဗင်ထိုးကောက်သူက ကောက်ကြလျက် တွန်းထိုးလုယက် လုံးထွေးနေကြလေသည်။





ကြွေရုပ်သည် သူ့လုပ်ရပ်ကို ထူးဆန်းကာ ပါးစပ်ကလေးဟလျက် သူ့ကို တစ်လှည့်၊ လုံးထွေးဆူညံနေသော အုပ်စုဆီသို့ တစ်လှည့် ပြူးကြောင်ကြောင်လေး ကြည့်မိနေသည်။

"တွေ့တယ် မဟုတ်လား၊ ပိုက်ဆံရှိရင် အားလုံး အဆင်ပြေတယ်၊ နင့်ကို သူတို့ ဒုက္ခပေးဖို့ မစဉ်းစားအားတော့ဘူး"

ယောမင်းက ကလေးအရွယ်နှင့်မှ မလိုက်မဖက်စွာ ဂုဏ်မောက်သော လေသံဖြင့်ပြောပြီး သူ့ကားဆီ မြှောက်ကြွကြွ လျှောက်သွားသည်။ ဦးထွန်းဆိုသူက ကားတံခါး အဆင်သင့် ဖွင့်ပေးထားရလေသည်။ သူက ကားထဲလှမ်းဝင်ခါနီးမှာ ကြွေရုပ်ထံ တစ်ချက်လှမ်းကြည့်ကာ ...

"ဟော့ ... ပါးစပ် ပြန်စေ့ထားလိုက်ဦး၊ နင့်ပါးစပ်ထဲ ယင်ဝင်ဥသွားဦးမယ် ကြောင်ချီးရုပ်ရဲ့"

ဟု လှမ်းအော်ပြောပြီး ခေါင်းမော့၍ တဟက်ဟက် ရယ်လျက် ကားပေါ် လှမ်းတက်သွားလေသည်။

ကြွေရုပ်သည် ဟနေမိသော ပါးစပ်ကလေးကို ဖျတ်ခနဲ စေ့ပိတ်လိုက်မိပြီး တဖြည်းဖြည်း ဝေးသွားသော ကားနောက်ပိုင်းကို လှမ်းမျှော်ကြည့်ကျန်ခဲ့ရသည်။

ထိုကားကြီး ကြွေရုပ်မြင်ကွင်းထဲက ပျောက်သွား

တော့မှ ခြေထောက်ကလေး ထော့နဲ့နဲ့ဖြင့် အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။ ကြွေရုပ်စိတ်ထဲမှာလည်း ဝမ်းပမ်းတနည်းကြီး ဖြစ်ကာ ငိုချင်လာရတာမို့ နှုတ်ခမ်းကလေးက မဲ့မဲ့ကျလာရပါသည်။

ကြွေရုပ်အိမ်ရှေ့ရောက်တော့ မေမေက အလျှားဖားလျား ပြေးထွက်လာကာ...

"အမလေး ... ကြွေရုပ်ရယ်၊ ဘယ်ကိုများ သွားနေတာလဲဟယ်၊ မေမေ့မှာ ရှာလိုက်ရတာ၊ ဟင် ... ဒူးခေါင်းကလည်း စုတ်လို့ပါလား၊ ချော်လဲလာသလား"

"မေမေ ..."

ကြွေရုပ်က မေမေ့ကို မော့ကြည့်ရင်း အားကိုးတကြီးလေး ခေါ်မိသည်။

"ဘာလဲ ... သမီး ပြောလေ၊ ကြည့်စမ်း မျက်နှာကလည်း ညစ်ပတ်ပေတူးနေပါလား သမီးရယ်၊ ဘယ်တွေလျှောက်ဆော့နေတာလဲ"

မေမေက ပြောပြောဆိုဆို ကြွေရုပ်မျက်နှာလေးကို မေးစေ့မှဆွဲမော့ပြီး သူ့လက်ဖဝါးဖြင့် အသေအချာပွတ်သုတ်ပေး၊ နှာခေါင်းဝမှာ ပြူတစ်နေသော နှပ်ချေးတွေကိုပါ ညှစ်ပေးလိုက်သည်။





"မေကြီး ... သမီးက ကြောင်ချီးရုပ်လားဟင်၊ သမီးကို ပေစိတို့ အုပ်စုက ကြောင်ချီးရုပ်လို့ ဝိုင်းအော်ကြတယ်၊ ပြီးတော့ လမ်းမှာ တွေ့တဲ့ ကောင်လေးတစ်ယောက်ကလည်း သမီးကို ကြောင်ချီးရုပ်လို့ အော်ပြောသွားတယ်"

ကြွေရုပ်က ငိုမဲ့မဲ့လေး မေးမိတော့ မေမေက ရယ်မောလိုက်ရင်း ကြွေရုပ်ကို သူ့ရင်ခွင်ထဲ ဆွဲဖက်ထားကာ...

"မေ့သမီးလေးက ကြောင်ချီးရုပ် မဟုတ်ပါဘူးကွယ်၊ တကယ့်ကို ကြွေရုပ်ကလေးလို ဖြူဖွေး လှပတဲ့ သမီးလေးပါ၊ သမီးပါးပေါ်က ပါးချိုင့်လေးကလည်း သိပ်ချစ်စရာကောင်းတာပဲ၊ သမီးလေး ပုလုံကွေးအရွယ်ကလေးကတည်းက သမီး အသားလေးတွေက ဖြူဖွေးကြည်လဲ့နေလို့ ကြွေရုပ်ကလေးလို လှတဲ့ သမီးလေးဆိုပြီး ကြွေရုပ်လို့ နာမည်ပေးခဲ့တာ၊ မေမေ့မှာသာ ပိုက်ဆံများများရှိလို့ သမီးဝတ်ဖို့ အဝတ်လှလှလေးတွေ ဆင်ပေးနိုင်ရင် သမီးလေးက အရမ်းကိုလှသွားမှာ ..."

"တကယ်လားဟင် ..."

"တကယ်ပေါ့ သမီးလေးရဲ့၊ မေ့သမီးလေးကို ချမ်းချမ်းသာသာ ထားချင်လိုက်တာကွယ်၊ ခုတော့ ... မေမေ့မှာက အလုပ်တစ်ဖက်နဲ့ဆိုတော့ သမီးကိုလည်း ဂရုမစိုက်နိုင်၊

ရပ်ကွက်ထဲက အိမ်တွေကလည်း မေ့သမီးလေးကို လက်တို့လက်တောင်း ခေါ်ခေါ်ခိုင်းကြတော့ သမီးလေးမှာ နေပူထဲ လျှောက်လျှောက်ထွက်ရင်း ငယ်ငယ်တုန်းက လောက် အသားမဖြူနိုင်တော့ဘူးပေါ့ ...။

"သမီးကို မေမေချစ်သလို ချစ်ပြီး ချမ်းချမ်း သာသာ ထားနိုင်မယ့်သူမျိုးသာရှိရင် မေမေ ရင်ကွဲခံပြီး မွေးစားဖို့သာ ပေးလိုက်ချင်တော့တာပဲကွယ်"

ကြွေရုပ်က ခေါင်းကို ခပ်သွက်သွက် ခါလိုက်ရင်း "ဟင့်အင်း ... သမီးကတော့ မေကြီးကို ခွဲပြီး ဘယ်မှ မသွားပါဘူး၊ ပိုက်ဆံမရှိလည်း မေကြီးရှိရင် ပျော်တာ ပဲ၊ သမီးကို သူများပေးမပစ်ပါနဲ့နော်"

ဟုပြောရင်း မေမေ့ ရင်ခွင်ကို ခေါင်းနှင့်ဆော့လိုက် ပါသည်။

"မေ့သမီးလေး ... အတာတ်မလေး"

မေမေက ကြွေရုပ်ရဲ့ ပါးနှစ်ဖက်ကို ဘယ်ပြန် ညာပြန် ငုံ့နမ်းလိုက်တာမို့ ကြွေရုပ်က တခိခိရယ်ရင်း ပျော် ရွှင်နေမိပါသည်။

"ကဲ ... လာ ... သမီးကို ကြွေရုပ်ကလေးဖြစ်သွားအောင် မေမေ ရေချိုးပေးမယ်၊ ဂျီးစင်စင်တွန်းပေးမယ်၊ သနပ်





ခါးလေး လှလှလိမ်းပေးမယ်၊ အဝတ်အစား သန့်သန့် လေး ဝတ်ပေးမယ်နော်"

မေမေက ကြွေရုပ်ကို ရေချိုးသည့် ကျောက်စည် ပိုင်းနားသို့ ခေါ်သွားသည်။ ကြွေရုပ်ကိုယ်ပေါ်ကို ရေတစ်ခွက် ပြီး တစ်ခွက် ခပ်လောင်းပေးလိုက်တော့ ကြွေရုပ်က ပခုံးလေး ကျုံ့ပြီး ချမ်းတုန်လာဟန်ပြုကာ ခြေထောက်ကလေး နှစ်ဖက်ကို ခုန်ဆွခုန်ဆွ လုပ်ရင်း တခိခိရယ်မိသည်။ မေမေက ကြွေရုပ် ရဲ့ ခြေဖမိုးကလေးတွေ၊ ခြေချောင်းကလေးတွေကအစ လည်ပင်း မှာ အရစ်အရစ်ထနေသည့် ဂျီးတန်းကလေးတွေအထိ သူ့ လက်ချောင်းကလေးတွေဖြင့် ဖိကာ ပွတ်ကာ ကြေး (ဂျီး)စင်စင် တွန်းပေးသည်။ ခေါင်းလျှော်ရည်အထုပ်သေးလေးကို တစ်ဝက် ဖောက်ပြီး ဖုန်ကပ်ရှုပ်ပွနေသည့် ကြွေရုပ်ရဲ့ ဆံပင်တွေကို လျှော် ပေးသည်။ ကြွေရုပ်ရဲ့ ဦးရေပြားကို ဖွဖွလေး ကုပ်ပေးသည်။

ရေချိုးပြီးတော့ ကြွေရုပ်မှာရှိသည့် ဂါဝန် သုံးထည် အနက်က အသစ်လွင်ဆုံး ဂါဝန် အနီရောင်လေးကို ဝတ်ပေး ပြီး ကြွေရုပ်တို့ သားအမိ အပြင်ထွက်လည်ကြလေသည်။

အဲဒီနေ့လေးကို ကြွေရုပ် ဘယ်တော့မှ မမေ့ ...။ မေမေက ကြွေရုပ်လက်လေးကို တွဲပြီး လျှောက်သွားနေသည်။ ကြွေရုပ် မမြင်ဖူးသော အဆောက်အဦးကြီးတွေ၊ ကားကြီးတွေ၊

တောက်တောက်ပြောင်ပြောင် ဝတ်စားထားကြသော လှလှပပ လူတွေကိုလည်း တွေ့ရသည်။ လမ်းလျှောက်ရင်း ရေငတ်တော့ လမ်းဘေးဆိုင်လေးမှာ ဖန်းကလေးနဲ့ ထည့်ပြီး ရေစိုဝတ်နှင့် အုပ်ထားသော ဖရဲသီးစိတ် တစ်ယောက်တစ်စိတ် ဝယ်စားသည်။ ဗိုက်ဆာတော့ လမ်းဘေး ဘယာကြော်သည်ရှေ့မှာ ငုတ်တုတ်လေးတွေထိုင်ပြီး ဘယာကြော် ဝယ်စားကြသည်။ လူတွေ ပြွတ်ညပ်နေသည့် ဘတ်စ်ကားကို တိုးဝှေ့စီးပြီး ရွှေတိဂုံ ဘုရားကြီးကိုလည်း ဘုရားသွားဖူးကြသေးသည်။

ကြွေရုပ်က ပျော်လွန်းတာမို့ မေမေ့လက်ကို လှုပ်ယမ်းရင်း ...

"မေကြီး ... မေကြီး ... ဟိုကားလှလှလေးတွေပေါ်က လူတွေရော ကြွေရုပ်တို့လို ပျော်ရဲ့လားဟင်"

မေမေက ရယ်မောလိုက်ရင်း ...

"သူတို့က မေမေတို့လို လွတ်လွတ်လပ်လပ် လျှောက်မသွားရတော့ မေမေတို့လောက် ဘယ်ပျော်မလဲ သမီးလေးရဲ့"

ကြွေရုပ်က တွေငြိမ်သွားပြီးမှ ...

"ဟုတ်မယ်နော် ... နေ့လယ်က သမီး တွေ့ခဲ့တဲ့ ကားကြီးနဲ့ ကောင်လေးကလည်း ပိုက်ဆံတွေ ပေါရက်သား





နဲ့ သမီးတို့လို ပျော်တဲ့ပုံလည်း မပေါက်ဘူး၊ သူ့မျက်နှာကြီးက ဒီလို စူပုပ်ပြီး သူ့မျက်ခုံးမွေးတွေက ဟောဒီလို ကုပ်ကျနေတာ မေကြီးရဲ့"

ကြွေရုပ်က နှုတ်ခမ်းစူပြီး မျက်ခုံးကျုံ့ပြလိုက်တာမို့ မေမေက ကြွေရုပ်အမူအရာကို သဘောကျစွာ ရယ်မောလိုက်ရင်း ကြွေရုပ်ခေါင်းလေးကို ဖွဖွပုတ်လိုက်လေသည်။

အဲဒီတုန်းက ကြွေရုပ်တို့မှာ ပိုက်ဆံကလွဲပြီး အားလုံး ပြည့်စုံသည်ဟု ကြွေရုပ် သိနားလည်ခဲ့သည်။ အထူးသဖြင့် မေမေ့မေတ္တာက ကြွေရုပ်အတွက် ပြည့်စုံလုံလောက်ရုံမက လျှံလို့တောင် နေသေးသည်လေ။

● ● ●

* * *

"ကြွေရုပ်ရေ… ကြွေရုပ်"

"ဟယ် … ရေခဲချောင်း၊ ငါ့ဖို့လားဟင် … ငါ့ဖို့လား"

ကြွေရုပ်သည် ရေခဲချောင်း တစ်ချောင်းကို မြှောက်ကိုင်ရင်း ကြွေရုပ်ထံ ပြေးလာနေသော သစ်ထူးကို လှမ်းမြင်လိုက်ရတာမို့ ခုန်ဆွခုန်ဆွ အော်ဟစ်ပျော်ရွှင်သွားသည်။

သစ်ထူးဟာ မေမေ အလုပ်လုပ်သည့် စက်ရုံက အစောင့်ကြီး ဦးအောင်ထူးရဲ့ သား။ ကြွေရုပ်ရဲ့ ဆော့ဖော်ဆော့ဖက် သူငယ်ချင်းကလေးပင်။ ခုလို နွေရာသီ ကျောင်းပိတ်ရက်တွေမှာ ကြွေရုပ်က မေမေ့အလုပ်ကို လိုက်လာတိုင်း သစ်ထူးနှင့် တွေ့ဆုံဆော့ကစားရတတ်သည်။ သစ်ထူး အဖေကြီးကလည်း သဘောကောင်းတာမို့ ကြွေရုပ်က ခင်သည်။ ပြီးတော့ သစ်ထူးကလည်း ကြွေရုပ်တို့ ရပ်ကွက်ထဲက ကလေး





တွေလိုမဟုတ်၊ ကြွေရုပ်ကို အနိုင်မကျင့်။ ကြွေရုပ် ကြိုက်သည့် မုန့်ဆို သူမစားဘဲ ကြွေရုပ်ကို လာကျွေးတတ်တာမို့ ဒီကို လိုက်လာရတိုင်း ကြွေရုပ် အလွန်ပျော်ရပါသည်။

"ရော့ … ရော့ … ကြွေရုပ်၊ အရည်မပျော်ခင် မြန်မြန်စား၊ ငါအဝေးကြီးကနေ ဝယ်လာရတာ၊ လမ်းတင် အရည်ပျော်သွားမှာစိုးလို့ ပြေးလာရတာ မောလိုက်တာဟာ"

"ဟီဟိ … ငါလည်း ရေခဲချောင်း စားချင်နေတာ အတော်ပဲ"

"ရှုတ် … ရှလူး …"

ကြွေရုပ်က သစ်ထူးလက်ထဲက ရေခဲချောင်းကို အငမ်းမရ လှမ်းယူပြီး အသံမြည်အောင် စုပ်စားလိုက်တာမို့ သစ်ထူးက ရယ်လိုက်ရင်း …

"အငတ်မ ကျနေတာပဲ၊ စား စား … အားရပါးရသာ စား၊ ငါတော့ သွားတော့မယ်"

"ဟာမ် … ဘယ်ကိုသွားမှာလဲဟဲ့၊ ငါနဲ့မဆော့ဘူးလား"

"အခု ဆော့လို့မရသေးဘူးဟ၊ ငါ့အဖေခိုင်းတာ သွားလုပ်ပေးရဦးမယ်"

"ဟာင် … ငါတစ်ယောက်တည်း ပျင်းစရာကြီး"

"ငါပြန်လာမှာပါ"

"မြန်မြန်လာနော် … ငါပျင်းလို့"

"အေး … အေး"

သစ်ထူးက စက်ရုံရဲ့နောက်ဘက်တန်းလျားလေးဆီ လှစ်ခနဲ ပြေးထွက်သွားတာမို့ ကြွေရုပ်တစ်ယောက်တည်း ကျန်ရစ်ရသည်။

ကြွေရုပ်သည် စက်ရုံရှေ့က နားနေဆောင်ကလေးမှာ ထိုင်၍ ရေခဲချောင်းစားရင်း ထိုင်ခုံပေါ်က တွဲလောင်းကျကာ မြေပြင်နှင့် မထိဘဲ လွတ်နေသည့် ခြေထောက်ကလေးကို လှုပ်ယမ်းဆော့ကစားနေမိသည်။

ကြွေရုပ်က ပျင်းပျင်းနှင့် ခြံဝန်းတံခါးဝဆီ လှမ်းမျှော်ကြည့်နေဆဲမှာ ခြံထဲသို့ ကားတစ်စီး ဝင်လာတာကို လှမ်းမြင်လိုက်ရသည်။

"အယ် … ဒီကားကြီးက …"

ကြွေရုပ်က နှုတ်ခမ်းလး စုစူကာ ခါးလေးကို ရှေ့သို့ကိုင်းလိုက်ရင်း ထိုကားကို အသေအချာစိုက်ကြည့်လိုက်မိသည်။ ထိုကားဟာ ဟိုတစ်နေ့က ကြွေရုပ်ကို တိုက်မိမလို ဖြစ်ခဲ့တဲ့ ကားကြီးနဲ့ တော်တော်တူနေလို့ပင် …။ ကြွေရုပ်သည် ကလေးမို့ ကားနံပါတ်တွေ ဘာတွေတော့ မှတ်ရကောင်းမှန်း မသိ။ ကားရဲ့အရောင်နှင့် ပုံသဏ္ဌာန်ကိုသာ မှတ်မိနေတာပင်။ ဒီလိုကားမျိုး ဆင်တူတွေ ရှိတတ်မှန်းလည်း မသိပါ။





ကြွေရုပ်ကြည့်နေဆဲမှာ ကားက စက်ရုံရဲ့ ဟိုဘက်အစွန်က နှစ်ထပ်အဆောက်အဦလေးရှေ့မှာ ရပ်သွားပြီး ကားရှေ့ခန်းတံခါးက အရင်ပွင့်လာကာ လူတစ်ယောက် ဆင်းလာသည်။

"အင် … ဒါ ဦးထွန်းဆိုတဲ့ လူကြီးပဲ …"

ကြွေရုပ်က လှမ်းကြည့်နေဆဲမှာ ဦးထွန်းက ကားနောက်ခန်း တံခါးဆီ အပြေးသွားပြီး ကားတံခါး ဆွဲဖွင့်ပေးလိုက်တော့မှ …

"ဟိုကောင် … အဲ … ယောမင်း …"

ကားနောက်ခန်းမှ ဆင်းလာသူက ယောမင်း။ ကြွေရုပ် သူ့ပုံစံကို မမေ့၊ သူ့နာမည်ဆန်းဆန်းကိုလည်း မမေ့ပါ။ သူ့ပုံစံဟာ ဟိုနေ့ကလိုပဲ ဂျစ်ကန်ကန် မှုန်ကုပ်ကုပ်လေးပင်။

သူက နှစ်ထပ် အဆောက်အဦးလေးဆီ လျှောက်သွားမည်ပြင်ပြီးမှ ကြွေရုပ်ကို လှမ်းမြင်သွားပြီး ကြွေရုပ်ထံ လျှောက်လာသည်။

ကြွေရုပ်ကလည်း သူ့ကို ကြောက်သလိုလို ဖြစ်လာတာမို့ လက်ထဲက ရေခဲချောင်းတုတ်ချောင်းလေးကို ကျစ်ကျစ်ဆုပ်ကိုင်ထားရင်း သူ့ကို အထိတ်တလန့် ကြည့်နေလိုက်မိသည်။

"ဟော့ ... ကြောင်ချီးရုပ်၊ နင့်ကိုတွေ့လိုက်ရင် အမြဲ ကြောင်ချီးရုပ်ပဲ၊ နင် ဒီကိုဘာလာလုပ်တာလဲ"

"ငါက ကြောင်ချီးရုပ် မဟုတ်ဘူး၊ ကြွေရုပ်၊ ကြွေရုပ်"

ကြွေရုပ်သည် သူမေးတာကို မဖြေဘဲ မျက်လုံးကို စုံမှိတ်၊ ခေါင်းကို သွက်သွက်ကြီးခါကာ အာခေါင်ခြစ်၍ အော်လိုက်ပါသည်။

"အံမယ် ... တယ်စွာပါလား"

"ငါ့မေမေက ပြောတယ် သိလား၊ ငါ့အသားက ပုလုကွေးအရွယ်ကတည်းက ဖြူပြီးသန့်နေတာတဲ့၊ ကြွေရုပ်လို လှလို့ ကြွေရုပ်လို့ နာမည်ပေးထားတာဟဲ့ ..."

"ဟုတ်လား ... ဒါပေမယ့် ငါ့မျက်စိထဲမှာတော့ ကြောင်ချီးရုပ်ပဲ မြင်တယ်"

"ငါ့မေမေက ငါ့ကို ရေချိုးပေးပြီး အဝတ်အစားလဲပေးပြီးရင် ငါက ကြွေရုပ်ဖြစ်သွားရော ..."

"ဒါဆို အခုတော့ ကြောင်ချီးရုပ်ပေါ့"

"မဟုတ်ဘူး ... ကြောင်ချီးရုပ် မဟုတ်ဘူး၊ ငါက ကြွေရုပ်"

"အဲဒါဆိုလည်း နင့်ကိုယ်နင် ပြန်ငုံ့ကြည့်လိုက်လေ၊ နင့်ကိုယ်နင် ကြွေရုပ်လား၊ ကြောင်ချီးရုပ်လား သိသွားအောင် ..."





"ဟင် ..."

ကြွေရုပ်သည် ကိုယ့်ကိုယ်ကို ငုံ့ကြည့်လိုက်မိပြီးမှ အလန့်တကြား ထ,အော်လိုက်မိပါသည်။

ကြွေရုပ်လက်ထဲက စားလက်က ရေခဲချောင်းဟာ အရည်ပျော်ကာ ကြွေရုပ်ရဲ့အင်္ကျီပေါ်ကို တစ်စက်စက် စီးကျနေသည်။ ဒါ့အပြင်မကသေး ရေခဲချောင်းကိုင်ထားသော လက်တစ်လျှောက်သို့ စီးကြောင်းတစ်ခုအဖြစ် စီးဆင်းသွားပြီး တံတောင်ဆစ်မှ ပေါက်ခနဲ ပေါက်ခနဲ ကျနေလေရာ ကြွေရုပ်ရဲ့ စကတ်ဖားဖားလေးပေါ်မှာလည်း ပေစွန်းညစ်ပတ်နေပါသည်။

"ကုန်ပါပြီ ... ငါ့ရေခဲချောင်း ကုန်ပါပြီ၊ အဲ့ဒါနင့်ကြောင့်၊ အင့် ... ဟင့် ... ငါမစားရတော့ဘူး၊ ငါစားချင်နေတဲ့ဟာကို ..."

ကြွေရုပ်က အဝတ်ပေစွန်းသွားတာကို သိပ်မနှမြောလှဘဲ ရေခဲချောင်း အရည်ပျော်သွားတာကို တုန်ချိနေအောင် နှမြောကာ ငိုမဲ့မဲ့လေးဖြစ်သွားတော့ ယောမင်းက တဟီဟီရယ်ရင်း ...

"ရုပ်ကလည်း ဆိုးလိုက်တာ၊ ကြောင်ချီးရုပ် ရေမြောင်းထဲ ပြုတ်ကျထားတဲ့ အတိုင်းပဲ"

"ငါ့ရေခဲချောင်း ပြန်လျှော်ပေး ..."

"ဟ ... ဘာဆိုင်လို့လဲ၊ နင့်ဘာသာဖြစ်တာ ..."

"နင် ရန်လာစလို့ ဖြစ်တာ၊ နင့်ကြောင့် ..."

"ငါရန်လာစလည်း နင့်ရေခဲချောင်း နင်စားနေရင် ဖြစ်တာပဲ၊ နင့်ကိုက ငါ့ကို ဂရုမစိုက်ဘဲကို မနေနိုင်တာ"

"နင်ကရော ငါ့ကို ဂရုမစိုက်ဘဲ နေနိုင်လို့လား"

"နေနိုင်သားပဲ"

"နေနိုင်ရင် ဘာလို့ ငါ့ဆီလျှောက်လာသေးလဲ"

"နင့်ကို ရန်စရတာ ပျော်စရာကောင်းလို့ လာတာ၊ ဘာဖြစ်သေးလဲ"

"နင်က လူဆိုးပဲ"

"ဟုတ်တယ် ... ငါက လူဆိုး၊ ငါ့မေမေကလည်း အဲဒီလို ပြောတယ်"

"မေမေက မှာထားတယ်၊ လူမိုက်ကို မပေါင်းရဘူးတဲ့၊ ကျောင်းမှာလည်း ဆရာမက ကဗျာလေး သင်ပေးထားတယ်၊ လူမိုက်ဆိုရင် ရှောင်သွေလွှဲလို့ မမှိုဝဲနဲ့ ကင်းအောင်နေတဲ့"

"ငါက လူမိုက်မှမဟုတ်တာ၊ ဆိုးရုံပဲ ဆိုးတာ၊ မမိုက်ဘူး"

"ငါကတော့ နင့်ကို လူမိုက်လို့ခေါ်မယ်"





"မခေါ်နဲ့ ..."

"ငါ့ရေခဲချောင်းဖိုး ပြန်လျော်ပေးရင် မခေါ်ဘူး"

"ငါလျော်ပေးရင် နင် ငါနဲ့ကစားမလား"

"မကစားပါဘူး၊ နင်က ကြောက်စရာကောင်းတယ်၊ နင့်ကို ငါကြောက်တယ်"

"နင် ရေခဲချောင်း တစ်နေ့နှစ်ချောင်း မစားချင်ဘူးလား"

"ဟမ် ..."

"နင် ငါနဲ့ကစားရင် တစ်နေ့ကို ရေခဲချောင်း နှစ်ချောင်းစီ တစ်လတိတိ ဝယ်စားလို့ရတဲ့ ပိုက်ဆံပေးမယ်"

"ဟင် ... တကယ်လား၊ ခဏနော်"

ကြွေရုပ်သည် ခုံလေးပေါ်မှ ခုန်ချလိုက်ပြီး နားနေဆောင် နံရံနားမှာ ချိတ်ထားသည့် ကြွေရုပ်ရဲ့ လွယ်အိတ်ကလေးကို ပြေးယူလိုက်သည်။ (ကြွေရုပ် မေမေနှင့် လိုက်လာရတိုင်း ကျောင်းလွယ်အိတ်လေး ယူလာပြီး စာကျက်ရပါသည်။)

ကြွေရုပ်သည် ရေခဲချောင်း အရည်တွေပေကျံနေသည့် လက်ကို စကတ်စနှင့် ဖတ်ဖတ်ဆို မှောက်လိုက်လှန်လိုက် နှစ်ချက်သုတ်ပစ်လိုက်ပြီးမှ လွယ်အိတ်ထဲက ခဲတံနှင့် ဗလာစာအုပ်ကို ထုတ်ယူလိုက်ပါသည်။ ယောမင်းက ကြွေရုပ် ဘာလုပ်မလို့ပါလိမ့်ဟု မျှန်ကုပ်ကုပ်လေး စိုက်ကြည့်နေသည်။

ကြွေရုပ်က လက်ညှိုးလေးကို လျှာနဲ့လျက်၍ တံတွေးဆွတ်လိုက်ပြီးမှ ဗလာ စာရွက်တွေကို လှန်လိုက်ပြီး စာရွက်ပေါ်မှာ ၃၀ x ၂= ဟု ချရေးလိုက်သည်။ ပြီးတော့ မျက်လုံးတွေကို အပေါ်လှန်ကာ စဉ်းစားသလို လုပ်လိုက်လျက် နှုတ်မှ တရွရွဖြင့် ...

"နှစ် သုညလီ သုည၊ နှစ်တစ်လီနှစ်၊ နှစ်နှစ်လီ လေး၊ နှစ်သုံးလီ ခြောက်၊ ခြောက်ရယ် သုညရယ်ဆိုတော့ ခြောက်ဆယ်၊ ဟယ် ... ရေခဲချောင်း အချောင်း ခြောက်ဆယ် တောင် အလကား စားရမှာပေါ့နော်"

"အေး ... ဟုတ်တယ်"

"အဲ့ဒါဆို ငါ နင်နဲ့ ကစားမယ်လေ"

ကြွေရုပ်က ရုတ်တရက် မြူးရွှင်သွားပြီး ကစားဖို့ သဘောတူလိုက်သည်။ ယောမင်းက ကြွေရုပ်ပုံစံကို ခေါင်းဖျား ခြေဆုံး ကြည့်လိုက်ပြီးမှ ရုပ်ရှင်ထဲက မင်းသားလိုမျိုး ဟွန့်ခနဲ ရယ်လိုက်ရင်း ...

"ငါက ညစ်ပတ်တဲ့ သူနဲ့တော့ မကစားချင်ဘူးနော်၊ နင့် ပါးစပ်နားမှာ နင့်လက်တွေမှာ ညစ်ပတ်နေတာတွေ သုတ်ပစ်လိုက်ဦး"

ကြွေရုပ်က ခပ်မြန်မြန်ပင် မျက်နှာကို လှည့်ကာ လက်မောင်းနှင့် ဖျတ်ခနဲ ကပ်ပြီး ဖိပွတ်သုတ်ပစ်လိုက်သည်။





တံတောင်ဆစ်ကိုလည်း အကျႌစဖြင့် ဆွဲသုတ်ပစ်လိုက်သည်။ ကြွေရုပ်ကိုကြည့်ပြီး ယောမင်းက နှာခေါင်းတစ်ချက် ရှုံ့သည်။

"ဒါဆို ကစားလို့ ရပြီလား"

ကြွေရုပ်ကမေးတော့ ယောမင်းက မချိုမချဉ် မျက်နှာထားနှင့် ...

"ရတော့ ရပါပြီ၊ ဒါပေမယ့် အချိန်မရလို့၊ အချိန်ရရင် နင့်ကို အိမ်ပြန်ရေချိုးခိုင်းပြီးမှ ငါနဲ့ ကစားခိုင်းချင်တာ"

"ကြီးကျယ်လိုက်တာ"

"ကဲ ... ကဲ ... လာ ... လာ ကစားမယ်"

"မကစားခင် ပိုက်ဆံအရင်ပေးလေ ..."

"ဘာပိုက်ဆံလဲ"

"ရေခဲချောင်းဖိုးလေ ..."

"နင်က လူလည်မပဲ၊ ကဲ ... ရော ..."

ယောမင်းက သူ့ကျောပိုးအိတ်ထဲက တစ်ရာတန် အထပ်လိုက် ဆွဲထုတ်ပေးလိုက်တာမို့ ကြွေရုပ်ပျော်သွားပြီး ဘောင်းဘီအိတ်ထဲကို ထိုးထည့်ထားလိုက်သည်။

"ဘာလုပ်တမ်း ကစားမှာလဲ"

"ဘောလုံးပစ်တမ်း ကစားမှာပေါ့"

ယောမင်းက သူ့ကျောပိုးအိတ်ထဲက လက်သီး

ဆုပ်လောက် ဘောလုံးလေးတစ်လုံးကို ထုတ်ယူပြလိုက်သည်။ ပြီးတော့ အိတ်ထဲကို လက်နှိုက်ကာ ပန်းသီးတစ်လုံး ထပ်ထုတ်လာပြန်သည်။

"ဟယ် ... ပန်းသီး၊ ငါ့ကိုကျွေးမလို့လားဟင်"

ကြွေရုပ်က ဝမ်းသာအားရ မေးရင်း ပန်းသီးထံ လက်လှမ်းလိုက်ရာ ယောမင်းက လက်ကိုနောက်ပစ်ဖွက်လိုက်ပြီး ...

"သိပ်မငတ်နဲ့၊ ဒါက ပစ်မှတ်"

"ဟမ် ... ဘာလဲ၊ ဘာပစ်မှတ်လဲ"

"နင်က နင့်လက်ကို ဆန့်ပြီး ပန်းသီးကို နင့်လက်ဖဝါးပေါ် တင်ထားပေး၊ ငါက ဒီဘောလုံးနဲ့ အဲဒီ ပန်းသီးကို ထိအောင် လှမ်းပစ်မယ်"

ကြွေရုပ်သည် တွန့်ခနဲ ဖြစ်သွားကာ ...

"ငါ့ကို ချော်ထိရင် ဘယ်လိုလုပ်မလဲဟဲ့ ..."

"ငါ့လက်က အဲဒီလောက် မလွဲပါဘူး"

"ငါကြောက်တယ်ဟဲ့၊ ငါ့မျက်နှာကို ချော်ထိရင် ဘယ်လိုလုပ်မလဲ"

"ထိလည်း ဘာဖြစ်လဲ၊ ဘောလုံးက သေးသေးလေးပဲဥစ္စာ၊ မနာပါဘူး"





"အများကြီး မနာတောင် နည်းနည်းတော့ နာမှာပေါ့၊ မျက်နှာကိုမထိတောင် လက်ကိုထိမှာပေါ့၊ အဲဒီလိုကြီးတော့ မကစားချင်ပေါင် ..."

"အဲဒါဆို ငါ့ပိုက်ဆံ ပြန်ပေး"

"အဲဒါက ငါ့ရေခဲချောင်းဖိုး လျော်ပေးတာပဲဟာ"

"လျော်ပေးရုံဆို တစ်ချောင်းဖိုးပဲ လျော်မှာပေါ့၊ နင် တစ်ချောင်းဖိုးယူထား၊ ကျန်တာ အကုန်ပြန်ပေး"

ကြွေရုပ်သည် ပိုက်ဆံ ပြန်ပေးရမှာကျတော့ မပေးချင်တာမို့ မျက်နှာလေး ရှုံ့တွတွနှင့်ပင် ...

"ကဲ ... ကဲ ... ကစားမယ်ဟယ်၊ ကစားမယ်"

ဟု ခပ်သွက်သွက် ပြန်ပြောလိုက်မိပါသည်။ ကြွေရုပ်ခေါင်းညိတ်လိုက်တာနှင့် ယောမင်းက ပျော်မြူးသွားကာ ...

"နင့်လက်ကို ဆန့်ထုတ်လိုက်"

ကြွေရုပ်သည် တွန့်ဆုတ်တုန့်ရင်စွာဖြင့် ညာလက်တစ်ဖက်ကို ဆန့်ထုတ်ပေးလိုက်သည်။

"လက်ဝါးဖြန့် ..."

ကြွေရုပ် လက်ဝါးဖြန့်ပေးလိုက်တော့ သူက ပန်းသီးကို ကြွေရုပ်လက်ဖဝါးပေါ်မှာ လာတင်ပေးလိုက်သည်။

ထို့နောက် နောက်ဘက်သို့ တစ်လှမ်းချင်းဆုတ်သွားလိုက်ပြီး ဘောလုံးဖြင့် ချိန်ရွယ်ကာ...

"ကဲ... ငါပစ်တော့မယ်နော်"

"အီး... အင့်... ငါ့ထိတော့မှာပဲ၊ တအား တအား မပစ်နဲ့နော်၊ အိ... အဟင့်..."

ကြွေရုပ်သည် ငိုမဲ့မဲ့ကလေး ဖြစ်လာကာ ပန်းသီးကိုင်ထားသည့် လက်ကလေးလည်း တဆတ်ဆတ် တုန်လာသည်။

"ကဲ... ပစ်ပြီ"

"အိ..."

ယောမင်းက ဘောလုံးကိုင်လက်ကို လွှဲမြှောက်လိုက်သည်နှင့် ကြွေရုပ်က ဖျတ်ခနဲ မျက်လုံးမှိတ်ချပြီး မျက်နှာကို ပန်းသီးကိုင်လက်ရဲ့ တခြားတစ်ဖက်သို့ လည်ပင်းလေး လိမ်လှည့်ထားလိုက်သည်။

ကြွေရုပ်ရဲ့ မျက်နှာဘေးမှာ လေတိုးသံလိုလို ဝှစ်ခနဲ ကြားလိုက်ရပြီး ဘောလုံးက ကြွေရုပ်ကို လာမထိ၊ ပန်းသီးကိုလည်း မထိ။ သို့သော်... ကြောက်လန့်တုန်ရင်နေသော ကြွေရုပ်လက်ပေါ်က ပန်းသီးက သူ့အလိုလို အောက်သို့ လိမ့်ပြုတ်ကျသွားသည်။





ကြွေရုပ်သည် ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်ပြီးနောက် တဟီဟီရယ်လိုက်ရင်း...

"ဟယ်... တော်လိုက်တာ၊ သိပ်လက်တည့်တာပဲနော်၊ ပန်းသီးက ဘောလုံးနဲ့ထိပြီး အောက်ပြုတ်ကျသွားတာပေါ့နော်"

"ဟုတ်တယ်... ငါ့ဘောလုံးနဲ့ထိလို့ ပြုတ်ကျသွားတာဘာဖြစ်လဲ"

"ဟီဟိ... ထိလည်း ထိပဲနဲ့"

"ကြောင်ချေးရုပ်၊ စကားမရှည်နဲ့၊ ပန်းသီး ပြန်ကောက်၊ ဘောလုံးလည်း သွားကောက်"

"နင့်ဘာသာ ကောက်ပေါ့"

"ငါမကောက်ချင်လို့ နင့်ကို ရေခဲချောင်းဖိုးတွေ ပေးပြီး ခိုင်းတာပေါ့"

ကြွေရုပ်က နှုတ်ခမ်းလေး စူထော်ကာ တွန့်ဆုတ်ဆုတ်နှင့်ပင် ပန်းသီးကိုရော ဘောလုံးကိုပါ သွားကောက်လိုက်ရသည်။ သူ့ ကစားပုံက တစ်ဖက်သားကို ဗိုလ်ကျသည့် ကစားနည်းမျိုးမို့ ဘယ်သူကမှ သူနဲ့ မကစားချင်တာပေါ့ဟု တွေးမိသည်။ သူညစ်ပုံက လမ်းထဲက ကောင်လေးတွေနဲ့လည်း မတူ၊ တစ်ဖက်သားအပေါ် အနိုင်ယူ ဗိုလ်ကျ စိုးမိုးခြယ်လှယ်

ချင်တာ၊ သူ့မှာ ပိုက်ဆံပေါတိုင်း ငွေနဲ့ပေါက်ပြီး တစ်ဖက်လူကို ခိုင်းစေချင်တာမျိုး ဖြစ်သည်။

ကြွေရုပ်သည် ဖုန်ပေသွားသော ပန်းသီးလေးကို အင်္ကျီနှင့် သုတ်လိုက်ရင်း ...

"ဟဲ့ ... နင် ဆယ်ခါပစ်လို့မှမထိရင် ဒီပန်းသီး ငါ့ကျွေးမလား"

"ကျွေးမယ်၊ ဒါပေမယ့် နင် မစားရပါဘူး၊ ငါက ထိအောင်ပစ်နိုင်မှာ၊ ကြည့်နေ ..."

"အေးပါ ... ကြည့်သေးတာပေါ့"

ယောမင်းက ဖွဲမလျော့။ သူပစ်လိုက်တဲ့ ဘောလုံးက ကြွေရုပ်ရဲ့ ခေါင်းပေါ်က ကျော်သွားလိုက်၊ မျက်နှာရဲ့ ဟိုဘက်ဘေး ဒီဘက်ဘေးက ကပ်ဖြတ်သွားလိုက်၊ ကြွေရုပ်မှာ ခေါင်းလေးပုရှောင်လိုက်၊ မျက်နှာကို ဟိုဘက် ဒီဘက် ယိမ်းလိုက်၊ ခေါင်းကို နောက်သို့လှန်ရှောင်လိုက်ဖြင့် ရင်တမမ ဖြစ်နေရသည်။ ပြီးတော့ ခပ်ဝေးဝေးလွင့်ထွက်သွားတဲ့ ဘောလုံးကို ကြွေရုပ်ပဲ လိုက်ကောက်ပေးရသည်။ ကြွေရုပ်လုပ်နေရတာဟာ သူ့ဆီက ရထားတဲ့ ရေချောင်းဖိုးနဲ့တောင် မတန်။

ကြွေရုပ်ရဲ့ဖြစ်အင်ကို သစ်ထူးအဖေ စက်ရုံစောင့်ဦးလေးကြီးက လှမ်းမြင်သွားကာ ...





"ဟဲ့ ... ဟဲ့ ... ကလေးတွေ တော်တော့၊ အန္တရာယ်များတယ်၊ မျက်နှာထိတော့ ဘယ်လိုလုပ်မဲတုန်း၊ ကြဲကြဲဖန်ဖန် ကစားစရာရှားလို့၊ သမီးကြွေရုပ် လာစမ်း ... ဒီထိုင်ခုံမှာ လာထိုင်နေ ..."

"ဦးလေးကြီး ဝင်မရှုပ်နဲ့ဗျာ"

"ဟ ... ဒီကလေး စကားပြော တယ်ရိုင်းပါလား"

"ဦးလေးကြီး ဝင်မရှုပ်ရင် ပိုက်ဆံဘယ်လောက် ပေးရမလဲ ပြော"

"ဟာ ... ငယ်ငယ်လေးနဲ့ ငွေစကား တယ်ပြောပါလား၊ မင်း ဘယ်သူ့သားသမီးလဲ"

ဦးအောင်ထူးက ယောမင်းရဲ့ စကားပြောရိုင်းပုံကို အံ့သြနေဆဲ ... ဦးထွန်းက ယောမင်းတို့ဆီလျှောက်ကာလာ ...

"မောင်ယောမင်း လာ ... တော်တော့ကွယ်၊ မင်းဆရာမကို ဝင်တွေ့လိုက်ဦးလေ"

"ကျွန်တော် ဒီမှာဆော့လို့ မပြီးသေးဘူး ..."

"အိမ်ပြန်နောက်ကျနေဦးမယ်"

"ဒါဆို ဒီကောင်မလေးကို အိမ်ခေါ်သွားလိုက်မယ်"

"မဟုတ်တာ ... ခေါ်လို့ဘယ်ရပါ့မလဲ"

"ပိုက်ဆံပေးရင် ရမှာပေါ့"

"ပိုက်ဆံပေးတိုင်း ဘယ်ရပါ့မလဲကွယ်၊ သူ့မှာ အုပ်ထိန်းသူ မိဘရှိတယ်လေ၊ ဘယ်ခွင့်ပြုပါ့မလဲ"

"ပိုက်ဆံပေးရင် ခွင့်ပြုမှာပေါ့"

"မဟုတ်သေးပါဘူးကွယ်"

"ဒီကောင်မလေးက ခိုင်းလို့ရတယ် ဦးထွန်းရ၊ ရုပ်ရည်ရောလည်း ကောင်းတယ်၊ ကျွန်တော် အပိုင်ဝယ်ချင်တယ်၊ ကျွန်တော်နဲ့ ကစားဖို့ ဝယ်ပေးပါ"

"လူဆိုတာ မင်းဝယ်နေကျ ကစားစရာတွေလို ငွေပေးဝယ်လို့မရဘူး မောင်ယောမင်း"

"ကျွန်တော့် အဖေဆီက ပိုက်ဆံတွေ အများကြီး တောင်းပြီး ဝယ်ပေးရင် ရပါတယ်၊ ကျွန်တော် ဒီနေ့ ဖေဖေနဲ့ တွေ့ချင်တယ်၊ ဖေဖေ့ဆီမှာ ပူဆာမယ်၊ ဖေဖေ့ကို ပြောပေးပါ"

"မင်းအဖေ အရမ်းအလုပ်များတယ်၊ ဒီရက်ပိုင်း တွေ့လို့မရဘူး"

ကြွေရုပ်သည် ယောမင်းနှင့် ဦးထွန်းတို့ အပြန်အလှန် ပြောနေကြတာကို နားထောင်နေရင်းက နားမလည်နိုင်အောင် ဖြစ်လာရပါသည်။ ယောမင်းရဲ့ စကားတွေကို ကြွေရုပ်ဉာဏ်မမီလှပါ။ ပြီးတော့ သူ့အဖေကို သူတွေ့ချင်တဲ့ အချိန်မှာ





တွေ့လို့မရတာ ထူးဆန်းသည်။ ကြွေရုပ် ဖေဖေကတော့ ကြွေရုပ်ငယ်ငယ်ကတည်းက သေသွားလို့ မတွေ့ရတာထား ပါတော့။ သူ့ကျတော့ အဖေရှိရက်နဲ့ တွေ့ချင်တဲ့အချိန် တွေ့လို့မရဘူးတဲ့။ တစ်မျိုးကြီးပါပင်။

ကြွေရုပ်တို့လမ်းထိပ်က သူဌေးသားတောင် သူ့အိမ်ကပေးတဲ့ မုန့်ဖိုးလောက်သာ ကိုင်သုံးရပေမယ့် သူ့ကျတော့ ကလေးဖြစ်ပြီး ပိုက်ဆံကို ထင်တိုင်း သုံးနေနိုင်တာလည်း အံ့တစ်ပါးပင်။

ကြွေရုပ်က မျက်လုံး ပြူးကြောင်ကလေးဖြင့် ယောမင်းကို ကြည့်နေဆဲမှာ စက်ရုံဟိုဘက်ခြမ်း အဆောက်အဦးထဲက အမျိုးသမီးကြီးတစ်ယောက် ထွက်လာကာ ...

"ယောမင်းရေ ... သား"

"ဟော ... ဟိုမှာ ဆရာမ ခေါ်နေပြီ၊ သွားလိုက်ဦး"

ယောမင်းသည် ပြေးထွက်တော့မည့်ဟန် ပြင်ပြီးမှ ကြွေရုပ်ကို ပြန်လှန်ကြည့်လာကာ ...

"ဟဲ့ ... နင့်အိမ်က ဘယ်မှာလဲ"

"ဟို ... ဟိုနားမှာ"

ကြွေရုပ်က ကြွေရုပ်တို့အိမ်ရှိသည့် ဘက်ကို မှန်းဆလက်ညှိုးထိုးပြလိုက်တော့ သူက နှာခေါင်းရှုံ့ကာ ...

"တော့းမ၊ ကြောင်ချေးရုပ်မ ..."

ဟု အော်လိုက်ပြီး ပြန်လှည့်ထွက်သွားသည်။ ခပ်ဝေးဝေးရောက်မှ ကြွေရုပ်ကို ပြန်လှည့်ကြည့်ကာ ...

"အဲ့ဒီ ပန်းသီး စားပစ်လိုက်တော့"

ဟု အော်ပြောသွားသည်။

ဦးအောင်ထူးကြီးက မျက်ခုံးကြုတ်ကာ ...

"ဘယ်လိုကလေးမှန်းကို မသိဘူး"

"သား ... သူ့ကိုသိတယ် အဖေ"

"ဩော် ... သား၊ မင်းအမေ ခိုင်းတာ လုပ်ပြီးပြီလား"

"ဟုတ်ကဲ့ ... အဖေ"

ကြွေရုပ်က အနားရောက်လာသော သစ်ထူးကို လှည့်ကြည့်ရင်း စူပုပ်ပုပ် မျက်နှာထားလေးဖြင့် ...

"နင်က ခုမှလာသလား သစ်ထူးရဲ့၊ ဟိုကောင်လေးက ဘာမှန်းလည်း မသိဘူး၊ သူနဲ့ဆော့ရတာ သူ့ကျွန်ကျနေတာပဲ"

"ငါလည်း နင်တို့ကို လှမ်းမြင်လို့ အမြန်ပြေးလာတာ၊ သူမသွားသေးရင် နင့်ကို အတင်းလာခေါ်မလို့၊ အဲ့ဒီကောင်ကို ငါတွန်းလှဲပြီး ခြေထောက်နဲ့တောင် ကန်ပစ်ချင်တာ၊ ဒီကောင်က လူတကာကို လိုက်ဗိုလ်ကျနေတာ"





"နင် သူ့ကို သိတယ်ပေါ့"

"သိတယ် ... ဒီကောင်က သူ့ဆရာမဆီ တစ်ခါတစ်ခါ လာတယ်၊ သူ့ဆရာမက ငါတို့ စက်ရုံမန်နေဂျာကြီးရဲ့ အစ်မ အပျိုကြီး၊ ဟိုဘက်က အဆောက်အဦးမှာပဲ သူတို့နေကြတာ၊ ဒီလို ပိတ်ရက်ဆို ဒီကောင်က ဆရာမဆီ လာတတ်တယ်၊ သူ့ကိုဆို ဒီစက်ရုံဝန်းထဲက ကလေးတွေက ဝေးဝေးကရှောင်တာပဲ၊ သူနဲ့ ဘယ်သူမှ မကစားချင်ကြဘူးဟ၊ လာ ... လာ ... ငါတို့ ဟိုးနောက်ဘက်မှာ သွားကစားကြရအောင်၊ တော်ကြာ သူပြန်ထွက်လာရင် နင့်ကိုတွေ့သွားဦးမယ်"

သစ်ထူးက ကြွေရုပ်လက်ကိုဆွဲပြီး နောက်ဘက်သို့ပြေးထွက်လိုက်တာမို့ ကြွေရုပ်ကလည်း သစ်ထူးကို မီအောင် ပြေးလိုက်လာခဲ့ရပါသည်။

ခဏနေတော့ ကြွေရုပ်လက်ထဲမှာ ကိုင်လာသည့် ပန်းသီးကလေးကို အကျီစလေးနှင့် ပွတ်သုတ်ပြီး ခွပ်ခနဲ ကိုက်စားပစ်လိုက်သည်။ ကြွေရုပ် သည် ပန်းသီးကို တမြုံ့မြုံ့ဝါးကာ အရသာခံရင်း စောစောတုန်းက ယောမင်းရဲ့ ဗိုလ်ကျမှုတွေကို မေ့လျော့သွားလေသည်။

● ● ●

* * *

အဲ့ဒီနောက်တော့ ကြွေရုပ်သည် ကျောင်းပိတ်ရက်တွေမှာ မေမေနှင့် အတူလိုက်ပါ၍ တစ်နေ့ကုန် စက်ရုံမှာနေကာ သစ်ထူးနှင့် ပျော်ပျော်ရွှင်ရွှင် ကစားရင်း၊ မေမေ့နောက်မလိုက်ရသည့် နေ့တွေမှာ အိမ်အနီးအနားမှာ ပြေးလွှားကစားရင်း၊ အိမ်နီးချင်းတွေ ခိုင်းတာကိုလုပ်ပေးရင်း၊ ကြွေရုပ်ရဲ့ မထူးဆန်းသော နေ့ရက်တွေကို ဆက်လက်ဖြတ်သန်းနေခဲ့လေသည်။

တစ်နေ့တော့ ကြွေရုပ်မှတ်မိနေပြီဖြစ်သော ကားကြီးက ကြွေရုပ်တို့အိမ်ရှေ့မှာ ရပ်လာခဲ့သည်။

မေမေသည် ကိုယ့်အိမ်လောက်ကြီးသည်ဟုပင် ထင်မိသော ကားကြီးကို လှမ်းမြင်လိုက်သည်နှင့် လန့်ဖျပ်ကာ ...

"ဟဲ့ ... သမီး ... ဟိုကားကြီးက မေမေတို့အိမ်ရှေ့မှာ





ဘာလို့ရပ်သွားတာလဲ မသိဘူး၊ ငါတို့လမ်းထဲကို ဒီလိုကားမျိုး မလာဖူးပါဘူး"

ကြွေရုပ်က မျက်မှောင်လေးကြုတ်ကြုတ်နှင့် ကားကို စိုက်ကြည့်မိဆဲ ထင်သည့်အတိုင်း ဦးထွန်းနှင့် ယောမင်းက ကားပေါ်မှ ဆင်းလာပါသည်။

"ဒါ ... ကြွေရုပ်တို့ အိမ်လားခင်ဗျ"

"ဟဲ့ ဟဲ့ ... ညည်းနာမည်ကို မေးတာဟဲ့၊ အမလေး ငါ့သမီးလေးမှာ ဒီလိုညည့်သည်မျိုးရှိတယ်လား၊ ဟိုကောင်လေးက သမီးသူငယ်ချင်းလား"

"ဝင်ခွင့်ပြုပါ ခင်ဗျ"

"ဪ ... ဟုတ်ကဲ့ရှင်၊ ဟုတ်ကဲ့"

ဦးထွန်းက ရို့ရို့ကျိုးကျိုးပြောပြီး ကြွေရုပ်တို့အိမ်နိမ့်လေးထဲသို့ ခေါင်းငုံ့ဝင်လာသည်။ ယောမင်းကတော့ သူ့ပုံစံအတိုင်း မြောက်ကြွကြွ ခြေလှမ်းတွေဖြင့် ဝင်လာသည်။ ကြွေရုပ်ကလည်း ကြွေရုပ်ပုံစံအတိုင်း မျက်လုံးလေး အကြောင်သားဖြင့် ကြည့်နေမိသည်။ မေမေကတော့ ပျာယာတွေ ခတ်နေကာ ...

"လာပါ ... လာပါ၊ ဒီမှာထိုင်ပါ၊ အိမ်က ကျဉ်းတော့ အားနာတယ်ကွယ်၊ သား ... လာ ... ဒီမှာထိုင်၊ သား

သူငယ်ချင်း ကြွေရုပ်ဆီ လာလည်တာလား”

“မဟုတ်ဘူး၊ သူ့ကိုဝယ်ချင်လို့”

“မောင်ယောမင်း ... အဲဒီလို မပြောရဘူးလေ၊ မွေးစားချင်လို့လို့ ပြောရတယ်”

“မွေးစားချင်လို့ !”

“ဒီလိုပါ အစ်မကြီးရယ်၊ ဒီကလေးက ကျွန်တော့် သူဌေးရဲ့ သားပါ၊ သူဘယ်သွားသွား ကျွန်တော်ပဲ ကားလိုက်မောင်းပေးပြီး စောင့်ရှောက်ရပါတယ်၊ အစ်မကြီးသမီး ကြွေရုပ်နဲ့ လွန်ခဲ့တဲ့ တစ်လလောက်က လမ်းထိပ်မှာ ကားတိုက်မိလို့ဖြစ်ပြီး ဆုံဖူးပါတယ်၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကလည်း စက်ရုံ မန်နေဂျာရဲ့ အစ်မ ဒီကလေး ဆရာမဆီလာရင်း အစ်မကြီးသမီးနဲ့ ထပ်တွေ့ပါတယ်၊ အဲဒီနေ့ကတည်းက ဒီကလေးက အစ်မကြီး သမီးကို အိမ်ခေါ်သွားပြီး သူနဲ့ကစားဖို့ အဖော်ရအောင် မွေးစား ပေးပါလို့ ပူဆာနေတာ၊ ကြွေရုပ်ကို ရှာမပေးမချင်း အမျိုးမျိုး ဆန္ဒပြ၊ ဆူပူပေါက်ခွဲ ဝုန်းဒိုင်းကြဲ သောင်းကျန်း နေတာနဲ့ သူ့မိဘများကို ခွင့်တောင်းပြီး အစ်မကြီးတို့အိမ် လိပ်စာကို စက်ရုံကတစ်ဆင့် စုံစမ်းပြီး လာခဲ့ရတာပါ”

“ဟို ... ဆိုလိုချင်တဲ့ သဘောက !”





မမေက နားမလည်သလိုလေး မေးလိုက်တော့မှ ဦးထွန်းက အားနာပါးနာ ပုံစံမျိုးနှင့် ...

“အစ်မကြီး သမီးကို မွေးစားချင်တဲ့အကြောင်း လာပြောပြတာပါ၊ ဒီကလေး မိဘများက ချမ်းသာကြွယ်ဝကြပါတယ်၊ အစ်မကြီး သမီးကို မကြောင့်မကြ မတောင့်မတ ထားပေးနိုင်မှာပါ”

ကြွေရုပ်ရဲ့ အမေသည် အံ့အားသင့်လျက် တိတ်ဆိတ်ငေးငိုင်သွားပါသည်။ ခဏနေမှ သက်ပြင်းကြီးတစ်ချက် ချရင်း ကြွေရုပ်ကို ဆွေးဆွေးငေးငေး လှမ်းကြည့်လိုက်ပါသည်။ ကြွေရုပ်ကတော့ ‘မွေးစား’ ဆိုသည့်စကားလုံးကို နားမလည်လှဘဲ ...

“မေကြီး မွေးစားတယ်ဆိုတာ ဘာလဲဟင်”

“မွေးစားတယ်ဆိုတာ မေမေ့ သမီးကို သူတို့သမီးလို သဘောထားပြီး ပြုစုစောင့်ရှောက်ပေးဖို့ သူတို့အိမ်ကို ခေါ်သွားမယ်လို့ပြောတာ သမီးရဲ့”

“မေကြီးကိုပါ ခေါ်သွားမှာလား”

“မေကြီးက လူကြီးဖြစ်နေပြီဆိုတော့ လိုက်လို့မရဘူး သမီးရဲ့”

“ဟင် ... မေကြီးမလိုက်ရင် သမီးလည်း မလိုက်ပါဘူး”

ကြွေရုပ်က ခေါင်းသွက်သွက်ခါပြီး ပြောမိတော့ ယောမင်းက ရှေ့တိုးလာကာ ...

"နင် ... ငါတို့နဲ့ လိုက်နေရင် အိမ်ရှေ့မှာရပ်ထားတဲ့ ငါ့ကားကြီးကိုလည်း စီးရမယ်၊ ဒီလို အိမ်ပိစိလေးနဲ့ မနေရတော့ဘူး၊ ငါတို့တိုက်ကြီးမှာ အပျံစားနေရမယ်၊ ခုလို ဖျာပေါ်မှာ မထိုင်ရတော့ဘူး၊ ဆိုဖာပေါ်မှာ ထိုင်ရမယ်၊ ရေခဲချောင်း ကြိုက်သလောက် စားလို့ရတယ်၊ ဟင်းကောင်းကောင်းနဲ့ နေ့တိုင်း စားရမယ်၊ ပန်းသီးတွေလည်း စားရမယ်၊ အဝတ်အစားလှလှလေးတွေလည်း ဝတ်ရမယ်"

"ဟို ... နင့် ... နင့်ဘောလုံးတွေလည်း လိုက်ကောက်ပေးရမှာ မဟုတ်လား၊ မလိုက်ချင်ပေါင်"

ကြွေရုပ်သည် ယောမင်းကို မျက်စောင်းထိုးပြီး မေမေ့ခါးကို ခပ်တင်းတင်း လှမ်းဖက်ကုပ်တွယ်ထားလိုက်ပါသည်။

မေမေက သက်ပြင်းထပ်ချလိုက်ရင်း ...

"တွေ့တဲ့အတိုင်းပါပဲရှင်၊ သမီးက ကျွန်မကို သိပ်ချစ်တာ၊ သူ ကျွန်မနဲ့ ခွဲနိုင်မှာမဟုတ်ပါဘူး၊ ကျွန်မလည်း သူ့ကို ကောင်းစားစေချင်ပါတယ်၊ ကျွန်မ ရင်ကွဲခံပြီး





တော့သာ သူ့ကိုထည့်လိုက်ချင်ပါတယ်၊ ဒါပေမယ့် သူ ရင်ကွဲမှာကိုလည်း ကျွန်မ မကြည့်ရက်နိုင်ဘူး"

ဦးထွန်းက ခေါင်းတညိတ်ညိတ်လုပ်လိုက်ရင်း ...

"အင်းလေ ... အစ်မကြီး ပြောတာလည်း မှန်ပါတယ်၊ ကျွန်တော် အစ်မကြီးကို စာနာပါတယ်၊ ဒီမှာ လိပ်စာကတ်လေး ယူထားပါ ခင်ဗျာ၊ အစ်မကြီး တစ်နေ့နေ့ တစ်ချိန်ချိန် စိတ်ပြောင်းခဲ့ရင် ဆက်သွယ်နိုင်ပါတယ်"

"ကောင်းပါပြီကွယ်"

ဦးထွန်းက လိပ်စာကတ်လေး ထုတ်ပေးပြီး မတ်တတ်ထရပ်ကာ ...

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး ခင်ဗျ"

"အေးကွယ် ..."

ဦးထွန်းက ကြွေရုပ် မေမေကို နှုတ်ဆက်နေတုန်းမှာ ယောမင်းက ကြွေရုပ်နားနားကပ်ကာ ...

"အရူးမ၊ ငတုံးမ၊ ကြောင်ချီးရုပ်မ"

ဟု ပြောသွားပြီး အိမ်ပေါ်မှ ပြေးဆင်းသွားနှင့်သည်။ သူ့မျက်နှာက အလိုမကျစွာ စူပုပ်မှုန်ကုပ်နေသည်။ ကားထွက်သွားတော့လည်း ကြွေရုပ်ကို မသိမသာ လက်သီးထောင်ပြသွားသေးသည်။

သူတို့ပြန်သွားတော့ မေမေက ကြွေရုပ်ကို ထွေးဖက်ထားကာ ...

"ဟိုကလေးပြောသလို ချမ်းချမ်းသာသာ မနေချင်ဘူးလား သမီး ..."

"ဟင့်အင်း ... မေကြီးနဲ့ပဲ နေချင်တာ"

ကြွေရုပ်က မေမေ့ပါးနှစ်ဖက်ကို လက်ဖြင့် ဖျစ်ညှစ်ရင်း ခပ်ချွဲချွဲလေး ပြောလိုက်တာမို့ မေမေက ကြွေရုပ်ပါးကလေးတွေကို တအားနမ်းပြီး ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်လေသည်။

● ● ●



* * *

"မေကြီး ... သမီး ဝပြီ"

"ဟင် ... ဝပြီလား သမီးရဲ့၊ ထမင်းတွေ အများကြီး ကျန်သေးတဲ့ ဥစ္စာ"

"သမီး မစားနိုင်တော့လို့ ..."

"ရင်များ ပြည့်သလား၊ အစာကြေဆေးလေး ကျွေးဦးမှပါပဲ"

"ရင်မပြည့်ပါဘူး မေကြီးရဲ့"

"ဒါဆို ဘာလို့ မစားနိုင်ရတာတုန်း"

"အဟီး ... ဟင်းမကောင်းလို့ ..."

ကြွေရုပ်က နှာခေါင်းလေး တစ်ချက်ရှုံ့ကာ ပြောလိုက်တာမို့ ကြွေရုပ် မေမေက မျက်နှာညိုးကျ ငြိမ်သက်သွားပါသည်။ ကြွေရုပ်ကတော့ မေမေ စိတ်မကောင်းဖြစ်သွားမှာတွေ

ဘာတွေ မတွေးမိဘဲ ကလေးပီပီ ကိုယ့်စိတ်ထဲရှိတာ ပြောချ လိုက်တာပင်။ မေမေ ချက်ကျွေးတဲ့ ငါးသေးသေးလေးတွေက အရိုးပါ ဝါးစားလိုက်လို့လည်း မရ၊ အရိုးထွင်ဖို့ကလည်း ခက်၊ စားလို့လည်း မကောင်း။ အဲဒီလို ဟင်းမျိုးနဲ့ဆို ကြွေရုပ် ထမင်း များများ မစားနိုင်ပါ။

"ငါးလေးတွေက စားလို့ကောင်းပါတယ် သမီးရဲ့၊ မေမေ အရိုးနွှင်ပေးမယ်လေ"

"သမီး အဲ့ဒီငါး မကြိုက်ဘူး"

"ဒါဆို သမီး ဘာဟင်းစားချင်လဲ ပြော"

"သမီး ... ပုစွန်ထုပ် စားချင်တယ်လို့ ပြောနေတာဖြင့် ကြာလှနေပြီ၊ မေကြီးက လခထုတ်ရင် ချက်ကျွေးမယ် ပြောပြီး တစ်ခါမှလည်း ချက်မကျွေးဘဲနဲ့ ..."

"ဒီတစ်ခါ လခထုတ်ရင်တော့ ချက်ကျွေးပါ့မယ် သမီး လေးရယ်၊ ဒီပန်းကန်ထဲက ထမင်းလေးတော့ ကုန်အောင် စားလိုက်နော်၊ တော်ကြာ ဗိုက်ထဲအစာသိပ်မရှိရင် သမီး ဗိုက်ဆာနေမှာစိုးလို့"

"သမီး ကုန်အောင်စားရင် မေကြီးက ပုစွန်ထုပ်ကြီး ချက်ကျွေးမှာလား"

"အေးပေါ့ ... လခထုတ်ရင် ချက်ကျွေးမှာပေါ့"





မေမေက သေသေချာချာ ကတိပေးတော့မှ ကြွေရုပ်က ပန်းကန်ထဲက ထမင်းနှင့်ဟင်းကို ကုန်အောင် စားပြ လိုက်ရလေသည်။

ကြွေရုပ်သည် ခဏတာစိတ်ဖြတ် ပူဆာပြီးတော့လည်း မေ့မေ့ပျောက်ပျောက်ပင်။ လခထုတ်ရက်ဟာ ဘယ်နေ့ဆိုတာ လည်း ကြွေရုပ် မသိ။ မေမေက လကုန်ရက်နီးလာပြီဟု ပြော လျှင် ပုစွန်ထုပ်ကြီး စားရတော့မည်ဟု တွေးကာ ပျော်ရွှင်ရ သည်။

ရေခဲချောင်းသည် တွေ့လျှင်တော့ ယောမင်းကို ကြွေရုပ် သတိရမိသည်။ ကြွေရုပ်တို့လမ်းထိပ်ကနေ ကားကြီး ကားကောင်းတွေ ဖြတ်သွားတာမြင်တိုင်း ယောမင်းများ ပါလာ မလားဟု လိုက်လိုက်ကြည့်ရသည်။ ကြွေရုပ်သည် သူ့ကို ကြောက်ရွံ့သော်လည်း သတိရမိနေလေသည်။

အဲဒီလိုနှင့် ကြွေရုပ်ဆိုသော ကောင်မလေးသည် မထူးဆန်းလှသည့် နေ့ရက်တွေကို ပုံမှန်ဖြတ်သန်းလာရင်း ကြွေရုပ်ရဲ့ ဘဝမှာ ကြွေကွဲတုန်လှုပ်ခါးသီးစွာ အမြဲသတိရနေ တော့မည့် နေ့ရက်သို့ ရောက်ရှိလာခဲ့သည်။

အဲ့ဒီနေ့ဟာ လခထုတ်သောနေ့ ... ။

ထိုနေ့က မေမေက စက်ရုံမှ ခပ်စောစောပြန်လာ ပါသည်။

မေမေက အိမ်ရောက်ရောက်ချင်း ဒူ့လက်ထဲက အိတ်ကလေးနှင့် ခြင်းကလေးကို ချကာ ကြွေရုပ်ကို လှမ်းဖက်ရင်း ...

"သမီး ... ဒီနေ့ ဘာနေ့လဲ သိလား"

"ဟင့်အင်း ... သိဘူး"

"လခထုတ်တဲ့နေ့လေ သမီးရဲ့"

"ဟယ် ... ဒါဆို ပုစွန်ထုပ်ကြီး စားရတော့မှာပေါ့နော်"

"ဒါပေါ့ ... သမီး ခဏပဲစောင့်၊ မေမေ ဟိုဘက်လမ်းထိပ်က ထမင်းဆိုင်မှာ ချက်ပြီးသား သွားဝယ်လိုက်မယ်"

"ကိုယ့်ဘာသာ ဝယ်မချက်ဘူးလား"

"ဒီအချိန်က မေမေတို့နားက သားငါးဈေးက ပိတ်ပြီလေ၊ ချက်ပြီးသား ဝယ်စားလိုက်တော့ မြန်မြန်စားရတာပေါ့"

"အင်း ... သမီးလည်း မြန်မြန်စားချင်ပြီ၊ ဗိုက်ဆာလို့ မေကြီးကို မျှော်နေတာ"

"မေမေလည်း သမီးဆာနေမှန်းသိလို့ တစ်ခါတည်း ဝယ်လာခဲ့မလို့ပဲ၊ ဖယ်ရီ ရပ်ပေးတာက ဟိုဘက်လမ်းထိပ်၊ ထမင်းဆိုင်က ဒီဘက်လမ်းထိပ်ဆိုတော့ လမ်းမကြုံလို့သာ၊ ခဏလေးပဲစောင့်၊ မေမေ ခုပဲ ပြန်လာခဲ့မယ်"





"သမီးလည်း လိုက်ခဲ့မယ်လေ"

"လိုက်ချင်ရင်လိုက်ခဲ့၊ ဒါပေမယ့် လမ်းထိပ်ကပဲစောင့်ရမယ်နော်၊ မေမေက ကားလမ်းဖြတ်ကူးပြီး လမ်းမကျယ်ရဲ့ ဟိုဘက်ခြမ်းကဆိုင်မှာ သွားဝယ်ရမှာ"

"ဟုတ် ..."

မေမေက ကြွေရုပ်ရဲ့ လက်ကလေး တစ်ဖက်ကို လှမ်းဆွဲပြီး လမ်းထိပ်ဘက်သို့ လျှောက်လာခဲ့ကြသည်။ မေမေ့လက်က နွေးနေသည်။ မေမေ ကြွေရုပ်လက်ကလေးကို ဆုပ်တွဲသွားတိုင်း ကြွေရုပ်စိတ်ထဲမှာ တကယ်ကြွ ပျော်ရွှင်မိမြဲပင်။

"သမီး ... ဟောဟိုက အုတ်ခုံလေးပေါ်မှာ ခဏထိုင်စောင့်နော်၊ မေမေ ခုပဲ ပြန်လာခဲ့မယ်"

မေမေက ကြွေရုပ်လက်လေးကို လွှတ်ပေးလိုက်သည်။ ကြွေရုပ်က အုတ်ခုံလေးဆီ ပြေးသွားထိုင်လိုက်ပြီး မေမေ့ကို တာ့တာပြလိုက်သည်။

မေမေ လမ်းဖြတ်ကူးသွားသည်။ ကားတွေက လမ်းပေါ်မှာ အရှိန်ပြင်းစွာ မောင်းနှင်နေကြသည်။ ကားတွေ ကွယ်ကွယ်သွားတာမို့ မေမေ ထမင်းဆိုင်ဘက်သို့ လျှောက်သွားနေတာကို သေချာမမြင်ရ၊ မေမေက ကြွေရုပ်မြင်ကွင်းထဲက ပေါ်လိုက်၊ ပျောက်လိုက်ဖြစ်နေသည်။

ခဏနေတော့မှ မေမေ ပြန်လျှောက်လာတာကို လှမ်းမြင်လိုက်ရသည်။ မေမေ့လက်ထဲမှာ ပုစွန်ထုပ်ကြီးဟင်း ထည့်ထားသည့် ကြွပ်ကြွပ်အိတ် အထုပ်ကလေးကို ဆွဲထားသည်။ ကြွေရုပ်က 'ဟိဟိ စားရတော့မယ်' ဟု ဝမ်းသာအားရ ရေရွတ်မိရင်း ပါးစပ်ထဲမှာ သွားရည်တွေပင် စိမ့်ယိုလာသည်။

မေမေက လမ်းဖြတ်ကူးဖို့ ကားအရှင်းကို ရပ်စောင့်နေသည်။

ကြွေရုပ်က အုတ်ခုံပေါ် မတ်တတ်ထရပ်ကာ မေမေ့ကို လက်လှမ်းပြနေတာမို့ မေမေက အားရပါးရပြုံးရင်း ဟင်းထုပ်ကလေးကို မြှောက်ပြလိုက်သည်။

ကားရှင်းသွားသည်။ မေမေ လမ်းဖြတ်ကူးလာပါသည်။ ကြွေရုပ်ကလည်း ပျော်ရွှင်စွာ ကြိုစောင့်နေခဲ့ပါသည်။ သို့သော် အရှိန်ပြင်းစွာ မောင်းနှင်လာသော ကားတစ်စီးက ကြွေရုပ်မြင်ကွင်းထဲကို ဝင်လာပြီး မေမေက ကြွေရုပ်မြင်ကွင်းထဲမှ ပျောက်သွားသည်။

"ဒုန်း ..."

"ကျွီး ..."

ကြွေရုပ် မျှော်လင့်ခဲ့သည့် မေမေ့ ရယ်သံတွေ အစား ကားဘရိတ်အုပ်သံ၊ တစ်စုံတစ်ရာနှင့် တိုက်မိသံတွေကိုသာ ကြားလိုက်ရသည်။





ကြွေရုပ်သည် လမ်းမပေါ်သို့ ဖိတ်စင်လွင့်ထွက်သွားသော ဟင်းရည်စများနှင့် ကြွေရုပ်ရဲ့ လက်သီးဆုပ်လောက် နီးနီး ကြီးသော ပုစွန်ထုပ်ကြီး တစ်ထုပ်ကို ကြောင်တောင်တောင်လေး စိုက်ကြည့်နေမိသည်။

ကြွေရုပ်နားမှာ လူသံတွေဆူညံလာသည်။ လူတွေ အများကြီးဝိုင်းအုံလာသည်။ မေမေ့အနားမှာ ကြွေရုပ် ဒူးထောက်ထိုင်မိတော့ မေမေက ကြွေရုပ် လက်ကလေးကို လှမ်းဆွဲဆုပ်လိုက်ရင်း ...

"သ ... သမီး ... မေမေ့ခေါင်းအုံးစွပ်ထဲမှာ လိပ်စာကတ်လေး ရှိတယ်၊ အဲ့ဒီ ဖုန်းနံပါတ်ကို လှမ်းဆက်ပြီး သမီး သူတို့နဲ့ လိုက်သွားပါ"

"ဟင့်အင်း ... သမီး မေမေနဲ့ပဲ နေမှာ ..."

မေမေက ကြွေရုပ်ကို ပြုံးကြည့်နေသည်။ ကြွေရုပ်က မေမေ့လက်ကို လှုပ်ယမ်းလိုက်ရင်း ...

"မေမေ ... သမီး မေမေနဲ့ပဲ နေမှာနော်"

မေမေက ကြွေရုပ်ကို ကြည့်မြဲ။

"မေမေ ... သမီး မေမေနဲ့ပဲ နေမှာ၊ သမီး သူတို့ဆီ မသွားဘူးနော်"

မေမေက ကြည့်မြဲ။ ကြွေရုပ် တအားဆုပ်ထားမိ

သဲည့် မေမေ့လက်တွေ သိပ်မနွေးတော့ဘဲ အေးစက်စ ပြုလာသည်။

"မေမေ ..."

"မေမေ ..."

"မေမေ ..."

"မေမေ ... ရေ ..."

တကြော်ကြော် အော်ခေါ်မိနေသော ကြွေရုပ်ရဲ့ အသံကလေးသည်သာ မေမေ့နားမှာ ပျံ့လွင့်နေခဲ့တော့သည်။

● ● ●



* * *

မှန်ထဲက ခုနစ်နှစ်အရွယ် ကလေးမလေးသည် တဖြည်းဖြည်းနှင့်ပင် အလွန်လှပသော အပျိုစင် မိန်းကလေး တစ်ယောက်အဖြစ် အသွင်ပြောင်းလာလေသည်။

ကြွေရုပ်သည် ပြီးပြည့်စုံစွာ အလှဆင်ယင်ထားသော ကိုယ့်ရုပ်သွင်ကို ဆွေးဆွေးငေးငေးလေး စိုက်ကြည့်နေမိလေသည်။

ပန်းဖျော့ရောင် ပိုးဖျော့ဂါဝန်လေးဟာ ကြွေရုပ်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဖျော့အိတွဲကျနေသည်။ ရင်ပိုင်းပြတ် ပုံစံမျိုးမို့ ပခုံးနှင့် ရင်ညွန့် တစ်ဝိုက်မှာ ရှင်းလင်းနေသည်။ ဘာလက်ဝတ်ရတနာမှ ဆင်မြန်းမထားတာမို့ ပို၍ရှင်းလင်းနေသလား မသိပါ။ ဖွဖွလေး ထုံးထားသည့် ဆံထုံး၊ လှဲလှဲလေးသာ ပြင်ထားသော မျက်နှာ၊ ပန်းဖျော့ကလေး ဆိုးထားသည့် နှုတ်ခမ်း

ငုံကလေး။ ပန်းဖျော့ရောင်လေး သမ်းနေသည့် ပါးမို့မို့ကလေး။ အားလုံးကို စုပေါင်းကြည့်သော် ကြွေရုပ်ဟာ ဖျော့တော့တော့လေး လှနေပါတော့သည်။

ဒီလိုလှပတင့်တယ်စွာ နေထိုင်နိုင်ဖို့ ကြွေရုပ်ဘဝကို သူ့အတ္တအောက်မှာ စတေးထားခဲ့ရတာ ၁၂ နှစ်တိုင်ခဲ့ပြီလေ။

"ကြည့်စမ်းကွယ် ... လှလိုက်တဲ့ မိန်းကလေး၊ မောင်ယောမင်းက သမီးကို ဘယ်လိုပုံစံနဲ့ လိုက်ဖက်မယ်ဆိုတာ သိပုံပဲ၊ သူက တို့ထက်တောင် ပိုသိသလား ထင်မိတယ်၊ နှုတ်ခမ်းနီအရောင်ရွေးပေးတာ၊ ဂါဝန်ဒီဇိုင်း ရွေးတာကအစ တကယ့်ကို စိတ်ရှည်လက်ရှည် အသေးစိတ်ပဲ၊ ဒီပွဲမှာ သူ့သတို့သမီးလောင်းကလေးကို တော်တော်လှနေစေချင်တယ်ထင်တယ်"

မိတ်ကပ်ဆရာစကားကြောင့် ကြွေရုပ်က မဲ့ပြုံးကလေး ပြုံးမိသည်။ အရီနဲ့ အေးမြက အားကျကြည့်ကလေးတွေနှင့် ရပ်ကြည့်နေကြသည်။ အဒေါ်ကြီး ဒေါ်လုံကလည်း အခန်းထဲဝင်လာကာ ...

"အမလေးတော် စက်စက်ယိုအောင် လှနေပါလား ..."

ဟု ရင်ဖိ၍ ရေရွတ်လိုက်သည်။

ခဏနေတော့ ဦးထွန်းက အခန်းဝမှာ ရပ်လာကာ





"ပြီးပြီလား ... ကြွေရုပ်"

"ပြီးပြီ ..."

ဦးထွန်းက နာရီတစ်ချက် ငုံ့ကြည့်ရင်း ...

"ပွဲစဖို့ နာရီဝက်နီးနီး လိုသေးတယ်၊ ခဏနေ မောင်ယောမင်း ပြန်ရောက်လာမှာပါ"

"ဦးထွန်း ..."

"ပြောပါ ... ကြွေရုပ်"

"သူ ဘယ်သွားတယ်ဆိုတာ ဦးထွန်းသိတယ်မဟုတ်လား"

ဦးထွန်း မဖြေပါ။ ကြွေရုပ်က ဦးထွန်းရှေ့သို့ တစ်လှမ်းချင်း တိုးသွားလိုက်ရင်း ...

"ဖြေလေ ... ဦးထွန်း၊ ဦးထွန်းသိထားတဲ့အတိုင်း ဖြေပေးပါ၊ သူဘယ်သူနဲ့ ဘယ်သွားတယ်ဆိုတာ ဦးထွန်းသိရက်နဲ့ ရှေငုံမနေပါနဲ့"

"သမီး သိရက်နဲ့ကွယ်"

"ဒါဆေမယ့် ... ပြောပြပါ၊ ကြွေရုပ်သိထားတာနဲ့ ဦးထွန်းသိထားတာနဲ့ တူသလားလို့ ကြွေရုပ် သိချင်လို့ပါ"

ဦးထွန်းက ရှေငုံနှုတ်ပိတ်နေသောအခါ ကြွေရုပ်က ခနိုးခနဲ့ တစ်ချက်ရယ်လိုက်မိရင်း ...

"ဦးထွန်း နှုတ်ကမထွက်ရဲရင် ကြွေရုပ် နှုတ်ကပဲ ထွက်ရတော့မှာပေါ့၊ သူ ... အခု သူ့ဆီလာတဲ့ မိန်းကလေး တစ်ယောက်ကို ပြန်ပို့တယ်၊ အဲဒီမိန်းကလေးဟာ သူ့ လက်ရှိ ရည်းစားတွေထဲက တစ်ယောက်ပဲ၊ ဦးထွန်းမှာ သာ ကြွေရုပ်လို သမီးတစ်ယောက်ရှိခဲ့ရင် ကိုယ့်သမီးနဲ့ စေ့စပ်တဲ့နေ့အထိ ရည်းစားပေါင်း သောင်းခြောက်ထောင် နဲ့ ဇာတ်လမ်းမပြတ်သေးတဲ့ ယောက်ျားမျိုးနဲ့ ဦးထွန်း သမီးကို ပေးစားမလား ..."

"တကယ်ချစ်တယ်ဆိုရင်တော့ ပေးစားလိုက်မယ်"

"ဟင် ..."

ဦးထွန်းက မဆိုင်းမတွပြန်ဖြေလိုက်တာမို့ ကြွေရုပ် က အံ့အားသင့်ငြိမ်သက်သွားပါသည်။ ဦးထွန်းက ပြတ်ပြတ် သားသား ဆက်ပြောသည်မှာ ...

"ဦးထွန်း သမီးကို မောင်ယောမင်းက တကယ် နစ်နစ် ကာကာ ချစ်တယ်ဆိုရင် ပေးစားလိုက်မယ်၊ ယောက်ျား တစ်ယောက်မှာ ရည်းစားတွေ အများကြီးရှိနိုင်ပေမယ့် အချစ်ဆိုတာကတော့ တစ်ခုတည်း ရှိချင်ရှိနိုင်တာပဲ လေ"

"ဒါ ... ဦးထွန်း ဘက်လိုက်ပြောတာပဲ"

"မဟုတ်ဘူး ... ၊ မောင်ယောမင်း စိတ်ကို နားလည်လို့





ဦးထွန်း ဒီလိုပြောနိုင်တာပဲ၊ သူ့မှာက ငွေကလွဲရင် ကျန် တာတွေ သိပ်မပြည့်စုံပဲလေ၊ လူတွေရဲ့ ဂရုစိုက်မှုကို လိုချင်လို့ လူတွေကို သူ့မှာရှိတဲ့ ငွေတွေပေးပြီး ပေါင်း တယ်၊ သူ့ကို ဂရုစိုက်တဲ့ မိန်းကလေးတွေအပေါ်မှာ သာယာတယ်၊ ဒါ သူမလွန်ပါဘူး"

ကြွေရုပ်သည် ယောမင်းဘက်ကသာ အစဉ်ရှိခဲ့ သော ဦးထွန်းကိုစိုက်ကြည့်ကာ နာနာကျင်ကျင် ပြုံးမိရင်း ...

"ဦးထွန်း သမီးက ယောမင်းကို မုန်းနေခဲ့ရင်တော့ ဦးထွန်း ပေးစားချင်လည်း အလကားပဲလေ၊ မိန်းမ တစ်ယောက် အကြောက်ဆုံးက ကိုယ်မုန်းတဲ့ ယောက်ျား တစ်ယောက်ကို လက်ထပ်ရမှာကိုပဲ၊ ကြွေရုပ် ယောမင်း ကို အရမ်းမုန်းတယ် ဦးထွန်း"

"သေချာရဲ့လား"

"ရှင် ..."

ဦးထွန်းက ကြွေရုပ်ကို မကြည့်ဘဲ ပြတင်းပေါက် အပြင်ဘက်ကို ငေးနေရင်း မေးခွန်းထုတ်လိုက်တာမို့ ကြွေရုပ် က ကြောင်သွားကာ ...

"ဦးထွန်း ဘာပြောတာလဲ"

"သမီး ... မောင်ယောမင်းကို မုန်းတာ သေချာရဲ့လားလို့ မေးတာပါကွယ်"

"သိပ်သေချာတာပေါ့"

"အချစ်မှာမှ သံယောဇဉ်ရှိတာ မဟုတ်ဘူး၊ အမုန်းမှာလည်း သံယောဇဉ် ရှိတတ်တယ် သမီးရဲ့"

ဦးထွန်းက တိုးတိုးတိတ်တိတ်စွာ တုံ့ပြန်ပြောပြီး ကြွေရုပ်ရှေ့မှ ထွက်သွားခဲ့သည်။ အမုန်းမှာ သံယောဇဉ်ရှိတယ်တဲ့၊ ကြွေရုပ် နားမလည်နိုင်ပါ။

ကြွေရုပ်သည် ငြိမ်သက်စွာ ရပ်တန့်ကျန်ခဲ့ပြီးမှ ဧည့်ခန်းဆီသို့ တရွေ့ရွေ့ လျှောက်သွားခဲ့မိသည်။ ထို့နောက် စောစောက ထိုင်နေခဲ့သည့် ဧည့်ခန်းကျယ်ကြီးရဲ့အလယ်မှာ တစ်ယောက်တည်း တိတ်ဆိတ်စွာ ထိုင်ရင်း ယောမင်း ပြန်လာမည့် အဝင်လမ်းဆီ လှမ်းမျှော်ငေးဆဲမှာ မျက်ရည်တစ်စက်က ပါးပြင်ပေါ်မှ လျင်မြန်စွာ လိမ့်ဖြတ်စီးသွား၏။

မဆန်းတော့ပါ။

ဒီအိမ်ရောက်လာကတည်းက ကြွေရုပ် မျက်ရည်ကျခဲ့တာ အဆန်းမဟုတ်တော့ပါ။ ဟိုတုန်းကတော့ အခုလို ဣန္ဒြေရရလေး မျက်ရည်ကျခဲ့တာ မဟုတ်။ တအီးအီး အသံထွက်လျက် ကလေးပီပီ အားပါးတရ အော်ဟစ်ငိုခဲ့မိတာ ဖြစ်သည်။

● ● ●



* * *

"အီးဟီးဟီး အိမ်ပြန်မယ် ... အိမ်ပြန်မယ်၊ မေကြီးဆီပြန်မယ်"

"အဟိဟိ ... ဟားဟား ... ခွိခွိ ..."

ယောမင်းတို့ အိမ်ကြီးထဲမှာ ကြွေရုပ်ရဲ့ ငိုသံ၊ ယောမင်းရဲ့ ရယ်သံတို့က အမြဲ ရောထွေးနေခဲ့ပါသည်။

ကြွေရုပ်ရဲ့ ငိုကြွေးတဲ့အသံ၊ ငိုကြွေးတဲ့ဟန်တွေဟာ ယောမင်းအတွက်တော့ အမြဲ ရယ်စရာဖြစ်ခဲ့ရသည်။ ကြွေရုပ်က တမြဲမြဲငိုလေ ယောမင်း ရယ်ရလေ ...။ ငိုနေတဲ့ ကြွေရုပ်ရှေ့မှာ စိမ်ပြေနပြေ ငုတ်တုတ်လာထိုင်ကြည့်ရင်း တခွိခွိ ရယ်လိုက်၊ တဟီးဟီး ရယ်လိုက် လုပ်နေတော့တာမို့ ကြွေရုပ်မင်လျှင်သူ့ကို အံ့သြကာ အငိုတိတ်သွားရသည့် အထိပင်။ ကြွေရုပ် အငိုတိတ်လျှင်လည်း ...

"ဟိတ် ငိုလေ ... ငို ... ငို ... ၊ ပါးစပ်ပြဲကြီးနဲ့ ရှုံ့မဲ့ပြီး ငိုလေ၊ နှပ်တော့ သိပ်မထွက်စေနဲ့၊ ငါက ရွံတတ်တယ်"

ဟု လှမ်းပြောတတ်သည်။ အဲဒီအချိန်ကတည်းက သူ့ရယ်သံကို ကြွေရုပ် မုန်းသည်။ အမုန်းဆိုတာဘာမှန်းမသိတတ်သည့် အရွယ်ကတည်းက ကြွေရုပ် သူ့ကိုမုန်းခဲ့ပါသည်။

သူ့အတွက်တော့ ကြွေရုပ်ဟာ အပျင်းပြေ ကစားစရာလေး တစ်ခုလိုပင်။

ကြွေရုပ် သူ့အိမ်ကြီးမှာ မနေချင်ခဲ့ပါ။ သို့သော် ကြွေရုပ်မှာ သွားစရာလည်း မရှိပါ။ ကြွေရုပ်ကို ခေါ်ထားနိုင်သည့် ဆွေမျိုးနီးစပ် အဆက်အသွယ်လည်း မရှိ။ ဖေဖေ့ မိဘတွေက မေမေနှင့် သဘောမတူသဖြင့် အမွေဖြတ်ထားခဲ့သည်ဟု မေမေပြောဖူးသဖြင့်သာ ကြွေရုပ် သိခဲ့ရသည်။ ခုတော့ ဖေဖေကလည်း ဆုံးနှင့်ပြီမို့ ဘယ်ဆွေမျိုးနှင့်မှ အဆက်အသွယ် မရှိခဲ့တာပင်။

မေမေဆုံးသည့်နေ့က မေမေ မှာခဲ့သည့်အတိုင်း မေမေ့ခေါင်းအုံးစွပ်ထဲကို နှိုက်ကြည့်တော့ ဦးထွန်း ပေးခဲ့သည့် လိပ်စာကတ်လေးကို တွေ့ရသည်။ မေမေ မှာခဲ့တဲ့အကြောင်း အိမ်နီးချင်းတွေကို ပြောပြတော့ အိမ်နီးချင်း အဒေါ်ကြီး တစ်ယောက်က ဖုန်းဆက်ပေးခဲ့သည်။ ချက်ချင်းပင် ဦးထွန်းရော





ယောမင်းပါ ရောက်လာခဲ့ပြီး မေမေ့ ဈာပနအတွက် စီစဉ်စရာရှိတာ စီစဉ်ပေးပြီး ကြွေရုပ်ကို ယောမင်းအိမ်သို့ ခေါ်ဆောင်သွားခဲ့ကြပါသည်။

ယောမင်းတို့ဟာ တကယ့် သူဌေး။ အိမ်ကလည်း လှပသည်။ ခြံကလည်း ကျယ်ဝန်းသည်။ အိမ်ထဲက ပစ္စည်းတွေဟာလည်း ကြွေရုပ် မမြင်ဖူးသည့် အဖိုးတန် အကောင်းစားတွေချည်းပင်။ သို့သော် အိမ်ကြီးဟာ ခြောက်ကပ်တိတ်ဆိတ်လှပါသည်။ ယောမင်း အဖေဟာ သက်ရှိထင်ရှားရှိနေဆဲ သူဌေးကြီး တစ်ဦးဟု ကြွေရုပ် သိထားဖူးပေမယ့် ထိုသူဌေးကြီးကို ယောမင်းတို့အိမ်မှာ တစ်ခါမှ မတွေ့ဖူးပါ။ (ကြွေရုပ် ဒီအိမ်ကို ရောက်ကတည်းက သူ့အဖေကိုမတွေ့ရတာပင်။)

ယောမင်း အမေကလည်း ယောမင်းနဲ့သာ အတူနေတယ်ဆိုပေမယ့် သိပ် အိမ်ကပ်လှတာ မဟုတ်ပါ။ ယောမင်းမေမေက လှသည်။ နုသည်။ သွက်သည်။ မြူးသည်။ မီးဖိုချောင်ထဲဝင်တာ မတွေ့ဖူးပေမယ့် ဈေးပင်ထွက်ပြီး ပစ္စည်းတစ်ပုံတစ်ပင်နှင့် ပြန်လာတာတော့ မကြာခဏတွေ့ရသည်။ ဝယ်လာသည့် ပစ္စည်းတွေထဲမှာ မီးဖိုချောင်သုံး ပစ္စည်းမပါ။ ဖိနပ်၊ အိတ်၊ အဝတ်အစားနှင့် မိတ်ကပ်ပစ္စည်းတွေချည်းသာ။

မီးဖိုချောင်သုံး ပစ္စည်းတွေ အဝယ်ထွက်ရသူဟာ

ဒေါ်လုံ။ ယောမင်းတို့အိမ်ရဲ့ အိမ်မှုကိစ္စတွေကို ဒေါ်လုံက လုပ်ပေးသည်။ ယောမင်းကို ဦးထွန်းက စောင့်ရှောက်ပေးရသည်။ ယောမင်း မေမေကတော့ ပွဲလမ်းသဘင်သွားဖို့ကိစ္စတွေနှင့်သာ အမြဲရှုပ်နေသည်။ ဆံပင်ပုံစံကို တစ်လ တစ်မျိုးပြောင်းတတ်သည်။

ဒီအိမ်က လူတွေကို ကြွေရုပ်နားမလည်ပါ။ သူတို့ရဲ့ဆက်ဆံရေးက ကြွေရုပ်တို့ သားအမိ ဆက်ဆံရေးလို မရှင်းလင်းပါ။ ကြွေရုပ်တို့ သားအမိကတော့ တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ခဲ့ကြသည်။ မေမေက သမီးလေးကို ကြင်နာပြီး သမီးလေးက မေမေ့ကို အားကိုးသည်။ မေမေ့မှာ ပိုက်ဆံမရှိလှပေမယ့် အုပ်ထိန်းသူပီသစွာ ကြွေရုပ်ကို အမြဲစောင့်ရှောက်လိုစိတ်ရှိသည်။

ယောမင်းတို့က ဒီလိုမဟုတ်။ ယောမင်းက သားတစ်ယောက်နှင့်မတူ၊ အရှင်သခင်နှင့် တူသည်။ ယောမင်းမေမေက အမေတစ်ယောက်နှင့် မတူ၊ မြူးကြွလွတ်လပ်ပြီး ဘာတာဝန်မှမရှိသည့် အပျိုတစ်ယောက်နှင့် တူသည်။ ဆွေမျိုးမစပ်သည့် အိမ်ထောင်ထိန်း ဒေါ်လုံက အမေလို ပြုစုရပြီး ဦးထွန်းက အဖေလို စောင့်ရှောက်ရသည်။ ယောမင်းအဖေကတော့ ရှိနေသည်ဆိုတာကိုသာ သိရပြီး ဘယ်ဆီမှာနေမှန်းမသိ။ ဘယ်တုန်းကမှလည်း အိမ်ပြန်မလာခဲ့ပါ။





"အီးဟီး ... အိမ်ပြန်မယ်၊ အိမ်ပြန်မယ်"

ကြွေရုပ်သည် သူတို့ရဲ့ အေးစက်ခြောက်ကပ်နေသော အိမ်မှာ နေရတာ မွန်းကြပ်လွန်းလာတိုင်း ကြွေရုပ်တို့သားအမိ နွေးနွေးထွေးထွေး နေခဲ့ဖူးသည့် အိမ်ကလေးဆီ ပြန်ချင်စိတ်ဖြင့် အော်ငိုမိမြဲပင်။

ကြွေရုပ် ငိုလို့ ယောမင်းရယ်လျှင် ကြွေရုပ်က အိမ်တံခါးဝဆီ ပြေးထွက်ပြီး အိမ်ပြန်ဖို့ ကြိုးစားမိသည်။ ထိုအခါ ယောမင်းက အိမ်တံခါးဆီ ကြွေရုပ်ထက်အရင်ဦးအောင် ပြေးထွက်ပြီး တံခါးတွေကို ပိတ်ထားလိုက်သည်။ ပြီးတော့ တံခါးကို ကျောမှီရပ်ကာ ...

"နှင့်အိမ်မှာ ဘယ်သူမှဖြင့် မရှိဘဲနဲ့၊ နင်က ဘာကိစ္စ ပြန်မှာလဲ"

"မေမေရှိတယ်၊ မေမေရှိတယ်၊ အဟင့် ... ဟီး"

"နှင့်အမေက သေပြီလေ ကြွေရုပ်ရဲ့"

"အီးဟီး ... မသေဘူး၊ မေမေ မသေဘူး"

ယောမင်းက မေမေ သေပြီဟုပြောတိုင်း သူ့ကို ကြွေရုပ် မုန်းလှပါသည်။ ကြွေရုပ် ငိုနေဆဲမှာ ညဝတ်အင်္ကျီဖားဖားကြီးဝတ်ထားသော ယောမင်း မေမေက အိမ်ပေါ်ထပ်မှ ဆင်းလာကာ ...

"ဟဲ့ … စောစောစီးစီး နားငြီးလိုက်တာ ယောမင်းရယ်၊ ဒီကောင်မလေး ရောက်ကတည်းက တပူပူတဂျီဂျီနဲ့ စိတ်ပျက်စရာ ကောင်းလိုက်တာ၊ နင် ဘာစိတ်ကူးနဲ့များ ဒီလိုကောင်မလေးကို ခေါ်လာရတာလဲဟယ်"

"သား ဖျင်းလို့၊ သားနဲ့ဆော့ဖို့ ခေါ်လာတာပေါ့ …"

"ပျင်းရင် ကစားစရာနဲ့ ဆော့ပေါ့ဟဲ့"

"လူနဲ့ဆော့တာက ပိုပျော်စရာကောင်းတာ၊ ဒီကောင်မလေးက ရယ်စရာကောင်းတယ်၊ အပျင်းပြေတယ်၊ ခိုင်းလို့လည်း ရတယ်"

"စိတ်ရှုပ်လိုက်တာဟယ်၊ အေးရီရေ … လာစမ်း၊ ငါ သွားစရာရှိလို့ ငါ့ကို လက်သည်းနီ လာဆိုးပေးဦး"

"ဟုတ်ကဲ့ … မမ"

"ဗျူတီပါလာသွားမလို့ဟာ အချိန်သိပ်မရတာနဲ့ အိမ်မှာပဲ ပြင်ရတော့မယ်၊ ဒေါ်လုံရော … ဟင်းကျက်ပြီလား"

"ကျက်ပြီ မမ …"

"ဘာချက်လဲ"

"ယောမင်း စားချင်တယ်ဆိုလို့ ကြက်သားကြော်ရယ်၊ ငါးဥကြော်ရယ်၊ ဝက်သားပေါင်းရယ် လုပ်ထားတယ် မမ"





"အမလေးဟယ် … ဒီကလေး ကြိုက်လိုက်မှဖြင့် အဆီအဆိမ့်တွေချည်းပဲ၊ အဲ့ဒါတွေသာ နေ့တိုင်းစားရရင် ငါ့ဝိတ်ကို ဘယ်လိုမှ ထိန်းထားနိုင်မှာ မဟုတ်ဘူး၊ ငါ့ဖို့ ကန်စွန်းပလိန်းကို ဆီနည်းနည်းနဲ့ ကြော်လိုက်၊ ကြက်သားကို ဆီနည်းနည်းထည့်ပြုတ်ပြီး ရှောက်သီးများများ ညှစ်ပြီး ကြက်သွန်နီများများနဲ့ သုတ်လိုက် …"

"ဟုတ်ကဲ့ …"

"ဒီနေ့ညနေ ဟိုတယ်မှာ ရေသွားကူးမလို့ ဘော်ဒါတွေနဲ့ ချိန်းထားတယ်၊ ငါအပြင်သွားတုန်း ရေကူးဝတ်စုံရယ်၊ ဦးထုပ်ရယ် ရှာထားပေးဦး ကြားလား"

"ဟုတ်ကဲ့ …"

"ဟဲ့ … ဟိုကလေးမလေး ခဏခဏ တပြုံးပြုံး ငိုမနေနဲ့၊ ကြားရတဲ့လူလည်း နားငြီးတယ်၊ နင်လည်း မောတယ်၊ တိတ်တော့ …၊ ဟဲ့ အေးရီ ဒေါ်လုံကို လှမ်းပြောလိုက်ဦး၊ ကောင်မလေး အငိုတိတ်သွားအောင် ရှိတဲ့မုန့်တွေ ချကျွေးလိုက်လို့ …"

"ဟုတ်ကဲ့ … မမ"

ယောမင်းမေမေက သူပြောချင်တာ တရစပ် ပြောပြီး အိမ်ပေါ်ထပ် ပြန်တက်သွားသည်။ အေးရီကလည်း ဒေါ်လုံ့

ကို မှာစရာရှိတာ သွားမှာပြီး အပေါ်ထပ်သို့ တက်လိုက်သွားသည်။

ယောမင်း မေမေဟာ သူ့ဘာသာ အလုပ်အပမက်တာ၊ အိမ်မကပ်တာ၊ ဘယ်အရာမဆို သိပ်အလေးအနက် မထားတာတွေ ရှိပေမယ့် ကြွေရုပ်အပေါ် သဘောဆိုးဆိုးထားကာ နှိပ်စက်ကလူ ပြုချင်သူမျိုးတော့ မဟုတ်။ ကြွေရုပ်အပေါ် ဆိုလည်းမဆိုး၊ ကောင်းလည်းမကောင်း။ ခေါင်းမာပြီး ထင်ရာစိုင်းတတ်တဲ့ သူ့သားရဲ့ ပူဆာမှုကို မတတ်သာ၍ ခွင့်ပြုလက်ခံထားရသည့် သဘောသာပင် ...။

ကြွေရုပ် ဆူဆူညံညံ အော်ငိုလျှင် စိတ်ရှုပ်သလို ငေါက်ငမ်းတတ်ပေမယ့် ကြွေရုပ်ကို အစဉ်သဖြင့် မျက်လုံးဒေါက်ထောက်ကြည့် ချိုးနှိမ်နေဖို့အထိတော့ သူ့မှာ အချိန်မရှိပါ။ သူ့အလုပ်အပရေးရာနှင့်သူ၊ သူ့ပွဲလမ်းသဘင်နှင့်သူ အလုပ်ရှုပ်နေတတ်သူမို့ပင်။ သူ့သဘောမှာ သူနားအေးလျှင်ပြီးရော ဆိုသည့်သဘော။ အငိုတိတ်ဖို့ဆို ရှိသမျှ မုန့်အကုန် ချကျွေးလည်း နှမြောတွန့်တိုတတ်သူ မဟုတ်ပါ။

ကြွေရုပ်အတွက်တော့ ယောမင်း မေမေ ဒေါ်မေသိဟာ အံ့ဩစရာကောင်းသော အမေ တစ်ယောက်ပင် ...။ ဒေါ်မေသိဟာ မေမေ့လို မဟုတ်။ မေမေ ကြွေရုပ်ကို နွေးထွေး





ယုယသလို ယောမင်းကို နွေးထွေးယုယခြင်းလည်း မရှိ။ သူ့ကိစ္စနှင့်သူသာ အာရုံများနေတတ်သူမျိုး။ ဖုန်းပြောလိုက်ပြီဆိုလည်း အကြာကြီး။ သူ့သား တစ်နေကုန် ဂိမ်းထိုင်ဆော့နေလည်း ဟန့်တားဖို့ သတိမရ။ စာကျက်ပါလို့လည်း တစ်ခွန်းမပြောသူပင်။

ကြွေရုပ်သည် တဟီးဟီးငိုနေရင်းက ဒေါ်မေသိကို ကြောက်ပြီး အသံတိတ်သွားကာ တအီအီ ဆက်ရှိုက်နေရင်း မအေးရီ လာချပေးသွားသော မုန့်ဘူးထဲက မုန့်တွေကို လက်တစ်ဆုပ်စာ နှိုက်ပြီး ပလုပ်ပလောင်း စားမိတော့ ယောမင်းက ရယ်ပြန်သည်။

"ဟား ဟား ... အငတ်မ ဇာတိပြလာပြီ"

ကြွေရုပ်က သူ့ကို ဂရုမစိုက်ဘဲ မုန့်တွေကိုသာ နှိုက်နှိုက်စားနေလိုက်သည်။

ခဏနေတော့ ဒေါ်မေသိက အိမ်ပေါ်ထပ်မှ ကျော့ကျော့လေး ဆင်းလာသည်။ အလှပြင်ထားပုံက ရုပ်ရှင်မင်းသမီးလောက်နီးနီး။ ရေမွှေးနံ့တွေလည်း ကြိုင်လှိုင်နေပါသည်။

"သားရေ ... မာမီ အပြင်သွားလိုက်ဦးမယ်၊ စားချင်တာရှိရင် ဒေါ်လုံ့ကို ပြော၊ သွားချင်တာရှိရင် ဦးထွန်းနဲ့သွား ဟုတ်ပြီလား"

ဒေါ်မေသီကက ယောမင်းကို လှမ်းပြောမှာကြားရင်း ကောင်မလေးရှေ့မှာ ခြေကို ဆန့်ထုတ်ပေးလိုက်သည်။ ကောင်မလေးက ဒေါ်မေသီ့ ခြေရင်းမှာ ဆောင့်ကြောင့်ထိုင်ချကာ ကြိုးသိုင်းဒေါက်ဖိနပ်ကို အသေအချာ ပတ်ချည်စီးပေးလိုက်ပါသည်။

ဒေါ်မေသီ ထွက်သွားတော့ ယောမင်းက မှုန်ကုပ်ကုပ် မျက်နှာထားနှင့် လှမ်းကြည့်ကျန်ခဲ့သည်။ ကြွေရုပ်က ယောမင်းကို ကြွေရုပ်အနားမှာ ရှိမနေစေချင်တာမို့ ပလုပ်ပလောင်း စားနေရင်းက …

"ဟဲ့ … နင့်အမေနဲ့ လိုက်သွားပါလား"

"မလိုက်ပါဘူး"

"ငါဆို အမြဲ လိုက်တယ် သိလား၊ မေမေ့လက်ကို ဆွဲပြီး လျှောက်လည်ရတာ အရမ်းပျော်စရာကောင်းတာ၊ နင်တို့က ပိုက်ဆံရှိတော့ နင်လိုချင်တာ လက်ညှိုးထိုးရင် နင့်အမေက ဝယ်ပေးမှာပေါ့"

"မာမီနဲ့ မသွားဘဲ ဦးထွန်းနဲ့သွားလည်း ငါလိုချင်တာ ဝယ်လို့ ရနေတာပဲ၊ ညနေကျမှ ဦးထွန်းကို ခေါ်ပြီး ဈေးသွားဝယ်မယ်၊ ကဲ … ခုတော့ ရော့-ငါ ဒါစားချင်တယ် … ခွာပေး"





ယောမင်းက သူ့ဆောင်းဘီအိတ်ထဲက နေကြာစေ့ကို ဆွဲထုတ်ကာ ကြွေရုပ်ဆီ ပစ်ပေးလိုက်တာမို့ ကြွေရုပ်မှာ ကိုယ့်မျက်နှာကို မထိအောင် ကမန်းကတမ်း ဖမ်းယူလိုက်ရပါသည်။

"တစ်ထုပ်လုံး ခွာပေးရမှာလား"

"ဟုတ်တယ် … ခွာပေး၊ ငါက နေကြာစေ့ ကြိုက်တယ်"

"နင်ကြိုက်ရင် နင့်ဘာသာ ခွာစားပါလား"

"ငါမခွာချင်လို့ နင့်ခွာခိုင်းတာပေါ့ တုံးမရဲ့"

"ငါမခွာချင်ဘူး"

"မခွာရင် နင့်ကို လူရှေ့မှာ ကြောင်ချီးရုပ်လို့ အသံကျယ်ကြီးနဲ့ ခေါ်မယ်"

ကြွေရုပ်သည် ယောမင်းကို ကြောက်ကြောက်နှင့် နေကြာစေ့တွေ ထိုင်ခွာပေးရသည်မှာ လက်သည်းထိပ်ကလေးတွေတောင် နာလာရသည့် အထိပင်။ သူကတော့ ကြွေရုပ် ခွာပေးသမျှကို လက်ဖြန့်ခံကာ အဆင်သင့်ကလေး စားလေသည်။ သူ့လုပ်ရပ်ဟာ ဘယ်လောက်မုန်းဖို့ ကောင်းပါသနည်း။

ထို့မျှမကသေး …။ သူ တင်းနစ်ကွင်းကို တင်းနစ်ကစားဖို့သွားလျှင်လည်း ကြွေရုပ်မှာ သူ့ရက်ကက်ကို ထမ်းကာ သူ့နောက်လိုက်ရ၏။ သူတစ်ယောက်တည်း တင်းနစ်ရိုက်ကျင့်နေလျှင် ကြွေရုပ်က ဘောလုံး ကောက်ပေးရ၏။

သူက ဘယ်သွားသွား ကြွေရုပ်ကိုခေါ်၏။ အဖော်အဖြစ် ခေါ်တာတော့ မဟုတ်။ လက်တိုလက်တောင်း ခိုင်းစေဖို့ ခေါ်တာဖြစ်၏။

"ကဲ ... ဈေးဝယ်ထွက်မယ်၊ ဦးထွန်းရေ ဈေးဝယ်ထွက်မယ်၊ ကားအသင့်ပြင်ပါ၊ ကြွေရုပ် သွား အဝတ်အစားလဲ၊ ငါနဲ့လိုက်ခဲ့၊ အဝတ်အစားကို သပ်သပ်ရပ်ရပ် လှလှပပ ဝတ်ခဲ့၊ ခေါင်းကို သေချာဖြီးခဲ့၊ ငါနဲ့အတူ ပါလာတဲ့လူက ကြောင်ချီးရုပ်ဖြစ်နေရင် ငါပဲရှက်ရတယ်"

ယောမင်းက အမိန့်ပေးလိုက်လျှင် ကြွေရုပ်က အဝတ်အစားသွားလဲပြီး သူနှင့်အတူ လိုက်လာခဲ့ရသည်။ သူက ကြွေရုပ် ဝတ်စားလာတာကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး သူ့စိတ်တိုင်းကျဖြစ်မှ ကားပေါ်တက်ခိုင်းသည်။ (သူစိတ်တိုင်းမကျလျှင် အိမ်ထဲ ပြန်ဝင်ပြီး အဝတ်အစား ပြန်လဲရပါသည်။)

ရှော့ပင်းစင်တာ တစ်ခုသို့ရောက်လျှင် ကြွေရုပ်မှာ အဆောက်အဦးကြီးကြီးထဲ မျက်လုံးပြူးကလေးဖြင့် တောင်ကြည့်မြောက်ကြည့် ထူးဆန်းထွေလာဖြစ်လို့ မဆုံးပြီ။

သူကတော့ ကြွေရုပ်လက်ထဲ ခြင်းတစ်ခု ထိုးထည့်ပေးကာ

"ရော့ ... ကိုင်ထား"





ဟုပြောပြီး သူစားချင်သမျှ ချော့ကလက်၊ သကြားလုံး၊ ပေါင်မုန့်၊ ကိတ်မုန့်၊ အာလူးကြော်၊ ပန်းသီး၊ လိမ္မော်သီးတွေကို ခြင်းထဲသို့ ပစ်ပစ်ထည့်သွားသည်။ ကြွေရုပ်မှာ ဆွဲခြင်းဆွဲ၍သော်လည်းကောင်း၊ တွန်းလှည်းတွန်း၍သော်လည်းကောင်း သူ့နောက်မှ လိုက်နေရသည်။

ဦးထွန်းက ...

"မောင်ယောမင်း ပစ္စည်းတွေ ဦးထွန်း လိုက်ကိုင်ပေးမယ်"

ဟုပြောလည်း သူက လက်မခံ။

"နေပစေ ဦးထွန်း၊ သူ့ဘာသာ ကိုင်ပစေ"

ဟု ပြောပြီး ကြွေရုပ်ကို တမင် ပညာပြ အနိုင်ကျင့်တာတာပါသည်။ သူပစ်ထည့်သည့် ပစ္စည်းတွေထဲမှာ ဖရဲသီး၊ ပဲနို့ပုလင်း စသည့် လေးလံသော ပစ္စည်းတွေပါလျှင် ကြွေရုပ်မှာ အီးအဲ ညည်းတွားရင်း ခါးလေးတစ်ခြမ်းစောင်းအောင် ကိုင်ဆွဲသယ်မလာရသည်။ ကြွေရုပ်ရဲ့ ထိုပုံစံကို သူကြည့်ရှုရယ်မောလို့ အားရတော့မှ ကြွေရုပ်လက်ထဲက အထုပ်အပိုးတွေကို ဦးထွန်းကို ယူခိုင်းတတ်သည်။

သူ့အဝတ်အစား အသုံးအဆောင်တွေ ဝယ်လျှင်လည်း ကြွေရုပ်ပါရသည်။ အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ်၊ ဦးထုပ် စသည့်ပစ္စည်းတွေ ထည့်ပေးလိုက်သည့် စက္ကူလက်ဆွဲအိတ်

တသီတစ်တွဲကြီးကို ကိုင်ပြီး သူ့နောက်က တကောက်ကောက် လိုက်ပေးရသည်။

ကျောင်းဖွင့်ချိန်ရောက်လာတော့ သူက သူ့အိမ်ကို ပူဆာလိုက်ပြန်သည်မှာ ...

"သားနဲ့ သူနဲ့ အတန်းအတူတူပဲ မာမီ၊ သားတက်တဲ့ ကျောင်းမှာ သူ့ကို ပြောင်းထားပေးပါ"

ဒေါ်မေသီက မျက်လုံးပြူးလျက် ...

"ဟဲ့ ... ဖြစ်မလား၊ မင်းတက်တဲ့ကျောင်းက စရိတ်စက ကြီးကကြီးသနဲ့၊ ပြီးတော့ ပိုက်ဆံရှိ သားသမီးတွေပဲ တက်တဲ့ ကျောင်း"

"သူ့ကိုလည်း သားတို့ မွေးစားထားတာပဲ၊ သူလည်း ပိုက်ဆံရှိ သားသမီး ဖြစ်သွားပြီပဲ"

"မသိဘူးဟယ်၊ သဘောပဲ၊ နင့်အဖေ သွားပြော၊ ဦးထွန်းရေ ... သူ့အဖေ သဘောကရော ဘယ်လိုရှိသလဲ"

"ဆရာကတော့ ဒီလို ကိစ္စအသေးအမွှားလေးတွေကို လိုက်စဉ်းစားနေဖို့ အချိန်မရှိပါဘူး၊ မောင်ယောမင်း သဘောအတိုင်းလုပ်ပေးလိုက်လို့ပဲ ပြောမှာပါ၊ ကျွန်တော်ပဲ ကျောင်းလိုက်အပ်ပေးလိုက်ပါမယ်"

"ပြီးတာပဲ"





ဤသို့ဖြင့် ကြေးရုပ် သူ့ကျောင်းသို့ ပြောင်းရွှေ့လာရပါသည်။ ကျောင်းစတက်သည့် နေ့မှာတော့ သူ့ရည်ရွယ်ချက်ကို ကြေးရုပ် သိခဲ့ရသည်။

"ရော့ ... ငါ့အိတ်ပါ ယူလာခဲ့"

ယောမင်းက သူ့ကျောပိုးအိတ်လေးကို ကြေးရုပ် လက်ထဲ ထိုးထည့်ပေးပြီး ရှေ့ကနေ ရင်ကော့ထွက်သွားသည်။

အဲဒီနေ့မှစကာ ကြေးရုပ်ဟာ သူ့ရဲ့ လွယ်အိတ် သယ်သမား။ မုန့်ထည့်သည့် ခြင်းနှင့် ထမင်းဘူးကိုင်၍ လိုက်ပါရသူ။ မိုးရွာလျှင် ထီးဆောင်းပေးရသူ ...။ တင်စားပြီး ပြောရလျှင် သူ့ရဲ့ သက်တော်စောင့် ကိုယ်ရံတော်ပမာပင်။

ကျောင်းသွားပြီဆို ကြေးရုပ်ရဲ့ အိတ်ကို လွယ်၊ သူ့လွယ်အိတ်ကို တစ်ဖက်ကဆွဲ၊ တစ်ဖက်က ပလပ်စတစ်ခြင်းကို ကိုင်ကာ လိုက်ရသည်။ သူမို့လို့ ယောကျ်ားလေးဖြစ်ပြီး နေစိမ့်လိုက်တာကိုလည်း ကြေးရုပ်မှာ အံ့ဩလို့မဆုံး။

နေ့ခင်း ထမင်းစားချိန်ရောက်လျှင် သူက ရေဆို ရေငှဲ့ပေးရ၊ မုန့်ဆို မုန့်ထုပ်ဖောက်ပေးရ၊ လက်သုတ်ပဝါဆို လက်သုတ်ပဝါကို သူ့လက်ထဲထည့်ပေးရ၊ ကြေးရုပ်မှာ သူ့အမေကြီးပမာ ပြုစုကျွေးမွေးရသေးသည်။

ညနေ ကျောင်းဆင်းပြီးချိန်၌ သူက တစ်စခန်း ထပြန်သည်မှာ ...

ကဲ ... လုပ်ငန်းလေး စ,လိုက်ကြရအောင်"

ဟု ညစ်ကျယ်ကျယ်ပြောပြီး ပန်းသီးတစ်လုံးကို ကြွေရုပ်ထံ ပစ်ပေးလိုက်ခြင်းတည်း။

ကြွေရုပ်က ထိုပန်းသီးကို အမိဖမ်းယူပြီး လက်ဆန့်တန်းကာ လက်ဖဝါးပေါ်တင်ထားပေးရ၏။ သူက တင်းနစ်ဘောလုံးဖြင့် လှမ်းပစ်၏။ အခါနှစ်ဆယ်လောက်ပစ်မှ ပန်းသီးကို တစ်ခါထိ၏။ သူ့ဘောလုံးက ကြွေရုပ်လက်ကို လာထိလိုက်၊ မျက်နှာနားမှာ ဝဲသွားလိုက်၊ တစ်ကြိမ်မှာတော့ သူ့အားကုန် ပစ်လွှတ်လိုက်သော ဘောလုံးက ကြွေရုပ်မျက်နှာကို ထိမှန်သွားလေသည်။

"အီးဟီးဟီး ... မှန်းတယ်၊ နင့်ကို မှန်းတယ်၊ မှန်းတယ် မှန်းတယ် ... အီးဟီး ... အင့်အီး ... "

ကြွေရုပ်သည် ကိုယ့်နဖူးကိုယ် လက်ဖဝါးဖြင့် ဖိအုပ်ပွတ်လိုက်ရင်း နာနာကြည်းကြည်း အော်ဟစ်ငိုကြွေးခဲ့မိလေသည်။

● ● ●



* * *

"မုန်းတယ်၊ မုန်းတယ်၊ နင့်ကို သိပ်မုန်းတာပဲ သိလား"

၁၈ နှစ် သမီးကလေး ကြွေရုပ်သည် ငယ်ငယ်တုန်းကလို နှုတ်က ထုတ်ဖော်မပြောရဲ။ မငိုရဲတော့သော်လည်း စိတ်ထဲမှာ ကျိတ်၍ ပြောရင်း ယောမင်းနောက်မှ အထုပ်ဆွဲ၍ လိုက်ပါနေခဲ့ရပါသည်။ သူက ရှေ့က ကျော့ကျော့။ ကြွေရုပ်က နောက်က သူ့အထုပ်ဆွဲ၊ သူမို့မရှက်တာ။

ခုတော့ ... ကြွေရုပ်ဟာ အရင်လို ပုံမျိုးမဟုတ်တော့။ မေမေ ပြောဖူးသလိုပဲ ကြွေရုပ်ကလေးလို ရှင်းသန့်လှပနေခဲ့ပြီ။ ယောမင်း ဝယ်ပေးသည့် အဝတ်အစားများကလည်း တန်ဖိုးကြီးတွေချည်းသာဝင်။ ကြွေရုပ်ရဲ့ ဇစ်မြစ်ကို မသိသူများက ကြွေရုပ်ဟာ ခြေမွေးမီးမလောင် လက်မွေး မီးမလောင်ကြီးပြင်းလာရသော သူဌေးသမီးကလေးဟုသာ ထင်မှာပင် ... ။

ကြွေရုပ်က မိန်းမဆန်ဆန် သပ်သပ်ရပ်ရပ် လှလှပပ အဝတ်အစားမျိုးကို မကြိုက်။ တန်ဖိုးကြီးသော်လည်း ကပိုကရိုဆန်သည့် ခပ်မိုက်မိုက် အဝတ်အစားမျိုးကို ကြိုက်သည်။ မကြိုက်လို့လည်း မဖြစ်၊ ကြွေရုပ်က အမြဲ ယောမင်းနောက်မှာ မိန်းမကိုယ်ရံတော်ပမာ ကျားကျားလျားလျား နေခဲ့ရသူမို့ပင်။

လူကို လှဖို့ထက် သက်သောင့်သက်သာ ပိုဖြစ်စေသော ကြိုးသိုင်းဖိနပ်အပါး၊ ဂျင်းဘောင်းဘီအကျပ်၊ တီရှပ်အနက်နှင့် ကုတ်အင်္ကျီပါးပါးရှည်ရှည်လေး ထပ်ဝတ်ထားသော ကြွေရုပ်ပုံစံက လှသော်လည်း မခမ်းနား။ ရှေ့ဆံပင်ကို နဖူးပေါ် စင်းစင်းချထားကာ ဘေးနှစ်ဖက်က ဆံပင်တွေကို စတက် အထပ်ထပ်ခုတ်၍ ပခုံးပေါ် ဝဲပျံကျနေသော ပုံစံနှင့် ကြွေရုပ်ပုံစံလေးက အမြဲသွက်လက်ဖျတ်လတ်စွာ ပြုံးလိုက်တိုင်း ပါးချိုင့်ရှည်လေးပေါ်လာတတ်သည့် မျက်နှာလေးက အလွန်ကြည့်ကောင်းမှန်းကိုယ့်ကိုယ်ကို သိသော်လည်း ယောမင်းကို စိတ်တိုနေရတာနဲ့ပဲ ပြုံးဖို့တောင် သတိမရနိုင်အောင် ယောမင်းရဲ့ အမှုပေါင်း သောင်းခြောက်ထောင်ကို မနားတမ်း ထမ်းရွက်နေခဲ့ရသည်။

"ဟိတ် … ကြွေရုပ် ကြည့်စမ်း ဘောင်းဘီမိုက်လား"

ဂျင်းတွေ သီးသန့်ရောင်းသည့် ဆိုင်ရှေ့ရောက်





တော့ ယောမင်းက ဘောင်းဘီတစ်ထည်ဆွဲယူကာ သူ့ကိုယ်နှင့် ကပ်ကြည့်၍ လှမ်းမေးလိုက်သည်။ ကြွေရုပ်က လှတယ် ကောင်းတယ်ပြောလည်း သူယူချင်မှယူတာကို ကြွေရုပ်က နောကြေနေပြီ။ ကြွေရုပ်က မလှဘူးပြောလည်း သူကြိုက်ရင် ဝယ်လိုက်တာပင်။ ဒါနဲ့များတောင် လေကုန်ခံ အချိန်ကုန် အလုပ်ရှုပ်ခံပြီး မေးနေသေးသည်။ အဲ့ဒါတွေ မုန်းဖို့ကောင်းတာပင်။

"ဘယ်လိုလဲ ကြွေရုပ်၊ ကြည့်ပေးစမ်းပါ"

"အင်း … မဆိုးပါဘူး"

ကြွေရုပ်က တာဝန်ကျေလေး ပြန်ပြောလိုက်တော့ ယောမင်းက ဟွန့်ခနဲ တစ်ချက် ရယ်ကာ …

"မဆိုးပါဘူးဆိုတာ ကောင်းတယ်လို့ ပြောတာလား"

"ဆိုပါတော့ …"

"လာ … မင်း ဒီနားခဏလာ"

"ဘာလုပ်မလို့လဲ …"

"ဒီဘောင်းဘီကို မင်း ခဏလာကိုင်ထား၊ ပြီးရင် ဘောင်းဘီကို ဖြန့်ကိုင်ထားရင်း ကိုယ့်ရှေ့မှာ နှစ်ခေါက်လျှောက်ပြ …"

"အဓိပ္ပာယ်မရှိတာ၊ ဝတ်မှာက ကြွေရုပ်မှ မဟုတ်တာ"

"အရောင်ကြည့်မလို့ကွာ၊ အရောင်လှမလှကို ဆေးဆေးက

ရော နီးနီးကရော အလင်းထဲမှာရော အမှောင်ထဲမှာပါ ကြည့်ကြည့်ရတယ်"

"အဲဒါဆိုလည်း ဆိုင်က ဝန်ထမ်းတွေကို ခိုင်းပေါ့"

"သူတို့ကို ခိုင်းရင် ကိုယ့်စိတ်တိုင်းကျ ဖြစ်မှာမဟုတ်ဘူးလေ၊ မင်းက ကိုယ့်ကိစ္စတွေ အမြဲလုပ်ပေးနေကျဆိုတော့ မင်းကိုပဲ စိတ်တိုင်းကျတယ်"

ယောမင်းက ကြွေရုပ်ကို စိတ်ကသိကအောက်ဖြစ်အောင် ခိုင်းစေသည့်နေရာမှာတော့ ပထမတန်းထဲကပင်ဖြစ်သည်။ ကြွေရုပ်မှာ သူခိုင်းတဲ့အတိုင်း ဘောင်းဘီကို ကြွေရုပ်ကိုယ်မှာကပ်လျက် သူ့ရှေ့နားနီးနီးမှာ တစ်ခါ၊ ခပ်ဝေးဝေးမှာတစ်ခါ ရပ်ပြရသည်။ ဆိုင်ထဲက မီးလင်းလင်းအောက်မှာတစ်ခါ၊ ဆိုင်အပြင်ဘက်ကျကျ ခပ်မှောင်မှောင်နေရာလေးမှာတစ်ခါ သွားရပ်ပြလိုက်တော့မှ ကျေနပ်တော်မူလေသည်။

နက်ခ်တိုင် ဝယ်သည့်နေရာရောက်လျှင် သူကနက်ခက်တိုင်တစ်ခု ရွေးပြီး ကြွေရုပ်ကို လက်ဖျောက်တစ်ချက်တီး၍ အချက်ပြလိုက်သည်။ ကြွေရုပ်ကလည်း သူ့နားသို့ ပျာခနဲထသွားကာ နက်ခ်တိုင်ကို စည်းပေးရသည်။ တစ်ခုပြီးတစ်ခုဖြုတ်လိုက်၊ စည်းလိုက်၊ မပြီးနိုင် မစီးနိုင်တော့ချေ။

သူ ဖိနပ်ဝယ်လျှင်လည်း ဖိနပ်ကို ကြိုးချည်ပေးရ





သူက ကြွေရုပ်ဖြစ်သည်။ တစ်ရံဝတ်လိုက်၊ ပြန်ချွတ်လိုက်၊ နောက်တစ်ရံ ရွေးလိုက်ဖြင့် မပြီးနိုင်တော့သောအခါ ကြွေရုပ်သည် သူ့ကို စောင့်ရင်း ငိုက်မြည်းလို့ပင် လာလေသည်။

ကြွေရုပ်ကိုဆို တစ်နည်းမဟုတ် တစ်နည်း ညစ်ရ၊ အနိုင်ယူရ၊ အရှက်ခွဲရမှ ကျေနပ်တတ်သော ယောမင်းက ဆိုင်ထောင့်ထိုင်ခုံလေးမှာ သူ့ကိုစောင့်ရင်း အိပ်ပျော်နေသော ကြွေရုပ်ကို မနိုးဘဲ တစ်ယောက်တည်း ထားခဲ့ကာ ဆိုင်ထဲမှ တိတ်တိတ်လေး ထွက်သွားလေသည်။

ကြွေရုပ် နိုးလာသောအခါ ကြွေရုပ်ကို ပြုံးစေ့စေ့ ကြည့်နေသော ဆိုင်ဝန်ထမ်းများကိုသာ တွေ့ရသည်။ ကြွေရုပ်သည် ရှက်ရှက်နှင့် ကမန်းကတန်း ထရပ်လိုက်မိရင်း အိပ်မှုန်စုန်မွှားဖြင့် ...

"ဟို ... ဟိုတစ်ယောက် ဘယ်ရောက်သွားပြီလဲ ... ၊ အဝတ်လဲခန်းထဲမှာ အကျီဝတ်ကြည့်နေတာလား"

"ဟိုအစ်ကိုက သွားနှင့်ပြီ အစ်မ ... "

"ဟင် ... "

ကြွေရုပ်သည် ထူပူရှက်ရွံ့လျက် ဆိုင်ထဲမှ ခပ်သုတ်သုတ် လှမ်းအထွက် ...

"အစ်မ ... အစ်မ"

"ဟင် ... ဘာလဲ"

ဆိုင်ဝန်ထမ်း ကောင်လေးက စက္ကူလက်ဆွဲအိတ် တစ်သီကြီးကို လှမ်းပေးရင်း ...

"ဒီမှာ အစ်မအိတ်တွေ ကျန်ခဲ့လို့"

"ဩော် ... အဟင်း၊ ကျေးဇူး"

ကြွေရုပ်သည် စက္ကူအိတ်တွေကို ကမန်းကတန်း လှမ်းဆွဲယူပြီး ကတိုက်ကရိုက် လှမ်းထွက်လာခဲ့ရပါသည်။ ပြီးတော့ ရှော့ပင်းစင်တာ တစ်ခုလုံး ပတ်လျက် သူ့ကိုရှာရသည်။ နှစ်ပတ် သုံးပတ် ပတ်ရှာပြီးတော့မှ ပီဇာဆိုင်ထဲမှာ အေးအေးဆေးဆေး ထိုင်၍ ပီဇာစားနေသော သူ့ကို တွေ့ရလေသည်။

ကြွေရုပ်သည် ဆိုင်ထဲသို့ ဒေါသတကြီး ဝင်သွားမိကာ ...

"ဒီမှာ နင့်ကို ငါရှာနေတာ နင်မမြင်ဘူးလား၊ ငါ ဒီရှေ့က ဖြတ်လျှောက်နေတာ သုံးခေါက်ရှိနေပြီ"

"လေးခေါက်ပါ"

"ဘာ ..."

"ကိုယ် သေချာရေထားတာ၊ မင်း ဒီဆိုင်ရှေ့က ဖြတ်လျှောက်နေတာ ဒါနဲ့ပါဆို လေးခေါက်ရှိနေပြီ၊ ကိုယ်





ပီဇာ စမှာတုန်းက တစ်ခေါက်၊ ပီဇာလာချပေးတုန်းက တစ်ခေါက်၊ ပီဇာ နှစ်စိတ်မြောက် စားနေ့ စလှီးတုန်းက တစ်ခေါက်၊ အခုတစ်ခေါက် စုစုပေါင်း လေးခေါက် တိတိ"

သူက လက်လေးချောင်း ထောင်၍ ခပ်အေးအေး ပြောလိုက်ရာ ကြွေရုပ်မှာ သူ့ကိုဆွဲဆောင့်ကိုင်လှုပ်ပစ်ချင်စိတ်ဖြင့် အသည်းယားး၍ သွားလေသည်။

"နင် ငါ့ကိုနှိပ်စက်နေတာပေါ့လေ"

"နှိပ်စက်တာ မဟုတ်ပါဘူး၊ မင်း ကိုယ့်ကို ပြူးပြူးပျာပျာ လိုက်ရှာနေတဲ့ပုံက ရယ်စရာကောင်းလို့ ထိုင်ကြည့်နေတာ ..."

"ဘာ ..."

"ဒါပါနဲ့ဆို နှစ်ဘာရှိပြီ"

"ဘာ ..."

"သုံးဘာ ..."

သူက ကြွေရုပ်ကို မော့မကြည့်ဘဲ လက်သုံးချောင်း ထောင်ပြလိုက်ပြန်သည်။

ကြွေရုပ်သည် သူ့ရဲ့ မထိမဲ့မြင် ပုံကို ဒေါသထွက်လွန်းလို့ ဘာဆက်လုပ်ရမှန်းပင် မသိတော့ချေ။ ယောမင်းကတော့ ပီဇာတစ်စိတ်ကို ခက်ရင်းဖြင့် ထိုးစားရင်း ...

"နောက်တစ်ဘာ ထပ်အော်ရင် ငါလည်း ငြိမ်နေမှာ မဟုတ်တော့ဘူးနော်၊ ကြောင်ချေးရုပ်လို့ ငါ့ထအော်ရင် ငါ့ကို အဆိုးမဆိုနဲ့ ...."

ဟု ခပ်အေးအေး ပြောလေသည်။

ကြွေရုပ်သည် ဘာမှထပ်မပြောနိုင်တော့ဘဲ လက်သီး နှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ သူ့ရှေ့မှာရပ်လျက် ဒေါသစိတ်ဖြင့် ဖိုလှိုက်လာပါသည်။ ထို့နောက် သူ့ရှေ့မှာ ဝင်ထိုင်ချလိုက်ပြီး သူ့ရှေ့က ပီဇာပန်းကန်ကို လှမ်းဆွဲယူကာ ပီဇာစိတ်တွေကို လက်ဖြင့် တစ်ခုပြီးတစ်ခု ယူကာ ပလုပ်ပလောင်းပင် စားပစ်လိုက်မိတော့သည်။

ယောမင်းက ကြွေရုပ်ရဲ့ အပြုအမူကို အံ့သြတကြီး စိုက်ကြည့်နေပြီးမှ တဟားဟားရယ်လိုက်လေသည်။ ကြွေရုပ်ရဲ့ ပြုမူသမျှဟာ သူ့အတွက် အမြဲ ဟာသဖြစ်လို့နေသည်။

ယောမင်းသည် ကြွေရုပ်ကို ဟာသလုပ်ရင်လုပ်၊ မလုပ်ရင် တစ်မျိုးမဟုတ် တစ်မျိုး ပညာပြဖို့ ကြံစည်နေတတ်၏။

တစ်နေ့တော့ ဈေးဝယ်ထွက်ရင်း ယောကျ်ားဝတ်အတွင်းခံ ဘောင်းဘီရောင်းသည့် ကောင်တာရှေ့တွင် သူက ဖြုန်းခနဲ ရပ်ပစ်လိုက်ပြီး ရောင်စုံအတွင်းခံဘောင်းဘီ အလိပ်လေးတွေ ထည့်ထားသည့် ဘူးတွေဆီ လက်ညှိုးထိုးပြကာ ...





"ဘာအရောင် လှလဲ ..."

"ဘယ်သိမလဲဟဲ့ ..."

ကြွေရုပ်က ရှက်ရှက်နှင့် ခပ်ဆတ်ဆတ် အော်လိုက်တော့ သူက ပြုံးစိစိရုပ်ဖြင့် ...

"ရွေးပေးပါဦး ..."

"နင့်ဘာသာ ရွေးပေါ့"

"အရောင်လေး လှမ်းကြည့်ပေးရုံလေးနဲ့ ဘာဖြစ်မှာမို့လို့လဲ၊ ရွေးပေးစမ်းပါ"

ကြွေရုပ်သည် အံတစ်ချက်ကြိတ်လိုက်ပြီး ဘောင်းဘီဘူးတွေကို မကြည့်ဘဲ မျက်နှာလွှဲထားလျက်ကပဲ သုံးလေးဘူး လှမ်းယူကာ ဆွဲခြင်းထဲ ပစ်ထည့်လိုက်သည်။ သူ့ကို အတိုက်အခံ ဆက်လုပ်နေလျှင် ကြွေရုပ် ရှက်ရမှာမို့ပင်။ သူကတော့ ကြွေရုပ်ရဲ့ အခက်တွေ့ အရှက်ရနေပုံကို သဘောကျ အူမြူးလျက် ကျိတ်ရယ်နေသည်။ အမြဲလို မှုန်ကုပ်နေတတ်သော သူ့မျက်နှာဟာ ကြွေရုပ်ကို ချောက်တွန်းရ၊ ပညာပြရသည့် အခါများမှာ မြူးရွှင်နေတတ်သည်။ ကြွေရုပ်ကိုသာ ဒုက္ခမပေးရလျှင် သူ့ဘဝမှာ ပျော်ရွှင်မှုဆိုတာ မရှိတော့တဲ့အတိုင်းပင်။

သူ့ပုံစံဟာ ပိန်ပိန်ပါးပါး အသားဖြူဖြူ၊ ဆံပင်ပျော့ပျော့စင်းစင်းကို ဘေးခွဲခွဲကာ ထိုဘေးခွဲဆံပင် ခပ်ရှည်ရှည်

အစက မျက်နှာပေါ် ခပ်စွေစွေအုပ်ကျနေသည်။ ထိုဆံပင်စကြားက မျက်လုံးကိုပင့်ကာ ခပ်စူးစူး ခပ်မိုက်မိုက် ကြည့်တတ်သော ဂျစ်တစ်တစ် သူ့ပုံစံကို ကောင်မလေးတွေက ကြွေကြတာတော့ အမှန်ပင်။

ကြွေရုပ် ထမ်းရွက်ရသမျှ သူ့ကိစ္စအပေါင်းတွင် ရည်းစားသနံကိစ္စက အဆိုးဆုံးပဲ ဖြစ်လေသည်။

သူ ကောင်မလေးတစ်ယောက်ကို အသည်းအသန် ကြွေပြီဆိုလျှင် ထိုကိစ္စက ကြွေရုပ်ရဲ့ ခေါင်းပေါ်သို့ ကျရောက်လာလေတော့သည်။

● ● ●



* * *

"ဒုန်း ... ဒုန်း"

"ကြွေရုပ် ... ကြွေရုပ် ... ထစမ်းပါ၊ အရေးကြီးလို့ တံခါးဖွင့်စမ်းပါ"

တစ်မနက်မှာ မနက်စောစောစီးစီး ယောမင်းက ကြွေရုပ်ရဲ့ အခန်းတံခါးကို တဒုန်းဒုန်း လာထုလေသည်။

ကြွေရုပ်သည် ဆူညံအသံဗလံတွေကြောင့် လန့်နိုးလာပြီး အခန်းတံခါးကို ပြေးဖွင့်လိုက်သည်နှင့် သူက ကြွေရုပ်လက်ကို ဆောင့်ဆွဲခေါ်လိုက်တာမို့ ကြွေရုပ်မှာ ငိုက်ခနဲ ပါသွားပါသည်။

"ကြွေရုပ် ... နင့်ကို ငါပြစရာရှိလို့၊ ငါနဲ့ ခဏလိုက်ခဲ့စမ်းပါ"

"ငါ မျက်နှာ မသစ်ရသေးဘူးဟ"

"မသစ်ရသေးလည်း ဘာဖြစ်လဲ၊ နင်မပြောရင် ဘယ်သူမှ မသိဘူး"

ယောမင်းက ကြွေရုပ်ကို ခြံထဲက စက်ဘီးနားသို့ ဖွတ်ဆွဲခေါ်သွားသည်။

"ဘယ်သွားမလို့လဲ"

"စကားမရှည်နဲ့၊ လိုက်မှာသာ လိုက်ခဲ့"

"စက်ဘီးနဲ့ သွားမှာလား"

"အေး ... ဟိုဘက်လမ်းထိပ်နားလေးတင်"

"စက်ဘီးက တစ်စီးတည်းလား"

"ဟုတ်တယ်၊ ရော့ ... နင်နင်း ..."

"နင်ကရော ..."

"ငါက နောက်ကထိုင်လိုက်မှာပေါ့"

"ဘာ ..."

"ဟာ ... နားအူလိုက်တာ"

"နင်က ယောကျ်ားဖြစ်ပြီး ငါနင်းတာကို ထိုင်စီးမယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"နင်မရှက်ဘူးပေါ့"

"မရှက်ပါဘူး၊ သက်သာရင် ပြီးတာပဲ"





ယောမင်းက ကြွေရုပ်ကို ဘယ်တုန်းကမှ မငဲ့ညှာဖူးချေ။ မျက်နှာတောင် မသစ်ရသေးသော ကြွေရုပ်မှာ အိမ်နေရင်း အဝတ်အစားဝတ်သည့် ဒူးလောက် ဘောင်းဘီပွပွနှင့် တီရှပ်ပွပွ အကြေတွန့်ကိုဝတ်လျက်ပင် စက်ဘီးကို ကြုံးရုန်းနင်းထွက် လာရပါသည်။ သူကတော့ နောက်ထိုင်ခုံမှာ အမြိန့်သား ထိုင် လိုက်လာသည်မှာ လေကလေးတောင် ချွန်လို့။

"ဟိုး ... ဟိုးထား ... stop၊ ဒီမှာရပ်"

သူ့အော်သံကြားတော့မှ ကြွေရုပ် စက်ဘီးပေါ်မှ ဆင်းလိုက်ပါသည်။

"လာ ... ဟိုဆိုင်ထဲကနေ လှမ်းကြည့်ရင် မြင်ရတယ်"

သူက မှန်တွေကာရံထားသည့် ကော်ဖီဆိုင်ထဲသို့ ဦးဆောင်ဝင်သွားသည်။ ပြီးတော့ လမ်းဘက်သို့ လှမ်းမြင်နိုင်သည့် ထိုင်ခုံမှာနေရာယူလိုက်ပါသည်။ ကြွေရုပ်လည်း ဘုမသိဘမသိ သူ့နားမှာ ဝင်ထိုင်လိုက်ရသည်။ သူက လမ်းမဘက်သို့ လှမ်းကြည့်နေရာက လက်ဖျောက်တစ်ချက် တီးလိုက်ရင်း ...

"အို့ကေ ... လာပြီ၊ ကြွေရုပ် ... ဟိုမှာကြည့်လိုက်စမ်း၊ ကောင်မလေး တစ်ယောက် လျှောက်လာနေတာတွေ့လား၊ ကြိုးရှည်ရှည် အိတ်အဝါရောင်လေးနဲ့ ..."

ကြွေရုပ်က ယောမင်း ညွှန်ပြသည့်ဘက်ဆီ လှမ်းကြည့်လိုက်ရင်း ...

"ဆံပင်ကောက်ကလိန်လေးတွေနဲ့ တစ်ယောက်လား"

"ဟုတ်တယ်"

"အဲ့ဒါ ဘာဖြစ်လဲ"

"ဘယ့်နှယ်လဲ"

"ဘာကို ဘယ့်နှယ်ရမလဲ ..."

"အဲ့ဒီ ကောင်မလေးကို ငါလိုက်မလို့၊ နင့်ကို ပြမလို့ ခေါ်လာတာ၊ နင့်မျက်စိထဲ ဘယ်လိုသဘောရလဲ၊ အိုကေရဲ့လား"

"မဆိုးပါဘူး"

"နင်ကလည်း ဂျင်းဘောင်းဘီဝယ်တုန်းကလို အဖြေမျိုးပဲ ဖြေပြန်ပြီ"

"နင်ကလည်း ဂျင်းဘောင်းဘီ ဝယ်တုန်းက မေးသလို မျိုးပဲ မေးတာမဟုတ်လား၊ ငါ ဘယ်လိုဖြေဖြေ နင့်သဘောနဲ့နင်ပဲ ဆုံးဖြတ်မှာ မဟုတ်လား"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် နင့်ထင်မြင်ချက်ပါတော့ တစ်ခုခု အမှားအယွင်းဖြစ်ရင် နင့်အပေါ် အပြစ်ပုံချလို့ ရတာပေါ့"





သူက ခပ်သာသာလေး ပြောလိုက်ပေမယ့် ကြွေရုပ်မှာတော့ မခံချိမခံသာ စိတ်တွေ တလိပ်လိပ်ထလာရပါသည်။

"ပြီးတော့ ... သူ့ကို နင် မြင်ဖူးထားဖို့ လိုအပ်တယ်လေ၊ နင်ပဲ သူ့ကို လိုက်ရမှာဆိုတော့"

"ဘယ်လို ..."

"ငါ့ကိုယ်စား နင် သူ့ကိုလိုက်ပေးရမယ်"

"ရူးနေလား ယောမင်း ..."

"မရူးဘူး၊ ငါပြောမယ် ... သေချာနားထောင်၊ သူ့နာမည်က ကသစ်တဲ့၊ မနက်တိုင်း ဒီလိုအချိန်ဆို ဒီဆိုင်ရှေ့က ဖြတ်ပြီး သင်တန်းတက်ဖို့ သွားတယ်၊ သူက ACCA, သင်တန်းတစ်ခု တက်နေတယ်၊ ပြီးတော့ တခြား သင်တန်းတွေလည်း တက်နေတာဆိုတော့ မနက် ဒီလို အချိန်တိုင်း အိမ်ကထွက်တယ်၊ သူ့ကို တွေ့ချင်ရင် မနက်တိုင်း အိပ်ရာစောစောထမှဖြစ်မယ်၊ ငါနေ့တိုင်း စောစော မထနိုင်ဘူး၊ အဲ့ဒီတော့ နင်ပဲ စောစောထပြီး သူ့ကို ဒီဆိုင်ထဲကစောင့်ပြီး ဓာတ်ပုံတစ်ပုံ ရိုက်ထား၊ တစ်ပတ်တိတိ ရိုက်ပြီးတာနဲ့ နောက်တစ်နေ့ မနက်စောစော သူ အိမ်ကမထွက်ခင် သူ့ခြံတံခါးဝမှာ သူ့ဓာတ်ပုံတစ်ပုံနဲ့ နှင်းဆီပွင့်တစ်ပွင့် သွားချထား၊ ဓာတ်ပုံနောက်မှာ

'ကိုယ့်ရင်ထဲက ပုံရိပ်ရှင်သို့' လို့ ရေးပြီး အောက်နားမှာ ယောမင်းလို့ ရေးပေးလိုက်၊ ကြားလား"

သူက ရည်းစားထားတာတောင် အပါးခိုချင်သူ ဖြစ်သည်။ ကြွေရုပ်ကို ခိုင်းစရာအကွက်ရှာတွေ့နိုင်သူ ဖြစ်သည်။

ထိုနေ့မှစကာ ကြွေရုပ်သည် မနက်တိုင်း စောစော ထလျက် သူခိုင်းသည့်အတိုင်း လုပ်ပေးရလေသည်။ သူကတော့ ဟိုက ကြွေလော်ဇက်ပြီထင်မှ လူလုံးထွက်ပြပြီး အသာကလေး ကောက်တွဲသွားရုံပင်။ တော်တော် သက်သာကျိုးသည့် ရည်းစား ထားနည်း ဖြစ်၏။ အတုယူဖွယ် ကောင်းလေစွတည်း။

ရည်းစားဖြစ်ကြပြီးနောက်တွင်လည်း လက်မလွှတ် သေး။ သူ့ကောင်မလေးနှင့် ဖုန်းပြောဖို့စိတ်မပါသည့်အခါ၊ ချိန်းထားပြီးမှ သွားဖို့ပျင်းသောအခါ ကြွေရုပ်က ဖုန်းကို သူ့ ကိုယ်စား ကိုင်ပြီး ...

"သူသိပ်နေမကောင်းလို့ အိပ်နေပါတယ်ရှင်"

"သူ အရေးတကြီးကိစ္စနဲ့ အပြင်ထွက်သွားတာ ဖုန်းမေ့ ကျန်ခဲ့ပါတယ်ရှင်"

"သူ ရေချိုးခန်း ဝင်နေပါတယ်ရှင်"

"သူ့အမေ နေမကောင်းလို့ စောင့်ပေးနေရပါတယ်ရှင်"

စသဖြင့် ... စသဖြင့် အကြောင်းပြချက်တွေ





စောင့်ပေးနေချိန်မှာ သူကတော့ အိပ်ရာထက်မှာ အသာကလေး နှပ်၍နေသည်။

နည်းနည်းကြာလာတော့ သူ့ကောင်မလေးက ကြွေရုပ်ဆီကိုပဲ ဖုန်းတဂျီဂျီဆက်ကာ သူနဲ့တွေ့ချင်ကြောင်း ပြောနေတော့တာမို့ ကြွေရုပ်က စိတ်ရှုပ်လာကာ သူ့ဆီသွား ပြောရပါသည်။

"နင့် ကောင်မလေးက ဒီညနေ နင်နဲ့တွေ့ချင်လို့တဲ့"

"ငါ ခရီးသွားတယ်ပြောလိုက်၊ နိုင်ငံခြားသွားတာလို့၊ နှစ်နဲ့ချီ ကြာမှာလို့ ..."

"နင့်ဘာသာ ပြော၊ ငါတော့ ဆက်မလိမ်ချင်တော့ဘူး၊ မျက်နှာပူတယ်"

"ငါတောင်မှ မပူတာ၊ နင်က မဆိမဆိုင် ဘာဝင်ပူနေ တာလဲ"

"နင် ... သူနဲ့မတွဲချင်တော့ဘူးလား ယောမင်း"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"ငါ ပျင်းသွားလို့"

"ပြဿနာပဲ"

"အေး ... ပြဿနာ ဖြစ်ရင်တော့ နင်ဝင်ရှင်းပေးဦး"

ကြွေရုပ်သည် တကယ်ပဲ သူ့ပြဿနာကို ခေါင်းခံရှင်းပေးရလေသည်။ ကောင်မလေး ချိန်းသည့် နေရာကို ကြွေရုပ်ပဲ သွား။ သူ့ကို အပြစ်မပုံအောင် ဇာတ်လမ်းတွေဆင်ပြီးပြော၊ သူ့အမေမှာ နှလုံးရောဂါရှိလို့၊ အဖေက နိုင်ငံခြား ခေါ်သွားလို့ ဆိုတာမျိုးတွေကို ယုံလောက်အောင် ဖြီး။ ကြွေရုပ်က ကြားထဲက မုသာဝါဒတွေ ကျူးလွန်နေချိန်မှာ သူကတော့ ပြဿနာရှုပ်ခဲ့တာ သူမဟုတ်သလို အိမ်က တီဗီမှာ ဘောလုံးပွဲကို အသည်းအသန် ကြည့်ကျန်ခဲ့သည်။ သူ့ခေါင်းထဲမှာ အေးဗစ်ဘာက်ခမ်းတို့ ဝိန်းရှုနီတို့တွေပဲ အပြည့်နေရာယူ ကြီးစိုးနေသည်။

ဒီလိုနဲ့ နောက်တစ်ယောက် ...

နောက်တစ်ယောက် ...

တစ်ယောက်ပြီး တစ်ယောက် ...

တစ်ပြဿနာပြီး တစ်ပြဿနာ ...

သူ့ပြဿနာတွေက ရှင်းလို့ကို မကုန်နိုင်ချေ။

ရည်းစားတွေ များများလာတာနဲ့အမျှ သူ့ပုံစံကလည်း ပဲပိုများလာခဲ့သည်။ ကောင်မလေးတွေအထာကို ပိုညက်လာခဲ့သည်။ ပိုပြီး စတိုင်လ်ကျလာသည်။ ကြွေရုပ်နှင့် စကားပြောလျှင်တောင် အရင်လို နင်တွေ ငါတွေ မပြောဘဲ မင်းတွေ ကိုယ်တွေ သုံးကာပြောတတ်လာသည်။





သူ မိန်းကလေးတစ်ယောက်ကို ငြိပြီဆို သူ့မှာ ဘာမှဝန်မလေးပါ။ သူ့ကောင်မလေးကို ပေးဖို့ မွေးနေ့လက်ဆောင် ဝယ်ပေးရတာလည်း ကြွေရုပ်၊ Romantic ဆန်ဆန် ပစ္စည်းလေးတွေ၊ အမှတ်တရ ကတ်လေးတွေ၊ ပန်းစည်းတွေ၊ မွေးပွဲအရုပ်တွေ ဝယ်ရတာလည်း ကြွေရုပ်။ ကောင်မလေးနှင့် လိုက်ဖက်မည့် ရေမွှေး၊ နှုတ်ခမ်းနီ၊ အိတ် စသည်တို့ကို ရွေးချယ်ဝယ်ယူ အုံးစားရတာကလည်း ကျွန်တော်မျိုးမ ကြွေရုပ်သာပင်။ သူကတော့ ကြွေရုပ် ဝယ်ယူထုပ်ပိုးပေးထားတာ းက အဆင်သင့်ကလေး ယူသွားပြီး ပေးလိုက်ရုံပင်။ က်သည်။

ဦးနှောက် အခြောက်ရဆုံးကတော့ သူ လေ၊ ပညာ မလေးကို ဖြတ်ချင်သည့်အခါမှာပင်။ ပြဿနာတွေ အကျယ် ဖြစ်မလာအောင် ကြွေရုပ်ကပဲ နည်းအမျိုးမျိုး ... ကြားဝင် ခေါင်းခံနေခဲ့ရတာ အကြိမ်ပေါင်း မနည်းတော့ပေမယ့် စိတ်မောရလွန်းလို့ ဒိဝင်္ကကြွေးက ကျွတ်ချင်ပြီ။

တစ်နေ့တော့ သူက ည ဆယ်နာရီလောက်ဥက်ရှိး ကြွေရုပ် တီဗီကြည့်နေတုန်းမှာ သူ့အခန်းရှိရာ အပေါ်ထပ်မှ တဒုန်းဒုန်း ပြေးဆင်းလာကာ ... ၥ

"ကြွေရုပ် ... ကိုယ် ပြောဖို့မေ့နေလို့၊ မနက်ဖြန် ကိုယ့်ကောင်မလေးကို မွေးနေ့လက်ဆောင် ပေးဖို့ရှိတယ်၊

ကိုယ် မနက်စောစော ထသွားရမှာမို့လို့ ဒီည သွားဝယ်ပြီး ပါကင်လုလုထုပ်ထားလိုက်"

"ဒီအချိန်ကြီး ဘယ်မှာ သွားဝယ်ရမလဲ"

"လမ်းထိပ် စတိုးဆိုင်ကို သွားနှိုးပြီး ဝယ်ပေါ့၊ ဒီအနီးအနားကဆိုင်တွေက အိမ်နဲ့တွဲရက်ပဲ မဟုတ်လား"

"ငါတစ်ယောက်တည်း သွားရမှာလား"

"သွားပေါ့ ... ကိုယ်တော့ မလိုက်နိုင်ဘူး၊ အိပ်ချင်ပြီ၊ မနက်စောစော ထရဦးမှာ၊ စောစောအိပ်မှ ..."

သူက သူပြောချင်တာပြောပြီးတာနှင့် အပေါ်ထပ် ပြေးတက်သွား၏။

'လုပါးဝတယ်' ဟူသော စကားလုံးဟာ သူနဲ့ းလို့သာ ဆိုလိုက်ချင်ပါသည်။

ထိုညက ကြွေရုပ်တစ်ယောက်တည်း စက်ဘီးဖြင့် အနီးအနားတစ်ဝိုက်က စတိုးဆိုင်တွေကို သွားပြီး ဖွင့်ပေးလိုပေးငြား အော်ခေါ်နှိုးသော်လည်း မအောင်မြင်။ ကာပစ္စည်းမှ ဝယ်မရဘဲ အမှောင်ထဲမှာ စက်ဘီးနင်း ပြန်လာသော ကြွေရုပ်ရဲ့ မျက်လုံးတွေဟာ နာကျင်စိုစွတ်လာပါသည်။

အိမ်ရောက်တော့ ဒေါသဖြစ်ဖြစ်နှင့် မီးခိုခန်းထဲ ဝင်သွားကာ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ကုလားပဲ





ထုပ်နှင့် ပြောင်းဖူး နှစ်ဖူးကိုဆွဲယူလာကာ ဘူးတစ်ဘူးထဲထည့်ပြီး စက္ကူလုလုပတ်၍ ပါကင်ထုပ်လိုက်ပါသည်။

မနက်ရောက်တော့ လှပသော ဖဲပြားကြိုးကလေးဖြင့် ပတ်ချည်ထားသော ပါကင်ဘူးကြီးကို တယုတယ ကိုင်၍ ယောမင်းလက်ထဲသို့ ထည့်ပေးလိုက်သည်။ ယောမင်းက ထိုဘူးကြီး ပိုက်ပြီး ထွက်သွားတော့ ကြွေရုပ်က ညစ်ကျယ်ကျယ်ပြုံး၍ ကျန်ခဲ့ပါသည်။

နောက် တစ်နာရီလောက်ကြာတော့ ယောမင်းက ဝုန်းဒိုင်းကျဲ ရောက်ချလာကာ ဒေါသတကြီး အော်လိုက်သည်။

"ကြွေရုပ် ... မင်း ကိုယ့်ကို အရှက်ခွဲတယ်ပေါ့လေ၊ ပညာပြတယ်ပေါ့လေ ... ဟုတ်လား"

ကြွေရုပ်ကတော့ လေသံအေးအေးဖြင့် ...

"ငါက အဓိပ္ပာယ်ရှိတဲ့ လက်ဆောင် ပေးလိုက်ပေမယ့် နင်ကမှ အဓိပ္ပာယ်ကို ပြောမပြနိုင်ဘဲ ..."

"ဘာဓိပ္ပာယ်လဲ၊ ဘာအဓိပ္ပာယ်မှ မရှိဘူး၊ လျှောက်ရှုပ်မနေနဲ့ ..."

"လက်ဆောင်က အဓိပ္ပာယ်ရှိတယ်၊ မီးဖိုချောင်သုံး ကြက်သွန်တို့ အာလူးတို့က မင်း ကိုယ့်အတွက် ဟင်းတစ်ခွက်ချက်ပေးပါ၊ မင်းကို ကိုယ့်အိမ်ရှင်မအဖြစ် အပ်နှင်းပါ

တယ်ဆိုတဲ့ အဓိပ္ပာယ်၊ ပြောင်းဖူးက တစ်မျက်နှာကနေ တစ်မျက်နှာ မပြောင်းဘူးဆိုတဲ့ အဓိပ္ပာယ်"

"အပိုတွေ လျှောက်ပြောမနေနဲ့၊ မင်း ပညာပြတာ အသိသာကြီး"

"ပညာပြမခံချင်ရင် ကိုယ်ပေးမယ့် ပစ္စည်း ကိုယ့်ဘာသာ ဝယ်ပေါ့၊ ညအချိန်မတော်ကြီး ငါတစ်ယောက်တည်းကို လိုက်ရှာဝယ်ခိုင်းစရာလား၊ ကိုယ့်ရည်းစားဖို့ ပစ္စည်းတောင် မဝယ်တတ်ဘူးလား၊ ငါက အမြဲလိုက်လုပ်ပေးနေရမှာလား၊ ငါ့အကူအညီမပါဘဲ နင် ရည်းစားမထားတတ်ဘူးလား၊ အစွမ်းအစ မရှိဘူးလား"

ယောမင်းက ဆွတ်ခနဲဖြစ်သွားကာ ...

"အေး ... နင်မပါလည်း ဖြစ်တယ်၊ ငါ့မှာ အစွမ်းအစရှိတယ်၊ ဒီလိုကိစ္စမှာ ငါက စကျွမ်းကြီးပဲဆိုတာ မှတ်ထားလိုက်"

"အေး ... နင် အမြဲတမ်း စကျွမ်းကြီး ဖြစ်နေနိုင်ပါစေလို့ ငါဆုတောင်းပေးလိုက်မယ်"

ထိုနေ့မှ စကာ ယောမင်းက ကြွေရုပ်ဆီက သမီးရည်းစားကိစ္စ အကူအညီ မတောင်းတော့ဘဲ သူ့ရည်းစားပေါင်း





သောင်းခြောက်ထောင်နှင့် သူ့ဘာသာသူ ဆက်လက် ချိတက်နေလေသည်။

အဲဒီလို အမြဲတမ်း 'ချစ်လက်စမကုန်' ဖြစ်နေတတ်သော၊ ကြွေရုပ်အပေါ် ငယ်စဉ်တောင်ကျေး ကလေးဘဝမှသည် ယခုအရွယ်တိုင် သူ့ကစားစရာလေးလို အပိုင်သိမ်းကာ အမြဲတမ်း အနိုင်ယူ ဗိုလ်ကျနေတတ်သော သူလိုလူတစ်ယောက်က ကြွေရုပ်ကို လက်ထပ်ခြင်းဖြင့် အပိုင်သိမ်းဖို့ ကြံရွယ်လာသောအခါ ကြွေရုပ်ရဲ့ အမုန်းက ပို၍သာ ကြီးထွားလာရတော့သည်။

ရှင့်ကို မုန်းလိုက်တာ ယောမင်းရယ်။

● ● ●

* * *

"အဟင့် ... အင့် ... ဟင့် ... ရှင် တကယ် ရက်စက်တာပဲ ယောမင်းရယ်"

ယောမင်းသည် ကားမောင်းနေရင်းက အနားက အိစီအိစီအသံကြောင့် အာရုံနောက်လာရပါသည်။

"တိတ်တော့ ... စန္ဒီ၊ မင်း ငိုတာ ရယ်စရာမကောင်းဘူး၊ ကိုယ်က ရယ်စရာကောင်းအောင် ငိုမှ သဘောကျတယ်"

တိုးတိုးလေးရှိုက်ကာ အလှမပျက်အောင် ငိုပြနေသော စန္ဒီက ယောမင်းကို ဆတ်ခနဲ လှည့်ကြည့်ကာ ...

"ငိုတာတောင် ရှင်သဘောကျအောင် ငိုရမှာလား ယောမင်းရဲ့"

"ဟုတ်တယ် ... "

သူက အေးစက်စက်ဖြေတော့ စန္ဒီက သူ့ကို စိတ်





နာသလို ခပ်စူးစူး စိုက်ကြည့်နေသည်။ သူ ဘယ်လိုမှ မခံစားရပါ။ လက်ရှိ ရည်းစားတွေထဲက တစ်ယောက်ကို လက်မလွှတ်ချင်သေးလို့သာ ချော့မော့ပြီး အိမ်ပြန်ပို့ပေးမိပေမယ့် ဂဂျီဂျောင်လုပ်လာရင်တော့ တာ့တာပြဖို့ ဝန်မလေးပါ။ ကိုယ့်ကိုစိတ်ချမ်းသာအောင်ထားမှ သူ့ကိုလည်း ကိုယ်က စေတနာ ပြန်ထားနိုင်မှာပေါ့။

"ရှင်က စန္ဒီ့ကို ဘယ်လိုငိုစေချင်တာလဲ"

"အဟင်း ... "

ယောမင်းက တစ်ချက်ရယ်သည်။ ပြီးတော့ မချိုမချဉ်ပြုံးကာ ...

"မျက်နှာတစ်ခုလုံး ရှုံ့တွပြီး ပါးစပ်ကြီးကို ဟဖြဲပြီး အီးဟီး အီးဟီးနဲ့ အော်ငိုလိုက်ပေါ့ ... "

"စန္ဒီက အရူးမို့လို့ အဲဒီလိုငိုရမှာလား"

"မရူးတဲ့သူတွေလည်း အဲဒီလို ငိုကြတာပါပဲ"

"ရှင် တော်တော် မစာနာတတ်တဲ့သူ၊ တကယ်ဆို ရှင် စန္ဒီ့ကိုသာချစ်ရင် ဒီစေ့စပ်ပွဲကို ဖျက်ရမှာ သိလား"

"ဒါတော့ မဖြစ်ဘူး၊ သူက ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းလေ"

"ရှင် ဘယ်လိုလူလဲ ယောမင်း ... "

"ခုထိ မသိသေးဘူးလား၊ ကိုယ်က လူတွေအပေါ် ရှင်ဘုရင်ကြောတင်စီး ဗိုလ်ကျ အနိုင်ယူချင်တဲ့သူလေ ... "

"ရှင့်ကို မုန်းတယ် သိလား၊ အရမ်းမုန်းတယ်"

"ကျွိ ... ကျွိ ..."

"အမေ့ ..."

ယောမင်းက ရုတ်တရက် ကားကို လမ်းဘေးသို့ ကွေ့ချကာ ဘရိတ်အုပ် ဆောင့်ရပ်ပစ်လိုက်ပါသည်။

စန္ဒီက လန့်ဖျပ်ပြူးပြာသွားကာ ...

"ဘာဖြစ်တာလဲ၊ ဘာလုပ်တာလဲ"

"သွားတော့ ..."

"ဟင် ..."

"သွားတော့လေ ..."

"ရှင် ဘာပြောတာလဲ"

"သွားတော့လို့ ပြောနေတာလေ၊ မင်းပဲ ခုနပြောတယ်လေ၊ ကိုယ့်ကို မုန်းတယ်ဆို၊ သွားတော့ပေါ့၊ မင်းက ကိုယ့်ကိုချစ်တယ်ဆိုလို့သာ ကိုယ်က ဆက်တွဲနေတာ၊ မုန်းတယ်ဆိုမှတော့ မလိုတော့ဘူးလေ၊ တာ့တာပေါ့"

"အဲ့ဒါ ... အဲ့ဒါက ..."

"ကဲ ... သွားပါတော့ ... အစ်မရယ်"

ယောမင်းက မေးတစ်ချက်ဆတ်ပြလိုက်တာမို့ စန္ဒီက ကားတံခါးကို တွန်းဖွင့်ဆင်းသွားသည်။





"ယောမင်း ... ရှင်ဟာလေ ..."

စန္ဒီက ကားနားမှာရပ်ကာ စကားစရုံရှိသေး ... ယောမင်းက ကားကို ဝေါခနဲ မောင်းထွက်သွားလေသည်။

ခြေဆောင့် ဒေါပွကျန်ခဲ့သော စန္ဒီ့ကို ကားနောက်ကြည့်မှန်မှ တစ်ဆင့် မြင်ရတော့ သူက ခပ်လောင်လောင်ပြုံးပြီး လေလေးတစ်ချက် ချွန်လိုက်ပါသည်။ သူ့ဘေးမှာ ဘယ်သူမှ မရှိတော့မှ သူ့စိတ်တွေ ပေါ့ပါးလာသည်။

"တီတီ ... တီ ... တူတူ ... တီ"

ယောမင်းက အိမ်ဆီသို့ ဦးတည်ကာ ပြန်မောင်းလာနေဆဲ ဖုန်းမြည်သံ ကြားရသည်။ သူက ear phone ကို ကောက်တပ်လိုက်ပြီး ဖုန်းကိုဖွင့်လိုက်သည်။

"ဟဲလို ..."

"ကိုကိုလား ..."

"သြော် ... မီးလေး ..."

"ကိုကို ဘယ်မှာလဲ၊ မီးလေး ပြောစရာရှိလို့ ..."

"ကိုယ် အခုမအားဘူးကွ"

"ဘာလုပ်နေလို့လဲ"

"အိမ်သာတက်နေလို့"

"အာ ... ကိုကို ညစ်ပတ်ကြီး၊ အိမ်သာကထွက်လာရင် ပြန်ဆက်လိုက် ..."

"တော်တော်နဲ့ ထွက်နိုင်မှာမဟုတ်ဘူး၊ ကိုယ် ဝမ်းသွားနေတာ၊ ဒါပဲနော်၊ အမလေး ... ဗိုက်နာလိုက်တာ"

ယောမင်းက ပြောပြီးတာနှင့် ဖုန်းကိုပိတ်ချပစ်လိုက်သည်။ သွားစမ်းပါ ... ကိုယ် အခု မင်းနဲ့ ဖုန်းပြောဖို့ စိတ်မပါသေးလို့၊ အေးအေးပဲ နေစမ်းပါရစေ။

ယောမင်းသည် နာရီတစ်ချက်ကြည့်ပြီး ကားကို အရှိန်မြှင့်၍ မောင်းဆဲမှာ ကားရှေ့ကို ကလေးတစ်ယောက် ဖြတ်ပြေးလာတာကို လှမ်းမြင်လိုက်ရလေသည်။

"ကျွီ ... ကျွီး ..."

သူ ကားဘရိတ်ကို ဆောင့်ရပ်ပစ်လိုက်ရသည်။ ကလေးက လမ်းလယ်မှာရပ်လျက် တအီးအီးအော်ငိုလိုက်ရာ ကလေးအဖေ ဖြစ်ဟန်တူသူက ပြေးပွေ့ချီပိုး ချော့မော့နမ်းရှုံ့လိုက်လေသည်။

"အီးဟီး ... ဖေကြီး သားကြောက်တယ်၊ သားကြောက်တယ်"

"မကြောက်ပါနဲ့ သားရယ်၊ ဘာမှမဖြစ်ဘူးနော်၊ သားက ဖေကြီးအလစ်မှာ ကားလမ်းမပေါ် ပြေးထွက်သွားတာကိုး"

"သား ဘောလုံး ကောက်မလို့"





"ဖေကြီးကို ပြောရင် ဖေကြီး ကောက်ပေးမှာပေါ့ သားရယ်"

သားက အဖေကို အားကိုးတကြီး ဖက်တွယ်ထားပြီး အဖေက သားကို ကြင်နာစွာ ချော့မော့နေသည်။

ယောမင်းသည် ကားစတီယာရင်ကို ခပ်တင်းတင်း ဆုပ်ထားရင်း ထိုမြင်ကွင်းကို ငေးစိုက်ကြည့်နေမိသည်။

"ဟေ့ ... ရှေ့ကကား ဘာလုပ်နေတာလဲ"

နောက်ကားဆီက လှမ်းအော်သံကို ကြားသည်။ မီးထိုးနေတာကို မြင်သည်။ သူ့ကြောင့် ကားတွေ ပိတ်ဆို့နေတာကို သိသည်။ သို့သော် ... သူ ကားမောင်းထွက်ဖို့ကို မေ့လျော့ကာ ထိုမြင်ကွင်းကိုပဲ စိုက်ကြည့် ငြိမ်သက်နေမိသည်။

သားနဲ့ အဖေဆိုတာ ဒီလိုမျိုးပဲလား ...

သူ မသိခဲ့ပါ။

ဒီလို ကြင်နာစွာ ကာကွယ်စောင့်ရှောက်မှုမျိုးကို သူမရခဲ့ဖူးလို့ပါ။

● ● ●

# ယောမင်း၏ ငယ်ဘဝ

နှင့်

ချစ်ခြင်းမေတ္တာ

* * *

ယောမင်းမှာ အဖေရှိ၏။ သို့သော် အတူနေလို့မရ။ အဖေ့သားဟုလည်း အများရှေ့မှာ ပြောခွင့်မရှိချေ။

ယောမင်းသည် 'အဖေမပေါ်သား' တော့ မဟုတ်။ အဖေပေါ်ရက်နဲ့ အဖေ့သားအဖြစ် လူသိရှင်ကြား အသိအမှတ်ပြု မခံရသော သား ဖြစ်သည်။

ယောမင်း၏ အဖေသည် လူသိများ ထင်ရှားလှသော အလွန်ချမ်းသာကြွယ်ဝသည့် သူဌေးကြီးတစ်ဦး ဖြစ်ပါသည်။

ထိုသူဌေးကြီးမှာ ဂုဏ်သရေရှိသော၊ မျိုးရိုးမြင့်သော၊ ပညာတတ်သော၊ လူသိရှင်ကြား ပွဲတက် ဇနီးမယားတစ်ယောက် ရှိခဲ့နှင့်ပြီး ဖြစ်ပါသည်။ ထိုသူဌေးကြီးဟာ တစ်ညသောအခါမှာ မူးယစ်ရီဝေလျက် မျိုးရိုးနိမ့်သော၊ ပညာမတတ်

သော၊ ဆင်ခြင်ဉာဏ် နုံနဲ့သော အိမ်အကူ မိန်းကလေး တစ်ယောက်နှင့် မှားယွင်းခဲ့မိပါသည်။ ထိုမိန်းကလေးဟာ သူဌေးကြီးရဲ့ ကိုယ်ဝန်ကို လွယ်ခဲ့ရပါသည်။

သူဌေးကြီးက သူ ခဏတာလွှင့်ပစ်ခဲ့မိသော သူ့ဂုဏ်သိက္ခာကို ငွေဖြင့် ပြန်ဝယ်ဖို့ ကြိုးစားခဲ့ပါသည်။ သူဟာ လူယုတ်မာတစ်ယောက် မဟုတ်တာမို့ သူ့ရင်သွေးကိုတော့ မပစ်ပယ် ...။ သူ့ရင်သွေးကို ကောင်းမွန်စွာ မွေးဖွားနိုင်ဖို့ လိုအပ်သမျှ ငွေကြေးပမာဏကို ရက်ရက်ရောရော ပေးကမ်းခဲ့သည်။ မွေးဖွားလာသော သူ့ရင်သွေးကို အိမ်ကောင်းကောင်းမှာ နေစေခဲ့သည်။ ကားကောင်းကောင်း စီးစေခဲ့သည်။ ကျောင်းကောင်းကောင်းမှာ နေစေခဲ့သည်။ ကိုယ်ရံတော်ပမာ စောင့်ရှောက်ဖို့ ဦးထွန်းကို တာဝန်ပေးခဲ့သည်။ စိတ်သဘောထားကောင်းမွန်သော ဒေါ်လုံကို အိမ်ထောင်မှုကိစ္စတွေ ဆောင်ရွက်ပေးဖို့ ပို့ပေးခဲ့သည်။ ကလေးအမေကိုတော့ ဓနီးမယားအဖြစ် အသိအမှတ် မပြု၊ လုံးဝ မတွေ့ဆုံတော့ပါ။ ကလေးကိစ္စ၊ ကလေးအတွက် လိုအပ်တာတွေရှိလျှင် ဦးထွန်းမှတစ်ဆင့်သာ ဖြည့်ဆည်းပေးခဲ့ပါသည်။

ကလေးအမေကလည်း ဒီကလေးကို အကြောင်းပြုကာ ပြည့်စုံသော ဘဝကိုရသည့်အတွက် ကျေနပ်သည်။





လွတ်လပ်စွာ ပျော်မွေ့သည်။ သူ့အဖို့ရာ ဒီဘဝကို ရထားတာက ပဲ ကံကောင်းလှပြီမို့ သူဌေးကြီးကို မလိုချင်။ ငွေကိုသာ လိုချင်သည်။ တစ်ဖက်ကပေးနိုင်တာနှင့် တစ်ဖက်က လိုချင်မှုတို့ ကိုက်ညီသည့်အတွက် ဘာပြဿနာမှ မရှိခဲ့။

ပြဿနာရှိခဲ့တာက သူတို့ရဲ့ ကလေးလေးမှာ ဖြစ်သည်။

ယောမင်းသည် ကလေးနှင့်မတန်မမျှ ရထားသော မုန့်ဖိုးငွေများကို ဖုံးပေါလအောင သုံးစွဲတတ်လာသည်။ ငွေရှိရင် ဘာမဆိုဖြစ်တယ်ဟူသော အသိစိတ်ဖြင့် လူတကာအပေါ် အနိုင်ယူရင်း အထီးကျန်စွာ ကြီးပြင်းလာသည်။

ယောမင်း အဖေက အမြဲအလုပ်များသည်။ အမြဲခရီးသွားသည်။ နိုင်ငံခြားမှာ ရက်ကြာရှည်နေသည်။ အဖေနှင့် တွေ့ခွင့်ရဖို့အတွက် တစ်ပတ်လောက် ကြို၍ ရက်ချိတ်ရသည်။ ဒါတောင်မှ ရက်ချိတ်ထားရက်နဲ့ တွေ့ခွင့်မရသည့် အကြိမ်ပေါင်း မနည်း။

သားနှင့် အဖေရဲ့ တွေ့ဆုံခြင်းဟာ လျှို့ဝှက်သော ကိစ္စတစ်ရပ် ဖြစ်ပါသည်။

အဖေသည် ယောမင်းအိမ်ကိုလည်း လာမတွေ့။ သူ့အိမ်ကိုလည်း ခေါ်မတွေ့။ သားအဖနှစ်ယောက်ဟာ ဟိုတယ်

တစ်ခုခုမှာ ဖြစ်စေ၊ စားသောက်ဆိုင်ရဲ့ သီးသန့်ခန်းမှာဖြစ်စေ တွေ့ဆုံကြရပါသည်။

ယောမင်းကို တွေ့တာနှင့် အဖေ မေးလေ့ရှိသော စကားတစ်ခွန်းမှာ ...

"သား ... ဘာလိုလဲ"

ဟူ၍ ဖြစ်ပါသည်။

အဖေက ထိုသို့ မေးသော်လည်း သားက အမှန်တကယ် လိုအပ်တာကို မပြောရဲပါ။

"သားကို ကစားကွင်း လိုက်ပို့ပါ အဖေ"

"သားနဲ့အတူ ကားလျှောက်စီးရအောင် အဖေ"

"သားကို ရုပ်ရှင်လိုက်ပြပါ အဖေ"

"သား ကျောင်းကိုလာပြီး သားရဲ့အဖေဖြစ်ကြောင်း အားလုံးသိအောင် ပြောပေးပါ အဖေ၊ သား သူငယ်ချင်းတွေ ရှေ့မှာ ရင်ကော့ပြီး ဂုဏ်ယူချင်လို့ပါ အဖေ"

"ညတိုင်း သားစာကျက်တဲ့နားမှာ လာထိုင်စာပြပေးပါ အဖေ၊ သားဖျားတဲ့နေ့တွေကျရင် ဘေးမှာ တစ်ညလောက်ဖြစ်ဖြစ် သားကို ဖက်ပြီး လာအိပ်ပေးပါ အဖေ"

ဟူသော စကားလုံးတွေကို မဖြစ်နိုင်မှန်း သိထားသော သားကလေးက မျိုသိပ်ရင်း ဝမ်းနည်းလာရတတ်ပါသည်။





အဖေသည် တစ်စုံတစ်ယောက်ရှေ့မှာ ယောမင်းလက်ကိုဆွဲပြီး ...

"ဒါ ... ကျွန်တော့် သား"

ဟု တစ်ခါမှမပြောခဲ့ဖူးပါ။ အဖေ့သားတစ်ယောက်အဖြစ် အဖေ့လက်ကိုဆွဲပြီး ညှော်ခံပွဲတစ်ခုခုသို့ မလိုက်ပါခဲ့ဖူးပါ။

ယောမင်း မရနိုင်သော အဲဒီအခွင့်အရေးကို အဖေနှင့်အတူနေ သားနှစ်ယောက်က ရထားပြီး ဖြစ်ပါသည်။သူတို့သာလျှင် အဖေ့သားအဖြစ် ဝံ့ကြွားနိုင်ခွင့်ရလေသည်။

သူ ဖျားနေခဲ့သော နေ့တစ်နေ့က အဖြစ်ကိုတော့ တစ်သက်လုံး မမေ့နိုင်ချေ။

ထိုနေ့က အမေ အိမ်မှာ မရှိ ... ။ ဒေါ်လုံကလည်း မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေခဲ့သည်။ ဦးထွန်းကလည်း ခွင့်ယူထားလေသည်။

"အမေ ..."

သူသည် အိပ်ရာထက်တွင် ကယောင်ကတမ်းညည်းတွားရင်း အမေ့ကို တဖွဖွခေါ်သော်လည်း အမေက မလာ။ နောက်တော့မှ အမေ ခရီးသွားနေတာပဲဟု သူသတိရလာသည်။ အမေက သူ့အသိမိတ်ဆွေများနှင့် ချောင်းသာ သွားနေခဲ့တာဖြစ်သည်။

"အဖေ ... အဖေ ..."

ထိုအချိန်၌ သူ ပြင်းပြစွာတမ်းတမိသည်မှာ သူချစ်မြတ်နိုး အားကိုးရသော အဖေ့ကို ဖြစ်လေသည်။ ခိုဝင်ခဲ့ဖူးသော နွေးထွေးသည့် ရင်ခွင်ကို သူတောင့်တသည်။ အဖေနှင့် ခဏတစ်ဖြုတ် နိုးကြောင်ခိုးဝှက် တွေ့ဆုံရသည့် ခဏတာအချိန်လေးတွေကို သူလွမ်းသည်။ ခုချိန်မှာ အဖေနှင့်တွေ့လျှင် သူ့ဝေဒနာတွေ လျော့ပါးသွားမည်ဟု ထင်သည်။

ယောမင်းသည် မှေးစင်းလေးပင်နေသော မျက်လုံးတွေကို အားယူဖွင့်ထားရင်း အိပ်ရာပေါ်မှ အားယူထခဲ့သည်။ သူ အဖေ့ဆီကို သွားမည်။ ခုနစ်နှစ်အရွယ် ကလေးတစ်ယောက်ဟာ နေမကောင်းချိန်မှာ အဖေ့ကို တွေ့ခွင့်ရှိသည်ဟု သူထင်သည်။ သူ့အရွယ် ကလေးတွေ နေမကောင်းဖြစ်လျှင် အဖေကို မှီနွဲ့ချွဲနေတာ သူမြင်ဖူးပေါင်း များပြီ။ သူ အားကျစွာ ငေးမောကြည့်ခဲ့ရတဲ့အကြောင်း အဖေ့ကို ချွဲနွဲ့ ပြောပြချင်သည်။

ယောမင်းသည် ထိုစိတ်ကူးဖြင့် ဒေါ်လုံမသိအောင် အိမ်မှ တိတ်တိတ်ကလေး ထွက်လာခဲ့သည်။

အဖေ့အိမ်လိပ်စာကိုတော့ သူကောင်းကောင်းသိသည်။ အဖေ့ visiting ကတ်လေး သူ့မှာရှိသည်။ ဦးထွန်းကတော့ အဖေ့အိမ်ကို လုံးဝမသွားရဟု သူ့ကိုမှာထားသည်။





သို့သော် ခုလို နေမကောင်းချိန်မှာ အဖေ့ဆီ သွားတာ သူ့မှာ အပြစ်မရှိဘူးဟု ထင်မိသည်။

သူက ပိုက်ဆံကိုတော့ ဖောဖောသီသီ သုံးပိုင်ခွင့်ရတာမို့ သူ့မှာ အဖေ့ဆီသွားဖို့ လမ်းစရိတ် အလုံအလောက် ပါလာသည်။ သူ တက္ကဆီတစ်စီး တားလိုက်ပြီး လိပ်စာကတ်လေး ပြကာ ...

"ဒါ ... ကျွန်တော့်ဖေဖေနေတဲ့ အိမ်လိပ်စာပါ၊ ကျွန်တော့်ကို အဲဒီကို ပို့ပေးပါ"

ဟု ပြောလိုက်သည်။ မကြာခင် အဖေ့အိမ်ရှေ့သို့ သူရောက်လာလေသည်။

ယောမင်းသည် ခြံဝန်းထဲသို့ တစ်စီးပြီး တစ်စီး ဝင်သွားနေသော ကားများရဲ့ဘေးမှ ခြံထဲသို့ အလိုက်သင့်လေး လျှောက်ဝင်လာခဲ့သည်။

ခြံထဲမှာ မီးရောင်စုံတွေ လင်းနေပြီး မီးရောင်အောက်က စားပွဲဝိုင်းများမှာ လူတွေအများကြီး ရှိနေခဲ့သည်။ ဒါ ညစာစားပွဲလုပ်နေတာပဲဟု သူသိလိုက်သည်။ အဖေက ဘယ်မှာလဲ။ ဘယ်ရောက်နေလဲ။ ကလေးငယ်လေးက မှောင်ရိပ်ထဲမှာ ရပ်ရင်း အဖေ့ကို ရှာဖွေနေလေသည်။

"ဟော ... ဖေဖေ"

အဖေ့ကို လှမ်းမြင်တော့ သူပျော်သွားမိသည်။ အဖေ့ ပုံစံက သန့်ပြန့်ခံ့ညားလွန်းသည်။ နိုင်ငံခြားကားတွေထဲက မင်းသားကြီးတွေ ဝတ်သလို ကုတ်အင်္ကျီနှင့် ဘောင်းဘီရှည်ကို စတိုင်လ်ကျကျဝတ်ထားသည်။ အဖေက ပြုံးရွှင်စွာဖြင့် ဧည့်သည် တွေကို ဧည့်ခံသည်။ အဖေ ပြုံးလိုက်လျှင် အရမ်းကြည့်ကောင်း ပါသည်။ အဖေက လူချောတစ်ဦးပင် ...။

ယောမင်းသည် အဖေ့အပြုံးနှင့် အဖေ့ လှုပ်ရှား ဟန်ကို လိုက်ငေးကြည့်နေရင်း အဖေ့နောက်က အမျိုးသမီး တစ်ဦးကိုပါ လှမ်းမြင်လိုက်ရသည်။ ထိုအမျိုးသမီးက အဖေနှင့် အတူ ယှဉ်ရပ်လိုက်ပြီး ဧည့်သည်တွေကို ဧည့်ခံနေသည်။ ကြည့်စမ်း ... အမေ မဟုတ်တဲ့ တခြား မိန်းမတစ်ယောက်နဲ့ အဖေ ဘာလို့ တွဲနေပါလိမ့်ဟု တွေးကာ သူစိတ်ကောက်ချင်သလို ဖြစ်သွားသည်။

ထိုအမျိုးသမီးပုံစံက အမေ့လိုမျိုးတော့ မဟုတ်။ ပြင်ဆင်ထားပုံကလှူကြီးဆန်ပြီး လှုပ်ရှားပြောဆိုဟန်က ညင်သာ သည်။

ယောမင်းက မှောင်ရိပ်ကလေးမှာ ရပ်တန့်နေရင်း ထိုမြင်ကွင်းကိုငေးနေဆဲမှာ ယောမင်းနဲ့ မတိမ်းမယိမ်း ကောင် လေး နှစ်ယောက် အဖေ့ဆီ ပြေးလာတာကို မြင်လိုက်ရသည်။





အဖေက ခါးကိုကိုင်းကာ ထိုကောင်လေးနှစ်ယောက်ကို တယု တယ ဆီးကြိုဖက်ပွေ့လိုက်သည်။ သူတို့ကလည်း အဖေ့လည် ပင်းကို ပွေ့ဖက်ထားသည်။

"ဟော့ကောင်တွေ ဒါ ငါ့အဖေကွ၊ မင်းတို့ မကာပ်နဲ့"

သူ စိတ်ထဲမှ အော်ပြောလိုက်ရင်း လက်သီးဆုပ် လေးတွေကို ကျစ်နေအောင် ဆုပ်ထားမိသည်။

ဟော ... ဟိုအမျိုးသမီးက အဖေ့လက်ကို လှမ်းချိတ် လိုက်ပြန်ပြီ။

"အန်တီ ... ဒါ ကျွန်တော့် အဖေဗျ၊ အဖေ့ကို အန်တီ လာမထိပါနဲ့"

သူ စိတ်ထဲမှ အော်ပြောမိပြန်သည်။

သူ ထိုနေရာမှာ ဆက်လက်ငြိမ်သက်ရပ်တန့်နေဖို့ စိတ်ကူးမရှိတော့ပါ။

ယောမင်းသည် အဖေဆီ ပြေးသွားပြီး အဖေ့လက် ကို လုတွဲလိုက်ဖို့ စိတ်ကူးဖြင့် ခြေလှမ်းတွေကို ရွေ့မိစဉ် ...

"ဟေ့ ... ကလေး ဒီမှာ ဘာလာလုပ်နေတာလဲ"

ခြံစောင့်ဖြစ်ဟန်တူသူ ဦးလေးကြီးက သူ့ရှေ့မှာ ပိတ်ရပ်ပြီး သူ့ကိုငုံ့ကြည့်၍ မေးလိုက်သည်။ သူကလည်း ဦးလေးကြီးကို ဂျစ်ကန်ကန် ပြန်မော့ကြည့်ရင်း ...

"ကျွန်တော့် အဖေဆီ လာတာပေါ့ဗျ"

"မင်းအဖေက ဘယ်မှာလဲ"

ယောမင်းက အဖေ့ဆီ လက်ညှိုးညွှန်ပြလိုက်ရင်း "ဟိုးမှာတွေ့လား၊ အဲ့ဒါ ကျွန်တော့် အဖေ၊ ဒီအိမ်ရှင် သူဌေးကြီးက ကျွန်တော့် အဖေ"

ဦးလေးကြီးက ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း "ငါက ဒီခြံစောင့်ပဲကွ၊ သူဌေးရဲ့သားဆို ငါမသိဘဲ နေပါ့မလား၊ သူဌေးမှာ သားနှစ်ယောက်ပဲ ရှိတာ လူတိုင်း သိပါတယ်ကွာ၊ သူ့သားအငယ် မွေးနေ့ပွဲလုပ်နေတာကွ၊ ကဲ ... လာ ... လာ ... ငါ ခြံဝထိ လိုက်ပို့ပေးမယ်၊ မင်း ပြန်တော့"

ဦးလေးကြီးက ယောမင်းလက်ကို ဆွဲခေါ်လာရာ ယောမင်းက ပြန်ဆောင့်ရုန်းလိုက်ရင်း ...

"မပြန်သေးဘူးဗျ၊ ကျွန်တော့်အဖေဆီ သွားမလို့ ..."

"မင်း ဘယ်သူ့ သားသမီးလဲ၊ တစ်ယောက်တည်း လာတာလား၊ မင်းအိမ်မင်း ပြန်တတ်ရဲ့လား"

လူကြီးက မေးခွန်းတွေ ဆက်တိုက်မေးရင်း ယောမင်းကို မိအောင် ပြန်ဆွဲခေါ်လိုက်သည်။ ယောမင်းက လူကြီးလက်ကလွတ်အောင် ထွန့်ထွန့်လူး ရုန်းကန်တော့ လူကြီး က ပို၍ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ဆွဲခေါ်ရင်း ...





"မင်း စားစရာလိုချင်လို့လား၊ လိုချင်ရင် ငါသွားယူပေး မယ်"

"စားစရာ မလိုဘူးဗျာ၊ အဖေ့ကိုပဲ လိုချင်တာ၊ အဖေ အဖေရေ ..."

"ကောင်လေး ... တော်စမ်း၊ သူများတကာတွေ ပျော်နေ တာကို အနှောင့်အယှက် ဖြစ်အောင် မလုပ်စမ်းနဲ့ ..."

"ဖယ် ... ကျွန်တော့်အဖေဆီ သွားမယ်"

"ဟေ့ ... လာ ... လာစမ်း ..."

ယောမင်းကရုန်းကန်အော်ဟစ်သော်လည်း လူကြီး က ယောမင်းကို ခြံတံခါးဝဆီ ဇွတ်ဆွဲခေါ်သွားပြီး ခြံပြင်သို့ တွန်းထုတ်ကာ ခြံတံခါးကို ပိတ်ပစ်လိုက်လေသည်။

"ကျွန်တော်က ဦးမင်းသော်ရဲ့ သားဗျ"

"ကျွန်တော့် အဖေက ဦးမင်းသော်ပဲဗျ"

ယောမင်းသည် ခြံတံခါးရှေ့မှာ ရပ်လျက် ဟလေး သံ စူးစူးလေးဖြင့် ကြုံးအော်လိုက်သော်လည်း တေးသံစုံတွေ ဖုံးလွှမ်းနေသော ခြံကြီးထဲက အဖေကတော့ မကြားနိုင်ချေ။

"ကျွန်တော် ဦးမင်းသော်ရဲ့ သားဗျ"

"ကျွန်တော် ဦးမင်းသော်ရဲ့ သားဗျ"

ယောမင်းက အသံဝင် ပြာအက်လာသည်အထိ အဆက်မပြတ် အော်ပြောနေခဲ့သည်။

ခဏနေတော့ မိုးတွေရွာလာသည်။

ခြံထဲကလူတွေ အိမ်ထဲရွှေ့သွားတာကို ခြံတံခါး သံတိုင်များကြားမှ လှမ်းမြင်နေရသည်။

မိုးက သည်းသထက်သည်းလာသည်။ လေက လည်း ခပ်ပြင်းပြင်း တိုက်လာသည်။

ယောမင်းကတော့ မပြန်သေး ...။ ခြေစုံရပ်လျက် ဖွဲ့ကောင်းစွာ အော်နေဆဲ ...။ တဖြည်းဖြည်း အက်ကွဲ တိမ်ဝင် လာသော အသံက မိုးသံ လေသံနှင့်အတူ ရောနှောပျောက်ကွယ် သွားသည်။

သူ့တစ်ကိုယ်လုံးလည်း ပြာနှမ်းလျက် ခိုက်ခိုက် တုန်လာသည်။ သို့သော် သူက ထိုနေရာမှ တစ်လက်မ မရွှေ့ဘဲ ပေရပ်နေသည်။ အော်ဟစ်ပြောဖို့ အားမရှိတော့ပေမယ့် ‘ကျွန်တော် ဦးမင်းသော်ရဲ့ သားပဲဗျ’ ဟု နှုတ်ခမ်းမှ တီးတိုး တုန်ခိုက်စွာ ဆက်လက်ရေရွတ်နေသည်။ သူများကြားအောင် မအော်နိုင်သည့်တိုင် ကိုယ့်ဘာသာ ကြားသာရုံလေး ရေရွတ်၍ နေလေသည်။

“ကလေး ... မောင်ယောမင်း”

ဦးထွန်းအသံကို မိုးသံလေသံကြားမှ ခပ်သဲ့သဲ့ ကြားလိုက်ရသည်။ သူ လှည့်ကြည့်မိတော့ ကားပေါ်မှ ဆင်းကာ





ထီးကြီးတစ်ချောင်း ဖွင့်ဆောင်းပြီး ပြေးလာနေသော ဦးထွန်းကို လှမ်းမြင်လိုက်ရသည်။

“ရှာလိုက်ရတာ ကလေးရယ်၊ ဒေါ်လုံက ကလေးပျောက် နေတယ်လို့ ဖုန်းဆက်ကတည်းက ဦးထွန်း လိုက်ရှာနေ တာ”

ဦးထွန်းက ထီးကြီးဖြင့် ယောမင်းအပေါ် မိုးပေး ခိုက်မှာ တုန်ခိုက်ပြာနှမ်းနေသော ယောမင်းက ခွေခနဲ လဲသွား ခဲ့သည်။

“ကလေးရယ် ...”

ဦးထွန်းက ယောမင်းကို ပွေ့ချီလိုက်သည်။ ထို့ နောက် အိမ်ကြီးဆီ တစ်ချက်ငေးမျှော်ကြည့်လိုက်ပြီးမှ သက်ပြင်း ချကာ ကားဆီသို့ လျှောက်သွားခဲ့တော့သည်။

● ● ●

* * *

"ဘာလိုလဲ သား"

"ပိုက်ဆံလိုတယ် အဖေ ..."

မိုးသည်းဝါစ်နေ့ရဲ့ နောက်ပိုင်းမှာတော့ ယောမင်းသည် အဖေ့ဆီမှ ပိုက်ဆံမှတစ်ပါး တခြားအရာများကို မတောင်းဆိုမိအောင် ကိုယ့်စိတ်ကို ကိုယ် ထိန်းချုပ်တတ်လာလေသည်။

"မောင်ထွန်း ကလေးလိုချင်တာ ဝယ်ရအောင် မုန့်ဖိုးများများ ပေးလိုက်ပါကွာ၊ လိုရင် ငါ့ဆီက လာထပ်ထုတ်ပေါ့"

အဖေက ယောမင်းအတွက် အသုံးစရိတ်ကို စီမံခန့်ခွဲရသူ ဦးထွန်းကို လှမ်းပြောလိုက်သည်။ အဖေ ထိုသို့အမြဲပြောသော်လည်း ယောမင်းက မပျော်ရွှင်ချေ။ အမှန်တကယ်လိုအပ်တာကို မရနိုင်မှန်းသိလို့သာ ရနိုင်တာတွေကို တောင်းဆိုနေရခြင်း ဖြစ်သည်။





ယောမင်းသည် ကိုယ်မရနိုင်တာတွေအတွက် အမြဲဝမ်းနည်းလျက်ရှိပြီး ကိုယ်ရနိုင်သည့် ပိုက်ဆံကို အားကိုးကာ သူတစ်ပါးအပေါ် အနိုင်ကျင့် လွှမ်းမိုးခြင်းဖြင့် ထိုဝမ်းနည်းစိတ်ကို ဖြေဖျောက်တတ်သော ကလေးတစ်ယောက် ဖြစ်လာပါသည်။

ဘယ်သူ့ကိုမှ သံသည်းခံအလျှော့ပေးခြင်းမရှိ၊ အနစ်နာခံခြင်းမရှိ၊ မျှဝေခံစားမှုမရှိ။ ထို့ကြောင့် သူ့မှာ သူငယ်ချင်းလည်းမရှိခဲ့ပါ။ အများနှင့် လိုက်လျောညီထွေ မနေတတ်သဖြင့် တစ်ယောက်တည်း အထီးကျန်လာခဲ့ရပါသည်။

ရွယ်တူကလေးတွေက ယောမင်းနဲ့အတူ ဆော့ဖို့ဆို ကျားကိုက်ခံရမှာထက်တောင် ကြောက်သေးသည်။ ယောမင်းက ဘောလုံးကန်ပြီဆိုလည်း လူချရမှ ...။ ကစားနေရင်းက သူ့စိတ်ထဲ သဘောမတွေ့လျှင် တစ်ဖက်သားကို ကုပ်ဖဲ့ဆိတ်ဆွဲလိုက်ရမှ။ နေရာတကာ သူပဲ ဗိုလ်လုပ်ချင်ကာ အထက်စီးကနေခိုင်းစေတတ်သော သူ့ကို သူငယ်ချင်းတွေကလည်း မပေါင်းချင်ကြတော့ပါ။

ယောမင်းကလည်း သူ့ကို ဝိုင်းပယ်ထားသူများကို အရေးမစိုက်သလို နေပြတတ်ပါသည်။ တစ်ခါတစ်ခါတော့ ကလေးပီပီ ဆော့ကစားချင်လာတဲ့အခါ သူများတွေ ဆော့ကစား

နေကြတာကို ကွယ်ရာထောင့်ကနေ မှုန်ကုပ်ကုပ် မျက်နှာထားကလေးဖြင့် ရပ်ကြည့်နေမိတတ်ပါသည်။ အတန်းဖော်တွေက သူ့ကိုမြင်သွားကာ ...

"ဟေ့ကောင် ... မင်း ငါတို့နဲ့ ကစားချင်လို့လား"

ဟု လှမ်းမေးလျှင်တော့ ...

"မကစားချင်ဘူးကွာ"

ဟု ဂျစ်ကန်ကန် ပြန်အော်ပြောပြီး အရေးမစိုက်သလို လှည့်ထွက်သွားတတ်မြဲပင် ...။

တစ်ယောက်တည်း ပျင်းလွန်းလို့ သိပ်ကစားချင်လာလျှင် အတန်းဖော်တစ်ယောက်ယောက်ကို ခေါ်ကာ သူ့ဘောင်းဘီအိတ်ထဲ ထိုးသိပ်ထည့်လာသည့် ပိုက်ဆံတွေကို လက်တစ်ဆုပ်ကြီး နှိုက်ထုတ်လိုက်ပြီး ...

"မင်း ငါနဲ့ကစားရင် ဒီပိုက်ဆံတွေ ပေးမယ်ကွာ"

ဟု ငွေပြကာ ခေါ်ရသည်။ တစ်ဖက်ကလေးက ပိုက်ဆံလိုချင်စိတ်ဖြင့် သူနဲ့အတူ ကစားဖို့ သဘောတူလိုက်လျှင် သူရွေးချယ်လိုက်သော ကစားနည်းဟာ ကုန်းပိုးတမ်း၊ မြင်းစီးတမ်း။ သူ့ကစားဖော်က အမြဲတမ်း သူ့ခန္ဓာကိုယ်ကို ကုန်းပိုးရသူ၊ မြင်းအဖြစ်ခံရသူ။ သူကတော့ အမြဲတမ်း မြင်းစီးသမား၊ ကျောပေါ်ကလူ။





သူ့အကြောင်း သိသွားသူတွေကတော့ ငွေဘာယ်လောက်ပေးပေး ကစားဖို့ ငြင်းဆန်တတ်ကြပါသည်။ တဖြည်းဖြည်းနှင့် ယောမင်းကို လူဆိုးလေးအဖြစ် ပတ်ဝန်းကျင်က သတ်မှတ်လာသည်။ ယောမင်း အမေကလည်း သူ့ကိုမနိုင်။ အဲဒီတော့ အမေ့အမြင်မှာလည်း သူဟာ လူဆိုး။ သူများတွေ လူဆိုးဟု သတ်မှတ်တာထက် အမေ သတ်မှတ်တာက သူ့ကို ပိုပြီး ဝမ်းနည်းစေပါသည်။

● ● ●

* * *

ကောင်မလေးတစ်ယောက်ကို တွေ့သည့်နေ့မှ စကာ ယောမင်းရဲ့ ဘဝဟာ ပျော်စရာကောင်းလာခဲ့တာ ဖြစ်သည်။

ကြောင်ချီးရုပ်လို ညစ်ပတ်ပေလူးနေသော ရုပ်က ဟာသမြောက်စေသည်။ ပါးစပ်ကို အစွမ်းကုန်မဲ့ဖြဲကာ လက်နှစ်ဖက်ဖြင့် ဘယ်ပြန်ညာပြန် မျက်ရည်သုတ်ရင်း အော်ဟစ်ငိုကြွေးနေသော ပုံစံက သူ့ကို ရယ်ချင်စိတ်ဖြင့် အူမြူးရွှင်ပျလာစေသည်။

ကြောက်တတ်ပုံရသော သူမရှေ့မှာ ဟိန်းရဟောက်ရ ဗိုလ်ကျရတာလောက် အရသာရှိတာမျိုး မရှိတော့ချေ။

သူမက သူပြောသမျှကို ငြိမ်ခံနေချင်သူတော့





မဟုတ်ပါ။ ကြောက်ကန်ကန်ရင်းက အနိုင်မခံ အရှုံးမပေးချင်စိတ်ဖြင့် ပြန်ရန်တွေ့တတ်သော သူမရဲ့ စကားလုံးလေးတွေ၊ အူကြောင်ကြောင် အပြုအမူလေးတွေက သူ့ကို အပျင်းပြေစေသည်။ ထို့ကြောင့်ပင် သူက သူမကို အပိုင်လိုချင်ခဲ့သည်။ ကလေးတစ်ယောက်က ကိုယ်ကြိုက်သည့် အရုပ်တစ်ရုပ်ကို လက်ညှိုးထိုးဝယ်လို့ရသလို အဲဒီကောင်မလေးကိုလည်း သူဝယ်လို့ရမည်ဟု ထင်ခဲ့သဖြင့် ဦးထွန်းကို အမျိုးမျိုး ဂျီကျပူဆာခဲ့ရသည်။

ကြွေရုပ်ကို အိမ်သို့ခေါ်လာပေးဖို့အတွက် သူ ဘယ်လောက် ဂျီကျ ပူဆာ ဆန္ဒပြခဲ့ရသလဲဆိုတာ ကြွေရုပ် ခုထိမသိပါ။ သူ တဂျီဂျီ ပူဆာနေတာကို အရေးမလုပ်မချင်း ထမင်းစားပန်းကန်ကို တမင် လွှတ်ချခွဲပစ်တာမျိုး။ အကြောင်းမဲ့ အသံကုန် အာခေါင်ခြစ်၍ အော်တာမျိုး။ သူ့အသုံးအဆောင်ပစ္စည်းတွေကို ပြတင်းပေါက်မှ လွှင့်ပစ်လိုက်တာမျိုးတွေ ဆက်တိုက်လုပ်နေခဲ့သည်။ သူ သောင်းကျန်းရသည့်အကြောင်းရင်းကို မေမေသိတော့ စိတ်ရှုပ်သွားဟန်ဖြင့် ...

"ပေါက်ကရတွေ လာမပူဆာစမ်းပါနဲ့ ငါ့သားရယ်၊ လူတစ်ယောက်ကို မွေးစားတယ်ဆိုတာ ဘယ်လောက်တာဝန်ကြီးသလဲ၊ သူ့ကို အိမ်ပေါ်ခေါ်တင်ပြီး ပြုစုစောင့်

ရှောက်ရမှာ စိတ်ရှုပ်စရာကြီးပါ၊ တော် ... တော် ... အဲဒီ ကိစ္စကို ဂျိုကျမနေနဲ့၊ အဖော်လိုချင်ရင် ခွေးလေးတွေ၊ ကြောင်လေးတွေ မွေးပါလား"

"အဲ့ဒါဆို သား ထမင်းမစားဘူး"

"ဘာ ..."

"သူ့ကို ခေါ်မပေးရင် သား ထမင်းမစားတော့ဘူး"

"ဟဲ့ ... ကိုယ့်ဒုက္ခ ကိုယ်မရှာနဲ့၊ ဦးထွန်း လာ ... လာ ဒီကလေးကို ကြည့်ကျက်ပြောစမ်းပါဦး၊ နင့်ပြောနေရတာနဲ့ ငါ ရုပ်ရှင်ကြည့်ဖို့တောင် နောက်ကျနေပါပြီဟယ်၊ သူငယ်ချင်းတွေနဲ့ ချိန်းထားတာဟဲ့၊ ဟော ... ကားလာခေါ်ပြီ၊ လာပြီဟေ့ ... လာပြီ၊ ဒီမှာ သားတော်မောင်က ပြဿနာရှာနေလို့၊ သား ထမင်းစားနော်၊ ဒေါ်လုံရေ သားကို ထမင်းခေါ်ကျွေးလိုက်ဦး"

မေမေက အဆက်မပြတ်ပြောလည်းပြော၊ ဒေါ်လုံ့ကိုလည်း အော်ခေါ်ရင်း ဒေါက်ဖိနပ်သံ တဒေါက်ဒေါက်ဖြင့် ပျာပျာ ပျာပျာ ထွက်သွားသည်။

ယောမင်းကတော့ ခေါင်းမာမာနှင့် ထမင်းမစားဘဲနေသည်။ မေမေကတော့ သူ့ကိစ္စနှင့်သူ ရှုပ်နေတာမို့ ယောမင်း တကယ် ထမင်းမစားဘဲနေတာကို မသိ။ ဒေါ်လုံက





လာကျွေးလျှင် ပါးစပ်ကို စေ့စေ့ဖိပိတ်ကာ မျက်စိစုံမှိတ်၍ ခေါင်း သွက်သွက်ခါသည်။ ဦးထွန်းက လာချော့လျှင် နားကို ပိတ်ထားသည်။

နှစ်ရက်လုံးလုံး ထမင်းမစားဘဲ လူက ဖြူဖျော့နေတော့မှ အားလုံး မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ ဆရာဝန်ခေါ်ပြီး ဒရစ်ချိပ်ပေးရသည်။ အဖေကလည်း အလုပ်များလှသူမို့ ဒီလိုကိစ္စအသေးအမွှားကို ဦးနှောက်စားမခံဘဲ 'သဘော' ဟု ခွင့်ပြုလိုက်သည်။ ခွင့်ပြုချက်ရရချင်း ကောင်မလေး လိပ်စာကို ဦးထွန်းက အပြေးအလွှား ရှာဖွေပေးခဲ့ပါသည်။ ကောင်မလေး လိပ်စာကိုသိတော့ သူပျော်ခဲ့ရသည်။ ရေခဲချောင်း တစ်ဝကြီး ဝယ်ကျွေးမည်ဟုပြောပြီး ခေါ်လျှင် ရမှာပဲဟု သူက ကလေးတွေးတွေးခဲ့သည်။ သို့သော် ကြွေရုပ်ကို ခေါ်မရတာမို့ သူ ဒေါသဖြစ်ခဲ့ရသည်။

သူ့ဘဝမှာ အပျော်ရွှင်ဆုံး နေ့ရက်တစ်ရက်အကြောင်း ပြောပြပါဟု တစ်စုံတစ်ယောက်က ပြောလာခဲ့လျှင်တော့ ကြွေရုပ်ကို အိမ်ခေါ်လာခဲ့သည့် နေ့တစ်နေ့အကြောင်းကို သူပြောပြမိမှာ သေချာပါသည်။

● ● ●

* * *

"အီးဟီး … ဟီး … မစားဘူး … မစားဘူး၊ အဲဒီ ပုစွန် မစားချင်ဘူး"

"ဟဲ့ … သြော် … ဒီကလေးနှယ် ဒုက္ခပါပဲဟာယ်"

ထမင်းစားပွဲပေါ်က ပုစွန်ထုပ်ကြီး ပန်းကန်ကို တွေ့တွေ့ချင်း ဗြဲခနဲ အော်ငိုလိုက်သော ကြွေရုပ်ကြောင့် ဒေါ်လုံ က တအံ့တသြ ညည်းတွားလိုက်ချိန်တွင် ယောမင်းကတော့ တခွီခွီ ရယ်စပြုပြီ။

"အီးဟီး … စားဘူး၊ ပုစွန် မစားဘူး"

"သြော် … ဒုက္ခပါပဲ၊ အစားကောင်းကောင်း စားရရင် ပျော်မလားလို့ ဟင်းကောင်းကောင်း ချက်ကျွေးကာမှ သူက ပိုတောင်ငိုနေသေးတယ်၊ သား ယောမင်း မင့် ကြွေရုပ်ကို ချော့စမ်းပါဦးဟယ်"





"အဟိ … မချော့ဖါဘူး၊ သူငိုမှ သားရယ်ရမှာ …"

ယောမင်းက ရယ်လို့မောသည့်တိုင် ကြွေရုပ်က ငိုလို့မမောသေး။ ဒေါ်လုံလည်း ကြွေရုပ်ကိုကြည့်ရင်း ဦးနှောက် ခြောက်လာရပါသည်။

"ပုစွန်မစားချင်ရင် ဘာနဲ့စားမလဲ သမီး၊ ဒေါ်လုံကို ပြောလေ၊ ဒေါ်လုံ ချက်ကျွေးမှာပေါ့"

"ချက်မကျွေးနဲ့ ဒေါ်လုံ၊ ငါးပိရည်နဲ့ ကျွေးပါလား၊ ငါးပိရည်ဆို သူစားမှာပေါ့၊ ဟိတ် … ကြွေရုပ် ငါးပိရည် စားမလား"

"စားမယ် … ငါးပိရည်နဲ့ပဲ စားမယ်၊ ပုစွန်နဲ့ မစားဘူး"

"အံ့သြစရာကြီး … ဟိဟိ … ကဲ … ကဲ … ဒေါ်လုံ ငါးပိ ရည်ပန်းကန်လေး ချပေးလိုက်ပါ၊ သူကငါးပိရည်နဲ့ စား နေကျဆိုတော့ ဟင်းကောင်းကောင်း မစားတတ်တော့လို့ နေမှာ"

ဒေါ်လုံက ငါးပိရည်ပန်းကန် လာချပေးတော့ ကြွေရုပ်က သူ့ထမင်း ပန်းကန်ထဲကို ငါးပိရည် နှစ်ဇွန်း ခပ် ထည့်နယ်ဖတ်ပြီး အားပါးတရ စားလေသည်။

"ဟိဟိ … ရှူးနေလား မသိဘူး၊ ပုစွန်ကျ မစားဘူး၊ ငါးပိရည်ကျတော့ စားတယ်၊ ကြောင်ချီးရုပ်၊ အရူးမ၊ တုံးမ …"

ယောမင်းက လက်ဖြင့် နယ်ကာ အားပါးတရ စားနေသော ကြွေရုပ်ပုံစံကို ကြည့်ရင်း အံ့ဩရယ်ချင်နေမိခဲ့သည်။ ပါးစပ်တစ်ဝိုက်မှာ ထမင်းလုံးတချို့ ပေရေကာ ပလုပ်ပလောင်း စားနေသော ကြွေရုပ်ပုံစံက ရယ်စရာမို့ပင်။

ကြွေရုပ် ရောက်လာကတည်းက သူမပျင်းရတော့ပါ။ တစ်နေ့ တစ်နေ့ ကြွေရုပ်ကို ဘယ်လိုအနိုင်ယူမလဲ၊ ဘာတွေခိုင်းစေရမလဲဟုသာ တွေးမိနေသည်။ ကြွေရုပ်ကို သူ့အနားမှာ အမြဲရှိစေချင်သည်။ ကြွေရုပ်က နှုတ်ခမ်းကလေးစူ၊ မျက်မှောင်လေး ကြုတ်ပြီး သူခိုင်းသမျှ လိုက်လုပ်ပေးနေလျှင် သူကျေနပ်သည်။

ကြွေရုပ်က ဘာ့ကြောင့်မှန်းမသိ ပုစွန်ထုပ်ကို ကြောက်သည်။ ပုစွန်ထုပ်ကို မြင်တိုင်းငိုသည်။ ဦးထွန်းကတော့ ကြွေရုပ် မေမေဟာ ကြွေရုပ်စားဖို့ ပုစွန်ထုပ်ဟင်း သွားဝယ်ရင်း ကားတိုက်ခံရတာဟု ပြောပြသည်။

အဲဒီကတည်းက သူလည်း ပုစွန်ထုပ် မစားဖြစ်တော့ပါ။ ဒေါ်လုံ့ကိုလည်း အိမ်မှာ ပုစွန်ချက်လျှင် ကြွေရုပ် မမြင်အောင် ဝှက်ထားဖို့ မှာရသည်။

ကြွေရုပ်အပေါ် သူအနိုင်ယူခဲ့မိတာတွေအတွက် ကြွေရုပ်က သူ့ကို အမုန်းတွေပြန်ပေးပါသည်။ ကြွေရုပ်က အမြဲတမ်း 'နင့်ကိုမုန်းတယ်' ဟု ပြောတတ်သည်။





သူကတော့ ကြွေရုပ်ကို မမုန်းပါ။

ကြွေရုပ်ကို သူလိုအပ်သည်။

ကြွေရုပ်ဟာ ယောမင်းဘဝမှာ မရှိလျှင် မဖြစ်သော အဖော်တစ်ယောက် ဖြစ်ခဲ့ပါသည်။

သို့သော် သူက သံယောဇဉ်ကို ဖုံးဖိသိုသိပ်ပြီး ခပ်တင်းတင်း နေတတ်သော သူတစ်ယောက်မို့ သူမကို ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံဖို့ အမြဲဝန်လေးနေတတ်လေသည်။

● ● ●

* * *

"ဟော့ ... ဒီမှာ ကားမောင်းရင် သတိနဲ့ မောင်းမှပေါ့ကွ၊ မျဉ်းကျားရောက်ရင် အရှိန်လျှော့ရမယ်ဆိုတာတောင် မသိရင် ကားမောင်းမနေနဲ့"

ကလေးအဖေက ကားနားမှာ လာရပ်ကာ ဒေါသတကြီး ဟိန်းဟောက်လိုက်သည်။

ကားစတီယာရင်ကို ဆုပ်ကိုင်ရင်း ငြိမ်သက်နေသော ယောမင်းက ထိုကလေးအဖေရဲ့ အပြောကို စိတ်မဆိုးနိုင်ဘဲ နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြလိုက်ရင်း ...

"ကျေးဇူးတင်ပါတယ်"

"ဘာ ..."

"ကလေးကို ကာကွယ်စောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောတာပါ"





"ငါ့သား ငါစောင့်ရှောက်တာ မင်းကျေးဇူးတင်ဖို့ မလိုပါဘူး"

"ဟော့ ... ရှေ့က ကား ဘာလုပ်နေတာလဲ"

နောက်ဘက်ကအော်ဟစ်သံတွေကြောင့် ယောမင်းက ကားကို မောင်းထွက်လာခဲ့ရသည်။

ရှေ့နားဆီမှာ မီးပွိုင့်တစ်ခါမိတော့ ကိုယ့်ကားဘေးမှာ ယှဉ်ရပ်လာသည့် ကားကို ငဲ့ကြည့်မိသည်။ ကားပေါ်မှာ စုံတွဲတစ်တွဲ ...။ မိန်းကလေးကို ကိုယ်မြင်ဖူးသလိုပဲ ...။ အားပါး ကိုယ့်ရည်းစားဟောင်းလေးပါလား။

အဟား ... နေရာတကာ ကိုယ့်စားရည်းဟောင်းတွေနဲ့ တိုးတိုးနေတတ်တာ ဂုဏ်ယူစရာကြီး။

ယောမင်းက မထိတရိလေးပြုံးရင်း ခေါင်းကိုညွှတ်ကာ လက်လှမ်းပြလိုက်ပါသည်။

"ဟိုင်း ..."

ကောင်မလေးက သူ့ကိုလှမ်းကြည့်ပြီး မျက်မှောင်တွန့်သွားကာ တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။

"ဟေး ... ဟဲလို"

သူက လက်တပြပြနှင့် မရမက လိုက်နှုတ်ဆက်လိုက်တော့ ကောင်လေးက ကောင်မလေးကို လှည့်ကြည့်ရင်း

မေးခွန်းတွေ ထုတ်နေပုံရသည်။ ကောင်မလေးကလည်း ခေါင်းတခါခါ။ သူမသိပါဘူးလို့ ငြင်းနေမှာပေါ့။ ပျင်းစရာကောင်းလိုက်တာ။ ဒီကလည်း မလွမ်းလောက်ပါဘူးကွာ။

မီးပွိုင့်စိမ်းသွားတော့ သူက ထိုကားထက်အရင် ဦးအောင် အရှိန်မြှင့်၍ မောင်းထွက်လိုက်ရင်း ကားပြတင်းမှ လက်ထုတ်ကာ လက်ပြခဲ့ပါသည်။

နေရာတကာမှာ သူ့ရည်းစားဟောင်းတွေဟာ လက်ညှိုးထိုးမလွဲလို့တောင် ပြောရမလားမသိပါ။ လမ်းပေါ်မှာ တွေ့ရင်တွေ့ မတွေ့ရင် shopping center တစ်ခုခုမှာတွေ့၊ ဒါမှမတုတ်ရင်လည်း ဧည့်ခံပွဲတစ်ခုခုမှာတွေ့။ တချို့ဆို မှတ်များတောင် မမှတ်မိတော့ပါ။

'ချစ်တယ် ....' တဲ့။

သူတို့က အခါခါပြောကြသည်။

ယောမင်းက မိန်းကလေးတွေရဲ့ အချစ်များစွာကို မက်မက်မောမော ခံယူခဲ့သော ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ပါသည်။

ကြွေရုပ်က သူ့ကို မုန်းခဲ့သည်။

မိန်းကလေးများစွာကတော့ သူ့ကို ချစ်ခဲ့ကြပါသည်။

● ● ●



❀ ❀ ❀

ယောမင်း အရွယ်ရောက်လာသောအခါ ယောမင်းနံဘေးမှာ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေခဲ့ကြလေသည်။

ယောမင်းသည် ရုပ်ချော၏။ ငွေပေါ၏။

ယောမင်းပုံစံက ဘယ်သူ့ကိုမှ ထီမထင်သည့် ခပ်မိုက်မိုက် ဒီဇိုင်းမျိုး။ ဘေးခွဲ ဆံပင်ရှည်ရှည် ပျော့စင်းစင်းလေးကို ဆတ်ခနဲ ခါတင်ကာ မျက်နှာမော့မော့နှင့် အပေါ်စီးဆန်ဆန် ကြည့်တတ်သော၊ တစ်ခါတစ်ခါ ခေါင်းငုံ့ငုံ့နှင့် ဆံပင်ဝဲဝဲတချို့ အုပ်ဆိုင်းနေသော မျက်လုံးအစုံကို ပင့်ကာ ခပ်ရှူးရှူး ကြည့်တတ်သော သူ့ပုံစံကို လူကြီးတွေက မနှစ်မြို့ပေမယ့် ကောင်မလေးတွေကတော့ အသည်းအသန် ကြွေကြပါသည်။

သူ နည်းနည်းလေးကြိုးစားလိုက်ရုံနှင့် မိန်းကလေးတွေရဲ့ ဂရုစိုက်မှုကို ရခဲ့ပါသည်။ သူတို့ဘက်က စတင်၍

ချစ်ရိပ် ချစ်ငွေ့တွေ ပြခဲ့ကြသူတွေလည်း အများကြီးပင်။ ထို အခြေအနေဟာ သာယာစရာကောင်းမှန်း ယောကျ်ားတွေ အသိ ဆုံး ဖြစ်ပါသည်။

ယောမင်းသည် ဆန့်ကျင်ဘက် မိန်းကလေးတွေရဲ့ ဂရုစိုက်မှုတွေထဲမှာ ယစ်မူးပျော်ဝင်လာခဲ့ပါသည်။ ယေဘာဝ တစ်လျှောက်လုံး 'ငါ့ကို ဘယ်သူမှ ဂရုမစိုက်ကြပါလား' ဟူသောစိတ်ဖြင့် သိမ်ငယ်လာခဲ့ရသမျှတွေအားလုံး မိန်းကလေး တွေရဲ့ ဂရုစိုက် ခံရခြင်းအောက်မှာ ပျောက်ဆုံးသွားခဲ့သည်။

မေမေ ဂရုမစိုက်လည်း နေ၊ ဖေဖေ ဂရုမစိုက် လည်း နေ၊ သူ့နားမှာ သူ့ကို ဂရုစိုက်မည့် မိန်းကလေးတွေ ရှိနေခဲ့သည်။ သူတို့က ယောမင်းကို 'ချစ်တယ်' ဟု ပြောခဲ့ ကြသည်။ ထိုစကားလုံးလေးက ချိုမြိန်လွန်းလှပါသည်။

ယောမင်းက ဘယ်သူရဲ့ အချစ်ကိုမှ မပစ်ပယ်ပါ။ ကိုယ့်ထက်ကြီးသည့် မမအရွယ်နှင့်တွေ့လျှင် ချွဲနွဲ့လိုက်သည်။ ရွယ်တူနဲ့တွေ့လျှင် ရိသဲ့သဲ့အထာလေးတွေနှင့် နေလိုက်သည်။ ငယ်တာလေးတွေနှင့်ဆို သိပ်ရင့်ကျက်သော လူကြီးတစ်ယောက် လို နေပြလိုက်သည်။ အားလုံးနှင့် အဆင်ပြေပါသည်။ အရွယ် သုံးပါးစလုံးကလည်း သူ့ကို အသွင်ကွဲသော ဂရုစိုက်ခြင်းများ ဖြင့် ဆက်ဆံတတ်ကြသည်။





သူတို့က ကြွေရုပ်လို ဂရုမစိုက်ချင်ဘဲ ဂရုစိုက်နေ ကြတာ မဟုတ်။ ကြွေရုပ်လို ခိုင်းမှသိတာမဟုတ်။ ကြွေရုပ် လို သူ့ကို မုန်းမုန်းနှင့် အောင့်အည်းသည်းခံပေါင်းနေကြတာ မဟုတ်။

သူတို့ ဂရုစိုက်မှုကို ခံယူရတာဟာ ပျော်စရာ ကောင်းပေမယ့် သူတို့ကို ပြန်ပြီး ဂရုစိုက်ပေးရမှာကျတော့ ပျင်းစရာကောင်းသည်ဟု ယောမင်းက ထင်ပါသည်။

မိန်းကလေးတွေဟာ ယောကျ်ားလေးတွေအပေါ် တစ်ကျပ်ဖိုးလောက် ဂရုစိုက်ပြီးရင် ယောကျ်ားလေးတွေရဲ့ ဂရုစိုက်မှုကို တစ်ဆယ်ဖိုးမက ပြန်လိုချင်ကြသူများချည်းပင်။

ယောမင်းအတွက် မွေးနေ့လက်ဆောင်လေး ဝယ် ပေးလို့ ယောမင်းမှာ ကျေနပ်လို့မှမဆုံးသေးခင် ...

"တို့မွေးနေ့ကျရင်ရော ဘာပေးမှာလဲ ပြော ... "

ဟု ပြောလျှင်တော့ အဲ့ဒီလို မိန်းကလေးမျိုးကို သူ စိတ်ကုန်ချင်သလို ဖြစ်သွားတတ်ပါသည်။

မိန်းကလေးတစ်ယောက် နှစ်သက်လောက်သည့် ပစ္စည်းတစ်ခုခုကို ရှာဖွေဝယ်ယူရသော အလုပ်ကို သူအလွန် ပျင်းလှပါသည်။ သူက သူလိုသည့်ပစ္စည်းကိုတောင် ကြွေရုပ်ကို ဝယ်ခိုင်းနေသည့် သူမျိုး။ အဲ့ဒီတော့ အဲဒီလို မိန်းကလေးတွေ

အတွက် ဝယ်ရခြမ်းရသည့် အလုပ်ကို ကြွေရုပ်ကိုသာ လွှဲအပ်လိုက်ရပါသည်။

သူ့မှာ တစ်ခုခက်နေတာက မိန်းကလေး တစ်ယောက်နှင့် တွဲတာ ကြာလျှင် ပျင်းရိလာတတ်ခြင်းပင်။

တစ်နေ့ တစ်နေ့ မတွေ့ချင်ချင် တွေ့ချင်ချင် ဒီမျက်နှာတွေပဲ တွေ့တွေ့နေရသည်။ ကြားရသည့် စကားတွေဟာလည်း အပ်ကြောင်းထပ်လာသည်။ ကိုယ့်အတွက် ပေးဆပ်ချင်တာက နည်းနည်း၊ သူတို့အတွက် ရယူချင်တာက များများဖြစ်လာသည်။ ထိုအခါမျိုးမှာ သူက လမ်းခွဲဖယား ခင်းရပါသည်။ လွယ်လွယ်နှင့် ဖြတ်တောက်လို့မရလျှင် ပြဿနာရှင်းပေးဖို့ ကြွေရုပ်ကို အကူအညီ ခေါ်ရသည်။

တစ်ယောက်မကောင်းရင် နှစ်ယောက်ပြောင်း။
နှစ်ယောက်မကောင်းရင် သုံးယောက်လောက် ထပ်ပြောင်း။
ဒီလိုနဲ့ သူ့ရဲ့ ရည်းစားဟောင်း အရေအတွက်များလာခဲ့ရပါသည်။ ခုတော့ ရန်ကုန်မြို့မှာ သူ့ရည်းစားဟောင်းတွေဟာ ပေါမှပေါ။ ရန်ကုန်မှာသာမက နယ်မှာ၊ နိုင်ငံခြားမှာလည်း ရှိသေးသည်။ လူအကောင်အထည် မမြင်ရဘဲ ဖုန်းထဲက အီနေတား၊ အွန်လိုင်းမှာ chat နေတာတွေလည်း တစ်ပုံတစ်ပင်ရှိပါသည်။





နောက်ပိုင်းတွင် ကိုယ့်မာနနှင့်ကိုယ် ကြွေရုပ်အကူအညီ မယူဘဲနေလိုက်တာမို့ ရည်းစားထားရတာ အရင်ထက်ပိုပြီး ပင်ပန်းလာသည်ဟု ခံစားရသည်။

ထိုသော် ပင်ပန်းတာလေးတစ်ခုကလွဲရင် ရည်းစားတွေ ထားနေရခြင်းက သူ့စိတ်ကို ကျေနပ်မှုရစေခဲ့သည်။

သူ့မှာ ရည်းစားတစ်ပုံတစ်ပင် ရှိသည်။ ပြီးတော့ သူ့အနားမှာ သူအချိန်မရွေး ခိုင်းလို့ရသည့် ကြွေရုပ်လည်း ရှိနေသည်။ ထိုအခြေအနေကို သူကြိုက်သည်။

သို့သော် ထိုအခြေအနေက ရုတ်တရက် အပြောင်းအလဲ ဖြစ်လာခဲ့သောအခါ ...

● ● ●

* * *

မေမေ အိမ်ထောင်ပြုသွားသောအခါ ယောမင်းသည် နာကျင်မှု တစ်ပွေ့တစ်ပိုက်ဖြင့် ကျန်ရစ်ခဲ့ရလေသည်။

သူ့နံဘေးမှာ ကြွေရုပ်၊ ဒေါ်လုံနှင့် ဦးထွန်းသာ ရှိတော့သည်။ ဒေါ်လုံကတော့ သူ့ကို ဖျောင်းဖျခဲ့သည်။

"သူလည်း အရွယ်ရှိသေးတာပဲကွယ်၊ သူ့အိမ်ထောင်လေးနဲ့ သူ အတည်တကျလေး နေချင်ရှာမှာပေါ့၊ သင့်တော်တဲ့ အဖော်တွေ့လို့ အိမ်ထောင်ပြုသွားတာပါကွယ်၊ မောင်ယောမင်းကလည်း အရွယ်ရောက်နေပြီဆိုတော့ သူစိတ်ချသွားတာ နေမှာပေါ့"

ဒေါ်လုံက နူးညံ့စွာပြောတော့ သူက သူ့ခံစားချက်ကို သိုဝှက်ထားလိုက်ပြီး ...

"ဘယ်သူက ဝမ်းနည်းနေလို့လဲ၊ ကျွန်တော့်ဘာသာ တစ်ယောက်တည်း နေရလည်း ဘာဖြစ်လဲ၊ အေးဆေးပဲ"





ဟု ခပ်သာသာလေး ပြန်ပြောမိသည်။ ညရောက်တော့မှ အမှောင်ထဲမှာ သူ ကျိတ်ငိုရပါသည်။

နောက် ... သုံးလေးလကြာတော့ ကြွေရုပ်က သူ့ကို လာခွင့်တောင်းသည်မှာ ...

"ယောမင်း ... ကြွေရုပ် အပြင်မှာ သွားနေရပါစေ"

"အပြင် ... ဘယ်အပြင်လဲ၊ ဒီအိမ်အပြင်ဘက်မှာလား၊ ဘာလို့လဲ၊ အိမ်ထဲမှာ နေရတာ ပူလို့ အိုက်လို့လား၊ အဲကွန်း ဖွင့်နေလေ ..."

"မနောက်ပါနဲ့၊ ငါ အတည်ပြောနေတာ၊ သူငယ်ချင်းနှစ်ယောက်နဲ့အတူ တိုက်ခန်းငှားနေဖို့ ငါ စီစဉ်ထားတယ်၊ ပြီးတော့ ငါ တက်ဖူးတဲ့ ကွန်ပျူတာသင်တန်းကျောင်းမှာ နည်းပြပြန်ဝင်လုပ်မယ်၊ အဲ့ဒါဆို ငါ့ဘာသာ ရပ်တည်လို့ရတယ်"

ယောမင်းက ကြွေရုပ်ကို ငြိမ်သက်စွာ စိုက်ကြည့်နားထောင်နေပြီးမှ တစ်ခွန်းချင်း အေးစက်စွာဖြင့် ...

"မင်း ... ဒီမှာမနေချင်တော့တဲ့ အကြောင်းပြချက်က ဘာလဲ ..."

"မသင့်တော်လို့ ..."

"ဘာကို မသင့်တော်တာလဲ"

"နင်နဲ့ ငါနဲ့က ဘာမှမတော်စပ်ဘူးလေ၊ အရင်တုန်းက တော့ အိမ်မှာ နင့်အမေလည်း ရှိတော့ ငါရှိနေတာ သင့်တော်တယ်၊ အခု နင့်အမေလည်း မရှိတော့ဘူးဆို တော့ ငါဆက်နေလို့ မကောင်းတော့ဘူး"

"ဒေါ်လုံ ရှိသားပဲ"

"မတူဘူးလေ"

ယောမင်းက ရင်ဝမှာ နည်းနည်း နာသော်လည်း အပြင်ပန်းကတော့ မထိတရိပုံစံ ဖမ်းကာ ...

"အဲဒီတော့ မင်းက ဒီအိမ်မှာ မနေချင်တော့ဘူး ဆိုပါ တော့ ..."

"ဟုတ်တယ်"

ယောမင်းက ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး ...

"မင်းက ဒီလိုပြောလိုက်တာနဲ့ ကိုယ်က အေး ... သဘောပဲကွာဆိုပြီး အသာတကြည် ခွင့်ပြုလိမ့်မယ်လို့ မင်း မျှော်လင့်ထားတယ်ထင်တယ် ကြွေရုပ် ..."

ကြွေရုပ်က သူ့ကိုခပ်တည်တည်လေး စိုက်ကြည့် နေပါသည်။

"ဆောရီးပဲ ကြွေရုပ်၊ ကိုယ် ခွင့်မပြုနိုင်ဘူး"

"ဘာ့ကြောင့်လဲ ..."





"ဘာ့ကြောင့်လဲဆိုတော့ မင်းက ကိုယ့်ပိုင်ဆိုင်မှုတစ်ခု ဖြစ်နေလို့ပဲ"

"ဘာ ..."

"ဟုတ်တယ်လေ ... မင်းကို ကိုယ်ပိုင်တယ်၊ မင်းက ကိုယ့်ရဲ့ ဥစ္စာပစ္စည်းတစ်ခုပဲ၊ ကိုယ့်ဘဝမှာ လက်လွှတ် ဆုံးရှုံးခဲ့ရတာတွေ များလွန်းလို့ ခုတော့ ကိုယ်ပိုင်ဆိုင်တဲ့ သက်ရှိသက်မဲ့ ဘယ်အရာမဆို လွယ်လွယ်နဲ့ လက်လွှတ် မခံချင်တော့ဘူး"

ကြွေရုပ်သည် ယောမင်းကို စိတ်ပျက်လက်ပျက် ကြည့်ရင်း ...

"လူတစ်ယောက်က လူတစ်ယောက်ကို အမြဲပိုင်ဆိုင်လို့ မရပါဘူး ယောမင်းရယ်၊ နင့်ရဲ့ အသုံးမကျတဲ့ အတွေး အခေါ်တွေကို လွှင့်ပစ်ပြီး လက်တွေ့ကျကျ စဉ်းစားစမ်း ပါ"

"လက်တွေ့ကျကျ စဉ်းစားထားပြီးသားပါ"

"ပြောပါဦး ..."

"မေမေ မရှိတော့လို့ မင်း ဒီမှာဆက်နေဖို့ မသင့်တော် ဘူးဆိုရင် သင့်တော်မယ့် နည်းလမ်းတစ်ခုကို ရွေးချယ် လိုက်ရုံပဲ"

"ဘာနည်းလမ်းလဲ"

"အသင့်တော်ဆုံးက မင်းနဲ့ ကိုယ်နဲ့ လက်ထပ်လိုက်ကြဖို့ပဲလေ"

"ဘာ…"

ကြွေရုပ်သည် ရှက်လည်းရှက်၊ ဒေါသဖြင့်လည်း ဆွေ့ဆွေ့ခုန်လာကာ…

"နှင် လဲသေလိုက်တော့ ယောမင်း၊ နှင် လဲသေလိုက်၊ နှင်နဲ့ငါ လက်ထပ်စရာ ဘာအကြောင်းမှမရှိဘူး"

"ရှိပါတယ်၊ အတူနေဖို့ သင့်တော်သွားအောင်လေ"

"ယောမင်း … နှင် လာနောက်မနေနဲ့"

"မနောက်ဘူး၊ အတည်ပြောတာ …"

"လက်ထပ်ရအောင် နှင်နဲ့ ငါနဲ့က သမီးရည်းစားမှ မဟုတ်ဘဲ"

"ရော် … ဒါကို ဘဝင်မကျတာလား၊ ဒါဆို ခုပဲ ရည်းစား စကား ပြောပေးမယ်လေ၊ နှင့်ကို ငါအရမ်းချစ်တယ် ကြွေရုပ်"

"တော် … တော် … ငါမကြားချင်ဘူး၊ နှင့်ပါးစပ်ကို ပိတ်ထား ယောမင်း၊ နှင့်ပါးစပ်က မိန်းကလေးပေါင်း





သောင်းခြောက်ထောင်ကို လွယ်လွယ်နဲ့ ပြောထွက်နေတဲ့ စကားမျိုး ငါ့လာမပြောနဲ့"

"နှင့်တစ်ယောက်တည်းကို ပြောမယ်ဆိုမှ နားထောင်ချင်တယ် ဆိုပါတော့"

"ယောမင်း … နှင် စကားတတ်တိုင်း လျှောက်ပြောမနေနဲ့"

"နှင်လည်း စကားတတ်တိုင်း ရေလာမြောင်းပေး စကားမျိုး ပြောတာပါပဲ"

"ဘာ … ဘာ …၊ ငါ ဘယ်တုန်းက ပြောလဲ …"

"စောစောက ပြောတယ်လေ၊ လက်ထပ်ရအောင် သမီးရည်းစားမှ မဟုတ်တာတဲ့၊ အဲ့ဒီစကားရဲ့ အဓိပ္ပာယ်က နှင် ငါ့ကို လက်ထပ်ချင်ရင် ရည်းစားစကား အရင်ပြောလို့ အဓိပ္ပာယ်ရတယ်လေ၊ အဲဒါ ရေလာမြောင်းပေးတာပေါ့"

"ယောမင်း …"

"မှန်တာပြောလို့ ဒီလောက် ဆတ်ဆတ်ခါနာနေတာလား"

"နှင် … နှင်"

ကြွေရုပ်က ဘာဆက်ပြောရမှန်းမသိအောင် ဒေါသ တကြီး ဖြစ်ဆဲတွင် ယောမင်းက ရုတ်တရက် မျက်နှာထား တည်သွားကာ …

"ငါ့စကားကို ပေါ့ပေါ့လေးလို့တော့ မမှတ်လိုက်နဲ့ ကြွေရုပ်၊ ဒီနေ့ ငါ ပြောသမျှဟာ အတည်ပဲ၊ ငါ နင်နဲ့ လက်ထပ်မယ်၊ လက်မထပ်ခင် စေ့စပ်ပွဲလုပ်မယ်၊ နင် ငါ့မသိဘဲ ထွက်သွားဖို့တော့ လုံးဝမကြိုးစားနဲ့၊ ငါက နင့်ကို မရရအောင် မြေလှန်ရှာပြီး တွေ့တဲ့နေရာကနေ ဇွတ်ပြန်ဆွဲခေါ်လာမှာ၊ အဲ့ဒီတော့မှ အရှက်ကွဲတယ်တွေ ဘာတွေ လာပြောမနေနဲ့"

ယောမင်းက ခပ်ပြတ်ပြတ်ပြောပြီး ကြွေရုပ်ရှေ့မှ ထထွက်လာခဲ့သည်။

"အရူး …"

ကြွေရုပ်က ခပ်ဆတ်ဆတ် လှမ်းအော်ပြောပေမယ့် သူက မဖြုံပါ။

ကြွေရုပ်ကတော့ လက်သီးနှစ်ဖက်ကို ကျစ်ကျစ် ပါအောင် ဆုပ်ကာ နေရာမှာပင် ရပ်တန့်ငြိမ်သက် ကျန်ရစ်ခဲ့ပါ သည်။





အဲ့ဒီနောက်မှာတော့ သူက စေ့စပ်ပွဲကို အမြန်ဆုံး ဖြစ်မြောက်အောင် သူ့စိတ်တိုင်းကျ စီစဉ်ခဲ့တာဖြစ်သည်။

စေ့စပ်ပွဲအမီ ပြန်ဖို့ စိတ်စောနေသော ယောမင်းက နာရီတစ်ချက်ကြည့်ကာ လေလေးတစ်ချက်ချွန်ရင်း ကားလီဗာ ကို ထပ်ဖိနင်းလိုက်သည်။

သူ မြန်မြန်ပြန်ရောက်ချင်လှပြီ …"

ကြွေရုပ်ကတော့ သူ့ကို ဒေါသတွေနှင့် ဆီးကြို မှာ သေချာပါသည်။

ကိစ္စမရှိပါ။

ကြွေရုပ် ဒေါသဖြစ်သော ပုံစံက ရယ်စရာကောင်း သည်လေ။

● ● ●

# အပိုင်း (၂)

* * *

"လုံးဝ သည်းမခံနိုင်ဘူး၊ လုံးဝ သည်းမခံနိုင်တော့ဘူး"

ညော့်ခန်းကျယ်ကြီးရဲ့အလယ်တွင် မလှုပ်မယှက် ထိုင်ရင်း ယောမင်း ပြန်လာမည့် လမ်းဆီ မျှော်ငေးနေသော ကြွေရုပ်ရဲ့ ရင်ဝဆီသို့ ဒေါသတွေ အလိပ်လိုက် တက်လာနေပါသည်။ ဒေါသဖြင့် ရင်ဘတ်ထဲမှာ ဖိုလှိုက်လာကာ နှုတ်မှတဖွဖွ ရေရွတ်မိနေသည်။

ဒါ့ထက်ပိုပြီး သည်းခံနိုင်စရာ ဘာအကြောင်းရှိတော့လို့လဲ။

စေ့စပ်မယ့် နေ့အထိ သူ့ပုံသွင်းတိုင်း ရတဲ့ ရွှံ့ရုပ်ကလေးလို နေပေးခဲ့ရသည်။ သူကတော့ ကြွေရုပ်ကို ငုတ်တုတ်ထားကာ ရည်းစားတကာနှင့် မပြတ်တောက်နိုင်ဘဲ ဒီအချိန်ထိ ဇာတ်လမ်းရှုပ်နေဆဲ။

သူ့အပေါ် နာစရာတွေက များလှပြီ။ ဒီလောက်ထိ သည်းခံခဲ့တာပဲ ... တော်လောက်ပါပြီ။

"လုံးဝ သည်းမခံနိုင်တော့ဘူး"

ကြွေရုပ်သည် ကိုယ့်ကိုယ်ကို အားပေးသလို ပြတ်ပြတ်သားသား ရေရွတ်လိုက်ပြီးနောက်မှာ ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ ပြီးတော့ ဧည့်ခန်းထဲမှ လှစ်ခနဲ ပြေးထွက်လာပြီး အပေါ်ထပ် ကြွေရုပ်အခန်းရှိရာသို့ ပြေးတက်သွားလေသည်။

"ဟဲ့ ... ဟဲ့ ... ကြွေရုပ် ဘာဖြစ်သွားတာလဲ၊ ကမူးရှူးထိုးနဲ့၊ မောင်ထွန်းရေ ... လာပါဟဲ့၊ ကြွေရုပ် ဘာလုပ်မလို့လဲ မသိဘူး"

"မမကြွေရုပ်ရေ ... အစ်ကိုလေး လာတော့မှာ၊ အချိန်နီးနေပြီ ပြန်ဆင်းလာခဲ့ပါ"

ကြွေရုပ်နောက်မှာ အသံတွေ ပွက်လောရိုက်ကျန်ခဲ့သည်။ ကြွေရုပ်က အခန်းတံခါးကို ဆွဲဖွင့်ဝင်လာပြီး ဗီရိုထောင့်က ခရီးဆောင်အိတ်ကြီးကို ဆွဲယူဖွင့်ချလိုက်သည်။ ထို့နောက် ဗီရိုတံခါးကို ဆွဲဖွင့်ကာ တွေ့ရာ အင်္ကျီတွေ၊ ဘောင်းဘီတွေ၊ စကာဒ်တွေ၊ ဂါဝန်တွေကို သိမ်းကြုံးဆွဲယူပြီး ခရီးဆောင်အိတ်ကြီးထဲသို့ ပစ်ထည့်လိုက်ပါသည်။ ပြီးတော့ မှန်တင်ခုံပေါ်က





ပစ္စည်းတချို့၊ စာအုပ်စင်ပေါ်က စာအုပ်တချို့။ ဆန့်သလောက် ဖိသိပ်ထည့်နေဆဲ ...

"ဒါက ဘာလုပ်နေတာလဲ"

"ဟင် ..."

အခန်းဝမှ အသံကြောင့် ကြွေရုပ်က ချာခနဲ လှည့်ကြည့်လိုက်သည်။ ယောမင်းက အခန်းဝမှာ မားမားရပ်နေရာက အခန်းထဲ လှမ်းဝင်လာကာ ...

"ပြောလေ ... ဘာလုပ်နေတာလဲ"

သူက ဒေါသဖြင့် မေးသည်။ ကြွေရုပ်ကလည်း သူ့ဘက်သို့ ချာခနဲ လှည့်၍ မျက်နှာချင်းဆိုင်ကာ ...

"မြင်တဲ့အတိုင်းပဲလေ၊ ဒီကနေ ထွက်သွားမလို့ ပြင်ဆင်နေတာ ..."

သူက ကြွေရုပ်ကို ဘာမှပြန်မပြောတော့ဘဲ ခရီးဆောင်အိတ်ထဲ ထည့်ထားသမျှတွေကို ပြန်ဆွဲထုတ်လိုက်သည်။

"ဘာလုပ်တာလဲ ...၊ ဖယ် ... ဖယ်"

"မဖယ်ဘူးကွာ"

သူ ဆွဲထုတ်သမျှကို ကြွေရုပ်က ပြန်လု၊ သူက ပြန်ဆွဲ၊ ကြွေရုပ်က ခရီးဆောင်အိတ်ရဲ့ ဇစ်ကို ပိတ်ဖို့ ကြိုးစား၊ သူက ဇွတ်ပြန်ဖွင့်ပြီး ထည့်ထားသမျှတွေ ပြန်ဆွဲထုတ်၊ ဝရန်း

သုံန်းကား အလုအယက် ရှုပ်ယှက်တွေခတ်နေရပါသည်။ နောက်ဆုံးတော့ သူက ကြွေရုပ်ရဲ့ အိတ်ကြီးကို ပိတ်ချုပြီး ဖင်ခုထိုင်ထားလိုက်ပါသည်။

"ယောမင်း ... နင် ဖယ်နော်၊ ငါ့ကို ဘယ်လိုနည်းနဲ့ တားတား ငါကသွားမှာပဲ"

"မသွားရဘူး၊ ခြံထဲမှာ ဧည့်သည်တွေ ရောက်နေပြီ"

"ရောက်လည်း သွားမှာပဲ၊ ငါ နင့်ကို အရမ်းမုန်းတယ်"

"မုန်းရင် ဘာဖြစ်လို့ ဒီနေ့ထိ ထွက်မပြေးဘဲ နေသေးလဲ၊ ခုမှ လာပြီး ပဲများမနေနဲ့"

"နင် ငါ့ကို လိုက်ရှာပြီး ငါအရှက်ရအောင် လုပ်မှာစိုးလို့ ဒီနေ့ထိ ငါဒီမှာရှိနေသေးတာဟဲ့၊ နင့်ကို ချစ်လွန်းလို့လို့ ထင်မနေနဲ့"

"အိုးမလုံ အုံပွင့်မနေနဲ့"

"ဘာ ... ဘာ"

"မင်း ငါ့ကိုညွှတ်နေတာ ငါမသိရင် ခက်မယ်"

"ဟာဟ ... ရယ်စရာကောင်းလိုက်တာ၊ နင့်လို တစ်ဖက်သားကို အနိုင်ကျင့် ဗိုလ်ကျ အတ္တကြီးတဲ့ သူမျိုးကို ညွှတ်ရင် ငါရူးနေလို့ပဲ"

"ငါ့ကိုညွှတ်တဲ့ မိန်းကလေးတွေတော့ တစ်ယောက်မှ မရူးကြပါဘူး၊ မရူးလည်း ညွှတ်လို့ရပါတယ်"





"ယောမင်း ... နင် ... ဖယ်၊ ငါအခန်းထဲက ထွက်သွား"

"မင်း တော်တော်ရယ်စရာကောင်းတယ်၊ မင်း တကယ်ထွက်သွားချင်တယ်ဆိုရင် ဒီပစ္စည်းတွေ မယူဘဲ ထွက်သွားနိုင်သားပဲ"

"ဟဲ့ ... ဘာမှမပါဘဲ ထွက်သွားရင် ငါက ဘယ်သွားပြီး ဘာနဲ့နေရမလဲဟဲ့"

"ပစ္စည်းမက် မက်တယ်ပေါ့"

ယောမင်း အပြောကြောင့် ကြွေရုပ်က ယောမင်းကို ခပ်နင့်နင့် စိုက်ကြည့်လိုက်ပြီးမှ မျက်နှာကို မော့ပစ်လိုက်ရင်း ...

"ကောင်းပြီ ... ဘာမှမယူဘဲ ဆင်းမယ်"

ဟု ပြောကာ ချာခနဲ လှည့်အထွက် ယောမင်းက ကြွေရုပ်လက်ကို ဖျတ်ခနဲ ဖမ်းဆွဲပြီး အခန်းထဲမှ ဆွဲခေါ်ထုတ်လာသည်။

"ယောမင်း ... လွှတ် ... လွှတ်"

ကြွေရုပ်က ရုန်းသော်လည်း ယောမင်းက ကြွေရုပ်လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လျက် လှေကားဆီသို့ တရွတ်ဆွဲမတတ် ဆွဲခေါ်လာသည်။ ကြွေရုပ်က ကုလေးလို ခြေကန်ရုန်းသော်လည်း မရ။ ယောမင်း လက်ထဲမှာ တရွတ် တရွတ်

ခိုတွဲပါလာရသည်။ ယောမင်း မျက်နှာထားကတော့ စောစောကလို နောက်ပြောင်သရော်ချင်သလို မျက်နှာထားမျိုး မဟုတ်တော့ဘဲ တည်တင်းခက်ထန်နေသည်။ စကားလည်း တစ်ခွန်းမှ မပြောတော့ဘဲ နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။

လှေကားထိပ်ရောက်တော့ သူက ခြေလှမ်းတွေကို ရပ်ပစ်လိုက်သည်။ ကြွေရုပ်လက်ကိုတော့ လွှတ်မပေး။

အောက်ထပ်မှ ဒေါ်လုံ၊ ဦးထွန်းနှင့် ကောင်မလေးတွေက လှေကားရင်းမှာရပ်လျက် ကြွေရုပ်တို့ကို မော့ကြည့်နေကြပါသည်။

"ယောမင်း ... နင်ဖွတ်လုပ်ရင် ငါ ဒီကနေ ခုန်ချလိုက်မှာနော်"

"ခုန်ချလေ ..."

"ဟင် ..."

ယောမင်းက သူဖမ်းဆွဲထားသော ကြွေရုပ်လက်ကို လွှတ်ပေးလိုက်တာမို့ ကြွေရုပ်မှာ ကြောင်နနလေး ဖြစ်သွားရပါသည်။ တကယ်တမ်းကျ ကြွေရုပ် ဘယ်ခုန်ချရဲပါ့မလဲ။ ဒါကို သူသိလို့ တမင်ညစ်တာပင်။

"ခုန်ချလေ ... ဘာလုပ်နေတာလဲ၊ ခုန်ချလိုက်ပါတော့လား"





"ယောမင်း ... နင် မညစ်နဲ့"

ကြွေရုပ်က အော်ပစ်လိုက်တော့ အောက်ကနေ မော့ကြည့်နေသည့် ဒေါ်လုံတို့အုပ်စုက ပါးစပ်ပိတ်ကာ ကျိတ်ရယ်လိုက်ကြသည်။ ယောမင်းက သရော်တော်တော်ပြုံးလိုက်ရင်း ...

"ခုန်မချရဲဘူး မဟုတ်လား၊ ခုန်မချရဲရင်တော့ ကိုယ်နဲ့ စေ့စပ်ရလိမ့်မယ်"

ယောမင်းက ကြွေရုပ်ခန္ဓာကိုယ်လေးကို ဆွေ့ခနဲ ပွေ့ချီကာ လှေကားထစ်တွေအတိုင်း တလွှားလွှား ဆင်းလာနေတာကို လှေကားရင်းက ဒေါ်လုံတို့တစ်သိုက်က ပါးစပ်အဟောင်းသားဖြင့် ငေးမောစောင့်ကြိုနေခဲ့ကြလေသည်။

● ● ●

* * *

နောက်ဆုံးမှာတော့ ကြွေရုပ်သည် ခြံဝန်းထဲက ဧည့်ပရိသတ်အပေါင်းရှေ့သို့ သူ့လက်ကို ချိပ်တွဲကာ ရောက်ရှိလာခဲ့ရပါသည်။

ယောမင်းက ကြွေရုပ်လက်ကို သူ့လက်မောင်းနှင့် ကပ်၍ ညှပ်ထားသည်။ ကြွေရုပ် လက်တွဲဖြုတ်ချင်သော်လည်း မရ။ ကြွေရုပ် ရုန်းတိုင်း သူက တအားဖိညှပ်ထားလိုက်သည်။ ဧည့်ပရိသတ်ရှေ့သို့ ထွက်မလာမီလေးမှာပင် ခေါင်းလုံကာ ကြွေရုပ် အနားကပ်၍ တတွတ်တွတ် မှာလိုက်ပါသည်။

"သမီးရယ် ... ပွဲဖျက်ပြီး ထွက်သွားဖို့တော့ စိတ်မကူးပါနဲ့နော်၊ မောင်ယောမင်းက အပြောမတတ် အနေမတတ်ပေမယ့် သမီးအပေါ်တော့ သံယောဇဉ် ရှိရှာပါတယ်"





ဦးထွန်းကလည်း ...

"သမီးရယ် ... မောင်ယောမင်းစိတ်ကို ဦးထွန်း နားအလည်ဆုံးပါ၊ သူ့ဘဝက သနားစရာပါ"

ဟု ဖျောင်းဖျလိုက်သည်။

ကြွေရုပ်ကတော့ သူနှင့် ယှဉ်တွဲလိုက်ပါလာရင်း ရင်ထဲမှာ မခံချင်စိတ်တွေ ပျို့တက်လာနေပါသည်။

ကြွေရုပ်ကို သူထားရာနေ၊ သူစေရာသွား၊ သူ့သဘောအတိုင်း ပုံသွင်းချင်ခဲ့သူ။ ကြွေရုပ်ရှေ့မှာတင် ရည်းစားတွေ တစ်ယောက်ပြီး တစ်ယောက် ထားခဲ့သူ။ ဒီလိုလူတစ်ယောက်နဲ့ မကြာခင် လက်ထပ်တော့မယ့်အကြောင်း အသိပေးသည့် ဒီလိုပွဲမျိုးမှာ ကြွေရုပ် လုံးဝ မပျော်ရွှင်နိုင်တာ ကြွေရုပ်အလွန် မဟုတ်တာတော့ သေချာသည်။

ကြွေရုပ် ခံပြင်းလှသည်။ ဒေါသထွက်လှသည်။ ကြွေရုပ်အဖြစ်ဟာ ဝမ်းနည်းကြေကွဲစရာပဲဟု တွေးလေ ဝမ်းနည်းနာကြည်းလေ ဖြစ်ရသည်။

သို့သော် ... ဘာတတ်နိုင်မှာလဲ။ လွန်ဆန်နိုင်သည့် သတ္တိမျိုးလည်း မရှိ၊ သူ့ကိုလည်း ကြောက်သဖြင့် သူ့အလိုကျ စေ့စပ်ရတော့မည်။

စေ့စပ်ပွဲဆိုပေမယ့် နှစ်ဖက်မိဘ အသိပေး ညှိနှိုင်း

သည့် ပုံစံမျိုးတော့မဟုတ်။ ယောမင်းဘက်မှာလည်း ညှိနှိုင်းမည့် မိဘမရှိ။ ကြွေရုပ်ဘက်မှာလည်း မရှိ။ အိမ်နီးချင်းတချို့၊ ယောမင်းဆိုင်မှ ဝန်ထမ်းမိသားစုများ (ယောမင်းက ကျောင်းပြီးတာနှင့် သူ့အဖေထံမှ ပိုက်ဆံတောင်းကာ စူပါမတ်ကတ်တစ်ခုမှာ ဖိနပ်သီးသန့်အရောင်းဆိုင် ဖွင့်ထားပါသည်။) မိတ်ဆွေသူငယ်ချင်း အနည်းငယ်၊ စီးပွားရေးအရ ပတ်သက်သူများ၊ ကျောင်းတုန်းက ဆရာမ မိသားစုဝင် တချို့ကိုသာ ဖိတ်ကြားထားပါသည်။

တကယ်တော့ ဒီပွဲဟာ ကြွေရုပ်ကို လက်မထပ်ရသေးပေမယ့် ကြွေရုပ်ဟာ သူပိုင်ပစ္စည်းတစ်ခုဖြစ်လာမည့်အကြောင်း တံဆိပ်ကပ်ပြလိုက်သည့် သဘောပင်။ တစ်နည်းအားဖြင့် ကြွေရုပ်ဟာ သူလက်ထပ်မည့် မိန်းကလေးဖြစ်၍ ကြွေရုပ်နားသို့ ဘယ်သူမှ လာမချဉ်းကပ်နဲ့ဟု အသိပေး သတင်းလွှင့်ချင်သည့် သဘော။

ယောမင်းက ဧည့်ပရိသတ်ရှေ့မှာ ကြွေရုပ်နှင့်အတူ ယှဉ်တွဲရပ်လိုက်ရင်း ...

"ဒီပွဲလေးက ကြွေရုပ်နဲ့ ကျွန်တော် မကြာခင် လက်ထပ်တော့မယ့်အကြောင်း ကြိုတင်အသိပေးရင်း နွေးနွေးထွေးထွေး ဆုံချင်လို့ အားလုံးကို ဖိတ်ကြားလိုက်ရတာပါ၊





မြိန်ရည်ယှက်ရည် သုံးဆောင်ရင်း၊ ရင်းရင်းနှီးနှီး စကားတွေပြောရင်း ပျော်ပျော်ပါးပါး ဖြတ်သန်းလိုက်ကြရအောင်ပါ၊ အဟင်း ... တစ်ခုတော့ ကြိုတောင်းပန်ချင်တယ် ခင်ဗျ၊ အခု ကျွန်တော့် ကြွေရုပ်က ကျွန်တော့်ကို စိတ်ကောက်နေလို့ မျက်နှာမကြည်မလင် ဖြစ်နေတာလေးကိုတော့ သည်းခံပေးကြပါ"

"နောက် သည်းခံစရာလေးတစ်ခုလည်း ရှိနေသေးတဲ့အကြောင်း ဆက်ပြောလိုက်ပါဦး"

ရုတ်တရက် ထွက်ပေါ်လာသော မိန်းကလေးအသံကြောင့် ဧည့်ပရိသတ်တွေရော၊ ကြွေရုပ်နဲ့ ယောမင်းပါ အသံလာရာသို့ လှမ်းကြည့်လိုက်ကြသည်။

မိန်းမငယ်လေးတစ်ယောက်က မထိတရီ မျက်နှာထားဖြင့် ကြွေရုပ်တို့ထံ လျှောက်လာနေသည်။ ယောမင်းက အံ့သြတင်းမာသွားကာ ...

"မင်း ... မင်း"

"မင်း မဟုတ်ဘူးလေ ကိုကိုရဲ့၊ မီးပါ ...၊ မီးလေးပါ၊ ကိုကို့ကို လောင်မြိုက်ပေးမလို့ လာတာပါ"

ကောင်မလေး ပုံစံက အထိန်းအကွပ်မရှိ ပရမ်းပတာ ထင်ရာစွပ်လုပ်တတ်သည့် ပုံစံမျိုး။ ဘာကိုမှလည်း ဂရု

စိုက်ပုံမရဘဲ ယောမင်းနှင့် နီးကပ်စွာ မျက်နှာချင်းဆိုင်ရပ်လိုက်ရင်း ...

"စောစောက မီး ဖုန်းဆက်တုန်းကတော့ အိမ်သာတက်နေလို့ဆို ...၊ မသကာလို့ အိမ်လိုက်လာမိတော့မှ ကိုယ့်ရည်းစားရဲ့ စေ့စပ်ပွဲနဲ့ တိုးနေတော့တယ်၊ အံ့ဖွယ်သုတ ပါပဲလား ကိုကိုရယ်"

"မင်း အခုထွက်သွားပါ"

"ကိုယ့်ရည်းစားကို နှင်ရက်တယ်ပေါ့လေ"

"မင်းက ငါ့ရည်းစားဖြစ်ကောင်းဖြစ်လိမ့်မယ်၊ ဒါပေမယ့် ငါ လက်ထပ်ချင်တဲ့ မိန်းမတော့ မဟုတ်ဘူးလေ၊ ငါ လက်ထပ်ချင်တဲ့ သူဟာ ကြွေရုပ်တစ်ယောက်တည်းပဲ"

"သြော် ... ရည်းစားတစ်ထောင် ဇနီးကောင်းတစ်ယောက် ပေါ့လေ"

"ဦးထွန်း ... ဦးထွန်း၊ လာပါဦး ... ဒီမှာပွဲလာဖျက်တဲ့ သူကို အပြင်ခေါ်ထုတ်သွားပါ"

"ယောမင်း ... ရှင် ... ရှင်"

အခြေအနေအားလုံးဟာ ရုတ်တရက် ရှုပ်ယှက်ခတ်သွားသည်။ ဧည့်ပရိသတ်ရဲ့အာရုံက ယောမင်းနဲ့ သူ့ကောင်မလေးဆီမှာ၊ ဦးထွန်းကလည်း ထိုပြဿနာကို ဖြေရှင်းဖို့သာ





အာရုံစိုက်ရင်း ယောမင်းဆီ ခပ်သွက်သွက် လျှောက်သွားနေသည်။ ဒေါ်လုံနှင့် အိမ်က ကောင်မလေးတွေကလည်း တစ်ယောက်တစ်မျိုး ဝေဖန်ဆူညံလျက် မီးဆိုသော မိန်းကလေးကို ပြစ်တင်ရှုံ့ချနေကြသည်။

ထိုအချိန်တွင် ...

ကြွေရုပ်သည် ရှုပ်ထွေးနေသော အခြေအနေကို အခွင့်အကောင်းယူကာ တွဲထားသော လက်ကို မသိမသာ ဖြေလျှော့ပစ်လိုက်ပြီး တစ်လှမ်းချင်း နောက်သို့ဆုတ်လာသည်။

ကြွေရုပ်ရဲ့ နှလုံးသားတစ်စုံက ရင်ကွဲအောင် ခုန်နေသည်။ ဒေါသက ငယ်ထိပ်သို့တက်ကာ တထုတ်ထုတ် ဆောင့်တိုးနေသည်။ နာကြည်းမှုနှင့် မာနက ရင်ဘတ်ထဲမှာ ဖြောင်းဆန်အောင် မွှေနှောက်နေသည်။ ရှက်စိတ်က တစ်ကိုယ်လုံးရှိ သွေးကြောပေါင်း ထောင်သောင်းမကဆီသို့ လျှင်မြန်စွာ စီးဆင်းပူနွေးလာသည်။ ခြေဖျား လက်ဖျားတွေကတော့ အေးစက်တုန်ရီနေပါသည်။

ရှက်စရာကြီး ...။

ရှက်စရာကိုစွအကြီးကြီးဆိုတဲ့ / စကားလုံးထက် ပိုထိရောက်မယ့် စကားလုံးများ ရှိဦးမလား။ ရှိလျှင် နင်နင်နဲ့နဲ့ သုံးနှုန်းအော်ဟစ်ပစ်လိုက်ချင်သည်။ အသံအက်ကွဲသည်အထိ

ပေါက်ကွဲအံ့ကြွပစ်လိုက်ချင်သည်။ သို့သော် ခုတော့ ပါးစပ်ကို စေ့စေ့ပိတ်လျက် ဒီနေရာမှ တိတ်ဆိတ်စွာ ထွက်ခွာသွားဖို့သာ ကြိုးစားနေမိပါသည်။

ဘုရား သိကြားမလို့ ယောမင်း ရိပ်မိမသွားပါစေနဲ့။ ဦးထွန်းနဲ့ ဒေါ်လုံလည်း ယောမင်းတို့ရဲ့ ပြဿနာဆီမှာ အာရုံရောက်နေကြပါစေ ... ။

ကြွေရုပ်သည် လူတွေနဲ့ဝေးရာ မှောင်ရိပ်သို့ တရွေ့ရွေ့သွားနေမိဆဲမှာ ဘယ်လိုမကောင်းဆိုးဝါးက နှိုးဆော်သည်မသိ ယောမင်းက ကြွေရုပ်ပျောက်နေတာကို သတိပြုမိသွားပါသည်။

"ကြွေရုပ်ရော ... ကြွေရုပ်၊ ကြွေရုပ်ဘယ်မှာလဲ"

ကြွေရုပ်သည် ရုတ်တရက် လန့်ဖျပ်သွားကာ ခြံဝန်းတံခါးဝဆီသို့ ချာခနဲ လှည့်အပြေး ...

"ကြွေရုပ် ..."

လှမ်းအော်လိုက်သော ယောမင်းအသံက ကြောက်မက်ဖွယ် မြည်ဟိန်းသွားသည်။

"ကြွေရုပ် ... ကြွေရုပ် ... မင်းမသွားရဘူး၊ လာခဲ့ ... ပြန်လာခဲ့ ..."

ယောမင်းက သူ့ရှေ့မှ မီးမီးကို တွန်းဖယ်လိုက်





ပြီး ကြွေရုပ်ထံ အားသွန်၍ပြေးထွက်လာသည်။ ကြွေရုပ်ကလည်း အံကြိတ်၍ သူ့လက်ကလွတ်အောင် တအား ပြေးထွက်လာသည်။

"ကြွေရုပ် ... ကြွေရုပ် မသွားပါနဲ့၊ မင်း ဒီလိုထွက်သွားလို့ မရဘူး၊ ငါ့ကိုချန်ထားခဲ့လို့ မရဘူး"

မီလုမီခင်လေးမှာ ယောမင်းက ခလုတ်တိုက်ကာ ရှေ့သို့ ဟပ်ထိုး ဟပ်ထိုး လဲကျသွားရာ သူ့လက်လှမ်းမီရာ ကြွေရုပ်ရဲ့ ခြေထောက်တစ်ဖက်ကို ဖတ်ခနဲ လှမ်းဆွဲထားလိုက်သည်။

"အမေ့ ..."

ကြွေရုပ်သည် မြက်ခင်းပေါ်သို့ လဲကျသွားသော်လည်း ချက်ချင်း ပြန်ထလာရင်း ယောမင်း ဆွဲထားသော ကြွေရုပ်ရဲ့ ခြေထောက်တစ်ဖက်ကို ဆောင့်ကာ ဆောင့်ကာ ရုန်းလိုက်ရင်း ...

"ဖယ် ... ဖယ်စမ်း၊ လွှတ် ... နင့်လက်ကို လွှတ် လွှတ်"

ဟုအဆက်မပြတ်အော်ဟစ်လိုက်သည်။ ယောမင်းကလည်း မှောက်ရက်လဲနေရာက ခေါင်းကိုမတ်ထောင်ကာ ကြွေရုပ်ခြေထောက်ကို မလွှတ်တမ်း ဆွဲထားသဖြင့် ကြွေရုပ်က ရုန်းတိုင်း ကြွေရုပ်နောက်သို့ တရွတ် တရွတ် ပါလာသည်။

"ငါ့လက်က ဘယ်တော့မှ မလွတ်နိုင်ပါဘူး ကြွေရုပ်ရယ်၊ အရှုံးပေးလိုက်စမ်းပါ"

"လုံးဝ အရှုံးမပေးဘူး၊ ဖယ်စမ်း ..."

ကြွေရုပ်က ခြေတစ်ဖက်ကို တအားဆောင့်ရုန်းရင်း ကျန်တစ်ဖက်ဖြင့် သူ့လက်ကို ဖျတ်ခနဲ ဆောင့်နင်းပစ်လိုက်တော့သည်။

"အား ..."

ယောမင်းက အော်ဟစ်ညည်းတွားရင်း ခြေထောက်ကို လွှတ်ပေးလိုက်တော့မှ ကြွေရုပ်က ခြံဝန်းအပြင်ဘက်သို့ တအားပြေးထွက်လိုက်လေသည်။

"ကြွေရုပ် ..."

ယောမင်းက ကြိုးထပြီး အနင်းခံထားရသည့် လက်ကို တဆတ်ဆတ်ခါရင်း ကြွေရုပ်နောက်သို့ အားမလျှော့စတမ်း ပြေးလိုက်လာသည်။ ကြွေရုပ်ကလည်း ဂါဝန်တစ်စ အသာမကာ နောက်ကို လုံးဝလှည့်မကြည့်ဘဲ အစွမ်းကုန် ဆက်ပြေးနေသည်။

ယောကျ်ားအားနှင့် မိန်းမအားမို့ မကြာမီ မီလုမိခင် ဖြစ်လာသည်။ ထိုအချိန်တွင် ကြွေရုပ်ရဲ့ ပြေးလမ်းတည့်တည့်မှာ ရပ်ထားသော စက်ဘီးတစ်စီးကို တွေ့လိုက်ရတာမို့ ကြွေရုပ် ခေါင်းထဲမှာ အကြံတစ်ခု လက်ခနဲ လင်းပွင့်သွားသည်။





ကြွေရုပ်သည် ခပ်ဖားဖားဝဲဝဲ ဂါဝန်ရှည်ကို ဒူးခေါင်းနားမှ ဆုပ်ဖြဲပစ်လိုက်ပြီး စက်ဘီးကို အရှိန်ဖြင့် တွန်းယူကာ စက်ဘီးပေါ်သို့ လွှားခနဲ ကျော်တက်လိုက်ပါသည်။

"ဟာ ... ဟေ့ ... ကြွေရုပ်"

"ဟာ ... ဟေ့ ... ဟေ့ ... ငါ့စက်ဘီး၊ စက်ဘီးသူခိုး စက်ဘီး သူခိုး"

စက်ဘီး ခဏရပ်ခဲ့ပြီး လမ်းဘေးဆိုင်လေးမှာ ရေခဲချောင်း ဝင်ဝယ်နေသော စက်ဘီးပိုင်ရှင်က ပြူးပြူးပြာပြာဖြစ်သွားကာ ကြွေရုပ်နောက်သို့ အော်ဟစ်ပြေးလိုက်လာသည်။

"ကြွေရုပ် ... ကြွေရုပ်"

ယောမင်းကလည်း တကြော်ကြော်အော်ခေါ်ရင်း အစွမ်းကုန် ပြေးလိုက်လာဆဲ။ စက်ဘီးကို တအားနင်းထွက်သွားသော ကြွေရုပ်ကို မီနိုင်ဖို့ မလွယ်တော့သော်လည်း ဇွဲတော့ မလျှော့။ စက်ဘီးနောက်သို့ ပျံတက်တော့မတတ် ခြေလှမ်းများဖြင့် မြန်နှုန်းမြင့်ကာ ဆက်လက်ပြေးလိုက်နေသည်။

"ငါ့စက်ဘီး ... ငါ့စက်ဘီး"

"ကြွေရုပ် ... ကြွေရုပ်"

စက်ဘီးပိုင်ရှင်နှင့် ယောမင်းက ရှေ့ဆင့်နောက်ဆင့် ပြေးလိုက်လာချိန်တွင် ကြွေရုပ်သည် လမ်းဖြောင့်အတိုင်း

သွားနေရာက ရုတ်တရက် လမ်းသွယ်လေးထဲသို့ ချိုးကွေ့ဝင်ရောက်လိုက်ပါသည်။

ယောမင်းနှင့် စက်ဘီးပိုင်ရှင်မှာ ထိုလမ်းသွယ်ဆီ ချိုးကွေ့ဝင်လိုက်သော်လည်း ကြွေရုပ်ကတော့ ရှုပ်ယှက်ခတ်နေသော လမ်းကြိုလမ်းကြားများကြားသို့ ဝင်ရောက် ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

● ● ●



* * *

"အမလေး ... မောလိုက်တာဟာယ်၊ ငါတော့ စက်ဘီးသူခိုး ဖြစ်တော့မှာပဲ"

ကြွေရုပ်သည် နောက်က အရိပ်အယောင် မမြင်တော့မှပဲ စက်ဘီးပေါ်မှ ဆင်းလိုက်ပြီး စက်ဘီးကို လမ်းဘေးမှာ လှဲချကာ ထိုလမ်းဘေး မြက်ပင်ကလေးတွေပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချ အမောဖြေလိုက်ရပါသည်။

အမောက တော်တော်နဲ့ မပြေဘဲ အသက်ရှူသံ မြန်ဆန်ဖိုလှိုက်နေသည်။ မျက်လုံးတွေလည်း ပြာဝေနေသည်။ ဆုပ်ဖြုထားသဖြင့် ဒူးအတိသာရှိတော့သော ဂါဝန်လေးကို ဒူးအောက် နည်းနည်း ဖုံးသွားအောင် ဆွဲဆွဲချရင်း ခုန်လှိုက်နေသော ရင်ကိုလည်း ဖိထားမိသည်။ အနားပါးနီးမှာ လူရှင်းလို့သာ တော်ပါရဲ့ ...။ ဟိုနှစ်ယောက်ကတော့ မျက်ခြေပြတ်ကျန်ခဲ့ ... ခဲ့ ...

"မိပြီ ... စက်ဘီး သူခိုး"

"ဟင် ..."

စက်ဘီးပိုင်ရှင်က ကြွေရုပ်ရှေ့မှာ ခါးထောက်လျက် မားမားကြီးရပ်လာသဖြင့် ကြွေရုပ်က လန့်သွားကာ ထိုလူ့ကို မော့ကြည့်ရင်း ...

"ရှင် ... ရှင်က စက်ဘီးပိုင်ရှင်လား"

"ဟုတ်တယ် ... မင်းကတော့ စက်ဘီးသူခိုးပေါ့"

"မဟုတ်ပါဘူး၊ ကျွန်မ မခိုးတတ်ပါဘူး၊ ခဏအသုံးလိုလို့ ယူသုံးတာပဲ၊ အမောဖြေပြီးရင် ဒီမှာပဲ ထားခဲ့မလို့ပါ"

"ဟ ... ဟ ... သူခိုးကတော့ ဒီလိုပဲ ပြောမှာပေါ့၊ ရုပ်ကလေးကဖြင့် သနားကမားနဲ့ ... ၊ မထင်ရဘူး"

"စကားကို ကြည့်ပြော၊ ရှင့်စက်ဘီး အစုတ်ကို ဘာဖြစ်လို့ ခိုးရမှာလဲ၊ မျက်စိရှေ့ အလွယ်တကူတွေ့လို့ အသုံးလည်း လိုလို့ ခဏယူသုံးတာ၊ အဲဒီလို မဖြစ်စေချင်ရင် ရှင့်စက်ဘီးကို သေချာ သော့ခတ်ထားပါလား"

"ငါ ခဏလေး ရေခဲချောင်း ဝင်ဝယ်နေတာလေ၊ အဲဒီလောက် ခဏလေးမှာ ဘယ်သူခိုးမှ မခိုးလောက်ဘူး ထင်တာပေါ့"





"ဟ ... ဟ ... ဒီအရွယ်ကြီး ရေခဲချောင်း ဝယ်စားရတယ်လို့ ..."

"ဒီအရွယ် ရေခဲချောင်း မစားရဘူးလို့ ဘယ်သူကမှ တားမြစ်ပိတ်ပင်မထားဘူး၊ ဒါနဲ့ မင်းကြည့်ရတာ ဟိုရုပ်ရှင်ကားထဲက ဟိုမင်းသမီးနဲ့ တူတယ်၊ မင်္ဂလာဆောင်မှာ ထွက်ပြေးတဲ့ မင်းသမီးလေ၊ ဂျူလီယာရောဘတ်။ ရုပ်ရှင်က Runaway Bridal ၊ မင်းကရော မင်္ဂလာဆောင်ရင်း ထွက်ပြေးလာတာလား"

"မဟုတ်ဘူး"

"ညာမနေပါနဲ့၊ မင်းနောက်က လိုက်ဖမ်းတဲ့သူနဲ့ ငါနဲ့ ဆုံလိုက်ပါတယ်၊ သူက ဒီနားတစ်ဝိုက်မှာ ပတ်ရှာနေတုန်းပဲ"

"ဟင် ... တကယ်လား"

"တကယ်ပေါ့ ... သူနဲ့ငါ ဒီလမ်းထိပ်ကနေ လမ်းခွဲလာတာ၊ သူက ဟိုဘက်ခြမ်း၊ ငါက ဒီဘက်ခြမ်းမှာ လာရှာတာ၊ ဟိုဘက်မှာ မတွေ့ရင်တော့ သူ ဒီဘက်ရောက်လာမှာပဲ"

"ဟင် ..."

ကြွေရုပ် ရင်ထိတ်သွားဆဲတွင် ထိုလူ့ကျောဘက်

လမ်းသွယ်တစ်ခုထဲမှ ထွက်လာသော ယောမင်းကို လှမ်းတွေ့လိုက်ရလေသည်။

"လာ … လာနေပြီ၊ ဒုက္ခပဲ … ဘယ်မှာပုန်းရမလဲ …၊ ကျွန်မကို ဖွက်ထားပေးစမ်းပါ"

"ကြားသုံးကြား မဝင်နဲ့ဆိုတဲ့ စကား ရှိတယ်၊ မင်းတို့က ဘယ်လိုပတ်သက်နေတာလဲ"

"နောက်မှရှင်းပြမယ်ရှင်၊ လောလောဆယ် ဖွက်ထားပေးစမ်းပါ၊ ကျေးဇူးမမေ့ပါဘူး၊ ဟိုမှာ နီးလာပြီ၊ နီးလာပြီ"

"ကျွတ် … ပြဿနာပဲ၊ ဘုန်းကြီးအမှူ ရှာပတ်တယ်ဆိုတာ ဒါမျိုးပဲ၊ ကဲ … လာ … လာ … ဒီနားမှာ လာဝပ်နေ၊ ငါကွယ်ထားပေးမယ်"

ကြွေရုပ်က လမ်းဘေးပန်းချုံလေးနောက်မှာ ဝပ်နေလိုက်သည်။ စက်ဘီးရှင်က လှဲထားသော စက်ဘီးကို ဆွဲမယူကာ ကြွေရုပ်ကို ခပ်ကွယ်ကွယ် ရပ်လိုက်သည်။ ခြေသံက တဖြည်းဖြည်း နီးလာကာ …

"ခင်ဗျား စက်ဘီး ပြန်တွေ့ပြီလား"

"တွေ့ပြီဗျ"

"လူကော မတွေ့ဘူးလား

"မတွေ့ဘူး၊ စက်ဘီးကို ထားခဲ့ပြီး တက္ကဆီ ထွက်ငှားသွားတယ်ထင်တယ်"





"ဒီနားတစ်ဝိုက်မှာပဲ ရှိဦးမယ်ထင်တယ်"

"မရှိနိုင်တော့ဘူးဗျ၊ စက်ဘီးထားခဲ့ပြီးရင်တော့ ကားပဲ ထွက်ငှားသွားဖို့ သေချာနေပြီ"

ခပ်သုတ်သုတ် ထွက်သွားသော ခြေသံကြားပြီး ခဏကြာမှ …

"ကဲ … စက်ဘီးသူခိုး ဟိုလူသွားပြီ၊ ထွက်ခဲ့တော့ …"

ဟု သူက လှမ်းပြောသည်။ ကြွေရုပ်ဟာ ခုမှပဲ သက်ပြင်းလေးချမိကာ ရင်ဘတ်ကလေးကို ဖိရင်း ချုံကွယ်မှ ထွက်လိုက်သည်။

သစ်ထူးကတော့ သူမကိုကြည့်ရင်း ရုပ်ရှင်ထဲက အဖြစ်အပျက်မျိုးကို ကိုယ်တိုင်ကြုံတွေ့နေရသလိုပဲဟု တွေးမိပါသည်။

လက်ကြိုးမပါ ဘာမပါ ရင်ဘတ်နားမှာ ကျပ်ကျပ်စည်းထားသော ပိုးသားဂါဝန် ပန်းဖျော့ရောင်ကလေးက ဒူးနားမှာ စုပ်ပြဲလျက်၊ ဖွဖွထုံးထားသော ဆံထုံးက ပြေလျော့ဖွာကျကာ ဆံပင်အတွန့်လေးတွေက ပခုံးပြောင်ပြောင်လေးပေါ် ဝဲဖြာကျနေသည်။ ကျောပြောင့်ပြောင် ပခုံးပြောင်ပြောင်ဖြစ်နေသော သူမကိုကြည့်ရတာ အမြင်မတော်တာမို့ သူက တီရှပ်လက်ပြတ်ပေါ်မှာ ရင်ဘတ်ဖွင့်ဝတ်လာသော ရှပ်အင်္ကျီကို ချွတ်ပြီး သူမထံ ပစ်ပေးလိုက်သည်။

"ရော့ … အဲ့ဒါ ထပ်ဝတ်ထား"

သူမက အင်္ကျီကို ကမန်းကတန်း လှမ်းဖမ်းလိုက်ပြီးမှ နှာခေါင်းရှုံ့လိုက်ရင်း …

"ဟွန့် … ချွေးစော်နံလိုက်တာ"

"အေး … အဲ့ဒါဆိုလည်း ဒီအတိုင်းပဲနေ"

သူမပြောပုံက အချိုးမပြေတာမို့ သစ်ထူးက သူ့အင်္ကျီကို ပြန်ဆွဲလုလိုက်သည်။ သူမက လွှတ်မပေးဘဲ ပြန်ဆွဲလုလိုက်ပြီး အင်္ကျီလက်နှစ်ဖက်ကို ရင်ဘတ်နားမှာ ချည်ကာ ပဝါခြုံသလို ခြုံထားလိုက်ပါသည်။

ကြွေရုပ်သည် ချွေးတွေလည်းထွက်လျက် ရင်တုန်နေဆဲဖြစ်တာမို့ ရေငတ်လာကာ …

"ရေဆာလိုက်တာ၊ ရေဘယ်မှာရပါ့မလဲ …"

"ရေတော့ မရှိဘူး၊ ဟိုမှာ ရေခဲချောင်းသည်တော့ လာနေတယ်"

"ဟယ် … ရေခဲချောင်း စားချင်နေတာနဲ့ အတော်ပဲ"

သစ်ထူးသည် သူမ ရုတ်တရက် ပြောလိုက်ပုံကို တွေခနဲ စိုက်ကြည့်လိုက်မိရင်း ငယ်ငယ်တုန်းက သူငယ်ချင်းမလေးကို သတိရသွားမိပါသည်။

ကြွေရုပ် … ။ ကြွေရုပ်လည်း ရေခဲချောင်းမြင်တိုင်း





ဒီလိုပဲ အငမ်းမရဖြစ်တတ်သည်လေ … ။ ခုချိန်မှာ ဘယ်ဆီရောက်နေမည်မသိသော သူငယ်ချင်းမကလေးကို သူ ခုချိန်ထိ မမေ့နိုင်သေးပါ။ သူမ မိခင် ဆုံးသွားပြီးနောက်မှာ သူဌေးတစ်ယောက်က မွေးစားသွားသည်ဟုသာ သူကြားသိခဲ့ရပြီး အဆက်အသွယ် ပြတ်တောက်သွားခဲ့ရတာပင် … ။

သစ်ထူးက ကြွေရုပ်ပုံစံလေးကိုပဲ စူးစူးစမ်းစမ်း စိုက်ကြည့်ရင်း စိတ်ထဲမှာ ရင်းနှီးနေသလို ခံစားလာရသည်။

"ကျွန်မမှာ ပိုက်ဆံမပါလို့ ရှင်ဝယ်ကျွေးမလား၊ နောက်တော့ အကြွေး ပြန်ဆပ်မယ်လေ"

"သူများကျတော့ ဒီအရွယ် ရေခဲချောင်း ဝယ်စားတယ်လို့ပြောပြီး မင်းကရော မစားဘဲနေနိုင်လို့လား … "

"မနေနိုင်ဘူးလေ၊ ကြွေရုပ်က ရေခဲချောင်း သိပ်ကြိုက်တာ … "

ဟင် … ။ သစ်ထူးသည် ရုတ်တရက် အံ့သြမင်သက်သွားကာ သူမကို စူးစူးစမ်းစမ်း စိုက်ကြည့်နေမိသည်။

ကြွေရုပ်တဲ့ … ။ ကိုယ့် ကြွေရုပ်များလား။ နာမည်တူတာလား။

သူ့မှတ်ဉာဏ်ထဲမှာ မှတ်မိနေတဲ့ ကြွေရုပ်ပုံစံက ဒီလို ဖြူဖြူစင်စင် ဝင်းပပပုံစံမျိုး မဟုတ်ပါ။ သစ်ထူးက

သူမကို သေချာကြည့်ရင်း ငယ်ရုပ်နှင့် တူနိုး စူးစမ်းနေမိသည်။ ခုချိန်မှာ ပြုံးလိုက်ရင်ကောင်းမှာပဲ၊ သူမရဲ့ ညာဘက်ပါးကလေးပေါ်မှာ ပါးချိုင့်လေး ရှိမရှိ သူသိချင်သည်။ ရေခဲချောင်းကြိုက်တာကတော့ ကိုယ့်သူငယ်ချင်းမလေး အတိုင်းပဲ။

ကြွေရုပ်က သူ့ကို စိတ်မရှည်သလိုကြည့်ရင်း ....

"ဘယ်လိုလဲ၊ ဝယ်ကျွေးမှာလား"

"ပြုံးပြရင် ဝယ်ကျွေးမယ်"

"ဘာ ..."

"ငါက မာရေကြောရေပြောတတ်တဲ့ သူတွေဆို ဝယ်မကျွေးချင်ဘူး၊ ပြုံးပြုံးလေး ပြောမှ ဝယ်ကျွေးချင်တာ"

"ကဲ ... ကဲ ... ပြုံးပြီ ..."

သူမက ဖျတ်ခနဲ ပြုံးပြီး ချက်ချင်း ပြန်တည်သွားသည်။ လျှပ်တစ်ပြက် မြင်ခွင့်ရလိုက်သော ပါးချိုင့်ရှည်လေးတစ်ဖက်ကြောင့် သစ်ထူးက ပျော်ရွှင်လာမိသည်။

"ကဲ ... ကြိုက်သလောက် စားပါ၊ ကိုယ်ဝယ်ကျွေးပါ့မယ်"

"ဒါဆို နှစ်ချောင်းစားမယ်၊ စထရော်ဘယ်ရီ တစ်ချောင်း၊ နို့တစ်ချောင်း"

"စားပါ ... စားပါ၊ အဲဒီလောက်ကလေးတော့ ဝယ်ကျွေးနိုင်ပါတယ်၊ အကြွေး ပြန်ဆပ်စရာလည်း မလိုပါဘူး"





သစ်ထူးသည် ကိုယ့်ဘာသာ ကျိန်းသေနေကာ သူမ ပြုမူသမျှကို ခပ်ပြုံးပြုံး လိုက်ကြည့်နေမိသည်။

သူမက ရေခဲချောင်း နှစ်ချောင်း ဝယ်ပြီး ဘယ်တစ်ဖက် ညာတစ်ဖက် ကိုင်ထားသည်။ ပြီးတော့ ငယ်ငယ်တုန်းကလိုပဲ ရှတ်ခနဲ အသံမြည်အောင် ရေခဲချောင်းက အချိုရည်တွေကို စုပ်ယူလိုက်လေသည်။

ဒါဟာ ... ကြွေရုပ်အစစ်ပါပဲ။ ငယ်ငယ်တုန်းက သိပ်ခင်ခဲ့ရတဲ့ သူငယ်ချင်းမ ပါပဲ။

"ရေခဲချောင်း စားပုံကတော့ အရင်အတိုင်းပဲနော်"

"ဟင် ..."

သစ်ထူးစကားကြောင့် ကြွေရုပ်က မျက်လုံးပြူးကလေးဖြင့် မော့ကြည့်လာပါသည်။

"အရင်တုန်းကလည်း အမြဲ ရေခဲချောင်း ဝယ်ကျွေးရတယ်၊ အခုလည်းဝယ်ကျွေးရတာပဲ"

"ဟယ် ... နင် ... သစ်ထူး ... သစ်ထူးလား"

ကြွေရုပ်သည် ဝမ်းသာအားရ ပြုံးရွှင်တက်ကြွလာသည်။ သစ်ထူးက ရယ်မောလိုက်ရင်း ...

"ဟုတ်သပ ... သစ်ထူးပါပဲ၊ နင် ငါ့ကို မမေ့သေးဘူးပဲ"

"ဘယ်မေ့ပါ့မလဲဟဲ့၊ ငါက ရေခဲချောင်းကြိုက်တတ်တော့

ရေခဲချောင်းစားတိုင်း နင့်ကို သတိရပါတယ်၊ နင့်ပုံစံက အရမ်းပြောင်းသွားတယ်နော်၊ အရင်လို ပိန်ညှက်သေး ကွေးလေး မဟုတ်တော့ဘူး၊ ဗလတောင့်တောင့် လူသန်ကြီးပုံမျိုး ဖြစ်နေပြီ၊ အဲ့ဒါကြောင့် ငါ မမှတ်မိတာ"

"နင်လည်း ရုပ်ပြောင်းသွားတာပဲ၊ ငယ်ငယ်တုန်းကလို ပေတူးနေတဲ့ရုပ်မျိုး မဟုတ်တော့ဘူး၊ အရွယ်ရောက်မှ အရမ်းလှလာတယ်"

"အရွယ်မရောက်ခင် ယောမင်းတို့အိမ်ကို ရောက်ကတည်းက လှလာတာပါဟယ်"

"ဟင် ... နင့်ကို ယောမင်းတို့အိမ်က မွေးစားတာလား"

"ဟုတ်တယ်လေ၊ နင်မသိဘူးလား"

"မသိဘူး၊ သူဌေးအိမ်က မွေးစားသွားတယ်ဆိုတာ လောက်ပဲ အကြမ်းဖျဉ်း သိခဲ့တာ၊ နင့်အမေဆုံးတယ် ကြားပြီး သိပ်မကြာခင် ငါ့အဖေလည်း အဲ့ဒီစက်ရုံက အလုပ်ထွက်ပြီး ကုမ္ပဏီတစ်ခုမှာ အလုပ်ရသွားတယ်၊ ငါတို့လည်း အဲ့ဒီကနေ ပြောင်းလာခဲ့တော့ နင့်သတင်းကို သေချာမကြားမိတော့ဘူးပေါ့၊ အဲ့ဒါတွေ ထားပါတော့၊ အခု နင် ဘယ်လိုအဖြစ်မျိုး ကြုံလာတာလဲ၊ ခုန နင့်နောက်ကို ပြေးလိုက်လာတာ ဘယ်သူလဲ၊ ငါ့ကို ရှင်းပြဦး"





ကြွေရုပ်က သက်ပြင်းကလေး သဲ့သဲ့ချမိရင်း ...

"ခုန ငါ့နောက်ကို လိုက်လာတာ ယောမင်းပဲ သစ်ထူး"

"ဒီကောင် နင့်ကို ဘာပြဿနာရှာလို့လဲ၊ နင်ကလည်း နင်ပဲဟာ၊ ယောမင်းအကြောင်း ငါသေချာပြောပြထားရက်သားနဲ့ သူ့အကြောင်း နင်ကိုယ်တိုင်လည်း သိသားနဲ့ သူ့အိမ်ကို လိုက်သွားစရာလား"

"ငါ့မှာ အားကိုးစရာမရှိဘူးလေ၊ သူတို့ကလည်း ငါ့ကို လိုလားပြီး ငါ့အမေကလည်း မဆုံးခင်လေးမှာ ငါ့ကို မှာခဲ့လို့ ငါ သူတို့နဲ့ ဆက်သွယ်ခဲ့ပြီး သူတို့နောက် လိုက်သွားခဲ့ရတာ ... "

"အဲ့ဒီအချိန်ကစပြီး ခုချိန်ထိ နင် စိတ်မချမ်းသာခဲ့ရဘူး မဟုတ်လား"

"ဘာလို့ အဲဒီလို မေးတာလဲ ... "

"အသိသာကြီးပဲလေ၊ ယောမင်းက အတ္တကြီးတယ်၊ တစ်ဖက်သားအပေါ် အနိုင်ယူချင်စိတ် အမြဲရှိတယ်၊ ဒီလို လူမျိုးကြောင့် နင် စိတ်ချမ်းသာရပါ့မလား၊ ခုလည်း သူ ဒုက္ခပေးလို့ နင်ထွက်ပြေးလာခဲ့ရတာ မဟုတ်လား"

သစ်ထူး မေးခွန်းကို ကြွေရုပ် ဘယ်လိုဖြေရမည်မသိပါ။ ကြွေရုပ် တကယ်ပဲ စိတ်မချမ်းသာခဲ့ရတာလား ...။

"ဖြေလေ … ကြွေရုပ်၊ နင် အခု ဘာပြဿနာဖြစ်လာတာလဲ"

"ငါ … ငါနဲ့ ယောမင်းနဲ့ ဒီနေ့ စေ့စပ်ပွဲလုပ်တယ် သစ်ထူး"

"ဘာ …"

"ဟုတ်တယ် … ငါတို့ ဒီနေ့ စေ့စပ်ခဲ့ကြတယ်"

"နင့်သဘောဆန္ဒ မပါဘူးမဟုတ်လား၊ ဒီကောင် သက်သက် နိုင့်ထက်စီးနင်း လုပ်တာမဟုတ်လား၊ ကျွတ် … ရိုင်းလိုက်တာကွာ၊ စောစောကတည်းက ဒီကောင်မှန်း သိရင် မျက်နှာကို လက်သီး နှစ်ချက်လောက် ကျွေးပေးလိုက်ပါတယ်"

"ငါ ထွက်ပြေးလာခဲ့တော့ နင့်လက်သီးစာမိတာထက်တောင် သူပိုနာမှာပါ ပိုခံပြင်းမှာပါ သစ်ထူးရယ်၊ ခုချိန်မှာ အရေးကြီးဆုံးက ငါ့ကို သူပြန်ရှာတွေ့မသွားဖို့ပဲ၊ သူရှာမတွေ့အောင် ငါပုန်းနေနိုင်ဖို့ပဲ၊ သူကတော့ ငါ့ကို မတွေ့တွေ့အောင် နည်းအမျိုးမျိုးနဲ့ ရှာမှာပဲ၊ ဒီလိုအချိန်မှာ နင်နဲ့ပြန်တွေ့ရတာ ငါ့ကို ဘုရားသိကြားမတာပဲ၊ ငါ အရမ်းကံကောင်းတာပဲ၊ နင်နဲ့သာမတွေ့ရရင် ဒီအချိန်မှာ ဒီလိုပုံစံနဲ့ ငါ ဘယ်သွားပြီး ဘာလုပ်ရမှန်း မသိတာနဲ့





ဘဲ သူပြန်ရှာတွေ့သွားနိုင်တယ်၊ နင် ငါ့ကိုကူညီမယ် မဟုတ်လား၊ ငါ့ကိုဖွက်ထားပေးပါနော် သစ်ထူး"

"စိတ်ချ … ငါ နင့်ကို ကာကွယ်စောင့်ရှောက်ပေးမယ်၊ ဒီကောင့်လက်ကို လုံးဝမပါစေရဘူး၊ လူတစ်ယောက်ဘဝကို သူ့ဆန္ဒတစ်ခုတည်းနဲ့ ဖန်တီးလို့မရဘူးဆိုတာ သူသိစေရမယ်"

အသားညိုညိုစိုစို … အရပ်မြင့်မြင့်ခပ်ထွားထွားပုံစံနှင့် မျက်နှာထားမာမာ၊ အသံမာမာ ပြောလိုက်သော သစ်ထူးကို ကြွေရုပ်က အားကိုးတကြီးကြည့်ရင်း စိတ်ထဲမှာ အားအင်တွေ ပြည့်လာရလေသည်။

● ● ●

* * *

"ဒါ ... ငါ့အခန်းပဲ ကြွေရုပ်"

ကြွေရုပ်က သစ်ထူးရဲ့ တိုက်ခန်းကလေးထဲကို ဝေ့ဝဲကြည့်လိုက်မိသည်။ အခန်းကလေးက ရှင်းလင်းနေသည်။ ကြည့်ရတာ သစ်ထူးတစ်ယောက်တည်း နေသည့်ပုံပင်။

"နင့်မိသားစုနဲ့ အတူမနေဘူးလား သစ်ထူး"

"ဖေဖေတို့က မြောက်ဒဂုံမှာနေတယ်၊ သွားရလာရတာ ဝေးလို့ ဒီကို ငါတစ်ယောက်တည်း ပြောင်းလာနေတာ၊ ဒါ ငါ့အလုပ်ရှင်ရဲ့ အခန်းလေ၊ ဟောင်ကောင်နှစ်လွှာဆိုတော့ အောက်ထပ်မှာ စက္ကူထုပ်တွေ၊ စာအုပ်တွေထားပြီး ဒီအပေါ်ထပ်ကိုတော့ ငါ့ကိုပေးနေတာပေါ့၊ ငါက စာအုပ်ထုပ်ဝေရေးလုပ်ငန်း တစ်ခုမှာ အလုပ်လုပ်နေတာလေ"





သစ်ထူးက ကြွေရုပ်ထိုင်ဖို့ ခုံတစ်လုံး ဆွဲယူပေးလိုက်ရင်း ...

"လောလောဆယ်တော့ နင် ငါ့အခန်းမှာ နေပေါ့"

"နင်က ဘယ်မှာသွားနေမလဲ ..."

"ငါ အောက်ထပ်မှာ သွားနေလိုက်မယ်၊ နင် အပေါ်ကနေ အတွင်းလှေကားတံခါးကိုပိတ်ထားလိုက်ရင် သီးသန့်စီ ဖြစ်သွားမှာပဲ"

"အောက်ထပ်မှာက စာအုပ်တွေနဲ့ဆို"

"စာအုပ်တွေ၊ စက္ကူတွေက အခန်းတစ်ဝက်လောက်ပဲရှိတာပါ၊ ငါသွားနေလို့ ရပါတယ်"

"နင် နေလို့အဆင်ပြေပါ့မလား"

"ငါက ယောကျ်ားလေးပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ရပါတယ်၊ နင် အဆင်ပြေဖို့သာ အရေးကြီးတာ"

"ဒီလောက်ဆို ငါလည်း အဆင်ပြေပါတယ်"

"ဒီမှာဆို ယောမင်းလည်း နင့်ကို အလွယ်တကူ ရှာတွေ့ဖို့ မလွယ်ပါဘူး"

"သူ့ကို လျှော့တွက်လို့မရဘူး၊ သူက မျက်စိကြီး နားကြီးနဲ့ လူ့အင်အား ငွေအင်အားတွေ သုံးပြီး မြေလှန်ရှာမှာ၊ ခုနတုန်းကလည်း နင်မြင်တဲ့ အတိုင်းပဲလေ၊

ငါ့နောက်ကို သဲကြီးမဲကြီး ပြေးလိုက်လာတာ၊ သူက ပုံမှန်အတိုင်းဆို သူ့ဒွေးလို စတိုင်လ်ကျကျ ကျော့ကျော့ လေးနေတတ်တဲ့ သူမျိုး။ တစ်ခုခုဆို သူ့မှာ ခိုင်းစရာ လူတွေလည်း အဆင်သင့်၊ ဦးထွန်းကလည်း သူ့အတွက် ဆို ဘာမဆိုလုပ်ပေးချင်တဲ့ သူမျိုး၊ အဲ့ဒါတောင် ငါ့လည်း ထွက်ပြေးရော သွေးရူးသွေးတမ်း ပြေးလိုက်လာတာ"

"ဒီကောင့်ကြည့်ရတာ ခပ်ဂေါက်ဂေါက်ပါဟာ ..."

သစ်ထူးက ဒီလိုပြောတော့လည်း ကြွေရုပ်က မခံ ချင်သလိုလေး ဖြစ်လာကာ ...

"ဂေါက်တော့ မဂေါက်ပါဘူးဟယ်၊ သူ့မိသားစုကိစ္စလေး တွေနဲ့ ပတ်သက်ပြီး သူ့မှာ အလိုမကျတာလေးတွေ ရှိလို့ သူ့စိတ်က တစ်မျိုးဖြစ်နေတာပါ"

"နင်ကလည်း သူ့ဆီက ထွက်ပြေးလာပေလို့ပဲ၊ သူ့ဘက် က ရှေ့နေလိုက်နေလိုက်တာ"

"ငါ သူ့ကိုမုန်းတာက သပ်သပ်၊ အမှန်တရားက သပ် သပ်ပါဟာ ..."

"ငါသဘောကတော့ နင် ဒီလိုထွက်ပြေးပုန်းရှောင်နေမယ့် အစား သူ့ကို သတ္တိရှိရှိ ရင်ဆိုင်ပြီး သူနဲ့ လက်မထပ် နိုင်တဲ့အကြောင်း သူ့ဆီမှာ မနေချင်တော့တဲ့အကြောင်း





ပြတ်ပြတ်သားသား ပြောလိုက်စေချင်တယ်၊ နင်လည်း အရွယ်ရောက်ပြီးတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ နင့်မှာ ငြင်းဆန်ပိုင်ခွင့်ရှိတယ်၊ နင့်ဆန္ဒမပါဘဲ သူဘာမှ လုပ်လို့ မရပါဘူး ကြွေရုပ်ရယ် ..."

"နှစ်တွေအများကြီး တစ်အိမ်တည်း နေလာခဲ့တာ၊ သူ့ အကြောင်း ငါအသိဆုံးပါ သစ်ထူး၊ သူက သူလုပ်ချင်တဲ့ ကိစ္စတစ်ခုကို ဇွတ်တရွတ်လုပ်တတ်တယ်၊ လိုချင်တာဆို မရရအောင် ယူတယ်၊ သူ့စိတ်က သွေးရူးသွေးတန်း ဆန်တယ်၊ သူက ငါ့ကို သူပိုင်ပစ္စည်းတစ်ခုလို သဘော ထားနေတာ၊ သူ့အလွယ်တကူ အလွတ်ပေးမှာမဟုတ် ဘူး၊ ကမူးရှူးထိုးနဲ့ ထင်ရာလုပ်ရင် ငါလည်း အရှက် ကွဲမယ်၊ ငါ သူ့ကိုကြောက်တယ်ဟာ၊ လောလောဆယ် တော့ ပုန်းနေလိုက်ချင်သေးတယ်"

"နင် တိုက်ခန်းထဲမှာ တစ်ယောက်တည်း နေ့စဉ်ရက် ဆက် နေနိုင်ပါ့မလား"

"ငါ အိမ်ထဲမှာပဲ အလုပ်တစ်ခုခု လုပ်နေခွင့်ရရင် ကောင်း မှာပဲ၊ အလုပ်ရှိတော့ မပျင်းရတော့ဘူးပေါ့"

သစ်ထူးက စဉ်းစားသလိုလေး ခဏငြိမ်သက်သွား ပြီးမှ အကြံရသွားပုံနှင့် ...

"နင် ကွန်ပျူတာ သုံးတတ်လား ကြေရုပ်"

"သုံးတတ်တာပေါ့"

"စာစီ စာရိုက်ရော ကျွမ်းကျင်လား"

"ကျွမ်းကျင်သင့်သလောက်တော့ ကျွမ်းကျင်ပါတယ်"

"မြန်မာစာ ရိုက်တတ်လား"

"ရိုက်တတ်တယ်၊ အိမ်မှာဆို ယောမင်း အပျင်းထူနေရင် သူ့ကောင်မလေးတွေနဲ့ အွန်လိုင်းကနေ ငါပဲ သူ့ကိုယ်စား chatting ဝင်နေရတာ၊ မြန်မာစာနဲ့ရော အင်္ဂလိပ်စာနဲ့ပါ chat ရလွန်းလို့ ကျွမ်းကျင်နေပြီ"

သစ်ထူးက ကြေရုပ်ကို တွေစိုက်ကြည့်လိုက်ရင်းက "နင်က သူ့အတွက် အဲဒီလို ကိစ္စတွေပါ လုပ်ပေးရတာလား"

"အင်း ..."

ကြေရုပ်က တုံ့ဆိုင်းဆိုင်းလေး ခေါင်းညိတ်ပြလိုက်တော့ သစ်ထူးက ဒေါသထွက်လာပုံနှင့် ...

"ဒါနဲ့များတောင် စေ့စပ်ဖြစ်တဲ့အထိ နင်မို့ အရောက်ခံတယ်၊ စောစောစီးစီးကတည်းက ထွက်သွားလိုက်ပါတော့လား"

ကြေရုပ်က ဘာမှပြန်မပြောဘဲ နှုတ်ခမ်းလေးကိုက်ကာ ငြိမ်နေတော့မှ သစ်ထူးက သက်ပြင်းချကာ ...





"အေးလေ ... ခုလည်း နောက်တော့ မကျသေးပါဘူး"

"နင် ခုန ငါ့ကို ဘာမေးတာလဲ"

"ဘာမေးလို့လဲ"

"ကွန်ပျူတာ သုံးတတ်လားလို့ မေးနေတာလေ"

"ဪ ... လိုရင်းပျောက်တော့မလို့၊ နင် စာစီစာရိုက် ကျွမ်းကျင်ရင် ငါ့အလုပ်ရှင်ဆီကနေ ဝတ္ထုစာမူတွေ တောင်းပေးမယ်၊ နင် အိမ်မှာနေရင်း ရိုက်နေလို့ရတာပဲ"

"အေး ... အဲဒါဆိုရင် အရမ်းအဆင်ပြေတယ်၊ ဒါနဲ့ ကွန်ပျူတာကရော ..."

"ငါသုံးနေတဲ့ ကွန်ပျူတာရှိတယ်လေ၊ နင်ယူသုံးလို့ ရတယ်"

"နင်ကရော ဘာနဲ့သုံးမလဲ"

"ငါ မသုံးဖြစ်တာတောင် ကြာနေပြီ၊ သုံးစရာလည်း အထွေအထူးမရှိပါဘူး၊ တစ်ခါတလေ သုံးစရာရှိရင် နင့်ဆီမှာ လာသုံးလိုက်မယ်လေ"

"အဆင်ပြေလိုက်တာဟယ်၊ ဒီပုံအတိုင်းဆို ငါ သူ့ကို အေးအေးဆေးဆေး ရှောင်နေလို့ ရပြီ"

"နောက်ဘက်မှာ ချက်ပြုတ်စားဖို့ မီးဖိုနဲ့ အိုးခွက်ပန်း

ကန်တွေလည်း ရှိတယ်၊ နင့်အတွက် စားစရာတွေကို ငါ ရုံးကပြန်လာရင် ဝယ်လာပေးလို့ရတယ်"

"ငါ့ဘာသာ အနီးအနားမှာ ခဏတစ်ဖြုတ် ဆင်းဝယ်လိုက်ရင်လည်း ဖြစ်ပါတယ်"

"မဖြစ်ဘူးထင်တယ်၊ နင့် ဒီတိုက်ခန်းပေါ်ကနေ လုံးဝမဆင်းဘဲနေတာက ပိုကောင်းလိမ့်မယ်၊ ဒီတိုက်ခန်းက နင်ထွက်ပြေးလာတုန်းက နင် ခဏပုန်းနေတဲ့နေရာနဲ့ သိပ်မဝေးဘူးဆိုတော့ သူ ဒီနားမှာ ပတ်ရှာချင်ရှာနေနိုင်တယ်"

"အင်း ... ဒါလည်း ဟုတ်သားပဲ၊ မဆင်းတော့ပါဘူး၊ နင်ပဲဝယ်လာခဲ့တော့၊ အဟဲ ... ငါ့မှာ ပိုက်ဆံတော့ မပါဘူးနော်၊ လောလောဆယ်တော့ နင်ပဲ ငါ့ကို ချေးထားဦး၊ နောက်မှ ပြန်ဆပ်မယ်"

"အချင်းချင်းတွေ ပြောနေဖို့မလိုပါဘူးဟာ၊ နင့် တစ်ယောက်စာ ချေးထားရလို့ ငါ မွဲမသွားပါဘူး၊ ပြီးတော့ နင်က DTP ရိုက်ခတွေလည်း ရဦးမှာလေ၊ အဝတ်အစားတွေ ဘာတွေ ဝယ်ဝတ်လို့ရတာပေါ့၊ ခုတော့ ငါ့အဝတ်အစားတွေပဲ ယူဝတ်ထားလိုက်ဦး၊ ဗီရိုထဲမှာ သေချာလျှော်ဖွပ်ပြီး ထည့်ထားတယ်၊ လုံးဝ ချွေးစော်မနံဘူးနော်"/





သစ်ထူးက ခပ်ငေါ့ငေါ့ပြောတာမို့ ကြွေရုပ်က ပြုံးလိုက်မိပါသည်။

လိုအပ်သည့် ပစ္စည်းတချို့ယူပြီး သစ်ထူး အောက်ဆင်းသွားတော့မှ ကြွေရုပ်က ပါကေးခင်းကြမ်းပြင်ချောချောပေါ်မှာ ဒီအတိုင်း လှဲချပြီး အမောဖြေနေမိသည်။

ကြွေရုပ် လူရော စိတ်ပါ နွမ်းနယ်နေပါသည်။ အကြပ်အတည်းကြုံခိုက်မှာ ခင်မင်ရသော ငယ်သူငယ်ချင်းလေးနှင့် ကြုံရသဖြင့်သာ စိတ်နည်းနည်း သက်သာရာရပေတာပင်။

ကြွေရုပ်သည် မျက်နှာကြက်ကို ငေးကြည့်နေရင်း ခုလောက်ဆို ယောမင်း ဘာတွေဖြစ်နေပြီလဲဟု တွေးမိကာ အသက်ရှုကြပ်သလိုကြီး ခံစားလာရပါသည်။

မျက်လုံးအစုံကို မှိတ်ပစ်လိုက်တော့ ရှုပ်ယှက်ခတ်နေသော ပုံရိပ်တွေ ပြန်ပေါ်လာသည်။

ကြွေရုပ်က ခေါင်းကို ခါယမ်းပစ်လိုက်ပြီး တမှေးလောက် အိပ်စက်အမောဖြေဖို့ ကြိုးစားနေမိသည်။

တဖြည်းဖြည်း အသိအာရုံတွေ မှုန်ဝါးလျက် နိုးတစ်ဝက် အိပ်တစ်ဝက် ဖြစ်နေခိုက်မှာ ယောမင်း ပြေးလိုက်လာတာကို မြင်နေရသည်။

သူ အမောတကော သွေးရူးသွေးတမ်း ဖြစ်နေပုံ

တွေ ... ကြွေရုပ်ခြေထောက်ကို ဖမ်းဆွဲထားရင်း တရှုတ်တိုက် ပါလာပုံတွေ ...

သူ့ရဲ့ နှာကျင်ခက်ထန်နေသော မျက်နှာက အနီးကပ် ပေါ်လာလိုက်၊ အစွမ်းကုန် ပြေးလိုက်လာသော ပုံကို ခပ်ဝေးဝေးမှ လှမ်းမြင်ပြီး မှုန်ဝါးသွားလိုက်နှင့် ကြွေရုပ်ရဲ့ နှီးတစ်ဝက်အာရုံမှာ ဖိစီးလေးလံလာနေသည်။

"ယောမင်း ..."

ကြွေရုပ်သည် ရုတ်တရက် သူ့နာမည်ကို အော်ခေါ်မိရင်း လန့်ထိတ်နိုးကြားလာရလေသည်။

ဘုရားရေ ...

သူဟာ ငါ့ဘဝ ငါ့အာရုံ ငါ့ခံစားချက်တွေကို လွှမ်းမိုးဝါးမျိုနိုင်လှချည်လား ...

သူ့ဆီက ငါ မလွတ်မြောက်နိုင်တော့ဘူးလား။

ခဏလေး မှေးငိုက်သွားချိန်မှာတောင် သူ့အရိပ်တွေက ငါ့အာရုံထဲကို ဗွတ်တိုးဝင်လာတုန်းပါလား ... ။

ယောမင်းရယ် ...

ကျေးဇူးပြုပြီး ငါ့အတွေးတွေထဲက ထွက်သွားပေးပါ။

ငါ့ဘဝကို ငါ့ဆန္ဒနဲ့ လွတ်လပ်စွာ ရှင်သန်ခွင့်ပေးပါ။





နှင့်အရိပ်အောက်က နေ့ခါးခါးတွေကို မေ့လျော့ခွင့်ပေးပါ။

နှင်နဲ့ပတ်သက်လာရင် ဘယ်လိုမှ မခံစားရတော့တဲ့ နေရက်တွေ ငါ့ဆီကို လျင်လျင်မြန်မြန် ရောက်လာခွင့်ပေးပါ"

ငါလေ ...

အမုန်းကြောင့်လည်း နှင့်ကို သတိရမနေချင်တော့လို့ပါ။

● ● ●

* * *

ကြွေရုပ်ရဲ့ လက်ချောင်းကလေးတွေ ကွန်ပျူတာ ခလုတ်တွေပေါ် ပြေးလွှားနေသောအချိန်တွေ ကြာမြင့်လာသည်။

ကြွေရုပ်ရဲ့ အာရုံတွေလည်း တဖြည်းဖြည်း ပျံ့လွင့်လာသည်။

"ခုချိန်ဆို ဦးထွန်းတစ်ယောက်တော့ ယောမင်းရဲ့ ဒေါသ ဒဏ်ကို ခံနေရမှာပဲ"

ဟု တွေးမိလိုက်ချိန်တွင် ကွန်ပျူတာ ခလုတ်ပေါ်က လက်ချောင်းတွေရဲ့ အမြန်နှုန်းက နှေးသွားသည်။

"ဒေါ်လုံလည်း စိတ်ဆင်းရဲနေတော့မှာပဲ ..."

ဟု တွေးတော့ ပိုပြီး နှေးသွားသည်။

"အို ... သူတို့ ဘာသာ ဘာဖြစ်ဖြစ် ငါနဲ့ဘာမှမဆိုင်တော့ဘူး၊ ငါမတွေးဘူး"





ကြွေရုပ်က စိတ်ကို ပြန်တင်းလိုက်ပြီး ကွန်ပျူတာကို အာရုံစိုက်၍ ရိုက်လိုက်တော့မှ အမြန်နှုန်းက မြင့်လာသည်။

သို့သော် ... ခဏပါပဲ။ အတွေးတွေ ပြန်ဝင်လာတော့ လက်က ပြန်နှေးသွားရပြန်ပါသည်။

ခုလောက်ဆို အိမ်မှာ ငရဲပွက်နေတော့မှာပဲ။

သူဖြစ်ချင်တာ မဖြစ်ရတိုင်း သောင်းကျန်းနေတတ်တဲ့ ယောမင်းရဲ့ ဒဏ်ကို တစ်အိမ်လုံး ခါးစည်းခံရတော့မှာပဲ။

ယောမင်းရဲ့ စိတ်အခြေအနေကရော ဘယ်လောက်တောင် ဆိုးဝါးနေပြီလဲ။ သူ့ဒေါသနဲ့သူ မောပန်းနေပြီလား။

သူခိုင်းသမျှ ကိစ္စတွေကို ကျေကျေပွန်ပွန် လုပ်ပေးတတ်တဲ့ ကြွေရုပ်မရှိရင် သူနေတတ်ပါ့မလား။

အင်းလေ ... ငါ့အပူမပါပါဘူး။

သူ့ဘာသာ ဘာဖြစ်ဖြစ်ပေါ့။

ကြွေရုပ်က အာရုံတွေကို လုံးဝ စုစည်းမရတော့တာမို့ ကွန်ပျူတာရှေ့မှ ထလာကာ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။

စိတ်လည်း လှုပ်ရှား၊ လူလည်း လှုပ်ရှားနေရတာမို့ ခဏနေတော့ ဗိုက်ထဲက ဗွီဗွီမြည်ကာ ဆာလောင်လာသည်။

သစ်ထူးလည်း ပြန်မလာသေး။

သူပြန်လာတာကို စောင့်လျှင် ကြွေရုပ်ရဲ့ အစာအိမ်လေးလည်း ပိန်ရှုံ့သွားနိုင်တာမို့ အောက်ဆင်းပြီး တစ်ခုခု ဝယ်စားရင် ကောင်းမလားဟု စဉ်းစားမိသည်။

သစ်ထူးကတော့ အောက်ကို လုံးဝမဆင်းဖို့ မှာ တားတာပဲ။ ဒါပေမယ့် ခဏတစ်ဖြုတ် မုန့်ဆင်းဝယ်ရုံနဲ့တော့ ဘာမှမဖြစ်နိုင်ပါဘူး။

ကြွေရုပ်သည် ဆင်းမယ် မဆင်းဘူး လွန်ဆွဲရင်း ဝရန်တာလေးဘက်သို့ ထွက်လာခဲ့သည်။

ဝရန်တာကနေ ငုံ့ကြည့်လျှင် တိုက်ခန်းရှေ့က လမ်းကျဉ်းကလေးကို မြင်ရသည်။ ပြီးတော့ မျက်နှာချင်းဆိုင် တိုက်ခန်းလှေကားရင်းက PCO ဖုန်းဆိုင်ကလေးကို သေချာ မြင်နေရသည်။

ကြွေရုပ်သည် ဝရန်တာမှာ ချထားသည့် ပလတ်စတစ် ခုံလေးပေါ်မှာ ထိုင်ချလိုက်ပြီး ဝရန်တာလက်ရန်းပေါ် မေးတင်ကာ ဟိုဒီ လှမ်းကြည့်ငေးမောနေရင်း မျက်လုံးက ဖုန်းဆိုင်လေးဆီကို မကြာခဏရောက်သွားသည်။

ခုနေဆို အိမ်မှာ ဒေါ်လုံ ရှိနေမှာပဲ။

ဒေါ်လုံ့ဆီ ဖုန်းဆက်ပြီး အိမ်အခြေအနေ မေးရင် ကောင်းမလား ... ။





မဖြစ်သေးပါဘူး။

ဖုန်းလာကိုင်တဲ့ သူက ယောမင်းဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ ဒီအကြံကို မေ့ပစ်လိုက် ... ။

ကြွေရုပ်သည် သက်ပြင်းချရင်း ဝရန်တာမှ ထကာ တိုက်ခန်းထဲသို့ ပြန်ဝင်လာသည်။ ပြီးတော့ တိုက်ခန်းလေးထဲသို့ ဝေ့ဝဲကြည့်မိသည်။

တစ်ခန်းလုံး ငြိမ်သက်တိတ်ဆိတ်နေလိုက်တာ ... ။ ကြွေရုပ်တို့အိမ်မှာလိုပါပဲလား။

ကြွေရုပ်သည် ကြွေရုပ်တို့အိမ်လေးထဲကို ပြန်မြင်ယောင်လာမိပါသည်။

တစ်ခါ တစ်ခါ ကြွေရုပ်တို့အိမ်ထဲမှာ အေးစက်ခြောက်ကပ်နေတတ်သည်။ အထူးသဖြင့် ယောမင်း အခန်းအောင်းနေတတ်တဲ့ အချိန်မျိုး။ ယောမင်းတစ်ယောက်တည်း အပြင်ထွက်သွားတတ်တဲ့ အချိန်မျိုးမှာပေါ့ ... ။

ယောမင်း မေမေရှိတုန်းကမှ ဟိုလူ့အော်ခေါ်ခိုင်း၊ ဒီလူ့ကို ဆူပူ၊ အပြင်ထွက်လိုက်၊ ပြန်ဝင်လာလိုက် ယောက်ယက်ခတ်နေတာမို့ အိမ်က စည်ကားနေသေးသည်။

သူမရှိတော့ အိမ်ထဲမှာ အသံဗလံတွေ တိတ်ဆိတ်သွားသည်။ ဒေါ်လုံနဲ့ ကောင်မလေးနှစ်ယောက်ကလည်း သူတို့

အစုနှင့် သူတို့ အိမ်နောက်ဘက် အခန်းမှာသာ အချိန်ကုန်တာများသည်။

အိမ်ထဲမှာ မိသားစုဆိုလို့ ယောမင်းနဲ့ ကြွေရုပ်သာ ရှိတော့သလိုခံစားရသည်။

အမြဲလို ခြောက်ကပ်နေသော အိမ်ထဲမှာ ယောမင်းက ကြွေရုပ်ကို ရန်စတော့မှ ...

အမျိုးမျိုး ခိုင်းစေတော့မှ ...

အလိုမကျတွေဖြစ်ပြီး ဒေါသတကြီး သောင်းကျန်းတော့မှပဲ သက်ဝင်လှုပ်ရှားလာသည်ဟု ထင်ရသည်။

ခုလို သူရန်စစရာ အနိုင်ကျင့် ပညာပြစရာလူ မရှိတော့ဘူးဆိုတော့ သူတစ်ယောက်တည်း တိတ်ဆိတ်နာကျင်နေလေမလား။

တစ်ယောက်တည်း တိတ်ဆိတ်နာကြည်းနေတာထက်စာရင် ဒေါသထွက် ပေါက်ကွဲသောင်းကျန်းလိုက်တာကမှ သူ့အတွက် ပိုကောင်းလေမလား ...။

အို ... ငါ အပိုတွေ တွေးမိနေတာပါ။

ခုချိန်မှာ သူ့ဘာသာ ရည်းစားပေါင်း တစ်ရာ့တစ်ယောက်နဲ့ ပျော်ပျော်ရွှင်ရွှင်ကြီး တွဲခုတ်နေနိုင်တာပဲ မဟုတ်လား။ ပူစရာမရှိပါဘူး။ သူ့လက်က လွတ်ရင် ပြီးတာပဲ။





ကြွေရုပ်သည် အတွေးရော လူပါ မတည်မငြိမ်ဖြစ်လျက် အခန်းထဲမှာ နေရတာ အသက်ရှူကြပ်သလို ခံစားလာရကာ ဝရန်တာဘက်သို့ ပြန်ထွက်လာသည်။

ဝရန်တာအောက်သို့ ငုံ့ကြည့်သည်။

ဖုန်းဆိုင်ကလေးကိုပဲ အရင်ဦးဆုံး ကြည့်မိပြန်သည်။ ဝရန်တာမှာ ပြန်ထိုင်ကာ ဟိုဒီ ငေးရင်း ဖုန်းဆိုင်ကလေးကိုပဲ ကြည့်ကြည့်နေမိသည်။

ခဏနေတော့ ဇိုက်ထဲက ဆာလောင်မှုက ပိုပြင်းထန်လာတာမို့ သစ်ထူးပေးထားသော ပိုက်ဆံငါးထောင်ကို ယူကာ သစ်ထူးဝယ်ထားပြီး တစ်ခါမှ မဝတ်ရသေးသည့် ဂျင်းဘောင်းဘီအသစ်နှင့် တီရှပ်ဟောင်း တစ်ထည်ကို ကပိုကရိဝတ်လျက်ပင် တိုက်ခန်းအောက်သို့ ဆင်းလာသည်။

ဖုန်းဆိုင်လေးရှေ့က ဖြတ်တော့ ကြွေရုပ် ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားကာ ဖုန်းလေးကို ငေးကြည့်မိသည်။ သို့သော် 'ဟင့်အင်း ... ဟင့်အင်း' ဟု အားတင်းကာ ရှေ့ဆက်လျှောက်သွားပြီး လမ်းထိပ် တွန်းလှည်းဈေးသည်လေးဆီက အကင်ချောင်းတွေနှင့် စတိုးဆိုင်က ခေါက်ဆွဲခြောက်ထုပ်တွေဝယ်ပြီး ပြန်လာခဲ့သည်။

ဖုန်းဆိုင်ရှေ့ကဖြတ်တော့ ခြေလှမ်းတွေ နှေးကွေး

သွားပြန်သည်။ သို့သော် အားတင်းပြီး ရှေ့ဆက်လျှောက်ခဲ့သည်။ တိုက်ခန်းလှေကားထစ် သုံးလေးထစ်ကို နင်းတက်ပြီးနောက် ခဏရပ်ကာ ငြိမ်သက်နေသည်။ ထို့နောက် ချာခနဲပြန်လှည့်ပြေးဆင်းပြီး ဖုန်းဆိုင်လေးသို့ ခပ်သွက်သွက် ပြန်လျှောက်လာခဲ့သည်။ ဆိုင်ရှေ့ရောက်တော့ ခြေလှမ်းတုံ့ကာ ချီတုံ ချတုံဖြစ်ပြီး နောက်သို့ပြန်လှည့်မည်ပြင်ဆဲ ...

"အစ်မ ... ဖုန်းဆက်ချင်လို့လား"

"အင်ဟင် ... ဟို ..."

"လာဆက်လေ အစ်မ၊ ခုနေဆက်ရင် လူရှင်းတယ်၊ တော်ကြာနေ ရုံးဆင်းချိန်ရောက်ရင် လူရှုပ်လာတော့မှာ"

ကြွေရုပ်သည် မဝံ့မရဲနှင့်ပင် ဖုန်းနားသို့ လျှောက်လာခဲ့သည်။

ထို့နောက် အိမ်ဖုန်းနံပါတ်တွေကို နှိပ်လိုက်ပြီး ဖုန်းခွက်ကို နားနှင့်ကပ်ထားကာ ရင်တထိတ်ထိတ်ဖြင့် ငြိမ်စောင့်နေရသည်။

တစ်ဖက်က ဖုန်းဝင်သွားသံ တူ တူ ... ဟု သုံးလေးချက် ကြားလိုက်ပြီးမှ ...

"ဟဲလို ... အမိန့်ရှိပါရှင်"

ဒေါ်လုံ့အသံမို့ ကြွေရုပ် ဝမ်းသာသွားကာ ...





"ဒေါ် ... ဒေါ်လုံ"

"ဟယ် ... ကြွေရုပ်၊ ကြွေရုပ်လား၊ သမီး အခု ဘယ်မှာလဲဟင်"

"အိမ်မှာ အဆင်ပြေရဲ့လား ဒေါ်လုံ ..."

"ဘယ်ပြေပါ့မလဲကွယ်၊ သိတဲ့အတိုင်း မောင်ယောမင်းက ဒေါသတွေကြီးပြီး အိမ်ကလူတွေကို ပတ်ရမ်းနေတာပေါ့"

"အခုကော ..."

"အခုတော့ မောသွားလို့ထင်တယ်၊ သူ့အခန်းထဲမှာ ဝင်အိပ်နေတယ်၊ သူက သောင်းကျန်းတစ်လှည့် ငြိမ်တစ်လှည့်ပဲ၊ တစ်ခါတစ်ခါကျတော့ ဘယ်သူ့မှ စကားမပြောဘဲ ငြိမ်ငြိမ်နေတတ်တယ်"

"သူ့ကောင်မလေးတွေ မလာဘူးလား"

"လာတယ် ... လာတယ်၊ ဒါပေမယ့် သူက လုံးဝ ထွက်မတွေ့ဘူးကွယ့်၊ သမီးကိုပဲ စောင့်နေရှာတယ်ထင်ပါတယ်"

"အပြောမစောပါနဲ့ ဒေါ်လုံရယ်၊ နောက်တော့လည်း သူ့အကျင့်အတိုင်း ပြန်ဖြစ်သွားမှာပါ"

"သမီး မြန်မြန် ပြန်လာတော့လေကွယ်၊ ဒေါ်လုံတို့လည်း

စိတ်ညစ်လှပြီ၊ သမီး ပြန်လာမှ ဒေါ်လုံတို့အားလုံး စိတ်ချမ်းချမ်းသာသာ နေရမှာ”

“ဒေါ်လုံတို့ကိုတော့ စိတ်ချမ်းသာစေချင်ပါတယ်၊ ဒါပေမယ့် ကြွေရုပ် ပြန်လာဖြစ်တော့မှာ မဟုတ်ဘူး”

“ဟင် ... မပြန်လာလို့ ဘယ်ဖြစ်မလဲကွယ်၊ မိသားစုဆိုလို့ ဒီလူနဲ့ ဒီလူပဲ ရှိတာ၊ မောင်ယောမင်း သနားပါတယ်ကွယ်”

“သူ့ကိုသနားရင် ကြွေရုပ် ဒုက္ခရောက်ရမှာမို့လို့ ကိုယ့်ကိုယ်ကိုပဲ သနားပါရစေတော့ ဒေါ်လုံရယ်”

“ဒီလိုတော့ ပစ်ပစ်ခါခါ မလုပ်သင့်ပါဘူးကွယ်”

ဒေါ်လုံ့အသံက တုန်နေတာမို့ ကြွေရုပ်ရင်ထဲမှာပါ နည်းနည်းလိုက်တုန်ချင်သလို ဖြစ်လာသည်။

“ဒေါ်လုံ ... ယောမင်း ထမင်းရော စားရဲ့လား”

“မစားတစ်လှည့် စားတစ်လှည့်ပဲ၊ တစ်ခါတလေ စားရင်းတန်းလန်း တစ်ဝက်တစ်ပျက်နဲ့ ဇွန်းတွေ ခက်ရင်းတွေပစ်ချပြီး ထထွက်သွားတယ်၊ တစ်ခါတလေကျတော့ ညနေစာ မစားဘဲ ဝင်အိပ်သွားတယ်”

“သူ့အစာအိမ်ကဖြင့် မကောင်းဘဲနဲ့၊ ခဏခဏ အစာအိမ် ရောင်တတ်ပုံမျိုးနဲ့တော့ အဲဒီ ပုံစံအတိုင်းသွားရင်





အစာအိမ်က ရောင်ရုံတင်မကဘူး၊ သွေးကြောပါ ပေါက်သွားလိမ့်မယ်လို့ ပြောလိုက်စမ်းပါ ဒေါ်လုံရယ်”

“သမီး စိတ်ပူရင် သမီးဘာသာ လာပြောပေါ့”

“အို ... စိတ်မပူပါဘူး၊ ပူစရာ ဘာအကြောင်းမှမရှိတော့ဘူး၊ သူ့ဘာသာ ဖြစ်ချင်ရာဖြစ်ပစေတော့ ...”

“သမီး ... ကြွေရုပ်”

ဒေါ်လုံက လေးလေးနက်နက် ခေါ်လိုက်တာမို့ ကြွေရုပ်က ငြိမ်သွားမိပါသည်။

“သမီးရော နေနိုင်လို့လား”

“ရှင် ...”

“သမီးရော တစ်ယောက်တည်း နေနိုင်လို့လား”

“နေနိုင်ပါတယ်၊ ကြွေရုပ် သူ့ဒဏ်ကို မခံနိုင်တော့ဘူး”

“သမီး အခု ဘယ်မှာနေနေလဲ”

“ကြွေရုပ် ပြောမပြနိုင်ဘူး၊ ကြွေရုပ်ဘာသာ အဆင်ပြေနေပါတယ်၊ ဒေါ်လုံ စိတ်ပူမှာစိုးလို့သာ ကြွေရုပ် ဖုန်းလှမ်းဆက်လိုက်တာပါ”

“ဒါပေမယ့် ...”

“ဒေါ်လုံ ... ဒေါ်လုံ၊ ဒေါ်လုံ ဘယ်ရောက်နေလဲ၊ ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ ဒေါ်လုံ”

“ဟင် ...”

ယောမင်းရဲ့ ဟိန်းဟောက်သံကျယ်ကြီးကို ဖုန်းခွက်မှတစ်ဆင့် ကြားလိုက်ရတာမို့ ကြွေရုပ် လန့်ဖျပ်ကာ ဖုန်းခွက်ကို ချပစ်လိုက်မိပါသည်။

ထို့နောက် ရင်တထိတ်ထိတ် ခုန်လာရလျက် ဖုန်းဖိုး ပိုက်ဆံ အမြန်ထုတ်ပေးလိုက်ရသည်။ ပိုက်ဆံက တစ်ထောင်တန်ဖြစ်နေတာမို့ ပြန်အမ်းဖို့ ကြန့်ကြာနေသည်။ ကောင်မလေးက ငါးဆယ်တန်လေးတွေ၊ တစ်ရာတန်လေးတွေကို တစ်ရွက်ချင်း စုဆောင်းရှာဖွေ ရေတွက်နေရင်း ...

“အစ်မက ဒီတိုက်မှာ နေတာလား”

“အော် ... အင်း ဟုတ်တယ်”

“ဘယ်အခန်းကလဲ”

“ရှင် ...”

“အော် ... အခန်းနံပါတ် ပြောပြထားရင် ဖုန်းလာခေါ်ပေးလို့ ရတယ်လေ၊ ဒီဖုန်းနံပါတ်ကို အစ်မ သူငယ်ချင်း မိတ်ဆွေတွေကို ပေးထားလို့ ရတာပေါ့”

“ရ ... ရပါတယ်၊ နေပါစေ ... တို့က ဧည့်သည်ပါ”

ကြွေရုပ်က ကောင်မလေး အမ်းသည့် ပိုက်ဆံစုတ်ကလေးတွေကို လှမ်းယူပြီး အမြန်ပြန်လာခဲ့သည်။





အခန်းထဲရောက်သည်အထိ လူက ရင်တွေပန်းတွေ တုန်နေတုန်းပင်။

ကြွေရုပ်သည် ပိုက်ဆံနေတာကိုတောင် မေ့လျော့သွားကာ ဈေးဝယ်လာသည့် အထုပ်ကလေးကို ပစ်ချပြီး ငေါင်တောင်တောင်လေး ထိုင်နေခဲ့မိလေသည်။

● ● ●

* * *

"ဒေါ်လုံ … ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ"

"ဟို … ဟို …"

ယောမင်းသည် ကြောက်ကြောက်ရွံ့ရွံ့ဖြစ်နေသော ဒေါ်လုံ့ကို စိုက်ကြည့်အကဲခတ်ရင်း တယ်လီဖုန်းနားသို့ ခပ်သွက်သွက် လျှောက်လာနေသည်။ သူ့စိတ်ထဲမှာ တစ်စုံတစ်ခုကို ရိပ်မိလျက် ရင်တဒိတ်ဒိတ် ခုန်နေသည်။

"ပြောလေ … အမှန်အတိုင်းပြော"

"ဟို … ကြွေရုပ်နဲ့ …"

"ဘာ …"

ယောမင်းက ဒေါ်လုံ့လက်ထဲမှာ ကိုင်ထားဆဲဖြစ်သော ဖုန်းကို ဖျတ်ခနဲ ဆွဲယူနားထောင်လိုက်သော်လည်း တစ်ဖက်က လိုင်းကျသွားသော တူတူသံတွေကိုသာ ကြားနေရသည်။





"ဖုန်းချသွားပြီ … ဖုန်းချသွားပြီ၊ သူ ဘယ်မှာလဲ၊ သူ အခု ဘယ်မှာလဲ၊ ပြောပါ … ၊ ပြောပါဗျ"

ယောမင်းက သွေးရူးသွေးတမ်း ပုံစံနှင့် အော်ပစ်လိုက်တာမို့ ဒေါ်လုံက တွန့်ခနဲဖြစ်သွားကာ …

"သူရှိတဲ့ နေရာကို ဒေါ်လုံ မသိပါဘူးကွယ်"

"မမေးဘူးလား၊ မမေးလိုက်ဘူးလား၊ မေးရကောင်းမှန်း မသိဘူးလား"

"မေးပါတယ်ကွယ် … မေးပါတယ်၊ ဒေါ်လုံ မေးပေမယ့် သူက မဖြေတော့လည်း ဘာမှမတတ်နိုင်ပါဘူး"

"သူဘာတွေပြောသွားလဲ၊ ပြန်လာမယ်တဲ့လား၊ ဘယ်တော့ ပြန်လာမယ် ပြောလဲဟင်"

ယောမင်းက အမောတကော မေးလိုက်တာမို့ ဒေါ်လုံက စိတ်မကောင်းစွာ သက်ပြင်းချလိုက်မိပါသည်။ ကြွေရုပ် ထွက်သွားပြီးကတည်း ယောမင်း ကယောင်ချောက်ချား ဖြိုလဲလျက် ရှိတာကို သနားမိလို့ပင်။

"ပြောလေ ဒေါ်လုံ၊ သူဘာပြောသွားလဲ"

"သူ … သူ … ပြန်မလာတော့ဘူးတဲ့ကွယ်"

"ဟင် …"

ယောမင်းသည် ရုတ်တရက် တိတ်ဆိတ်ငြိမ်ကျသွားပါသည်။ သို့သော် ချက်ချင်း တင်းမာလာကာ …

"ပြန်မလာလို့ရမလား၊ သူပြန်မလာချင်လည်း ကျွန်တော်က မြေလှန်ရှာမှာပဲ"

ဟု ခက်ထန်စွာပြော၍ လှည့်ထွက်သွားပြီးမှ ဖုန်းဘက်သို့ ချာခနဲ ပြန်လှည့်ကြည့်လာသည်။ ထို့နောက် ချက်ချင်းပင် ဖုန်းဆီသို့ ခြေလှမ်းကျဲဖြင့် ပြန်လျှောက်လာကာ ခလုတ်တစ်ခုကို နှိပ်ပြီး စောစောက အဝင် call နံပါတ်ကို ရှာလိုက်သည်။ နံပါတ်တွေ့တာနှင့် ထိုနံပါတ်အတိုင်း ပြန်ခေါ်လိုက်ပါသည်။

"ဟဲလို ..."

တစ်ဖက်က ထူးသံဟာ မိန်းကလေးအသံပင်။ သို့သော် ကြွေရုပ်အသံတော့ မဟုတ်။

"အဲဒီဖုန်းက ဘယ်ကဖုန်းလဲဗျ"

"ဩော် ... ဒါ PCO ဖုန်းပါရှင့်"

"ခုန ကောင်မလေး ချောချောလေးတစ်ယောက် ဖုန်းခေါ်သွားတယ် မဟုတ်လား"

"ဩော် ... ဟုတ်ပါတယ်၊ လူရှင်းတုန်း ခေါ်သွားတာမို့လို့ ကျွန်မ မှတ်မိနေတာ၊ ကောင်မလေးက ချစ်စရာ ဖြူဖြူချောချောလေး"

"ဒါဆို သူ့ကိုများ ပြန်ခေါ်ပေးလို့ ရမလား မသိဘူး"





"သူ ဘယ်အခန်းကမှန်း ကျွန်မ မသိဘူးရှင့်၊ ဒီနားမှာက တိုက်ခန်းတွဲတွေ အများကြီးပဲလေ၊ သူပြောသွားတာကတော့ သူက ဧည့်သည်တဲ့"

"အဲဒီဖုန်းရှိတဲ့ နေရာလေးများ ပြောပြလို့ ရမလား"

"ဩော် ... ရပါတယ်၊ ကမာရွတ်မြို့နယ်ထဲကပါပဲ၊ ...... လမ်းမှာပါ၊ လှည်းတန်းနဲ့ နီးပါတယ်"

ယောမင်းက တစ်ဖက်က စကားဆုံးတာနှင့် ဖုန်းကိုချပစ်လိုက်ပြီး ကားသော့ဆွဲက အိမ်ထဲမှ ပြေးထွက်လာသည်။

ထိုအမျိုးသမီး လမ်းညွှန်လိုက်သည့်နေရာဟာ သူ့အိမ်နဲ့လည်း မဝေးတာမို့ ၁၅ မိနစ်အတွင်း ထိုဖုန်းဆိုင်လေးနားသို့ သူရောက်လာပါသည်။

သူ ထိုနားတစ်ဝိုက်က တိုက်ခန်းတွေနားမှာ ဟိုဒီလျှောက်လိုက်။ ကားဖြည်းဖြည်းမောင်းရင်း ထိုနားတစ်ဝိုက်ကို လှည့်ပတ်ရှာဖွေလိုက်ဖြင့် နာရီပေါင်းများစွာ အချိန်ဖြုန်းနေခဲ့သည်။ စိတ်ရှိတိုင်းသာ လုပ်ရမည်ဆိုလျှင် တစ်အိမ်တက်ဆင်းတံခါးလိုက်ခေါက်ပြီး ကြွေရုပ်ရှိလားဟု မေးလိုက်ချင်ပါသည်။

သူ့ဘဝမှာ ...

ကြွေရုပ်မရှိလို့ မဖြစ်တော့တာ သေချာသည်။

● ● ●

* * *

"ဒေါက် ... ဒေါက်"

ဟော ... သစ်ထူး ပြန်လာပြီ။

ကြေရုပ်က ငေးငိုင်ထိုင်နေဆဲမှာ အပေါ်ထပ် အောက်ထပ် ကူးလို့ရသည့် အတွင်းလှေကားထိပ်တံခါးဆီမှ တံခါးခေါက်သံ ကြားလိုက်ရပါသည်။

ကြေရုပ် တံခါးထဖွင့်ပေးလိုက်တော့ သစ်ထူးက အထုပ်အပိုးတွေ ဆွဲကာဝင်လာရင်း ...

"ဗိုက်ဆာနေပြီလား ကြေရုပ်"

"စောစောတုန်းကတော့ အရမ်းဆာနေတာ၊ အခုတော့ မဆာတော့ပါဘူး"

"အဆာလွန်ပြီး လေခဲသွားတာထင်တယ်၊ ဆောရီးဟာ ရုံးဆင်းခါနီးမှ အလုပ်တွေ ပေါ်လာလို့ ဖလင်ခန်းပြေးရ၊ ပုံနှိပ်စက်ပြေးရ ဖြစ်နေတာ၊ ငါတို့တိုက်က မဂ္ဂဇင်းလည်း





ထုတ်တော့ ဖောင်ပိတ်ရက်နီးရင် အလုပ်များတယ်၊ နောက်နေ့တွေကျ ငါနောက်ကျလည်း နင့်ဘာသာ သင့်တော်ရာရာ ချက်ပြုတ်စားလို့ရအောင် ကြက်အူချောင်းတို့ ကြက်သွန်တို့၊ အာလူးတို့ ဝယ်လာတယ်၊ ဆန်ကတော့ ရှိသေးလို့ ထပ်ဝယ်မလာဘူး၊ ဒီမှာ ကြက်ဥလည်း ပါတယ်၊ ငါက တစ်နေကုန် ရုံးမှာဆိုတော့ ငါ့ဘာသာ အနီးအနားဆိုင်က ဝယ်စားနေကျ၊ တစ်ခါတလေ ပိတ်ရက်မှသာ ချက်စားတာ၊ နင်က တစ်နေကုန် အိမ်မှာပဲဆိုတော့ နင့်အတွက် လိုမယ်ထင်တာလောက်ပဲ ရွေးဝယ်လာတာ၊ ဟင် ... ဒါတွေက ..."

သစ်ထူးက ပစ္စည်းတွေကို ထုတ်ချနေရင်း ကြေရုပ်ဘေးမှာ ချထားသည့် အိတ်ကလေးကို မြင်သွားကာ ...

"ဒါတွေက နင်ဆင်းဝယ်ထားတာလား"

"အင် ... ငါဗိုက်ဆာလို့ ဆင်းဝယ်ထားတာ"

"ကြေရုပ်ကလည်းဟာ၊ လုံးဝ မဆင်းပါနဲ့လို့ ငါမှာထားရက်သားနဲ့၊ နင်ပဲပြောထားတာ ယောမင်းကို လျှော့တွက်လို့ မရဘူးဆို၊ မျက်စိကြီး နားကြီးမို့လို့ မြေလှန်ရှာနိုင်တယ်ဆို၊ ပြီးတော့ ဒီနေရာက သူ့အိမ်နဲ့လည်း သိပ်မဝေးဘူးလေ"

"ခဏတဖြုတ် ဆင်းတာကတော့ ဘာမှ မဖြစ်လောက်

ပါဘူး၊ ဝယ်စရာရှိတာ အမြန်ဝယ်ပြီး ပြန်လာတာပဲပါ၊ မနက်ဖြန်လည်း ငါ ခဏတော့ ဆင်းရဦးမယ်”

“ပြောနေတဲ့ကြားက ဘာလုပ်ဖို့ ဆင်းမှာလဲ”

“ငါ့အတွက် လိုအပ်တာလေးတွေ ဝယ်မလို့၊ နင် ဒီနေ့ လခထုတ်တယ် မဟုတ်လား၊ ငါ့ကို ပိုက်ဆံချေးလေ၊ ငါ စာစီစာရိုက်ခရရင် ပြန်ပေးမယ်”

“ပိုက်ဆံချေးတာက ရပါတယ်၊ ဒါပေမယ့် နင် အောက် ခဏခဏဆင်းတာတော့ မကောင်းဘူး၊ နင်လိုချင်တာ ရှိရင် ငါ့ကိုမှာလေ၊ ငါဝယ်ပေးမှာပေါ့”

“နင့်ကို မှာလို့မဖြစ်တဲ့ မိန်းကလေး အသုံးအဆောင် ပစ္စည်းတွေမို့လို့ပါ၊ ငါ့ဘာသာ ဝယ်ပါ့မယ်ဟယ်၊ အမြန် ဝယ်ပြီး အမြန်ပြန်တက်လာမှာပါ”

“ကဲ ... သဘောပဲ၊ ဆင်းရင်လည်း သတိဝီရိယနဲ့ ဆင်း ဦး ...”

“အေးပါ”

ကြွေရုပ်က ဖုန်းဆက်သည့်အကြောင်းကိုတော့ သစ်ထူးကို ပြောမပြဘဲ ထိန်ချန်ထားလိုက်ပါသည်။

“ပစ္စည်းတွေ သွားသိမ်းလိုက်ဦးမယ်”

ကြွေရုပ်က ပစ္စည်းထုပ်တွေကို ယူပြီး မီးဖိုချောင်ဘက်သို့ လျှောက်လာခဲ့သည်။ တိုက်ခန်းက ခပ်ကျဉ်းကျဉ်းပဲ





မို့ မီးဖိုချောင်နှင့် ဧည့်ခန်းက နီးနီးလေးပင်။ တိုက်ခန်းထဲမှာ ဘယ်နေရာကနေ စကားလှမ်းပြောပြော ကြားနိုင်သည်။

ကြွေရုပ်က မီးဖိုချောင်ထဲမှာ ပစ္စည်းတွေ နေရာတကျ ထားပြီး ရေခဲသေတ္တာထဲ ထည့်သင့်တာ ထည့်နေတုန်း သစ်ထူးက ကြွေရုပ်ကိုလှမ်းကြည့်ကာ ...

“ကြွေရုပ် ...”

“အေး ... ပြော”

“နင့်ကိုငါ ဘယ်အချိန်အထိ ဖွက်ထားပေးရမှာလဲ”

“ဘာလဲ ... နင်က ဖွက်ထားမပေးချင်တော့ဘူးလား”

“ငါက ဖွက်ထားပေးချင်ပါတယ်၊ ငါ ဖွက်ထားပြီး ပြန် မလွှတ်ရင် နင် ဘယ်လိုလုပ်မလဲ”

သစ်ထူး စကားကြောင့် ကြွေရုပ် ခဏငြိမ်သက်သွားမိသည်။ ပြီးမှ ခေါင်းမော့ ရယ်မောလိုက်ရင်း ...

“လက်သီးနဲ့ ထိုးမှာပေါ့”

“ဘယ်လို ...”

“နင့်ကို လက်သီးနဲ့ ထိုးပြီး ထွက်ပြေးသွားမှာပေါ့”

ကြွေရုပ်က ဧည့်ခန်းသို့ ပြန်လျှောက်လာရင်းက လက်သီးထောင်ပြပြီး ပြောလိုက်တာမို့ သစ်ထူးက ကြွေရုပ်ရဲ့ မျက်နှာကလေးကို ငေးကြည့်၍ ငြိမ်သက်သွားလေသည်။

● ● ●

* * *

"ဟင် ..."

လိုအပ်တာလေးတွေ ဝယ်ဖို့ အောက်သို့ဆင်းလာသော ကြွေရုပ်သည် လှေကားရင်းမှာ ကပ်ထားသော စာရွက်ကို ဖတ်မိခိုက်မှာ အံ့ဩထိတ်လန့်သွားမိပါသည်။

ကြွေရုပ် ...

*နင် ဒီတိုက်ခန်းမှာ ရှိနေတာငါသိတယ် ...။*

*နင့်ဘာသာ ပြန်လာမလား။*

*ငါလိုက်ရှာရမလား။*

*ပြီးမှ ငါ့ကို အဆိုးမဆိုနဲ့ ...။*

စာရွက်ပေါ်မှာ စာလုံးမည်းကြီးတွေက ထင်းနေသည်။ ဘယ်ဘက်နံရံကိုကြည့်ပြီး ညာဘက်နံရံကို ကြည့်မိတော့လည်း အလားတူ စာရွက်ကို တွေ့ပြန်သည်။ ရှေ့တည့်တည့်ကို





ကြည့်မိပြန်တော့ မျက်နှာချင်းဆိုင် တိုက်ခန်းရဲ့ မျက်နှာစာမှာ ကပ်ထားသည့် စာရွက်ကြီးက ဒီစာရွက်တွေထက် နှစ်ဆပိုကြီးပြီး ထင်းပနေသည်။

ဘုရား ... ဘုရား ...။

ကြွေရုပ် ဒီမှာရှိမှန်း ဘယ်လိုလုပ် သိသွားပါလိမ့်။

ကြွေရုပ်က နောက်လှည့်ပြန်မည်ပြင်ဆဲ လူနှစ်ယောက်က စကားတပြောပြောဖြင့် လှေကားဘက်သို့ ဝင်လာသည်။

"စာရွက်တွေလျှောက်ကပ်ထားတာ ပွထနေတာပဲကွာ၊ ဟိုဘက်လှေကားရင်းတွေမှာလည်း ကပ်ထားတာ အများကြီးပဲ"

"ဒီနားတိုက်ခန်းတစ်ဝိုက်ကို အပြတ်အလပ်မရှိအောင် ကပ်တာကွ၊ ကျုရှင်ကြော်ငြာပေါင် သူ့လောက် ကပ်နိုင်မှာမဟုတ်ဘူး"

"ကပ်တဲ့သူကို မင်း မြင်လိုက်လား"

"အေး ... မြင်လိုက်တယ်၊ နေ့လယ်လောက်က လာကပ်သွားတာ၊ ခပ်သန့်သန့်ဖြောင့်ဖြောင့် ဂေါ်လီဆန်ဆန် ပုံမျိုးကွ၊ အသက်တော့ မကြီးသေးပါဘူး၊ ကြည့်ရတာတော့ သူဌေးသားဖြစ်မယ် ထင်ပါတယ်"

"စာတ်လမ်းတစ်ခုခုတော့ ရှိရမယ်"

ကြွေရုပ်သည် သူတို့ပြောသွားသမျှကို နားစွင့်ထား လိုက်ပြီး လှေကားရင်းမှာပဲ ဆက်ရပ်နေမိသည်။ နေ့လယ် လောက်က လာကပ်သွားတာတဲ့။ ဒါဆို မနက်အစောကြီးက ထွက်သွားတဲ့ သစ်ထူးလည်း တွေ့သွားပုံမရပါ။

အခုက ညနေစောင်းအချိန်ရောက်ပြီဆိုတော့ ဒီနား တစ်ဝိုက်မှာ သူရှိနိုင်ဦးမလား။

ကြွေရုပ်သည် ဒီနားတစ်ခန်းကျော် မြေညီထပ်မှာ ဖွင့်ထားသည့် ဆိုင်လေးသို့ သွားရကောင်းနိုး တွေဝေနေသည်။

ကြွေရုပ်သည် လှေကားဝမှာ ရပ်လျက် အပြင် ဘက်သို့ မရဲတရဲ ခေါင်းပြူကြည့်လိုက်သည်။

"ဟယ် ..."

ရှေ့မျက်နှာချင်းဆိုင်တိုက်မှာ လျှောက်ကပ်ထား သော ကြော်ငြာတွေ အများကြီး ထပ်တွေ့လိုက်ရတာမို့ ကြွေရုပ် က အတွင်းဘက်သို့ ဖျတ်ခနဲ ခေါင်းပြန်လျှိုဝင်လိုက်ရသည်။

ကြွေရုပ်သည် ဒီအချိန် ဒီနားမှာ သူရှိနေနိုင်တာပဲ ဟု တွေးလျက် တုန်လှုပ်လာကာ နောက်ပြန်လှည့်မည်ပြင်ဆဲ

"အစ်မ ... အစ်မ"

ရှေ့မျက်နှာချင်းဆိုင် တိုက်ခန်းလှေကားရင်း ဖုန်း





ဆိုင်က ကောင်မလေးက ကြွေရုပ်ကို လှမ်းအော်ခေါ်လိုက်တာ ပင်။

ကြွေရုပ်က ခြေလှမ်းတုန့်ပြီး နောက်သို့ ပြန်လှည့် ကြည့်မိသည်။

ကောင်မလေးက ကြွေရုပ်ကို လက်လှမ်းပြရင်း

"အစ်မ ... အစ်မက ကြွေရုပ်လား"

"ဟင် ..."

ကြွေရုပ် အံ့ဩမင်သက်နေမိဆဲ ...

"အစ်မက ကြွေရုပ်မဟုတ်လား၊ ဟိုနေ့က ဖုန်းပြောနေ တုန်းက ကြွေရုပ်လို့ပြောနေတာ ကျွန်မ ကြားလိုက်ပါ တယ်၊ အစ်မကိုရှာတဲ့ ကြော်ငြာတွေ တွေ့လား အစ်မ၊ တစ်ရပ်ကွက်လုံး ကပ်ထားတာ ပွထနေတာပဲ အစ်မရဲ့၊ အစ်မ ဖုန်းဆက်တဲ့နေ့ကတည်းက လူတစ်ယောက်က ဒီဖုန်းကိုပြန်ဆက်ပြီး လိပ်စာမေးလို့ ကျွန်မ ပြန်ပြောလိုက် ရသေးတယ်၊ အဲ့ဒီနေ့ကတည်းက ခပ်ချောချော လူ တစ်ယောက်က အစ်မကို လာလာရှာနေတာ၊ ပြန်သွား လိုက်ပါ အစ်မရယ်၊ ဟော ... ဟော ... ပြောရင်းဆိုရင်း တောင် သူလာနေပြီ၊ ဟိုအစ်ကို ... ဟိုအစ်ကို ... ဖြောင်း ဖြောင်း ... ဟိုအစ်မက ဒီမှာ အစ်ကို ..."

အံ့ဩစရာ။ ထိုကောင်မလေးက တရစပ်ပြောရင်း လက်ခုပ်တဖြောင်းဖြောင်း တီးကာ တစ်ဖက်သို့ လှည့်ကြည့် အော်ခေါ်ပြီး ကြွေရုပ်ကို လက်ညှိုး ညွှန်ပြလိုက်ပါသည်။

ကြွေရုပ်သည် ရင်တဒိန်းဒိန်း တုန်လျက် ချာခနဲ လှည့်ကာ လှေကားပေါ်သို့ ပြေးအတက် ...

"ကြွေရုပ် ... ကြွေရုပ်"

အော်ခေါ်သံနှင့်အတူ ယောမင်းက လှေကားဝမှာ ဘွားခနဲ ပေါ်လာပါတော့သည်။

ကြွေရုပ်က အားကုန်ပြေးလာသည်။ ယောမင်းက လည်း လှေကားထစ်တွေကို ကျော်လွှားကာ တစ်ရှိန်ထိုး ပြေး တက်လာတာမို့ ဒုတိယထပ် လှေကားထောင့်ချိုးမှာ ကြွေရုပ်ကို မီလာကာ ကြွေရုပ်လက်ကို လှမ်းဆွဲဖမ်းချုပ်လိုက်သည်။

"လွှတ် ... လွှတ်စမ်း ယောမင်း"

"မင်း လွှတ်ခိုင်းတိုင်းသာ လွှတ်ဖို့ စိတ်ကူးရင် အစ ကတည်းက ရှာမနေဘူး၊ မင်း မရုန်းနဲ့၊ ငြိမ်ငြိမ်နေပြီး ငါပြောတာ နားထောင်"

ယောမင်းက ရုန်းကန်နေသည့် ကြွေရုပ်လက်တွေ ကို ချုပ်ကိုင်ထားရင်းက ကြွေရုပ်ရဲ့ ခန္ဓာကိုယ်လေးကို နံရံဆီ တွန်းကပ်ပစ်လိုက်သည်။





ကြွေရုပ်သည် နံရံကိုကျောမှီကပ်လျက် ကြောက်ရွံ့ တုန်လှုပ်နေဆဲ သူ့ရဲ့ခက်ထန်သော မျက်နှာက ကြွေရုပ်မျက် နှာနှင့် ဖျတ်ခနဲ နီးကပ်လာသည်။

ကြည့်စမ်း ... သူ့မျက်နှာက ပြောင်းလဲသွားလိုက် တာ။ ဆယ်ရက်လောက်အတောအတွင်းမှာ ဆယ်နှစ်စာလောက် အိုစာသွားလိုက်တာ။ အရင်တုန်းက ငယ်နုသော မျက်နှာကလေး ဟာ မုတ်ဆိတ် ကျင်စွယ်တွေ မညီမညာ ထွက်လျက် ညစ်နွမ်း ညှိုးမည်းနေသည်။ မျက်လုံးတွေက အရောင်ဖျော့လွန်းသည်။ စိတ်တည်ငြိမ်မှု လုံးဝမရှိတော့သော မျက်နှာမျိုး။ သူ့မျက်နှာ သွင်ပြင်ကို ကြည့်ရုံနှင့် ဆောက်တည်ရာမဲ့နေပုံက သိသာလွန်း နေသည်။ ကြွေရုပ်ကို အမျိုးမျိုး ဗိုလ်ကျခွင့် ရတုန်းက မျက်နှာ မျိုးနဲ့ လုံးဝမတူတော့။

ကြွေရုပ်သည် သူ့ကိုကြောက်ရွံ့နေသည့်ကြားက ပင် သူ့သွင်ပြင်ကို ဝေဖန်နေမိဆဲ သူက အံကြိတ်သံဖြင့် ...

"မင်း အခု ငါနဲ့ အေးအေးဆေးဆေး ပြန်လိုက်မလား၊ ဒါမှမဟုတ် လူတကာသိပြီး အုတ်အော်သောင်းနင်း ဖြစ် ပြီးမှ ပြန်လိုက်ချင်သလား၊ အဲ့ဒီနှစ်ခုထဲက တစ်ခုပဲ ရွေး"

"ငါ့ကို လာခြိမ်းခြောက်မနေနဲ့၊ ငါ နင်နဲ့ လုံးဝပြန်မလိုက် ဘူး"

“မင်း ဒီနေ့ပြန်မလိုက်ရင် နောက်နေ့ကျ ဒီနားတစ်ဝိုက်မှာ စာတင်မကဘူး၊ မင်းဓာတ်ပုံပါ ကပ်ထားလိုက်မယ်၊ ပြီးတော့ ရပ်ကွက်ရုံးကိုသွားပြီးတော့ တိုင်မယ်”

“ဘာ ... ဘာကိုတိုင်မှာလဲ”

“ကျွန်တော့် အမျိုးသမီးကို ဒီနားတစ်ဝိုက်က တိုက်ခန်းတစ်ခုမှာ တစ်ယောက်ယောက်က ဖွက်ထားပေးလို့ ရှာပေးပါခင်ဗျာလို့ သွားပြောလိုက်မှာပေါ့”

“နင် ငါ့ကို အရှက်မခွဲနဲ့နော် ယောမင်း၊ ငါ နင့်အမျိုးသမီး မဟုတ်ဘူး”

“ဒါပေမယ့် မင်းကို ငါပိုင်တယ်၊ မင်းက ငါ့အိမ်ကလူပဲ”

“နင် ... ဖယ်နော် ... လွှတ်၊ ငါ အော်ပစ်လိုက်မယ်”

“အော်လေ ... လူတွေဝိုင်းလာရင် ကျွန်တော့် ဇနီး အိမ်က ဆင်းသွားလို့ လာပြန်ခေါ်နေတာ ကျေးဇူးပြုပြီး ဝင်မပါကြပါနဲ့လို့ မေတ္တာရပ်ခံလိုက်မှာပေါ့”

“ကဲ ...”

“ဒုတ် ...”

“အ ...”

ကြွေရုပ်က သူ့ခြေသလုံးကို ပိတ်ကန်ပစ်လိုက်တာမို့ သူက အားခနဲညည်းကာ နောက်ဆုတ်ဟန်ချက်ပျက်သွား





တော့မှ ကြွေရုပ်က သူ့ကို တွန်းဖယ်ကာ လှေကားဆောင့်ချိုးမှ အောက်ဝင်သို့ တစ်ရှိန်ထိုး ပြေးဆင်းလာသည်။

“ကြွေရုပ် ... မင်း အခုရပ်စမ်း”

သူကလည်း ထပ်ချပ်ပြေးလိုက်လာနေသည်။ ကြွေရုပ်က လမ်းသွယ်ထဲမှထွက်လာကာ ကားအသွားအလာများသော လမ်းမကြီးဘက်သို့ ထွက်ပြီး တက္ကစီတစ်စီး လှမ်းတားလိုက်သည်။

တက္ကစီက ရပ်ပေးတာမို့ ကြွေရုပ်က တံခါးကို ဆွဲဖွင့်နေဆဲ သူက ကြွေရုပ်ကို မီလာပါသည်။

“ဒီလိုပြေးလို့ မရဘူးလေ၊ လာခဲ့ ...”

ယောမင်းက ကြွေရုပ် ထပ်ဝတ်ထားသော သစ်ထူးရဲ့ ရှပ်အင်္ကျီစကို လှမ်းဆုပ်ဆွဲလိုက်သည်။

ကြွေရုပ်က ရုန်းသည်။ ယောမင်းက ဆွဲသည်။ ကားဆရာကလည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ ကြွေရုပ်က ကားတံခါးလက်ကိုင်ကို လွှတ်မပေးတာမို့ ကားမောင်းထွက်သွားလို့လည်း မရချေ။

“လွှတ် ... လွှတ်ဆို ...”

“မင်းလက်ကိုသာ လွှတ်လိုက်၊ ကားတံခါးကို လွှတ်ပေးလိုက်”

"မလွတ်ဘူး"

"ငါ့သည်း မလွတ်ဘူး"

"ယော့ ... ယော့ ... ဘာတွေလဲကွာ၊ ဗရုတ်သုတ်ခနဲ့၊ တက်မှာဖြင့်လည်း တက်၊ မတက်ဘူးဆိုလည်း လွတ်၊ ဒီမှာ ခရီးဖင့်လှပြီကွ၊ အချိန်နဲ့ လုပ်စားနေရတာ"

"ဦးလေး ခဏစောင့်၊ ကျွန်မ လိုက်မှာ"

"မလိုက်ဘူး ယော့လူ၊ သွားတော့ ..."

"ဟာ ... ပြဿနာရှင်းရင် တခြားမှာ သွားရှင်းကြပါကွာ၊ ဧယားရှုပ်လိုက်တာ"

"ဒါ ကျွန်တော့် အမျိုးသမီးဗျ၊ စိတ်ကောက်ပြီး အိမ်ပေါ်က ဆင်းသွားလို့ လိုက်ခေါ်နေရတာ"

"မဟုတ်ဘူး ... မဟုတ်ဘူး"

"ကဲ ... လင်မယားအချင်းချင်းပဲ ငါ့တူမရယ်၊ စိတ်ဆိုးလည်း ခဏပေါ့၊ ပြန်လိုက်သွားလိုက်ပါကွာ၊ ဦးလေးလည်း သွားချင်လှပါပြီ"

"ကျွန်မ လိုက်မှာ၊ ကျွန်မကိုစောင့်၊ စောင့်ခပါ ပိုပေးမှာပါ"

ကြွေရုပ်က တအားဆောင့်ရုန်းလိုက်ပြီး ကားထဲဝင်ထိုင်လိုက်သည်။ ယောမင်းက ကားတံခါးကို ပြန်ဆွဲဖွင့်ပြီး





ကြွေရုပ်လက်ကို လှမ်းဆွဲခေါ်ထုတ်၏။ ကြွေရုပ်က ကားထဲဖွတ်ပြန်ဝင်၊ ယောမင်းကလည်း ဖွတ်ဆွဲထုတ်ဖြင့် သဲကြီးမဲကြီး ရုန်းကန်တွန်းထိုးနေတာမို့ ကားသမားလည်း ဘာလုပ်ရမှန်းမသိအောင် မျက်လုံးပြူးလာကာ ကားစက်ကို သပ်လိုက်ရင်း

"ဂုန်တော့မှာပဲ၊ ငါ့ကားတော့ ကုန်တော့မှာပဲ၊ ကားတံခါးတော့ ပြုတ်ပြုတ်ထွက်တော့မှာပဲ၊ ကားတံခါးက အစကတည်းက မကောင်းဘူးကွ"

ဟု အော်ဟစ်နေရသည်။

ကားတံခါးသည် နှစ်ယောက်ကြားမှာ ဘမ်းခနဲဆောင့်ပိတ်ခံလိုက်ရ၊ ဖြုန်းခနဲ ဆွဲဖွင့်ခံလိုက်ရနှင့် တွန်းဆွဲရုန်းကန်နေသည့်ကြားမှာ လှုပ်ရှားဖြောင်းဆန်နေသည်။

အနီးအနားမှ လူတွေကလည်း စိတ်ဝင်တစားလှမ်းကြည့်လာကြပြီမို့ ကားဆရာက ပြဿနာတက်မှာ စိုးစွာဖြင့် ...

"လင်မယားတွေပါဗျာ၊ အိမ်ကဆင်းလာလို့ လိုက်ခေါ်နေတာပါ"

ဟု စပ်စုလာသည့်သူတွေကို သတင်းလွှင့်ပေးနေရသည်။

တစ်ကြိမ်မှာတော့ ကြွေရုပ်သည် ကားထဲသို့ ပိုင်ပိုင်နိုင်နိုင်ကြီး ဝင်မိသွားကာ ...

"ကားဆရာ ... မောင်း"

ဟု အော်လိုက်သော်လည်း ကားစက်က မြန်မြန် မနိုးဘဲ ဂျိဂျိ ဂျိဂျိ ဖြစ်နေတာမို့ ယောမင်း ကားထဲလိုက်ဝင် လာဖို့ အချိန်ရသွားသည်။

ကားက ဂျိဂျိသံတွေမြည်ပြီး လုံးဝမရွေ့။ ယောမင်းက ကားထဲဝင်အထိုင်၊ ကြေွရုပ်က တစ်ဖက်က တံခါးကို တွန်းဖွင့်ပြီး ကားထဲမှပြန်ထွက်ဖို့ ကြိုးစားလေရာ ယောမင်းက ကြေွရုပ်ရဲ့ အင်္ကျီစကို တအားဆွဲထားပြန်တာမို့ လမ်းမပေါ် ခြေတစ်ဖက်ဆင်းရက် တန်းလန်းကြီး ဖြစ်နေသည်။

"ကဲ ... အင်္ကျီပဲ ယူလိုက်တော့"

ကြေွရုပ်က အပေါ်က ထပ်ဝတ်ထားသည့် အင်္ကျီ ကို ချွတ်ပစ်ခဲ့ပြီး ကားပေါ်မှ လွတ်လွတ်ကျွတ်ကျွတ် ပြေးထွက် သွားနိုင်လေသည်။

သို့သော် ယောမင်းကလည်း ဖွဲနဘဲကြီးသူဖြစ်တာ မို့ ကြေွရုပ်နောက်သို့ ပြေးလိုက်လာသည်။

ကြေွရုပ်က ဘတ်စ်ကားဂိတ်ဆီသို့ ဦးတည်ပြေး ၏။ ကားဂိတ်နားရောက်တော့ ထွက်လုထွက်ခင် ဘတ်စ်ကား ကြီး တစ်စီးပေါ်သို့ ပြေးတက်သွားသည်။ ယောမင်းကလည်း ကြေွရုပ်နည်းတူ ပြေးတက်လာသည်။





"ဟဲ့ ... ဟဲ့ ... တအားမတိုးနဲ့လေ၊ ကားပေါ်မှာ စိန်ပြေး တမ်း လာဆော့နေတာလား"

ကြေွရုပ်က မိန်းကလေးမို့ ဘတ်စ်ကားကြပ်ကြပ် ထဲ တအားတိုးရတာ ခရီးတွင်သည်။ ယောမင်းကတော့ မိန်း ကလေးအုပ်စုကြားထိ တအားတိုးရတာ ခရီးမတွင်တာမို့ လူအုပ် ထဲ ညပ်ပိတ်ကျန်ခဲ့ချိန်တွင် ကားက နောက်တစ်မှတ်တိုင်သို့ ရောက်ပြီမို့ ကြေွရုပ်က ကားရှေ့ပေါက်မှ တိုးထွက်ဆင်းလာ ပြီး တက္ကဆီတစ်စီး အမြန်တားကာ သူ့ထံမှ လွတ်မြောက်လာ လေသည်။

● ● ●

* * *

"နင် ဒီမှာ တစ်ပတ်လောက်တော့ နေလိုက်ဦးပေါ့၊ ဒီတိုက်ခန်းက နယ်က ငါ့သူငယ်ချင်း တိုက်ခန်း၊ သူက နောက် ဆယ်ရက်လောက်နေမှ ပြောင်းလာမှာ၊ နင်စိတ်ချလက်ချ နေလို့ရတယ်၊ နင် အဖော်ရအောင် ငါတို့ မြောက်ဒဂုံအိမ်နားက အိမ်နီးချင်း ညီမလေးတစ်ယောက်ကို အဖော်ခေါ်လာပေးမယ်၊ ဒီအတောအတွင်း နင် နယ်ကိုထွက်သွားလို့ ရအောင် ငါ စီစဉ်ပေးမယ်၊ ခရီးဆောင်အိတ်က ငါ့ဘာသာဝယ်ထားပေးမယ်၊ အဝတ်အစားတွေတော့ တစ်ရက်လောက် ခဏထွက်ပြီး နင်ကိုယ်တိုင်ဝယ်မှဖြစ်မယ်၊ ငါ့သူငယ်ချင်း လင်မယားက တောင်ကြီးမှာ ကွန်ပျူတာသင်တန်း ဖွင့်ထားတယ်၊ နင် အဲဒီမှာ ဆရာမ ဝင်လုပ်ပြီး သူတို့ပေးတဲ့ အခန်းမှာ နေရုံပဲ၊





အဲဒီမှာက ဒီမှာထက်ပိုပြီး လုံခြုံတယ်၊ ယောမင်းလည်း နင့်ကို အလွယ်တကူ ရှာမတွေ့နိုင်ဘူး"

ကြွေရုပ်က သစ်ထူး ခေါ်လာသည့် အခန်းလေးထဲသို့ ဝင်လာပြီး အခန်းထောင့်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ပါသည်။ ကြွေရုပ် ယောမင်းလက်ထဲက လွတ်အောင်ပြေးလာရတာ မောလှပြီလေ။

သူ့ကို မျက်ခြည်ပြတ်ထားနိုင်ပေမယ့် ကြွေရုပ်နေတဲ့ တိုက်ခန်းကို ပြန်လို့မဖြစ်တော့တာမို့ သစ်ထူးရုံးခန်းကို ဖုန်းလှမ်းဆက်ကာ အကူအညီတောင်းခဲ့ရသည်။

သစ်ထူးက အပေါင်းအသင်း များတာမို့သာ လောလောဆယ် နေဖို့ အလွယ်တကူ အဆင်ပြေသွားခဲ့တာပင်။

သစ်ထူးက ကြွေရုပ်နဲ့ မလှမ်းမကမ်းမှာ ထိုင်ချလိုက်ရင်း ...

"နင့်ကြည့်ရတာ သေပြေးရှင်ပြေး ပြေးလာခဲ့ရပုံပဲ"

"ခွေးပြေး ဝက်ပြေး ပြေးလာခဲ့ရတယ်လို့သာ ပြောလိုက်ချင်ပါတယ်ဟယ်၊ တကယ်ပဲ ဒီကောင်ကလည်း ကျားကုပ်ကျားခဲ အတင်းပြေးလိုက်လာတာ၊ တကယ့်ကို ဝရုန်းသုန်းကားပဲ၊ ငါရုက်လွန်းလို့ လဲတောင်သေချင်တယ်"

"နေပါဦး ... သူက နင်ရှိတဲ့နေရာကို ဘယ်လိုကနေ ဘယ်လို ခြေရာခံမိသွားတာလဲ"

"ဖုန်းကနေ တစ်ဆင့် ခြေရာခံမိသွားတာပေါ့၊ ငါဆက်တဲ့ ဖုန်းနံပါတ်ကို ပြန်ရှာဆက်ပြီး ထောက်လှမ်းတယ်လေ၊ ပြီးတော့ တိုက်ခန်းတွေနားမှာ နေ့တိုင်း လာစောင့်၊ စာတွေကပ်ပြီး ခြေရာခံနေတာ"

"နှင်က သူ့ဆီ ဖုန်းဆက်တယ် !..."

သစ်ထူးက တအံ့တဩ မေးလိုက်မှ ကြွေရုပ် စကားကျွံသွားမိတာကို သတိရသည်။

"ဟို ... သူ့ဆီဆက်တာ မဟုတ်ပါဘူး၊ အိမ်က အဒေါ်ကြီးဆီဆက်တာပါ၊ ငယ်ငယ်လေးကတည်းက အတူနေလာတာဆိုတော့ သံယောဇဉ်ရှိတယ်လေ၊ သူစိတ်ပူနေမှာစိုးလို့ စိတ်မပူဖို့ လှမ်းပြောမိတာ ..."

သစ်ထူးသည် ငယ်ငယ်တုန်းကလို ချစ်စရာကောင်းမြဲဖြစ်သော ကြွေရုပ်ရဲ့ မျက်လုံးလေးတွေကို စိုက်ကြည့်လိုက်မိသည်။ သူမ မျက်ဝန်းထဲမှာခံစားမှုအရိပ်တွေဟာ ဘာရယ်လို့ ရှင်းရှင်းလင်းလင်း မသိဘဲ ရှုပ်ထွေးရောနှောနေသည်။

သူမက သံယောဇဉ်ဆိုတာကို အလေးအနက် ယုံကြည်ပုံရသည်။ ဒါဆို သူနဲ့ပတ်သက်တဲ့ ငယ်သူငယ်ချင်း သံယောဇဉ်ကိုရော အလေးအနက်ထားတုန်းပဲလားဆိုတာ သူ သိချင်မိပါသည်။





သူ့အတွက်တော့ ငယ်သံယောဇဉ်ဆိုတာ နွေးထွေးမြဲမို့ ကြွေရုပ်နဲ့ မမျှော်လင့်ဘဲ ပြန်တွေ့ရတဲ့အခိုက်မှာ ခံစားချက်တွေ နွေးထွေးလှုပ်ခတ်သွားခဲ့ရသည်။ အချိန်တိုတိုလေးအတွင်းမှာပဲ ငယ်ငယ်တုန်းကလို လှိုက်လှဲမှုမျိုးနှင့် ပြန်လည် နီးကြားနီးကပ်လာခဲ့ပါသည်။ သူ့မျက်စိထဲမှာတော့ ကြွေရုပ်ဆိုတာ ဟိုအရင်က သူ ရေခဲချောင်း ဝယ်ကျွေးနေကျ ကောင်မလေးပါပဲ။

"ကြွေရုပ် ..."

သူက အမည်ဖော်ဖို့ ခက်ခဲသော ကြွေရုပ်ရဲ့ မျက်ဝန်းတွေကို စိုက်ကြည့်ရင်း ...

"နှင် ယောမင်းကို တကယ်ရော သံယောဇဉ် ပြတ်ရဲ့လား"

"ဘာဖြစ်လို့ မပြတ်ရမလဲ၊ ငါ့အပေါ် ဒီလောက် ဗိုလ်ကျစိုးမိုးလာတာ"

"တကယ်ပြတ်တယ် မပြတ်ဘူးဆိုတာသာ ဖြေပါ ကြွေရုပ်"

"ပြတ်တယ် ..."

"အေး ... ပြတ်တယ်ဆို ရင်ဆိုင်လိုက်ကြရအောင်"

"ဘယ်လို ရင်ဆိုင်မှာလဲ"

"နှင်နဲ့ငါ ယောမင်းကို သွားတွေ့မယ်"

"ဟင် … ဘယ်ဖြစ်မလဲ၊ သူ့လက်က လွတ်အောင် သေပြေးရှင်ပြေး ပြေးလာရပါတယ်ဆိုမှ …"

"နှင် တစ်သက်လုံး ဒီလိုပြေးနေနိုင်မလား၊ နှင် အလုပ်လုပ်ချင်တယ်ဆို၊ နှင့်ဘဝ နှင် ရပ်တည်ချင်တယ်ဆို၊ ဒါဆို နှင် တည်တည်ငြိမ်ငြိမ် နေခွင့်ရဖို့ လိုတာပေါ့၊ အဲဒါကြောင့် သူနဲ့ ရင်ဆိုင်ရမယ်၊ နှင့်ကို ငါက ကူညီစောင့်ရှောက်မယ့်အကြောင်း ပြောပြရမယ်၊ ဒါကိုမှ သူက အလွယ်တကူ လက်မခံဘဲ နှင့်ကို ဆွဲလား ရမ်းလား ဖွတ်လုပ်မယ်ဆိုရင်တော့ ဒိကောင့်မျက်နှာကို လက်သီးတစ်လုံးလောက်တော့ ကျွေးပေးရမယ်"

"ဟယ် … အဲဒီလိုတော့ မလုပ်ပါနဲ့ဟယ်၊ မဖြစ်ဘူး၊ သူငယ်ငယ်က နှာခေါင်းသွေးတွေ အများကြီး ကျဖူးတယ်၊ ပြီးတော့ ကစားရင်း သူ့နှာခေါင်းကို ပြင်းပြင်းထန်ထန် ဆောင့်မိဖူးတယ်၊ မျက်နှာကို ထိခိုက်ခံလို့ မဖြစ်ဘူး"

ကြွေရုပ်ရဲ့ ပျာပျာသလဲအပြောကြောင့် သစ်ထူး 'အံ့ဩ' သွားမိလေသည်။ ကြွေရုပ်ရယ် နှင့်ကို ငါ ဘယ်လိုနားလည်ရမှာလဲ။

"အဲဒီနည်းကို မေ့လိုက်ပါ သစ်ထူးရယ်၊ ငါလည်း နောက်





တစ်ပတ်ဆို တောင်ကြီးကို သွားတော့မှာပဲ၊ ငါ သူနဲ့ ရင်မဆိုင်ချင်ဘူး၊ ငါ့ဘာသာ အေးအေးဆေးဆေး ရှောင်ထွက်သွားချင်တယ်"

"ကောင်းပြီလေ … နှင့်သဘောပါပဲ"

သစ်ထူးက ကြွေရုပ်ရဲ့ မျက်ဝန်းတွေထဲက အရိပ်အယောင်ကို ရှာဖွေဖို့ ကြိုးစားသော်လည်း ကြွေရုပ်က မျက်လွှာချနေတာမို့ မမြင်ရ။

သစ်ထူးက မဲ့ပြုံးလိုလို မချိပြုံးလိုလို တစ်ချက်ပြုံးလိုက်ရင်း …

"နှင့်ကို တစ်ခုတော့ ဝေဖန်ချင်တယ်"

"ပြောလေ …"

"နှင် ပြေးတာ သိပ်ခရီးမရောက်သလိုပဲ"

ကြွေရုပ်က သစ်ထူးကို တွေစိုက်ကြည့်နေသည်။

"နောက်တစ်ခု မေးချင်သေးတယ်၊ နှင် အခု ပြေးနေတာ ရှေ့ကိုပြေးနေတာလား၊ နောက်ပြန်ပြေးနေတာလား"

ကြွေရုပ်သည်မဖြေဘဲ တွေငေး၍သာနေလေသည်။

ကြွေရုပ်ရယ် … ငါ တစ်ခု ထပ်မေးချင်သေးပေမယ့် မမေးရဲလို့ နှုတ်ဆိတ်နေလိုက်တော့မယ်။

● ● ●

❋ ❋ ❋

ညသည် မှောင်မိုက်နေ၏။

ကြွေရုပ်သည် အိပ်စက်၍နေ၏။

သို့သော် ... ကြွေရုပ်အာရုံထဲမှာ အရောင်တွေ၊ အရုပ်တွေ၊ အသံတွေ ရှုပ်ယှက်ခတ်၍နေလေသည်။

* (ယောမင်း ... နင်နော် ငါ့ကို ဗိုလ်မကျနဲ့၊ နင် ဘောလုံးပစ်တာ ငါ့ကို ထိမယ်ဟဲ့)

(ပန်းသီးကို နင်ကိုင်ပေးမှ ဖြစ်မှာပေါ့၊ ဒီကစားနည်းက နင်မရှိလို့ မဖြစ်ဘူး)

* (အီးဟီး ... ပုစွန်မစားဘူး၊ ပုစွန်မစားဘူး ... )

(ဟား ... ဟား ... အရူးမ၊ ငပေါမ ... ပုစွန်ကျတော့ မစားဘူး ... ငါးပိရည်နဲ့တော့ စားတယ်)

* (ရော့ ... ငါ့ပစ္စည်းတွေ သယ်ပေး)





(ဟဲ့ ... အလေးကြီးပဲ)

(လေးလည်း သယ်ပေါ့၊ နင်က မိန်းကလေးပဲ)

* (ကြွေရုပ် ဟိုကောင်မလေး လှလား ...)

(မလှဘူး ...)

(နင့်ထက်တော့ လှသေးတာပဲ)

* (ကြွေရုပ် ... ကြွေရုပ် ... မြန်မြန်လာ၊ အွန်လိုင်းပေါ်မှာ ငါ့ကောင်မလေး ရောက်နေပြီ၊ နင် ငါ့အစား ဝင်ပြီး chat ပေးပါကွာ)

(နင့်ရည်းစားနဲ့ chat တာ နင့်ဘာသာ chat ပေါ့)

(ငါ ဒီမှာ ဘောပွဲကောင်းနေလို့ မအားဘူး)

* (ကြွေရုပ် ... အဲ့ဒီကောင်မလေးကို နင်ပဲလိုက်ပေးပါကွာ)

(နင် တော်တော် ပျင်းပါလား ...)

* (အဲ့ဒီကောင်မလေးတွေ အားလုံးက ငါ့ကိုသိပ်ချစ်ကြ တော့ ငါ့စိတ်တွေ ချိုမြိန်နေတာပေါ့ ...၊ အချစ်ဆိုတာ မလွန်ဆန် သင့်တဲ့ အရာလေ)

* (နင့်ကို မုန်းတယ်)

(ငါကတော့ ချစ်တယ်)

(နင့် အီးပေါလော အချစ်ကို ငါမယုံဘူး၊ လာရှုပ်မနေနဲ့)

* (အတူနေဖို့ သင့်တော်တဲ့ နည်းလမ်းတစ်ခု ငါစဉ်းစား ထားပြီးသား ...၊ အဲ့ဒီနည်းက ငါတို့ လက်ထပ်လိုက်ဖို့ပဲ)

* (မင်းကို လွှတ်မပေးနိုင်ဘူး)

(မင်းက ငါပိုင်ဆိုင်တဲ့ ပစ္စည်းတစ်ခုပဲ)

(ငါ့ဘဝမှာ မင်းမရှိလို့ မဖြစ်ဘူး)

(ငါ့ဘဝမှာ ငါ့သဘောအတိုင်း နေပေးတဲ့သူဆိုလို့ မင်းပဲ ရှိတာ၊ မင်းကိုပဲ ငါပိုင်လို့ရတာ၊ မင်းအပေါ်ပဲ ဗိုလ်ကျလို့ရတာ)

(မင်းကို ငါပိုင်တယ်)

(မင်းကို ငါပိုင်တယ်)

(နင့်ကို မုန်းတယ်)

(နင့်ကို မုန်းတယ်)

(ငါကတော့ နင့်ကိုချစ်တယ်)

(မယုံဘူး)

(မယုံရင် လဲသေလိုက်)

ကြွေရုပ်သည် ရုတ်တရက် လန့်နိုးလာလေသည်။

အသံတွေကို ခုထိ ကြားယောင်နေခဲ့သည်။

ကြွေရုပ် တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေခဲ့သည်။

ကြွေရုပ်သည် မှောင်ထဲမှာပင် ငုတ်တုတ်ထထိုင်လျက် ငြိမ်သက်နေမိလေသည်။





မနက်ဖြန်ဆို ...

မနက်ဖြန်ဆို ကြွေရုပ် ရန်ကုန်က ထွက်သွားတော့မည်။

တကယ်ပဲ ထွက်သွားရတော့မည်။

သစ်ထူးကိုလည်း ကတိပေးပြီးပြီ။

အို ... သစ်ထူးကို ကတိပေးပြီးလို့ သွားမှာမဟုတ်ပါဘူး။

ကြွေရုပ်ကိုယ်တိုင်က သွားချင်လို့ကို သွားမှာ။

"ကြွေရုပ် သူနဲ့ ဝေးချင်လို့ပါ ..."

ကြွေရုပ်က တီးတိုးရေရွတ်ကာ ကိုယ့်ကိုယ်ကို အားပေးနေဆဲမှာ အခန်းတွင်းသို့ အလင်းဖျဖျလေး ဝင်လာသည်။

တဖြည်းဖြည်း မိုးလင်းလာခဲ့ပြီ။ အမှောင်ကလည်း တဖြည်းဖြည်း ဆုတ်ခွာနေသည်။

ကြွေရုပ်သည် မှန်ပြတင်းမှတစ်ဆင့် ဝင်လာမည့် နွေးသော နေရောင်ခြည်ကို တောင့်တ ငံ့လင့်၍နေလေသည်။

● ● ●

* * *

"လမ်းမှာ တွေ့ရာဝယ်မစားနဲ့နော် ကြွေရုပ်၊ ရော့ … ဒါ နင် လမ်းမှာစားဖို့ ကြက်ဆီထမင်း၊ တချို့ သူတို့ကား ရပ်တဲ့ ဆိုင်တွေက အစားအသောက် ကောင်းချင်မှ ကောင်းတာ၊ တခြား စားစရာဆိုင်မရှိရင် အားနာပါးနာနဲ့ ကောင်းကောင်း မကောင်းကောင်း ကျိတ်မှိတ်စားမနေနဲ့၊ ကိုယ့်ကြက်ဆီထမင်းပဲ ကိုယ်ထုတ်စား၊ ဟိုရောက်ရင် ငါ့ဆီ ဖုန်းလှမ်းဆက်ဦးနော်၊ ငါ့သူငယ်ချင်းကို သေချာ ပြောထားပြီးသား၊ သူတို့ လာကြိုလိမ့်မယ်"

သစ်ထူးက စိတ်မချသလို တတွတ်တွတ်မှာရင်း ကြွေရုပ်နှင့်အတူ အဝေးပြေးကားကြီးဆီသို့ လျှောက်လာနေပါသည်။

ကြွေရုပ်ရဲ့ ခရီးဆောင်အိတ်ကြီးကို ဆွဲထားပေ



မယ့် သစ်ထု

လေး ဆွဲထ

နေသည်။

"ငြေ

မငေ

"အိပ်

* * *

"လာ

ဘာက်ကြမှာ တစ်ယောက်တင်မယ် ဆရာရေ"

ကလည်း အ‌ဖြေ ယာဉ်နောက်လိုက်ရဲ့ အော်သံက ကြွေရုပ်ရဲ့ စိတ်

အို လှုပ်နှိုးလိုက်သည်။

တ‌ဂအရှေ့ဆီ လှမ်းမျှော်ကြည့်မိတော့ ခရီးဆောင်အိတ်

ဆွဲထားသလိုပဲ ‌ဇေးမှာချကာ လက်လှမ်းပြနေသော ခရီးသည်ကို

ဒါပေ။

ရှင့်ရဲ့ ‌ုးက တဖြည်းဖြည်း အရှိန်လျှော့ကာ လမ်း

ထွက်သွားပါရစေတော့ ကာ်၏။

ကြွေရုပ်သ ာ်ခါးကာ ရှောခနဲ ပွင့်သွားပြီး ယာဉ်နောက်

အိတ်ကို လှမ်းယူပြီး က ကာ အိတ်တစ်လုံးကို သယ်လာ၏။

ကြွေရုပ် ထိုပြီးတော့ နောက်တစ်လုံး …

ပြေးကားကြီးက စ,တင်ထွ ‌း တစ်လုံး …

:နေသော

* * *

"လမ်းမှာ တွေ့ရာဝယ်မစားနဲ့နော် ကြေးရုပ်၊ ‌ေ
နင် လမ်းမှာစားဖို့ ကြက်ဆီထမင်း၊ တချို့
ရုပ်တဲ့ ဆိုင်တွေက အစားအသောက် ‌ေ
ကောင်းတာ၊ တခြား စားစရာဆိုင်မရှိရင် အ
ကောင်းကောင်း မကောင်းကောင်း ကျိတ်
ကိုယ့်ကြက်ဆီထမင်းပဲ ကိုယ်ထုတ်စား
ငါ့ဆီ ဖုန်းလှမ်းဆက်ဦးနော်၊ ငါ့သူငယ
ပြောထားပြီးသား၊ သူတို့ လာကြိုလ

သစ်ထူးက စိတ်မချသလို ဝ
ကြေးရုပ်နှင့်အတူ အဝေးပြေးကားကြီးဆီသ
သည်။

ကြေးရုပ်ရဲ့ ခရီးဆောင်ဒ



* * *

"ထောက်ကြံ့မှာ တစ်ယောက်တင်မယ် ဆရာရေ"

ယာဉ်နောက်လိုက်ရဲ့ အော်သံက ကြေးရုပ်ရဲ့ စိတ်အာရုံတွေကို လှုပ်နှိုးလိုက်သည်။

အရှေ့ဆီ လှမ်းမျှော်ကြည့်မိတော့ ခရီးဆောင်အိတ်သုံးလုံးကို ဘေးမှာချကာ လက်လှမ်းပြနေသော ခရီးသည်ကို တွေ့ရလေသည်။

ကားက တဖြည်းဖြည်း အရှိန်လျော့ကာ လမ်းဘေးမှာ ထိုးရပ်လိုက်၏။

ကားတံခါးက ရှောခနဲ ပွင့်သွားပြီး ယာဉ်နောက်လိုက်က ဆင်းသွားကာ အိတ်တစ်လုံးကို သယ်လာ၏။

တစ်လုံးပြီးတော့ နောက်တစ်လုံး ...

နောက်ဆုံး တစ်လုံး ...

"ကျွန်မ ဆင်းမယ်"

ဆတ်ခနဲ ထ,ရပ်ပြီး လှမ်းအော်ပြောလိုက်သော ကြေရုပ်အသံကြောင့် ပိတ်လုဆဲဆဲ တံခါးက လျှောခနဲ ပြန်ပွင့်လာလေသည်။

● ● ●



* * *

ကြေရုပ်သည် ခရီးဆောင်အိတ်ကို ကြိုးရှည်ထုတ်၍ စလွယ်သိုင်းလွယ်ကာ ထောက်ကြံ့နား ပြည်လမ်းမကြီးဘေးပလက်ဖောင်းအတိုင်း တရွေ့ရွေ့ လျှောက်လာနေပါသည်။

နဖူးပေါ် အုပ်အုပ်လေး ချထားသည့် ဆံပင်တွေက မသိမသာ ရှည်ကာ မျက်လုံးပေါ် ခဏခဏ လာလာထောက်နေတာမို့ ဆံပင်တွေကို ဘေးသို့သပ်တင်ရင်း နဖူးပေါ်က ချွေးစတွေကို သုတ်လိုက်သည်။

ဂျင်းဘောင်းဘီပြာ၊ တီရှပ်အနက်အကျပ်လေးနှင့် အနက်ရောင် ရှူးအပါးလေးဝတ်ကာ ခရီးဆောင်အိတ် အမည်းကို စလွယ်သိုင်းလွယ်လျက် လမ်းဘေးမှာ တရွေ့ရွေ့လျှောက်နေသော ကြေရုပ်ကို ဖြတ်သွားဖြတ်လာ ကားတွေက သတိထားကြည့်သွားကြသည်။

ကြွေရုပ်ကတော့ ဘာမှမသိပါ။ ဘယ်လိုစိတ်ကြောင့် ဆင်းလာခဲ့မိတယ်ဆိုတာလည်း ကြွေရုပ် မသိပါ။ အခု ကြွေရုပ် ဘယ်သွားနေတာလဲဟု မေးလျှင်လည်း မဖြေတတ်ပါ။ ကြွေရုပ်ရဲ့ အတွေးအသိတို့က မှုန်ဝါးနေကြပါသည်။

ကြွေရုပ်သည် တရွေ့ရွေ့လျှောက်လာရင်း ထောက်ကြံ့ စစ်သင်္ချိုင်းရှေ့သို့ ရောက်တော့ တုန့်ခနဲ ရပ်လိုက်မိပါသည်။ ပြီးတော့ စစ်သင်္ချိုင်းဘက်သို့ တဖြည်းဖြည်း လှည့်ကြည့်လိုက်မိသည်။

ဟောဟိုမှာ တရုတ်စံကားပင်လေး ရှိနေသေးတာပဲ။

ကြွေရုပ်အာရုံထဲမှာ ကလေးနှစ်ယောက်ရဲ့ ပုံရိပ်တွေ ပေါ်လာသည်။

"ကြွေရုပ် ... နင့်နောက်မှာ သရဲကြီး"

"အီးဟီး ... အီး ... သရဲကြောက်တယ်၊ သရဲကြောက်တယ်၊ ပြန်မယ် ..."

"ဟား ဟား ... ငိုတဲ့ပုံက ရယ်စရာကြီး ..."

"သင်္ချိုင်းကုန်းမှာ မနေဘူး၊ ပြန်မယ်၊ ပြန်မယ်၊ ကြောက်တယ်"

"ဒါက စစ်သင်္ချိုင်း၊ ဘာမှကြောက်စရာမရှိဘူး၊ ဘယ်





သောက်လှလဲ၊ ဒီမှာကြည့်စမ်း ... တရုတ်စံကားပန်းလေးတွေ အရမ်းလှတယ် တွေ့လား ..."

ကောင်လေးက တရုတ်စံကားပန်းလေး တစ်ပွင့်ကို ကောက်ယူ၍ ကောင်မလေးရှေ့သို့ တရွေ့ရွေ့တိုးလာပြီး ပန်းပွင့်ကို ကြွေရုပ်ပါးစပ်နားကပ်ကာ ...

"ရော့ ... စား"

"ဟင် ... ဘာလို့စားရမှာလဲ၊ စားစရာမှ မဟုတ်တာ၊ ပန်းပွင့်ကြီးပဲ"

"ပန်းပွင့်လည်း စားလို့ရတာပဲ"

"မစားဘူး"

"စားပါ"

"မစားဘူး ..."

"ငါ့ကိုချစ်ရင် စား"

"မချစ်ဘူး၊ မစားဘူး၊ မုန်းတယ် ... အင့် ... အီး"

ကောင်လေးက ပန်းပွင့်ကို ကောင်မလေး ပါးစပ်နားထိ ကပ်ပေးနေတာမို့ ကောင်မလေးက ခေါင်းတအားခါရင်း အော်ငိုလိုက်လေသည်။

"နင်မစားလည်းနေ၊ ငါစားပြမယ်၊ ဒီမှာကြည့်"

ကောင်လေးက ပန်းတစ်ပွင့်လုံးကုန်အောင် ဝါးစား

ပြလိုက်တာမို့ ကောင်မလေးက အငိုတိတ်ကာ တအံ့တသြစိုက်ကြည့်နေသည်။

ကောင်လေးက ကောင်မလေး ငိုအောင် စချင်သူမို့ ချက်ချင်း မျက်လုံးပြူးပြီး လက်တွေ ကုပ်ကွေးလာကာ ...

"ငါ ပန်းစားလိုက်လို့ ပန်းစားဘီလူးကြီး ဖြစ်သွားပြီ၊ နင့်ကို ကိုက်စားပစ်မယ်၊ ဝါး ဟား ဟား"

ဟု အော်လိုက်ရာ ကောင်မလေးက အသံကုန်ဟစ်အော်ရင်း စစ်သချိုင်းထဲမှ ပြေးထွက်လာလေသည်။

ကြွေရုပ်သည် ထိုနေရာလေးဆီ လှမ်းကြည့်လျက်ကိုယ့်ငယ်ဘဝပုံရိပ်တွေကို ကိုယ်ပြန်မြင်ရင်း ပြုံးလိုက်မိ၏။ ထို့နောက် စစ်သချိုင်းထဲသို့ လျှောက်ဝင်လာခဲ့သည်။

ကြွေရုပ် တရုတ်စံကားပင်ခြေရင်းမှာ ဒူးထောက်ထိုင်ချပြီး ပန်းတစ်ပွင့် ကောက်ယူလိုက်သည်။

ပြီးတော့ ... ထိုပန်းပွင့်ကလေးကို တစိမ့်စိမ့် ဝါးစားနေမိလေသည်။

● ● ●



* * *

"အဲဒီ လမ်းထိပ်နားမှာပဲ ရပ်ပေးပါရှင့် ..."

ကြွေရုပ်သည် ထောက်ကြံ့နားမှ ငှားလာခဲ့သောတက္ကဆီကို ယောမင်းတို့ လမ်းထိပ်နားမှာ ရပ်ခိုင်းလိုက်ပြီး လမ်းထဲသို့ ခြေကျင်လျှောက်ဝင်လာခဲ့ပါသည်။

လောလောဆယ်မှာတော့ ကြွေရုပ်က စိတ်ဆန္ဒအမှန်ကို ဆင်ခြင်ထိန်းချုပ်ဖို့ စွမ်းအားမရှိဘဲ စိတ်စေရာသို့ လိုက်ပါနေမိခဲ့တာပင်။

ကြွေရုပ်သည် အိမ်ခြံစည်းရိုးအနီးသို့ တရွေ့ရွေ့ချဉ်းကပ်လာခဲ့ပါသည်။

ခြံဝန်းတံခါးထောင့်နားရောက်တော့ ခြံဝန်းတံခါးသံပန်းတွေကြားမှ ခြံဝန်းထဲသို့ ချောင်းကြည့်လိုက်မိပါသည်။

"ဟင် ..."

အိမ်ရှေ့ မြက်ခင်းပြင်ပေါ်မှာ ယောမင်းကို ဘောတစောင်းအနေအထားရပ်လျက်သား တွေ့လိုက်ရတာမို့ ကြွေရုပ်ရင်တဒိတ်ဒိတ် ခုန်လာသည်။

ယောမင်းရဲ့ ရှေ့တည့်တည့် ခပ်ဝေးဝေးမှာ ခုံတစ်လုံး ရှိနေသည်။ ထိုခုံပေါ်မှာ ပန်းသီးတစ်လုံး တင်ထားပြီး ယောမင်းက ထိုပန်းသီးကို တင်းနစ်ဘောလုံးများဖြင့် အဆက်မပြတ် ပစ်ပေါက်နေခဲ့သည်။

သူ့နံဘေးမှာ ဘောလုံးတွေ ပြန့်ကျဲနေသည်။

သူ့မျက်နှာက နာကျင်ပြိုကွဲနေသည်။

ကြွေရုပ်သည် သူ့ကိုစိုက်ကြည့်ရင်း ရင်ဘတ်ထဲမှာ ဆို့ကာ နာကျင်လာသလိုပင်။ တစ်ချိန်တည်းမှာ မျက်ရည်တွေ စို့ကာ ဝမ်းနည်းလာသည်။ အားပါးတရ ငိုကြွေးချင်မိတာ ဘာ့ကြောင့်မှန်းလည်း မသိချေ။

သူ့ကို မုန်းလို့ ငိုချင်တာလား။

ကြွေရုပ် ဘာလို့ ဝမ်းနည်းလာရတာလဲ ...။

နင်က ငါ့ကို အမြဲ ငိုကြွေးစေချင်တာလား ယောမင်းရယ်။ အဲဒါဆို နင့်ဆုတောင်း ပြည့်ပါတယ်။

ငါ နင့်ကြောင့် အမြဲငိုခဲ့ရတယ်။

ငါ ငိုရင် နင်အမြဲရယ်တယ်။





အခု ငါ ငိုမယ်လေ။

နင် ရယ်မယ်ဆိုရင် ငါ ငိုမယ်လေ ...။

ကြွေရုပ်သည် ပါးစပ်ကိုပိတ်ကာ တစ်ချက်ရှိုက်လိုက်ပြီး ခြံတံခါးအနီးမှ ဆုတ်ခွာလာသည်။

ထို့နောက် ထိုလမ်းကလေးထဲမှ ခပ်သွက်သွက် ပြန်ထွက်လာခဲ့လေသည်။

● ● ●

* * *

"တူ တူ ... တူ တူ"

ဖုန်းသံကြောင့် ဖုန်းနဲ့ အနီးဆုံး စားပွဲမှာထိုင်ကာ ဖလင်တွေ စစ်နေသော သစ်ထူးက ဖုန်းလှမ်းကိုင်လိုက်ပါသည်။

"ဟဲလို ..."

"သစ်ထူး ... ကြွေရုပ်ပါ"

ကြွေရုပ်အသံကြောင့် သစ်ထူးက အံ့သြသွားကာ နာရီ တစ်ချက်လှမ်းကြည့်ရင်း ...

"ကြွေရုပ် ... နင်ဘယ်က ဆက်နေတာလဲ၊ ပဲခူးရောက်ပြီလား"

"ငါ ... ငါ တောင်းပန်ပါတယ် သစ်ထူးရယ်၊ နင့်ကို ဒုက္ခပေးမိတဲ့အတွက် တောင်းပန်ပါတယ်၊ နင့်စကားကို နားမထောင်ခဲ့မိတဲ့အတွက် ခွင့်လွှတ်ပါ"

အသံက ကယောင်ကတမ်း ဆန်ပြီး ရှိုက်သံ စွက် နေတာမို့ သစ်ထူးက စိတ်ပူသွားမိကာ ...





"ကြွေရုပ် နင်ဘာတွေဖြစ်နေတာလဲ၊ နင် ငိုနေတာလား၊ နင် အခုဘယ်မှာလဲ"

"ငါ ဖောင်ကြီးမသွားဖြစ်ဘူး၊ ထောက်ကြံ့ကနေ ပြန်လှည့်လာတာ"

သစ်ထူးက အံ့သြ နှုတ်ဆိတ်သွားမိပါသည်။ ကြွေရုပ်ရယ် ... နင့်စိတ်ကို နင်ပြန်သိပြီလား။ ငါထင်တဲ့အတိုင်း ဖြစ်ခဲ့ပြီလား။

"ဟဲလို ... သစ်ထူး၊ ငါပြောတာ ကြားလား"

"ကြားပါတယ် ကြွေရုပ်ရယ်၊ ပြောပါ ... နင်ဘာဖြစ်ချင်လဲ၊ ငါဘာလုပ်ပေးရမလဲ၊ နင် အခု ဘယ်မှာလဲ"

"ငါ ... ငါ့အိမ်နားမှာ"

"ဘယ်အိမ်လဲ၊ ရှင်းအောင်ပြော"

"ငါ့အရင်အိမ်၊ ငါ ငယ်ငယ်လေးကတည်းက နေခဲ့တဲ့ ယောမင်းတို့အိမ်နားမှာ၊ အဲ့ဒီလမ်းထိပ် PCO ဖုန်းက ဆက်နေတာ"

"နင် ... သူ့ဆီ ပြန်သွားချင်လို့လား"

"ဟင့်အင်း ... မပြန်ဘူး"

"ကဲ ... ဒါဆိုလည်း အဲ့ဒီမှာပဲ စောင့်နေ၊ ငါ ဆယ့်ငါး မိနစ်အတွင်း ရောက်အောင်လာခဲ့မယ်"

● ● ●

* * *

သစ်ထူး တက္ကဆီပေါ်မှ ဆင်းလာတော့ လမ်းတစ်ဖက်ခြမ်းက PCO ဖုန်းဆိုင်လေးနောက်မှာ ခြေစုံရပ်၍ ခေါင်းငိုက်စိုက်ချကာ စောင့်နေသော ကြွေရုပ်ကို လှမ်းမြင်လိုက်ရပါသည်။

"ကြွေရုပ် ..."

သစ်ထူးက ကြွေရုပ် ရှေ့တည့်တည့်မှာ သွားရပ်ခေါ်လိုက်တော့မှ ကြွေရုပ်က ကျောက်ရုပ်က အသက်ဝင်လာသလို ပုံစံမျိုးနှင့် ဆတ်ခနဲ ခေါင်းမော့ကြည့်လာသည်။

သစ်ထူးက ကြွေရုပ်ရဲ့ မျက်လုံးတွေကို နစ်နေအောင် စိုက်ကြည့်လိုက်ရင်း ...

"နှင် ဘာဖြစ်ချင်လဲ၊ အခု နင်ဘာဖြစ်ချင်သလဲဆိုတာကိုသာ ငါ့ကို ရှင်းရှင်းပြောပါ"





"မသိဘူး၊ ငါ ဘာဖြစ်ချင်တယ်ဆိုတာ ငါကိုယ်တိုင်လည်း မသိဘူး"

"ကောင်းပြီ ... ဒီလိုဆို ငါမမေးရဲလို့ မမေးဖြစ်သေးတဲ့ မေးခွန်းတစ်ခုကို ခုပဲ မေးလိုက်တော့မယ်၊ နင် ယောမင်းကို ချစ်နေတာလား၊ မုန်းနေတာလား"

"သူ့ကို ငါက ဘာလို့ ချစ်ရမှာလဲ၊ ငါ သူ့ကိုမုန်းတယ်၊ ကြောက်တယ်၊ သူ့ဆီ ဘယ်တော့မှ မပြန်ဘူး"

"ဒါဆို ဒီနားကို ဘာလို့လာသေးလဲ"

"ကြုံ ... ကြုံလို့ဝင်တာ၊ တက္ကဆီက ဒီနားမှာ ပျက်သွားလို့ ..."

"နင် ညာတာ ..."

သစ်ထူးက အေးစက်စက် ပြောလိုက်တာမို့ ကြွေရုပ်က မလုံမလဲ မျက်နှာလွှဲသွားရင်း ...

"ငါ နေခဲ့တဲ့အိမ်မို့လို့ သတိရလို့ သွားကြည့်တာပါ၊ အဲဒီအိမ်မှာ သူရှိနေသရွေ့တော့ ငါ ဘယ်တော့မှ မပြန်ပါဘူး"

"သေချာလား"

"သေချာတယ်"

"နင် သူ့ကို မုန်းတယ်ဆိုတာရော သေချာလား"

"သေချာတယ်"

"ကောင်းပြီ ... ဒီလိုဆို ငါ့ရင်ထဲရှိတာ ဖွင့်ပြောပြမယ်၊ ငါ နင့်ကို ချစ်တယ်"

"ဟင် ..."

"ငါ အလေးအနက် ပြောတာပါ ကြွေရုပ်၊ ငါ ငယ်ငယ်လေးကတည်းက နင့်အပေါ် သံယောဇဉ်ရှိခဲ့ပါတယ်၊ ငါ့မှတ်ဉာဏ်ထဲမှာ နင်က အချိန်တွေ အများကြီး ကြီးစိုးနေခဲ့ပါတယ်၊ မမျှော်လင့်ဘဲ ပြန်ဆုံရတဲ့အတွက် ငါ အရမ်းပျော်ခဲ့ရပါတယ်၊ နင့်ကို အမြဲ ကာကွယ်စောင့်ရှောက်ပြီး စိတ်ချမ်းသာအောင် ထားချင်ပါတယ်၊ မချမ်းသာရင်တောင်မှ မဆင်းရဲအောင်တော့ ငါထားနိုင်ပါတယ်"

"သစ်ထူးရယ် ..."

ကြွေရုပ်က သက်ပြင်းငွေ့ငွေ့ချရင်း ...

"ငါလည်း နင့်အပေါ် သံယောဇဉ်ရှိခဲ့ပါတယ် သစ်ထူးရယ်၊ ဒါပေမယ့် အချစ်တွေမှာ သံယောဇဉ်ဆိုတာ နောက်ဆက်တွဲအဖြစ် ပါလာတတ်ပေမယ့် သံယောဇဉ်တိုင်းမှာ အချစ်ပါလာဖို့တော့ ခက်ပါတယ်"

သစ်ထူးက ငြိမ်သက်စွာ ရပ်လျက်ပဲ ကြွေရုပ်ကို ငေးကြည့်နေခဲ့ပါသည်။ ခဏနေမှ ဟက်ခနဲ ရယ်လိုက်ရင်း ...





"နင်က အချစ်နဲ့ သံယောဇဉ်ရဲ့ ကွာခြားမှုကိုတော့ နားလည်သားပဲနော်၊ နင် နားမလည်တာက အချစ်နဲ့ အမုန်းအကြောင်းပဲ"

ကြွေရုပ်က အဝေးသို့ ငေးရင်း ငြိမ်သက်နေသည်။ သစ်ထူးက ကြွေရုပ်လွယ်ထားသည့် အိတ်ကြီးဆီ မေးဆတ်ပြရင်း ပေါ့ပေါ့ပါးပါး ပုံစံနှင့် ...

"ကဲ ... တွေးမနေနဲ့၊ ငေးမနေနဲ့၊ နင့်အိတ်ကြီး ငါ့ပေး၊ နင် ဘယ်သွားချင်လဲပြော၊ ငါလိုက်ပို့ပေးမယ်"

"ငါ လောလောဆယ် ရန်ကုန်ကနေ ဘယ်မှ ထွက်မသွားချင်သေးဘူး၊ ဒါပေမယ့် ယောမင်းကို တွေ့ချင်သေးလို့ မသွားတာတော့ မဟုတ်ဘူး၊ ငါ ယောမင်းကို ကြောက်နေတုန်းပဲ"

"ဒါဆိုလည်း ငါနေတဲ့ တိုက်ခန်းမှာပဲ ခဏနေလိုက်ဦးပေါ့၊ ပြီးမှ နင်ဘာဖြစ်ချင်တယ်ဆိုတာ ခေါင်းအေးအေးထား စဉ်းစား၊ ယောမင်းက နင် ငါ့တိုက်ခန်းမှာ မရှိတော့ဘူးဆိုတာ သိပုံရပါတယ်၊ အနီးအနားတစ်ဝိုက်မှာ မတွေ့မိတာကြာနေပါပြီ၊ တွေ့ရင်လည်း ရင်ဆိုင်လိုက်ပေါ့"

"ဟင့်အင်း ... ငါ ရင်မဆိုင်ရဲသေးဘူး၊ ငါ ထွက်ပြေးမှာ ..."

"ကဲ ... ပြေးမယ်ဆိုလည်း လွတ်အောင်ပြေးပေါ့ဟာ၊ လာ သွားကြရအောင်၊ ဒီနားမှာ ရပ်နေတာ အန္တရာယ်နဲ့ နီးတယ်၊ တော်ကြာ ယောမင်းနဲ့ တိုးနေဦးမယ်၊ နင့် အိတ်ကြီး ငါပေး ..."

သစ်ထူးက ကြွေရုပ်အိတ်ကြီးကို လှမ်းယူလွယ်ပိုး လိုက်ပြီး ကြွေရုပ်ကို ဖေးမတွဲခေါ်လာခဲ့ပါသည်။

● ● ●



* * *

ကြွေရုပ် ..."

"ကျွီ ... ကျွီ ..."

"ဟင် ... ယောမင်း"

သစ်ထူးနှင့် ကြွေရုပ်တို့က လမ်းမကျယ်ကြီးရဲ့ ပလက်ဖောင်းအတိုင်း လျှောက်လာရင်း တက္ကဆီလှမ်းတားနေ ဆဲတွင် ယောမင်းရဲ့ ကားအနက်ကြီးက ကြွေရုပ်တို့ဘေးမှာ ကျွီးခနဲ ထိုးရပ်လာခဲ့တာ ဖြစ်သည်။

"ကြွေရုပ် ... လာခဲ့"

ကားပေါ်က ပြေးဆင်းလာသော ယောမင်းက ကြွေရုပ်ကို အရင်လှမ်းဆွဲကာ ကားပေါ်တွန်းတင်လိုက်ပြီးမှ ကားတံခါးကို ကျောမှီရပ်ကာ သစ်ထူးကို ရန်လိုစွာ ကြည့်ရင်း

"မင်းက ဘာကောင်လဲ၊ ကြွေရုပ်နဲ့ ဘယ်လိုပတ်သက်

နေတာလဲ၊ ဘာလို့ ကြွေရုပ်နဲ့ အတူရှိနေရတာလဲ၊ ကြွေရုပ် ထွက်သွားကတည်းက မင်းနဲ့အတူရှိနေတာလား၊ နေစမ်းပါဦး၊ မင်းမျက်နှာကို ငါမြင်ဖူးပါတယ်၊ ဟား သိပြီ ... မင်း ... စက်ဘီးပိုင်ရှင် မဟုတ်လား၊ အဲ့ဒီနေ့က မင်း တမင် ခွင်ဆင်တာမဟုတ်လား ယောကောင်”

“မင်းမေးခွန်းတွေ သိပ်များနေပြီဆိုတော့ ငါတစ်ခွန်းပဲ ရွေးဖြေလိုက်မယ်၊ ကြွေရုပ် မင်းဆီက လွတ်လာကတည်းက ငါနဲ့အတူရှိနေခဲ့တယ်”

“ဘာကွ ...”

“ခွပ် ...”

ယောမင်းက သစ်ထူးကို လှမ်းထိုးလိုက်သော်လည်း သစ်ထူးက လျင်မြန်စွာ ရှောင်တိမ်းလိုက်ပြီး ယောမင်းမျက်နှာကို လှမ်းထိုးလိုက်လေသည်။

ခွပ်ခနဲ အသံတစ်ချက်နှင့်အတူ ယောမင်းရဲ့ မျက်နှာကို သစ်ထူး လက်သီးချက်က ထိထိမိမိဖြစ်သွားတာကို မြင်လိုက်ရသော ကြွေရုပ်သည် ရင်ထဲ ဒိတ်ခနဲ ဆောင့်တိုးပြာဝေသွားကာ ကြုံး၍အော်လိုက်ပါသည်။

“သစ်ထူး ... မထိုးနဲ့၊ ယောမင်းကို မထိုးနဲ့”

“ကြွေရုပ် ... ငါသူ့ကိုဖမ်းချုပ်ထားမယ်၊ သွားတော့ နင်ပြေးတော့၊ သူ့လက်က လွတ်အောင်ပြေးတော့”





သစ်ထူးက ယောမင်းကို နောက်မှကြုံးဖက် ချုပ်နှောင်ထားရင်း အော်ပြောလိုက်သော်လည်း ကြွေရုပ်က ကားပေါ်မှ ချက်ချင်းဆင်းမလာ။

“ကြွေရုပ် ... ဘာကြောင်နေတာလဲ၊ ပြေးလေ ...”

သစ်ထူးက နောက်တစ်ကြိမ် အော်တော့မှ ကြွေရုပ်က ကားတံခါးကို တွန်းဖွင့်ကာ ကတိုက်ကရိုက် ဆင်းလာသည်။

“ပြေးလေ ... သွား ... သွား”

တွေဝေတုန့်ဆိုင်းနေသော ကြွေရုပ်ကိုကြည့်ရင်း သစ်ထူးက စိတ်မရှည်သလို အော်လိုက်သည်။

“လွှတ် ... လွှတ်စမ်း ယောကောင်”

အားကောင်းမောင်းသန် သစ်ထူးရဲ့ လက်ထဲမှာ ယောမင်းရဲ့ ခါးခပ်သေးသေး ညှတ်ညွတ်လေးက ယက်ကန်ယက်ကန် ရုန်းနေရသည်။

“ကြွေရုပ် ... အမြန်ပြေးလေ”

သစ်ထူးကလည်း အော်လှပြီမို့ ကြွေရုပ်က ချာခနဲ လှည့်ကာပြေးလေသည်။

သို့သော် ... ကြွေရုပ် ပြေးနေပုံက ခြေလှမ်းစိပ်စိပ်လေးနှင့်မို့ ခရီးက မတွင်ချေ။

“ကျွတ် ... ပြေးပုံကိုက ခြေမသန်တဲ့သူ ကျနေတာပဲ”

သစ်ထူးက ကြွေရုပ်ကို လှမ်းကြည့်၍ စိတ်တိုင်း

မကျသလို ညည်းတွားလိုက်ရင်း ယောမင်းကိုလည်း မလွတ်တမ်း ချုပ်ထားရပါသည်။

နောက်သို့ လှည့်ကြည့် လှည့်ကြည့် နှေးတုံ့ နှေးတုံ့ ပြေးနေသော ကြွေရုပ်ကလည်း ...

"သစ်ထူး ... နင် သူ့ကို ထပ်မထိုးနဲ့ ကြားလား၊ သူ နှာခေါင်းသွေးတွေ ကျလိမ့်မယ်"

ဟု နောက်ဆန်ငင်သလို လှမ်းလှမ်းအော်နေသေးသည်။

ထိုအချိန်တွင် ...

ယောမင်းက သူ့ကိုနောက်မှ ဖမ်းချုပ်ထားသည့် သစ်ထူးရဲ့ ဗိုက်ကို တံတောင်နှင့်တွတ်လိုက်ပြီး ရုန်းထွက် လွတ်မြောက်သွားလေသည်။

နောက်သို့ လှည့်ကြည့် လှည့်ကြည့်ပြေးနေသော ကြွေရုပ်သည် ယောမင်းလွတ်မြောက်လာတာကို မြင်လိုက်ရတာမို့ အသည်းထဲ လှပ်ခနဲ အေးကာ တုန်ခါသွားပါသည်။

"ကြွေရုပ် ... ပြေး ... ပြေး၊ အမြန်ပြေး၊ ဟိုးဘက်လမ်းထိပ်မှာ တက္ကဆီတွေရှိတယ်"

သစ်ထူးက သူ့ဗိုက်ကို နှိပ်ထားရင်း အားပါပါ လှမ်းအော်နေတာမို့ ကြွေရုပ်က အရှိန်မြှင့်၍ ပြေးလိုက်သည်။

ထိုခဏမှာ ပြေးလိုက်နေသော ယောမင်းက





ကျောက်တုံးတစ်တုံးကို ခလုတ်တိုက်၍ ဒူးထောက်ပြီး ခြေခေါက် လဲကျသွားလေသည်။

ခဏခဏလှည့်ကြည့်နေသော ကြွေရုပ်သည်လည်း ယောမင်း လဲသွားတာကို တွေ့သည်နှင့် အရှိန်နှုန်းက ပြတ်ကျ သွားလေသည်။

ယောမင်းက အားယူထသည်။ ထော့နဲ့နဲ့နှင့် ဆက် ပြေးလိုက်လာသည်။ ကြွေရုပ်က ဆက်ပြေးသည်။

ခဏနေတော့ ပြန်ခွေလဲသွားသည်။ ယောမင်းက ကြိုးစားထပြီး ဆက်ပြေးလိုက်လာပြန်သည်။

ကြွေရုပ်သည်လည်း ...

ယောမင်း ခြေလှမ်းတွေ မြန်လာလျှင် မြန်မြန် ပြေးလိုက်၏။ ယောမင်း နှေးသွားလျှင် ကြွေရုပ်လည်း နှေးပစ် လိုက်၏။

ကြွေရုပ် ပြေးနေပုံက မမိအောင် ပြေးတာနဲ့ မတူ၊ မိအောင်ပြေးနေသလိုပင်တည်း။

"ကြွေရုပ် ..."

အားတင်းပြေးရင်း ခွေကျသွားသော ယောမင်းက ကြွေရုပ်ကို လှမ်းခေါ်လိုက်သောအခါ ကြွေရုပ် ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားခဲ့ရပါသည်။

"ကြွေရုပ် ... ယောကျ်ားလေးတစ်ယောက်က မိန်းကလေး

တစ်ယောက်ကို ချစ်ရင် ချစ်တဲ့အကြောင်းကို ဘယ်လို နူးနူးညံ့ညံ့ ပြရသလဲဆိုတာ ငါမသိလို့ ငါ့ကို ပြောပြ စမ်းပါ၊ ငါ မနူးညံ့တတ်လို့ပါ ...”

ကြွေရုပ်သည် သူ့ကို ဖြည်းဖြည်းလေး လှည့်ကြည့် လိုက်မိရင်း ...

“သူ့ဆန္ဒမပါဘဲ ဘာကိုမှအတင်းအကြပ်မလုပ်နဲ့ပေါ့၊ သူ နင်နဲ့နေလို့ မပျော်ရွှင်ဘူးဆိုလည်း သွားခွင့်ပေးလိုက်ပေါ့”

“ကောင်းပါပြီ”

နူးညံ့တိုးတိတ်တုန်ရီသော သူ့စကားသံလေးက ကြွေရုပ်ရဲ့ ရှေ့ဆက်မည့်ဆဲဆဲ ခြေလှမ်းတွေကို ပိုင်နိုင်စွာ သိမ်းကြုံးဆွဲငင်လိုက်တော့သည်။

အမုန်းဖြင့် တွယ်ငြိရင်း အချစ်ဆီသို့ တရွေ့ရွေ့ ကူးပြောင်းနေခဲ့သော ကြွေရုပ်ရဲ့ နှလုံးသားတစ်စုံသည် ရုတ်တရက်ပင် ကန့်လန့်ကာတစ်ခုချကာ အမုန်းနှင့် အချစ်ကို ခွဲခြားပေးလိုက်၏။ အမုန်းဘက်ခြမ်းသည် ချက်ချင်းလို မှောင်အတိကျသွားကာ အချစ်ဘက်ခြမ်းကတော့ လင်းလက်ထင်းပ လာခဲ့သည်။

ယောမင်းက ပြန်ထရပ်ဖို့ မကြိုးစားတော့ချေ။ လဲကျသည့် နေရာလေးမှာ ငြိမ်သက်စွာ ထိုင်ရင်း ကြွေရုပ်ကို လှမ်းမျှော်ငေး၍နေလေသည်။





သူ့ရဲ့ မျက်ဝန်းတွေထဲမှာ ပြည့်နှက်ပိတ်ဖုံးနေခဲ့သော အတ္တများ၊ ဒေါသနှင့် မာနများ၊ နာကျင်မှုများ၊ သိုဝှက်သိမ်း ဆည်းဖုံးကွယ်ထားမှုများ ... ထိုအရာများအားလုံးသည် တဖြည်းဖြည်း ဝေးသို့ ရွေ့သွားကာ မျက်ဝန်းရဲ့ အလယ် ဗဟို တည့်တည့်ဆီမှ နူးညံ့လှပ၍ မြတ်နိုးအပ်သော တစ်စုံတစ်ရာ သည် တဖြည်းဖြည်း တိုးထွက် လျှံကျလာနေတာကို ကြွေရုပ် ခြေလှမ်းတွေ သူ့ထံ တစ်လှမ်းတိုးတိုးသွားတိုင်း ထင်ရှားစွာ မြင်တွေ့ခွင့်ရနေလေသည်။

● ● ●

အဲဒီနေ့က ...

ထောက်ကြံ့မှ ယူလာခဲ့သော တရုတ်စကားပန်း လေး တစ်ပွင့်ကို အိတ်ထဲမှထုတ်ယူကာ ငယ်ငယ်တုန်းက မစားဖြစ်ခဲ့သော ပန်းကလေးကို သူ့ရှေ့မှာ တစ်ပွင့်လုံးကုန် အောင် စားပြခဲ့ပါသည်။

ကြွေရုပ်ရှေ့မှ ခက်ထန်သော မျက်နှာတစ်ခုကို နူးညံ့ကြည်လင်လာအောင် စွမ်းဆောင်နိုင်သောအရာဟာ အချစ် ဖြစ်လိမ့်မည်ဆိုတာ အထူးပြောဖို့ လိုမည်မထင်တော့ပါ။

● ● ●

47/86
60/96
62/106

[redacted] * ၈၁၆၀

[illegible] * *

[illegible]

အမုန်းနဲ့ အချစ်ကို သေချာခွဲခြား သိမြင်နိုင်ကြပါရဲ့လား ...

အမုန်းနဲ့ အချစ်ကြားမှာ ကန့်လန့်ကာလေးတစ်ခုပဲ ခြားထားတာမို့ လျှင်မြန်စွာ ကူးပြောင်းသွားနိုင်တယ်လို့ ယုံကြည်ကြပါသလား ...

အချစ်ကြောင့်ဖြစ်တဲ့ သံယောဇဉ် အပြင် အမုန်းကြောင့် ဖြစ်တဲ့ သံယောဇဉ်လည်း ရှိတတ်တယ်ဆိုတာကို လက်ခံနိုင်ကြပါသလား ...။

သေချာတာကတော့ ...

အမုန်းမှာလည်း ဆွဲငင်အား ရှိတတ်ကြောင်းပုင်။

ပုညခင်
7.4.2009
4 : 30 Pm